အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကျောင်းသုံးစာအုပ်

# မြန်မာစာ

ဒွါဒသမတန်း

ဖေဖော်ဝါရီလ၊ ၂၀၂၄ ခုနှစ်

# မာတိကာ

စာမျက်နှာ

## အပိုင်း (၁)
## အပြောသင်ခန်းစာ


၁။ မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ် ၁

၂။ နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများ ၄

၃။ ဗန်းစကားပေါ်ပေါက်ပုံများ ၈

၄။ အသွင်ကွဲမြန်မာစကားများ ၁၁

၅။ စကားသင်္ကေတရောသုံးမှု ၁၆

၆။ ဥပစာ ၂၁


## အပိုင်း (၂)
## အဖတ်အရွတ်သင်ခန်းစာ

### အခန်း (၁) မြန်မာစကားပြေရွေးချယ်ချက်


၁။ ကျစ္စာမင်းနှင့်မိထွေးတော် ၂၆

၂။ သစ္စာ ပညာ ဝီရိယ ၂၈

၃။ ဘုရားဖူးသွားခြင်း ၃၁

၄။ လူ့အသည်း ၄၄

၅။ အမှောင် ၅၀

၆။ တိုင်းရင်းသားပုံပြင်နှင့် စကားပုံများ ၅၄

(က) မိဘမဲ့ ပညာရှိကလေး သမ္မတ ဖြစ်လာပုံ (ကချင်ပုံပြင်)

(ခ) တိုင်းရင်းသားစကားပုံများ


### အခန်း (၂) မြန်မာကဗျာရွေးချယ်ချက်


၁။ ပညာရဲရင့် ပွဲလယ်တင့် ၆၉

၂။ တံခွန်တိုင်သိကြားထင့် ၇၃

# မာတိကာ

စာမျက်နှာ

၃။ အရသာကြီး ခြံစပ်သီး ၇၅
၄။ ပန်းပန်လျက်ပဲ ၇၉
၅။ ဖိုးမောင်လာပြီ ၈၃
၆။ ဝိညာဉ်ခြေရာ ၈၈
၇။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ ၉၁

**အခန်း (၃) မြန်မာပြဇာတ်ရွေးချယ်ချက်**

၈။ အာဇာနည်မိခင် ၉၆

## အပိုင်း (၃)
## အရေးသင်ခန်းစာ

၁။ ပြောတဲ့အခါနဲ့ ရေးတဲ့အခါ ၁၂၂
၂။ နည်းလမ်းငါးသွယ် ၁၃၂
၃။ ခွန်အားရှိသောစာ ၁၄၃
၄။ စာရေးနည်း နှစ်မျိုး ၁၄၈
၅။ ရသဖန်တီးသူ ရသနှင့် ရသခံစားသူ ၁၅၈
၆။ ရေးဟန် ၁၆၃

NUG MOE

# ဒွါဒသမတန်း မြန်မာစာ သင်ရိုးမိတ်ဆက်

## နိဒါန်း

ဒွါဒသမတန်း မြန်မာစာသင်ရိုးသစ် ဖြစ်လာတဲ့ နောက်ခံအကြောင်းကို နည်းနည်း ပြောပြချင်ပါတယ်။ ၂၀၂၃ ဇွန်လကစလို့ ကြားကာလပညာရေးလုပ်ငန်းတစ်ခုအဖြစ် ဒွါဒသမတန်း မြန်မာစာသင်ရိုးကို ပြင်ဆင်မွမ်းမံဖို့ ဖြစ်လာပါတယ်။ ၂၀၂၃ ခုနှစ် ဇွန်လ ၂၃ ရက်က စလို့ အပတ်စဉ် သောကြာနေ့တိုင်း မြန်မာစာ ဘုတ်အဖွဲ့အစည်းအဝေးကို ပြုလုပ်ပြီး အတွေ့အကြုံရှိ ဆရာကြီး၊ ဆရာမကြီးများ ပါဝင်တဲ့ သင်ရိုးပြုစုရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ စွမ်းရည်အခြေပြုပညာရေးစနစ် (Competency based Education) ဖြစ်ဖို့ ရည်မှန်းတဲ့အတွက် ဒွါဒသမတန်း မြန်မာစာဘာသာရပ် တတ်မြောက်မှုစွမ်းရည် (Competency) တွေကို ချမှတ်ခဲ့ကြပါတယ်။ တတ်မြောက်မှုစွမ်းရည်တွေချပြီး ဒီစွမ်းရည်တွေရောက်အောင် သင်ကြားမဲ့ သင်ခန်းစာတွေ ရွေးချယ်ပြုစုဖို့ တာဝန်တွေ အသီးသီး ခွဲဝေယူခဲ့ကြပါတယ်။ ဆရာကြီး၊ ဆရာမကြီးတွေက တာဝန်ကျရာ သင်ခန်းစာတွေနဲ့ လေ့ကျင့်ခန်းတွေကို ပြုစုပြီး power point presentation များနဲ့ အပတ်စဉ် တင်ပြဆွေးနွေးကြပါတယ်။ အထပ်ထပ် ဆွေးနွေးပြင်ဆင်ပြီး ၂၀၂၃ နိုဝင်ဘာ ၁၄ ရက်မှာ ၁၀၀% ပြင်ဆင်ထားတဲ့ ဒွါဒသမတန်း မြန်မာစာ သင်ရိုးသစ်ကို ပြုစုနိုင်ခဲ့ပါတယ်။

## ရည်ရွယ်ချက်

သင်ရိုးပြုစုရေးအဖွဲ့ရဲ့ ငါးကြိမ်မြောက်အစည်းအဝေးမှာ ဒွါဒသမတန်း မြန်မာစာသင်ရိုးကို ၁၀၀% ပြင်ဆင် ပြုစုဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၁၀၀% ပြင်ဆင်ရတဲ့ ရည်ရွယ်ချက် ၃ ခုရှိပါတယ်။

ပထမ ရည်ရွယ်ချက်က တိုင်းရင်းသားဒေသတွေမှာ မြန်မာစကားနဲ့ မြန်မာစာကို အသုံးချ ဘာသာစကား တစ်ခု၊ ကြားခံဘာသာစကားတစ်ခုအဖြစ် ထိထိရောက်ရောက် လွယ်လွယ်ကူကူ သုံးနိုင်ဖို့ပါ။

ဒုတိယရည်ရွယ်ချက်က ဘာသာစကားဆိုင်ရာ တတ်မြောက်မှုစွမ်းရည် (အပြောစွမ်းရည်၊ အရေး စွမ်းရည်၊ အဖတ်စွမ်းရည်၊ အကြားစွမ်းရည်)ကို ပေါက်မြောက်အောင်မြင်စေတဲ့ သင်ရိုးဖြစ်ဖို့ပါ။

တတိယရည်ရွယ်ချက်က ဒွါဒသမတန်း အတွက်ချမှတ်ထားတဲ့ တတ်မြောက်မှုစွမ်းရည်တွေကို အပြည့် အဝပေးနိုင်မဲ့ စစ်ဆေး အကဲဖြတ်မှု (Assessment)တွေကို ဖြေကြည့်စေချင်လို့ပါ။

ဒွါဒသမတန်း မြန်မာစာသင်ရိုးသစ်က ဗမာတိုင်းရင်းသားအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက တိုင်းရင်းသားအားလုံးအတွက်ရည်ရွယ်ပြုစုထားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားဆရာ၊ ဆရာမများနဲ့ ကျောင်းသား၊ ကျောင်းသူတွေ သင်ကြား လေ့လာရခက်ခဲတဲ့ ရေသည်ပြဇာတ်အစား နေ့စဉ်သုံးစကားနဲ့ ရေးထားတဲ့ အာဇာနည်မိခင် ပြဇာတ်ကို အစားထိုးခဲ့ပါတယ်။

ဒီနေရာမှာ သင်ရိုးပါ သင်ခန်းစာတွေနဲ့ လေ့ကျင့်ခန်းတွေဟာ နမူနာသာဖြစ်ပါတယ်။ ဒွါဒသမတန်း အတွက် ချမှတ်ထားတဲ့ တတ်မြောက်မှုစွမ်းရည်တွေသာ ရနိုင်မယ်ဆိုရင် ဘယ်စာအမျိုးအစားကို မဆို ဆက်စပ် လေ့လာသင်ကြားနိုင်ပါတယ်။ တိုင်းရင်းသားကလေးတွေအတွက် ဒုတိယဘာသာစကား သင်ကြားနည်းစနစ် နဲ့ သင်ကြားနိုင်ပါတယ်။

ဆရာ၊ ဆရာမတို့အနေနှင့် မိမိတို့ စိတ်တိုင်းကျ လေ့ကျင့်ခန်းမေးခွန်းများကို ထုတ်ပြီး သင်ကြားပေး လို့လဲရပါတယ်။ BECA စာမေးပွဲမှာ ဖတ်စာအုပ်ထဲက လေ့ကျင့်ခန်း မေးခွန်းတွေပဲ မေးမှာ မဟုတ်လို့ တတ်မြောက်မှု စွမ်းရည်တွေရောက်အောင် ဆရာ၊ ဆရာမတို့က လွတ်လွတ်လပ်လပ် သင်ကြားပေးပါ။ လေ့ကျင့်ခန်းများများ ထည့်ပေးခြင်းက ဆရာတို့ ဆရာမတို့ သင်ကြားပြသမှုကို ဘောင်ခတ်ခြင်းမဟုတ်ဘဲ၊ နမူနာအဖြစ် လေ့ကျင့်လို့ ရအောင် ထည့်ပေးခြင်းပဲ ဖြစ်ပါတယ်။

**ဒွါဒသမတန်း မြန်မာစာဘာသာရပ် တတ်မြောက်မှုစွမ်းရည်** (Competency)

| သင်ခန်းစာ | တတ်မြောက်မှုစွမ်းရည် |
|---|---|
| အပိုင်း (၁) အပြောသင်ခန်းစာ | မြန်မာဘာသာစကားကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် ပြောဆို နိုင်ခြင်း<br>ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ဘာသာစကားနှင့် စာပေကို တန်ဖိုးထားမြတ်နိုးခြင်း |
| အပိုင်း(၂) အရွတ်အဖတ် သင်ခန်းစာ | ရသစာပေ၏အလှ၊ ရသစာပေ၏တန်ဖိုးကို ကြည့်တတ်၊မြင်တတ်၊ ခံစားတတ်ခြင်း<br>ခေတ်အသီးသီး၌ ပေါ်ထွန်းခဲ့သော ကဗျာပုံစံ အမျိုးအမျိုး၏ အသံနှင့် အနက်ကို ခံစားတတ်ခြင်း<br>ရသစာပေလောကနှင့် ပြင်ပလောက ဆက်စပ်ရှုမြင် ဝေဖန် သုံးသပ် တတ်ခြင်း |
| အပိုင်း (၃) အရေးသင်ခန်းစာ | မြန်မာဘာသာစကားကို ဆက်သွယ်မှုကြားခံအဖြစ် ထိထိ ရောက် ရောက် အသုံးချရေးသားနိုင်ခြင်း<br>စာပေ၏အလှကို ခံစားနားလည်ရာမှတစ်ဆင့် မိမိ စိတ်ကူး စိတ်သန်း နှင့် အတွေ့အကြုံတို့ကို ကိုယ်ပိုင်ဟန်ဖြင့် ရေးသားနိုင်ခြင်း |

**သင်ခန်းစာများရွေးချယ်ပြုစုခြင်း**

ဒွါဒသမတန်း မြန်မာစာအတွက် ချမှတ်ထားတဲ့ တတ်မြောက်မှုစွမ်းရည်တွေကိုရောက်အောင် သင်ကြားပေးနိုင်မဲ့ သင်ခန်းစာများကို ရွေးချယ်ခဲ့ပါတယ်။ တိုင်းရင်းသားများက မြန်မာစာကို အသုံးချ ဘာသာစကားအဖြစ် လွယ်လွယ်ကူကူအသုံးပြုနိုင်ဖို့ အဓိကရည်ရွယ်တဲ့အတွက် မြန်မာစာပေ၏ ခက်ခဲနက်နဲတဲ့ သင်ခန်းစာများကို မရွေးချယ်ခဲ့ပါ။

အပိုင်း (၁) အပြောသင်ခန်းစာနှင့် အပိုင်း (၃) အရေးသင်ခန်းစာများ ရွေးချယ်တဲ့အခါ ဒီသင်ခန်းစာများပါ သဘောတရားနည်းနာတို့ကို လက်တွေ့အသုံးချပြီး ပြောနိုင် ရေးနိုင်ဖို့ ရည်ရွယ်ရွေးချယ်ပါတယ်။ အပိုင်း (၂) အဖတ်အရွတ် သင်ခန်းစာများကို ရွေးချယ်ရာမှာ မြန်မာစာပေရဲ့ အနှစ်သာရလဲ မပျောက်အောင် ကျောင်းသား/သူတို့ရဲ့ စဉ်းစား တွေးခေါ်နိုင်စွမ်းလဲ ရင့်သန်အောင် သင်ခန်းစာများကို ရွေးချယ်ကြပါတယ်။

တိုင်းရင်းသားစကားပုံနဲ့ တိုင်းရင်းသားပုံပြင်တွေကို ပြဋ္ဌာန်းထားတဲ့အတွက် တိုင်းရင်းသားလူမျိုး အသီးသီးရဲ့ ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှု၊ စာပေ ယဉ်ကျေးမှု အတွေးအခေါ် အယူအဆ နဲ့ နေထိုင်မှု

ဘဝစရိုက်လက္ခဏာများကို သိရှိလေ့လာခွင့်ရနိုင်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသား စကားပုံနဲ့ ပုံပြင်ကို လေ့လာခြင်းဖြင့် လူမျိုးအသီးသီး၏ အတွေးအမြင် အယူအဆများမှာလဲ ကွာခြားမှု သိပ်မရှိလှဘဲ တန်ဖိုးထားမှုများ တူညီနေကြောင်း တွေ့မြင်နိုင်ပါတယ်။ တိုင်းရင်းသား အသီးသီး၏ စာပေ ယဉ်ကျေးမှုတိုကို တန်ဖိုးထားလိုစိတ်၊ လူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးစိတ်များ ပို၍ ဖြစ်ပေါ်စေနိုင်ပါတယ်။

တတ်မြောက်မှု စွမ်းရည်အလိုက် သင်ခန်းစာ ရွေးချယ်ချက်တွေကို အောက်မှာ ဖော်ပြထားပါတယ်။

| ဒွါဒသမတန်း မြန်မာစာ သင်ခန်းစာ | တတ်မြောက်မှုစွမ်းရည် |
|---|---|
| အပိုင်း (၁) အပြောသင်ခန်းစာ | (၁) မြန်မာဘာသာစကားကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် ပြောဆို နိုင်ခြင်း<br>(၂) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သောဘာသာစကား နှင့် စာပေကို တန်ဖိုးထား မြတ်နိုးခြင်း |

| စဉ် | သင်ခန်းစာ | အကြောင်းအရာ | တတ်မြောက်မှုစွမ်းရည် |
|---|---|---|---|
| ၁ | အပိုင်း (၁) အပြောသင်ခန်းစာ | မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ် | (၁) |
| ၂ | | နေရာဒေသ အရပ်မျက်နှာကို အစွဲပြုသည့် ဝေါဟာရသုံးစကားများ | (၂) |
| ၃ | | ဗန်းစကားပေါ်ပေါက်ပုံများ | (၁) |
| ၄ | | အသွင်ကွဲ မြန်မာစကားများ | (၂) |
| ၅ | | စကားသင်္ကေတရောသုံးမှု | (၁၊၂) |
| ၆ | | ဥပစာ | (၁၊၂) |

| ဒွါဒသမတန်း မြန်မာစာ သင်ခန်းစာ | တတ်မြောက်မှုစွမ်းရည် |
|---|---|
| အပိုင်း(၂) အဖတ်အရွတ် သင်ခန်းစာ | (၁) ရသစာပေ၏အလှ၊ ရသစာပေ၏တန်ဖိုးကို ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်ခြင်း<br>(၂) ခေတ်အသီးသီး၌ ပေါ်ထွန်းခဲ့သော ကဗျာပုံစံ အမျိုးအမျိုး၏ အသံနှင့် အနက်ကို ခံစားတတ်ခြင်း<br>(၃) ရသစာပေလောကနှင့် ပြင်ပလောက ဆက်စပ်ရှုမြင် ဝေဖန် သုံးသပ်တတ်ခြင်း |

NUG MOE

| စဉ် | သင်ခန်းစာ | အကြောင်းအရာ | တတ်မြောက်မှုစွမ်းရည် |
|---|---|---|---|
| ၁ | အပိုင်း (၂) အဖတ် အရွတ် သင်ခန်းစာ (စကားပြေ) | ကျစွာမင်းမိထွေးတော်ကျောက်စာ | (၁၊၃) |
| ၂ | | သစ္စာ ပညာ ဝီရိယ | ( ၃) |
| ၃ | | ဘုရားဖူးသွားခြင်း | (၁၊၃) |
| ၄ | | လူ့အသည်း | (၃) |
| ၅ | | အမှောင် | (၃) |
| ၆ | | တိုင်းရင်းသားပုံပြင်နှင့် စကားပုံများ<br>(က) မိဘမဲ့ ပညာရှိကလေး သမ္မတ ဖြစ်လာပုံ (ကချင်ပုံပြင်)<br>(ခ) တိုင်းရင်းသားစကားပုံများ | (၁၊၃) |
| ၁ | အပိုင်း (၂) အဖတ် အရွတ် သင်ခန်းစာ (ကဗျာ) | ပညာရဲရင့်ပွဲလယ်တင့် | (၁၊၂၊၃) |
| ၂ | | တံခွန်တိုင်သိကြားထင့် | ( ၁၊၂၊၃) |
| ၃ | | အရသာကြီး ခြံစပ်သီး | (၁၊၂၊၃) |
| ၄ | | ပန်းပန်လျက်ပဲ | (၁၊၂၊၃) |
| ၅ | | ဖိုးမောင်လာပြီ | (၁၊၂၊၃) |
| ၆ | | ဝိညာဉ်ခြေရာ | (၁၊၂၊၃) |
| ၇ | | အဘိုးသခင်ကိုယ်တော်မှိုင်းသို့ | (၁၊၂၊၃) |

| ဒွါဒသမတန်း မြန်မာစာ သင်ခန်းစာ | တတ်မြောက်မှုစွမ်းရည် |
|---|---|
| အပိုင်း (၃) အရေး သင်ခန်းစာ | (၁) မြန်မာဘာသာစကားကို ဆက်သွယ်မှုကြားခံအဖြစ် ထိထိရောက်ရောက် အသုံးချရေးသားနိုင်ခြင်း<br>(၂) စာပေ၏အလှကို ခံစားနားလည်ရာမှတစ်ဆင့် မိမိ စိတ်ကူး စိတ်သန်း နှင့် အတွေ့အကြုံတို့ကို ကိုယ်ပိုင်ဟန်ဖြင့် ရေးသားနိုင်ခြင်း |

NUG MOE

| စဉ် | သင်ခန်းစာ | အကြောင်းအရာ | တတ်မြောက်မှုစွမ်းရည် |
|---|---|---|---|
| ၁ | အပိုင်း (၃) အရေး သင်ခန်းစာ | ပြောတဲ့အခါနဲ့ ရေးတဲ့အခါ | (၁) |
| ၂ | | နည်းလမ်းငါးသွယ် | (၁) |
| ၃ | | ခွန်အားရှိသောစာ | (၁) |
| ၄ | | စာရေးနည်းနှစ်မျိုး | (၂) |
| ၅ | | ရသဖန်တီးသူ ရသနှင့် ရသခံစားသူ | (၂) |
| ၆ | | ရေးဟန် | (၂) |

**စစ်ဆေးအကဲဖြတ်ခြင်း**

"ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်အမျိုးအမျိုးရှိသည့်အနက် အဓိကအချက်မှာ လက်တွေ့ဘဝတွင် အသုံးချနိုင်ရန်ဖြစ်သည်။ လက်တွေ့ဘဝတွင် အသုံးချရာတွင် သာမန် အသုံးချခြင်းနှင့် အဆင့်မြင့်မြင့် အသုံးချခြင်းတို့ဖြစ်သည်။

အမေရိကန်ပညာရေးစိတ်ပညာရှင် ဘလွန်း [Benjamin Samuel Bloom (February 21, 1913 – September 13,1999] က ပညာသင်ကြားခြင်းကို အဆင့် ခြောက်ဆင့်ဖြင့် ဖော်ပြရာတွင် သင်ယူခဲ့သည်များကို မှတ်မိခြင်း (Remembering)၊ မှတ်မိသည်များ ကို နားလည်သဘောပေါက်ခြင်း (Understanding)၊ မှတ်မိနားလည်သည်ကို အသုံးချနိုင်ခြင်း (Applying)၊ မှတ်မိနားလည် အသုံးချနိုင်သည်များကို ခွဲခြမ်းစိတ်ဖြာစိစစ်နိုင်ခြင်း (Analyzing) ၊ ခွဲခြမ်း စိတ်ဖြာစိစစ်သည်တို့ကို တန်ဖိုးချင့်တွက် အကဲဖြတ်နိုင်ခြင်း (Evaluating)၊ ယင်းတို့ကို အခြေခံပြီး ပေါင်းစပ်တီထွင် ဆန်းသစ်နိုင်ခြင်း (Creating) တို့ဖြစ်ပါသည်။" (အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၂၃)၊ စာ ၈၄–၈၅၊ မြန်မာစာရေးရာ အဖြာဖြာ၊ ပညာရပ်ဝန်းစာပေ)

"မှတ်မိခြင်း၊ နားလည်ခြင်း နှင့် အသုံးချခြင်းဆိုင်ရာမေးခွန်းတို့သည် အဆင့်နိမ့် မေးခွန်း များ ဖြစ်၍ သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း နှင့် ဖန်တီးနိုင်ခြင်းဆိုင်ရာ မေးခွန်းတို့သည် အဆင့်မြင့် မေးခွန်း များ ဖြစ်သည်။ အဆင့်နိမ့်မေးခွန်းများသည် စာသင်သား၏ လေ့ကျက်မှု၊ နားလည်မှုတို့ကို အကဲခတ် ရာ၊ စာသင်သား၏ အားနည်းချက်၊ အားသာချက်ကို ခွဲခြမ်းစိတ်ဖြာရာတို့၌ သင့်လျော်သည်ဟု ပညာရှင်တို့ ဆိုကြသည်။ အဆင့်မြင့်မေးခွန်းတို့ကမူ စာသင်သားတို့ နက်နက်ရှိုင်းရှိုင်း ချင့်ချင့်ချိန်ချိန် စဉ်းစားတတ်အောင် အားပေးသည်။ ပြဿနာကို ဖြေရှင်းသည့် အကျင့်ရအောင် ထောက်ပံ့ပေးသည်။ ဆွေးနွေးတတ်အောင် လေ့ကျင့်ပေးသည်။ မိမိဖာသာ ရှာဖွေစူးစမ်းတတ်အောင် လေ့ကျင့်ပေးသည်။" (စောလူ။ (၂၀၁၈) ၊ စာ – ၆၅၊ ပညာရေးရာ မြန်မာစာရေးရာ၊ မုံရွေးစာပေ)

ဆရာကြီးတို့ရဲ့ လမ်းညွှန်ချက်တွေကို အလေးထားလိုက်နာပြီး G12 မြန်မာစာ သင်ခန်းစာ တွေ ကို စစ်ဆေးအကဲဖြတ်တဲ့ လေ့ကျင့်ခန်းများ ပြုစုရာ မှာ Bloom's Taxonomy အဆင့် ၆ ဆင့်ထိ ရောက်အောင် ပြုစုထားပါတယ်။ ဒါ့အပြင်

(က) Collaboration (အုပ်စုနှင့်ဆောင်ရွက်တတ်ခြင်း၊ အတွေးခေါ်မျှဝေခြင်း၊ အဖြေများ အတူရှာခြင်း)

(ခ) Communication (နှုတ်အားဖြင့်/ကိုယ်အားဖြင့် ဆက်သွယ်နိုင်ခြင်း..... စာဖတ်၊ စာရေး၊ စကားပြောခြင်း)

(ဂ) Critical Thinking and Problem Solving (ပြဿနာများ၏အဖြေများကို ရှာဖွေနိုင်ခြင်း၊ အမှား ပြင်ဆင်ခြင်း)

(ဃ) Creativity and Innovation (ဘောင်ခတ်ထားသော အခြေနေမှ ပြင်ပသို့ ထွက်၍ တွေးခြင်း)

(င) Citizenship (တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းသည့်စိတ်ဓာတ်ရှိခြင်း)

ဆိုတဲ့ ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ (5Cs) ရောက်အောင် သင်ခန်းစာနှင့် လေ့ကျင့်ခန်းများကို ပြုစုထားပါတယ်။

သင်ခန်းစာများကို လေ့လာရာမှာဖြစ်စေ၊ လေ့ကျင့်ခန်းများဖြေဆိုရာမှာဖြစ်စေ ဆရာက ဗဟိုပြု သင်ကြားဖို့ မဟုတ်ဘဲ ကျောင်းသား/သူတို့ အတူပူးပေါင်းပါဝင် လေ့လာဖြေဆိုစေနည်းတို့ကို အသုံးပြုရမှာ ဖြစ်ပါတယ်။ သင်ခန်းစာအလိုက် ဟောပြောဆွေးနွေးခြင်းနည်း (Lecture Discussion Method)၊ မေးခွန်းဖြေစေနည်း (Question and Answer Method) ၊ ပုံပြောသင်ကြားနည်း (Story Telling Method)၊ ခြုံယူဆင်ခြင်နည်း (Inductive Method)၊ သရုပ်ဆောင်သင်ကြားနည်း (Role Play Method)၊ ဉာဏ်ဖွင့်ဆွေးနွေးခြင်း (Brain Storming Method) နည်းတွေနဲ့ အလျဉ်းသင့်သလို သင်ကြားပေးဖို့ လိုအပ်ပါတယ်။

**နိဂုံး**

ကြားကာလ G12 မြန်မာစာသင်ရိုးသစ်ကို ပြုစုသူဆရာကြီး၊ ဆရာမကြီးတို့က ဦးနှောက်နဲ့ နှလုံးသား ပေါင်းစပ်ပြီးပြုစုထားသလို သင်ကြားပေးမဲ့ ဆရာ၊ ဆရာမများနဲ့ သင်ယူမဲ့ ကျောင်းသား၊ ကျောင်းသူတို့ကလဲ ဦးနှောက်နဲ့စဉ်းစား၊ နှလုံးသားနဲ့ ခံစားပြီး လေ့လာကြမယ်လို့ အလေးအနက် ယုံကြည် မျှော်လင့်မိပါတယ်။

NUG MOE

# အပိုင်း ၁

# အပြောသင်ခန်းစာ

NUG MOE

ဆောင်းပါးစကားပြေ

## ၁။ မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်

**စာမိတ်ဆက်**

'မြန်မာစကားသံနှင့်အနက်အဓိပ္ပာယ်' စကားပြေကို မောင်ခင်မင်(ဓနုဖြူ) ရေးသားသော 'မြန်မာစကား မြန်မာစာ ရုပ်ပုံလွှာ' (၂၀၀၄၊ ဒုတိယအကြိမ်) စာအုပ် စာမျက်နှာ (၈၇-၉၄) မှ ကောက်နုတ်ထားပါသည်။ စာအုပ်နိဒါန်းတွင် 'ဤစာအုပ်တွင် မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများကို လေ့လာ တင်ပြထားသော စာအုပ်ဖြစ်ပါသည်။ အထူးသဖြင့် မိမိတို့နေ့စဉ် ပြောဆို သုံးစွဲနေသော မြန်မာဘာသာစကား အကြောင်းကို စာဖတ်ပရိသတ်ပြည်သူများ ပေါ့ပေါ့ပါးပါး ဖတ်ရှု သိရှိနိုင်စေရန် ရည်ရွယ်ပြုစုထားပါသည်' ဟုဖော်ပြထားပါသည်။ မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်တို့၏ ဆက်သွယ်ပုံကို သိနားလည်ပြီး လက်တွေ့အသုံးပြုနိုင်စေရန် ရည်ရွယ်ပါသည်။

## မြန်မာစကားသံနှင့် အနက်အဓိပ္ပာယ်

မြန်မာစကားသံများတွင် စကားသံအချို့နှင့် အနက်အဓိပ္ပာယ်တို့ ဆက်သွယ်နေပုံကို စိတ်ဝင်စားဖွယ် တွေ့ရပါသည်။ ' မှေး၊ မှောင်၊ မှိုင်း၊ မှိန်' ဟူသာစကားလုံးများကိုကြည့်ပါ။ ထိုစကားလုံးများသည် 'မ' ဗျည်းသံ စကားလုံးချည်းဖြစ်သည်ကို တွေ့ရလိမ့်မည်။ ထိုစကားလုံး များသည် ဗျည်းသံတူသလို အနက်အဓိပ္ပာယ်လည်း တူညီနီးစပ်မှုရှိသည်။ ထိုစကားလုံးများ၏ အနက်များသည် 'မကြည်လင်ခြင်း၊ မထင်ရှားခြင်း' ဟူသောအနက် သဘောဆောင်နေသည်ကို တွေ့ရပါသည်။ ထိုအချက်က စကားသံနှင့် အနက်အဓိပ္ပာယ်တို့၏ ဆက်သွယ်မှုကို ဖော်ပြလျက်ရှိပါသည်။

ထို့အတူ ဗျည်းသံတူ စကားလုံးများဖြစ်သော 'ကောက်၊ ကိုင်း၊ ကုန်း၊ ကော့၊ ကွေး' တို့သည် 'မဖြောင့်ခြင်း၊ ညွတ်တိမ်းခြင်း' ဟူသော အဓိပ္ပာယ်ကို ဆောင်ကြပါသည်။ 'ငူ၊ ငေး၊ ငိုက်၊ ငိုင်' တို့သည် 'လေးလံဖင့်နွဲ့ခြင်း' အဓိပ္ပာယ်ကို ဆောင်ကြသည်။ ညက်(ညက်ညော)၊ ညင်(ညင်သာ)၊ ညင်း (ညင်း ပျောင်း) တို့သည်' အသာအယာဖြစ်ခြင်း၊ သိမ်မွေ့ခြင်း' အဓိပ္ပာယ်ကို ဆောင်ကြပါသည်။

အချို့သော ဗျည်းသံများသည် အနက်အဓိပ္ပာယ်ကို ပြုပြင်ပေးနိုင်စွမ်းရှိပါသည်။ စကားလုံး တစ်လုံးကို တ-ဗျည်းသံ နှစ်လုံးဆင့်တွဲလိုက်ပါက ထိုစကားလုံး၏အနက်အဓိပ္ပာယ်သည် အတိုင်းအဆ လျော့သွားသည့် သဘောရှိသည်။ 'ဖြူ၊ နီ၊ ချို၊ ချဉ်' တို့ကို ကာရန်တူ တ-ဗျည်းနှစ်လုံး ဆင့်တွဲလျှင် 'ဖြူတူတူ၊ နီတီတီ၊ ချိုတိုတို၊ ချဉ်တဉ်တဉ်' ဖြစ်လာမည်။ 'ဖြူတူတူ' သည် ဖြူလောက် အပြည့်အဝ မဖြူပါ။ ဖြူ၏အနက်အဓိပ္ပာယ် အတိုင်းအဆကို လျော့ပါးစေသော သဘောရှိသည်။

သံညင်း၊ သံပြင်း ကွဲပြားမှုသဘောသည်လည်း အနက်အဓိပ္ပာယ်နှင့် ဆက်သွယ်မှုရှိပါသည်။ သံညင်းသည် ကြိယာအနက်ရပြီး သံပြင်းသည် နာမ်အနက်ရသည့် စကားလုံးဖြစ်သည်။ မြေကြီးကို 'ကော်'ရသော ပစ္စည်းကို 'ဂေါ်' ဟုခေါ်သည်။ 'ကော်' နှင့် 'ဂေါ်' သည် သံညင်း၊ သံပြင်း အတွဲဖြစ်သည်။ 'ကော်' က ကြိယာအနက်ရပြီး 'ဂေါ်' က နာမ်အနက်ရသည်။

ထို့အတူ -

'ခွ' နေသောအရာကို 'ဂွ'

'ခွေ' ထားသောပစ္စည်းကို 'ဂွေ'

ကျောကုန်းနှင့် လည်ကုပ် 'ဆက်'နေ သည့်နေရာကို 'ဇက်'



NUG MOE

'စောက်' သည့်နေရာကို 'ဇောက်'
'ထောက်' ရသောပစ္စည်းကို 'ဒေါက်'
'ဖိ' ရသည့်ပစ္စည်း ကို 'ဘိ'
'ဖွဲ့' ထားသောစာကို 'ဘွဲ့'

စသော စကားလုံးများသည် သံညင်း၊ သံပြင်း အတွဲများဖြစ်သည်။ ရှေ့စကားလုံးများသည် ကြိယာအနက်ရ၍ နောက်စကားလုံးများသည် နာမ်အနက်ရကြောင်း တွေ့မြင်နိုင်ပါသည်။

နှစ်သံတွဲ သုံးသံတွဲ စကားလုံးများတွင်လည်း နောက်ဆုံးစကားသံ၏ သံညင်း သံပြင်း ကွဲပြားမှုကို လိုက်၍ ကြိယာအနက်၊ နာမ်အနက် ကွဲပြားတတ်သည်။

'သူဆရာအဖြစ် အမှုထမ်းနေတယ်' ဟူသော စကားတွင် 'အမှုထမ်း' သည် /အမှုထန်း/ ဟု အသံထွက်ပါသည်။ အဆုံးသံ /ထန်း/ သည် သံညင်းဖြစ်ပြီး ကြိယာ အနက်ရပါသည်။

'အမှုထမ်းတွေစည်းကမ်းရှိကြပါ' ဟူသောစကားတွင် 'အမှုထမ်း' သည် /အမှုဒန်း/ ဟုအသံထွက်ပါသည်။ အဆုံးသံ /ဒန်း/ သည် သံပြင်းဖြစ်ပြီး နာမ်အနက်ရပါသည်။

ထို့အတူ –
ထမင်းချက် /ထမင်းချက်/ နှင့် ထမင်းချက် /ထမင်းဂျက်/
အိမ်စောင့်/အိမ်စောင့်/ နှင့် အိမ်စောင့်/အိမ်ဇောင့်/
ပဲပြုတ်/ပဲပြုတ်/ နှင့် ပဲပြုတ်/ပဲဗျုတ်/

စသည်တို့တွင်လည်း သံညင်း သံပြင်း ကွဲပြားမှုကြောင့် ကြိယာအနက် နာမ်အနက် ကွဲပြားမှုဖြစ်ရသည်။

တက်ကျသံနှင့် အနက်အဓိပ္ပာယ် ဆက်သွယ်ပုံကိုလည်း လေ့လာနိုင်ပါသည်။ 'မို့ – မို – မိုး' ဟူသော တက်ကျသံကို ကြည့်ပါက –

မို့(အနိမ့်သက်သံ)သည် အနည်းငယ် မို့မောက်သည် ဟုအနက်ရသည်။(ကုန်းမို့မို့၊ ပါးမို့မို့)
မို(သံပြေ) သည် ထို့ထက်ပို၍ မိုမောက်သည့် အဓိပ္ပာယ်ကို ဆောင်သည်။ (ပိုမို၊ ကုန်းမို)
မိုး(အမြင့်သက်သံ)သည် ထို့ထက်ပို၍ မိုမောက်သော အဓိပ္ပာယ်ကို ဆောင်သည်။ (ခေါင်မိုး)

အထက်ပါသာဓကအရ အနိမ့်သက်သံသည် အနက်အဓိပ္ပာယ်အတိုင်းအဆ အနည်းဆုံးဖြစ်၍ သံပြေက ထို့ထက် ပိုပြီးအနက်ရှိပြီး အမြင့်သက်သံက ထိုအသံနှစ်သံထက် ပိုလွန်သော အနက်ရှိကြောင်း တွေ့ရပါသည်။

ထို့အတူ –
ဖွဲ့(ဘေးသို့ဖွဲ့ထွက်သည်)၊ ဖယ်(ရှောင်ဖယ်သည်)၊ ဖဲ(ဖဲကြဉ်သည်)
ဖွ(ပစ္စည်းများကိုဖွသည်)၊ ဖွာ(စကားဖွာသည်)၊ ဖွား(အမွေးဖွားသည်)

ဟူသော သုံးသံတွဲတွင်လည်း တက်ကျသံပြောင်းသွားသည်နှင့် အနက်အဓိပ္ပာယ်သည်လည်း ပို၍အားကောင်းသွားကြောင်း တွေ့နိုင်သည်။

အနက်အဓိပ္ပာယ်အရ ဆက်စပ်နေသော သုံးသံတွဲမှာ မများလှသော်လည်း နှစ်သံတွဲမှာ အရေအတွက် ပို၍များ ပါသည်။ သာဓက –

| | | |
|---|---|---|
| စို့ (ချွေးစို့သည်) | နှင့် | စို (ရေစိုသည်) |
| ဖန့် (အရသာဖန့်ဖန့်ကလေး) | နှင့် | ဖန် (အရသာဖန်သည်) |

တို့တွင် အနိမ့်သက်သံနှင့် သံပြေ ကွဲသွားသည်နှင့် အနက်အဓိပ္ပာယ်လည်း ပို၍အားကောင်းလာသည်။

တစ်ဖန် –

| | | |
|---|---|---|
| ချွန် (အဖျားချွန်သည်) | နှင့် | ချွန်း (မေးချွန်းသည်) |
| အစွန် (တောအစွန်) | နှင့် | အစွန်း (တောအစွန်း) |
| ပြူ (ခေါင်းပြူသည်) | နှင့် | ပြူး (မျက်လုံးပြူးသည်) |

တို့တွင် သံပြေမှအမြင့်သက်သံ ပြောင်းလဲသွားသည်နှင့် အနက်အဓိပ္ပာယ်လည်း ပို၍အားကောင်းလာသည်ကို လေ့လာကြည့်နိုင်ပါသည်။

ထို့အတူ –

ချို့ (ကျဉ်းချို့သည်) နှင့် ချိုး (အတိုချိုးသည်)

တို့ (တို့မိသည်) နှင့် တိုး (တိုးမိသည်)

တို့တွင်လည်း အနိမ့်သက်သံမှာ အမြင့်သက်သံသို့ ပြောင်းလဲသွားသည်နှင့်အမျှ အနက်အဓိပ္ပာယ်သည်လည်း ပို၍ အားကောင်းလာပုံကို လေ့လာကြည့်နိုင်ပါသည်။

**မောင်ခင်မင်(ဓနုဖြူ)၊ မြန်မာစကားမြန်မာစာရုပ်ပုံလွှာ**

## ခက်ဆစ်

| | | |
|---|---|---|
| ၁။ စကား | = | အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်သံ။ ပြောဆိုချက်။ |
| ၂။ အနက် | = | မူရင်းအဓိပ္ပာယ်။ |
| ၃။ ကာရန် | = | ကဗျာလင်္ကာတွင် စည်းမျဉ်းအရ စပ်ထားသော စကားလုံးတို့၏ ညီညွတ်သော အသံ။ |
| ၄။ သက်သံ | = | အသံတိုတိုရွတ်ရသော အောက်မြစ်သံ။ |
| ၅။ သံညင်း | = | ပင်ကိုအားဖြင့်မပြင်းသောအသံ။ (က၊ ခ၊ စ၊ ဆ၊ ဋ၊ ဌ၊ တ၊ ထ၊ ပ ၊ဖ၊ သ၊ ဟ ဟူ၍ (၁၂ လုံးရှိသည်။) |
| ၆။ သံပြင်း | = | ပင်ကိုအားဖြင့် ပြင်းသောအသံ။(ဂ ၊ဇ ၊ဍ၊ ဒ၊ ဗ၊ ဃ၊ ဈ ၊ ဎ၊ ဓ၊ ဘ၊ င၊ ည၊ ဏ၊ န၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ ဠ ဟူ၍ အလုံး(၂၀) ရှိသည်။) |

## အကြောင်းအရာအချုပ်

မြန်မာစကားသံများတွင် စကားသံအချို့နှင့် အနက်အဓိပ္ပာယ်တို့ ဆက်သွယ်နေပြီး ဗျည်းသံတူလျှင် အနက်အဓိပ္ပာယ်တူညီနီးစပ်မှုလည်း ရှိသည်။ အချို့သော ဗျည်းသံများကို ကာရန်တူ တ–ဗျည်းနှစ်လုံး ဆင့်တွဲလျှင် အနက်အဓိပ္ပာယ် အတိုင်းအဆကို လျော့ပါးစေသော သဘောရှိသည်။ သံညင်း၊ သံပြင်း ကွဲပြားမှုနှင့် နှစ်သံတွဲ သုံးသံတွဲ နှင့် တက်ကျသံသည်လည်း အနက်အဓိပ္ပာယ်နှင့် ဆက်သွယ်မှုရှိကြောင်းတွေ့ရသည်။

## လေ့ကျင့်ခန်း

၁။ ဗျည်းသံတူလျှင် အနက်အဓိပ္ပာယ် တူညီနီးစပ်မှုရှိကြောင်း မည်သည့်စာကြောင်းများက ပြောဆိုသွားသည်ကို သာဓကပြ ပြောဆိုပါ။ (နှစ်ယောက်တွဲ/ အုပ်စုလိုက် လုပ်ဆောင်ရန်)

၂။ သံညင်း၊ သံပြင်း ကွဲပြားမှုနှင့် အနက်အဓိပ္ပာယ်ဆက်စပ်မှုကို နေ့စဉ်ပြောစကား သာဓကများနှင့် ဆက်စပ်ဆွေးနွေးပါ။

၃။ တက်ကျသံနှင့်အနက်အဓိပ္ပာယ် ဆက်သွယ်မှုရှိကြောင်းကို ပြောစကားများအရ၊ အသုံးအဆောင် ပစ္စည်းများနှင့် ကျိုးကြောင်းပြ အပြန်အလှန်ဆွေးနွေးပါ။

၄။ ဗျည်းသံအချို့တွင် ကာရန်တူ တ–နှစ်လုံးကို ဆင့်တွဲလျှင် အနက်အဓိပ္ပာယ် လျော့ပါးတတ်ကြောင်း သင်သိသော စကားလုံးများကိုသုံး၍ အုပ်စုဖွဲ့ ဆွေးနွေးတင်ပြပါ။

၅။ စကားရည်လုပါ။

အဆို – မြန်မာစကားသံနှင့်အနက်အဓိပ္ပာယ်ဆက်စပ်မှု ရှိခြင်းသည် အရေးပါသည်။

အချေ – မြန်မာစကားသံနှင့်အနက်အဓိပ္ပာယ်ဆက်စပ်မှု ရှိခြင်းသည် အရေးမပါပါ။

ဆောင်းပါးစကားပြေ

## ၂။ နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများ

### စာမိတ်ဆက်

'နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများ' ဆောင်းပါးကို မောင်ခင်မင် (ဓနုဖြူ) ရေးသားသော 'မြန်မာ့ဓလေ့သုံးစကားများ'(၂၀၁၆၊ ပထမအကြိမ်) စာအုပ်စာမျက်နှာ (၂၅၉-၂၆၉) မှ ကောက်နုတ်ထားပါသည်။ ဘာသာစကားအသီးသီးတွင် ဓလေ့သုံးစကားများရှိသလို မြန်မာစကားတွင်လည်း ရှိရာ ၎င်းတို့ကို လေ့လာခြင်းအားဖြင့် သုံးစွဲရခြင်း၏နောက်ကွယ်တွင် ပြောဆို သုံးစွဲသော လူမျိုး၏ လူမှုကိစ္စ လုပ်ငန်းဆောင်တာတည်းဟူသော ဓလေ့သဘောများကိုပါ သိရှိစေနိုင်ပါသည်။ စာရေးသူသည် ဤစာအုပ်ပါ အကြောင်းအရာများကို ၁၉၆၉ ခုနှစ် မတ်လတွင် 'အသုံးရွေ့ လာသော မြန်မာဓလေ့သုံးစကားများ' အမည်ဖြင့် မဟာဝိဇ္ဇာဘွဲ့အတွက် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ တင်သွင်းခဲ့ပြီး မွမ်းမံပြင်ဆင် တည်းဖြတ်ကာ ယခုကဲ့သို့ စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံး စကားများ သုံးစွဲရခြင်း၏ နောက်ကွယ်တွင် ပြောဆိုသုံးစွဲသော လူမျိုး၏လူမှုဓလေ့သဘောများကို သိရှိနိုင်စေရန် ရည်ရွယ် ရေးသားခဲ့ခြင်းဖြစ်သည်။

## နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများ

နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများတွင် မြေပေါ်ရှိ နေရာဒေသများ၊ အရှေ့ အနောက် တောင် မြောက်ဟူသော အရပ်မျက်နှာများ၊ ယင်းတို့နှင့်စပ်ဆိုင်သော လူ့အပြုအမူ အခြေအနေ များနှင့် ပတ်သက်သော စကားများ အကျုံးဝင်သည်။

ပုံစံပြရလျှင် ခရီးလမ်းအပိုင်းအခြားကုန်သည့်သဘောကိုယူ၍ 'ကမ်းကုန်လမ်းကုန်' ဟူသော စကားကို 'အစွမ်းကုန်' ဟူသော အဓိပ္ပာယ်ဖြင့်သုံးသည်။ ခရီးအကွာအဝေး ရှည်သည့်သဘောကိုယူ၍ 'ခရီးကြာသည်' ဟူ သောစကားကို 'အချိန်ကုန်သည်၊ ဖင့်နွှဲသည်' ဟူသောအဓိပ္ပာယ်ဖြင့်သုံးသည်။ ချောင်ထဲတွင် ခိုနေသည့် သဘော ကိုယူ၍ 'ချောင်ခိုသည်' ဟူသောစကားကို မထင်မရှား နေသည်ဟူသော အဓိပ္ပာယ်ဖြင့် သုံးသည်။ လမ်းတွင် ချရပ် နားနေသောစခန်းကိုစွဲ၍ 'စခန်းတွင်သည်၊ စခန်းပေါက်သည်' ဟူသော စကားများကို ကိစ္စပြီးစီး အောင်မြင်သည် ဟူသော အဓိပ္ပာယ်ဖြင့်သုံးသည်။ စောက်နက်သည့်နေရာမှန်း ကမ်းပါးမှန်းမသိ သည့်သဘော ကိုစွဲ၍ 'စောက်မှန်း ကမ်းမှန်းမသိ' ဟူသော စကားကို အကောင်းမှန်း အဆိုးမှန်းမသိဟူသည့် အဓိပ္ပာယ်ဖြင့် သုံးသည်။ အလွန်နက်ရှိုင်းသော တွင်း ၏ သဘောကိုယူ၍ 'မိုက်တွင်းနက်သည်၊ ဆင်းရဲတွင်းနက်သည်' ဟူသော စကားများကို အလွန်မိုက်သည်၊ အလွန်ဆင်းရဲသည်ဟူသော အဓိပ္ပာယ်များဖြင့်သုံးသည်။ အလားတူ များကို အောက်တွင် ဖော်ပြထားသည်။

| | | | |
|---|---|---|---|
| ခရီးကုန် | ကြိထူး၊<br>နောက်ဆုံး အထိ။ အစွမ်းကုန်။ | ကြွက်ကြီးက ခရီးကုန်မျှော်တွေး၍။ | ဓာန်၊ ၂၁၆၅။ |
| ခရီးရောက် | ကြိ ၊<br>အကျိုးပြီးသည်။ လိုရာကိစ္စကို ဆောင်ရွက် အောင်မြင်သည်။ | သန့်ရှင်းသော စိတ်စေတနာ နှင့် လူများ အား နည်းပေးလမ်းပြလုပ် သဖြင့် အတော်ပင် ခရီးရောက်သည်ကို တွေ့ရ ပေသည်။ | မြန်နိုင်၊ ၁၈၂။ |

| | | | |
|---|---|---|---|
| ခရီးလွန် | ကြိ၊<br>လွန်လွန်ကျွံကျွံဖြစ်သည်။ | ဝေဝေနှင့် ခရီးလွန်ပြီးမှ မယူနိုင်ဘူး လုပ်ခဲ့သော်။ | မုန်း၊ ၁၃၀။ |
| ခေါင်ခိုက် | ကြိ၊<br>အလွန်အကဲ ဖြစ်သည်။ | အသက်တမ်း ခေါင်ခိုက်၍။ (ခေါင်မိုးထိ ရောက်သည့် သဘော) | ပုညဝတ်၊ ၁၂၀။ |
| ချောက်ကျ<br>(ဂျောက်ကျ) | ကြိ၊<br>ဒုက္ခရောက်သည်။ | နှောင်တော့သာဟိုသွားပြီး လက်မတို့ စမ်းပါနဲ့။ အားလုံး ချောက်ကျ ကုန်ပါဦး မယ်။ | သူ့စာ၊ ၃၇၁။ |
| ချောက်ချ<br>(ဂျောက်ချ) | ကြိ၊<br>လူတစ်ဖက်သား ဒုက္ခရောက် အောင်လုပ်သည်။ | ချောက်ချသည်။ | ခာန်၊ ၂၊ ၂၄၀။ |
| ချောက်တွန်း<br>(ဂျောက်တွန်း) | ကြိ၊<br>သူတစ်ပါး ဒုက္ခရောက်အောင် ကြံဆောင် ပြုလုပ်သည်။ | ချောက်ချသည်။<br><br>ကျွန်တော့်ကို ကလိမ်ဉာဏ်နဲ့ ဆင်ပြီး ချောက်တွန်း ကြတော့တာပါပဲ။ | ခာန်၊ ၂၊ ၂၄၀။<br>သိန်းဝတ်၊ ၄၆၆။ |
| ချောင်ထိုး | ကြိ၊<br>မထင်မရှားရာအရပ်တွင် ဂရုမစိုက် ပစ်ထားသည်။ | ထိုအရေးကို သူ့ခေါင်းထဲတွင် ခပ်ဆိုင်းဆိုင်း မှစဉ်းစားအံ့ဟု ခေါင်ရည်သာ မော့ရင်း ချောင်ထိုး ထားလိုက်သည်။ | သံသွေး၊ ပ၊ ၃၉၅။ |
| စခန်းထ | ကြိ၊<br>တိမ်မြုပ်ငုပ်ကွယ်နေရာမှ ပြန်လည်ပေါ်ထွက်သည်။ | ဦးထွန်းရှိန် ဈာပနတွင် ဂျပ်ဆင် ကျောင်းသား မောင်ဖိုးကျား စခန်းထ လာပုံ။ | သီးခြား၊ ၃၉။ |
| တောင်ကျော် | ကြိ၊ အကျပ်အတည်းမှ ကျော်လွန်သည်။ | ရောဂါကြောင့် ဒီတောင်ကို ကျော်နိုင်မည် မထင်ဘူး။ | ဘန်း၊ ၆၈။ |
| တောင်တောင်<br>မြောက်မြောက် | ကြိထူး၊<br>ဟိုဟိုသည်သည် ၊ တွေးယောင် တောယောင်။ | တောင်တောင်မြောက်မြောက် နောက် မျှော်ကာ မဆိုင်းပါလင့်။ | သီ၊ ၄၂။ |
| တောင်-မြောက် | န၊<br>ဟို ---- သည်။ | တောင်မကိုင်မိ၊ မြောက်မကိုင်မိ၊ မကြံတတ် မစည်တတ်ဟာစ်၍ ငိုရ ကောင်းနိုး။ | ဒေါင်း၊ ၁၄။ |
| ထွက်ပေါက်ရှာ | ကြိ၊<br>အကျပ်အတည်း အခက်အခဲ မှထွက်နိုင်သည့် နည်းလမ်းကို ရှာသည်။ | ကြွေးကြော်သံများကို အော်နေကြစဉ် ဂုဏ်မဖျက်သော နောက်ဆုတ်ရေးကို ရှေးရှု၍သာထွက်ပေါက်ရှာ နေကြရ လေသည်။ | နေဝန်း၊ ၃၂၃။ |
| ဖြတ်လမ်းလိုက် | ကြိ၊<br>အတိုနည်းကို လိုက်သည်။ | ငါကစေတနာနဲ့ မင်းစိုးရာဇာ ဖြစ် အောင် ဖြတ်လမ်းလိုက်ဖို့ပြောတာ။ | မင်းမူ၊ ၂၇။ |
| ရွှေလမ်း<br>ငွေလမ်းဖောက် | ကြိ၊<br>မိတ်ဖွဲ့သည်။ | ကုလားဖြူများနှင့် မဟာမိတ်ဖွဲ့တော်မူ လျက်တစ်ပြည်နှင့်တစ် ပြည်ရွှေလမ်း ငွေလမ်း ဖောက်တော် မူထားသည့် အတွက်။ | စာဆို၊ ဒု၊ ၅၄၉။ |

| | | | |
|---|---|---|---|
| လမ်းခင်း | ကြိ၊<br>လုပ်ငန်းကိစ္စ တစ်ခုခု ဆက်လက်၍ ဖြစ်လာအောင် အခြေခံ စ၍ ပေးသည်။ | ခုလိုညှော်ခံတဲ့သဘောက နောင်ကို ဘယ်လို စခန်းသွားဖို့ လမ်းခင်း ပေးတယ် ဆိုတာသိရတယ်။ | စန္ဒ၊ ၂၀၈။ |
| လမ်းစ | န၊<br>အစ။ | ဤကား ဝံသာနုများ၏ပျက်စီးရာ ပျက်စီး ကြောင်း လမ်းစများ ဖြစ်လေသည်။ | မြန်နိုင်၊ ၁၀၈။ |
| လမ်းစပြတ် | ကြိ၊<br>အဆက်အသွယ် ပြတ်သည်။ | ခု – သူနဲ့ခင်ခင်ကြီးက လမ်းစပြတ်ခဲ့ပြီပဲ။ | လမင်း၊ ၃၅။ |
| လမ်းစဖြတ် | ကြိ၊<br>အဆက်အသွယ် ဖြတ်သည်။ | သူ တို့ ၏ အိ မ် သို့ အ ဝ င် အ ထွ က် လု ပ် လျှင် မသင့်လျော်သောကြောင့်လမ်းစ ဖြတ်ရပါသည်ဟု ပြောရန် စီစဉ်မိလေ ၏။ | စန္ဒ၊ ၂၃၄။ |
| လမ်းပိတ် | ကြိ၊<br>ဆက်လက်သိနိုင်သည့် အခွင့် အလမ်း ရပ်တန့်နေ သည်။ | ကျွန်မသိချင်သော အချက်တစ်ချက်ကို ဒေါ်ဒေါ်ထံမှ မသိနိုင်ရဘဲ လမ်းပိတ် နေသည်။ | မမလေး၊ ၂၆။ |
| လမ်းပွင့် | ကြိ၊<br>အခွင့်အလမ်း ပွင့်သည်။ | ဒီဟာကိုရမှ ကျုပ်ပြောတဲ့ အာတပွန ဗေဒင်ကျမ်းကို ရဖို့ လမ်းပွင့်မှာကိုးဗျ။ | သိန်း၊ ၃၀။ |
| လမ်းလွဲလိုက် | ကြိ၊<br>အမှားအယွင်းလုပ်သည်။ | ခေါင်းဆောင်လုပ်သူသည် လမ်းလွဲ လိုက်၍သွားလျှင် တစ်ပြည်လုံး လမ်းလွဲ လိုက်ပါကြသဖြင့်။ | မြန်နိုင်၊ ၂၈။ |
| မြေလှန် | ကြိ၊<br>အ နံ့ အ စ ပ် ရှာ သ ည် ။ (မြေကိုပင်လှန်၍ အနံ့အစပ် ရှာသည့် သဘော။) | ကျွန်မသာယောကျ်ားကလေးတစ်ယောက် ဖြစ်ပါမူ မရမက မြ ကိုမြေလှန်ရှာမည် ဖြစ်သည်။ | မမလေး၊ ၄၁၃။ |
| မြေဝယ်မကျ | ကြိထူး၊<br>မဖယ်မရှားဘဲ။ (မြေသို့ မကျစေဘဲ လေးလေး စားစား ခံယူသည့်သဘော) | မှာထားသည့်စကားများကို မြေဝယ်မကျ နားထောင် ရစ်ပါမည်။ | ရန်၊ ၈၉။ |
| မှောင်ခို | ကြိ၊<br>ရောင်းဝယ်ရာတွင် ကုန်ပစ္စည်း များကို တရားမဝင် သောနည်း ဖြင့် တိတ်တဆိတ် သိုမှီးထား သည်။ | လူတွေငတ်နေရာမှာ မှောင်ခိုဈေး ဖွင့်ပြီး အမြတ်ထုတ်တယ်။ | နေဝန်း၊ ၇၂၅။ |

**မောင်ခင်မင်(ဓနုဖြူ)၊ မြန်မာစကားမြန်မာစာရုပ်ပုံလွှာ**

**ခက်ဆစ်**

၁။ ဓလေ့သုံးစကား = လူမျိုး ဓလေ့ထုံးစံအတိုင်းသုံးစွဲသည့် ဓလေ့သုံးစကားလုံး။
၂။ အကျုံးဝင် = သက်ဆိုင်ပါဝင်သည်။
၃။ ဈာပန = မီးသင်္ဂြိုဟ်ခြင်း။ အသုဘ။

## အကြောင်းအရာအချုပ်

နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများတွင် မြေပေါ်ရှိ နေရာဒေသများ၊ အရှေ့ အနောက် တောင် မြောက်ဟူသော အရပ်မျက်နှာများ၊ ယင်းတို့နှင့်စပ်ဆိုင်သော လူ့အပြုအမူ အခြေအနေများ နှင့် ပတ်သက်သော စကားများဖြစ်ပြီး၊ ခရီးလမ်း အပိုင်းအခြားကုန်သည့်သဘောကိုယူ၍ 'ကမ်းကုန် လမ်းကုန်' ဟူသော စကားကို 'အစွမ်းကုန်' ဟူသော အဓိပ္ပာယ်ဖြင့်သုံးခြင်းမျိုးဖြစ်သည်။

## လေ့ကျင့်ခန်း

၁။ နေရာဒေသ၊ အရပ်မျက်နှာကို အစွဲပြုသည့် ဓလေ့သုံးစကားများကို သုံး၍ အပြန်အလှန်ပြောပါ။ (နှစ်ယောက်တွဲ/ အုပ်စုအလိုက် လုပ်ဆောင်ရန်)

၂။ ခရီးနှင့်ဆိုင်သော ဓလေ့သုံးများကို ဖော်ပြပြီး ထိုဓလေ့သုံးစကားများအား မည်သို့အသုံးပြုထားကြောင်း သာဓကပြ၍ အုပ်စုဖွဲ့ လုပ်ဆောင်ပါ။

၃။ အောက်ပါဓလေ့သုံးစကားများကို အပြောဝါကျတွင် မည်သို့ပြောဆိုနိုင်ကြောင်း အပြန်အလှန် ဆွေးနွေးပါ။ ခရီးရောက်၊ ထွက်ပေါက်ရှာ၊ လမ်းခင်း၊ မြေဝယ်မကျ၊ ချောက်ချ။

၄။ လမ်းစပြတ် နှင့် လမ်းစဖြတ် ဓလေ့သုံးစကားနှစ်ခု မည်သို့ကွာခြားသနည်း။ ကျိုးကြောင်းပြ ဖြေဆိုပါ။

၅။ ကျပန်းစကားပြောပါ။ (ဓလေ့သုံးစကားများကို အသုံးပြုပြောရန်)

(က) ကျွန်တော်/ကျွန်မ နွေဦးထိပေါက်ခဲ့သော်

(ခ) ကျွန်တော်/ကျွန်မ နာမည်ကျော် မင်းသား/မင်းသမီး ဖြစ်ခဲ့သော်

(ဂ) စာညံ့သူအဖြစ်မှ စာတော်သူဖြစ်ရန် ကြိုးစားခဲ့ပုံ

(ဃ) ကျွန်တော်/ ကျွန်မ၏ ရည်မှန်းချက်

(င) ကျွန်တော်/ ကျွန်မ နာမည်ကြီးအဆိုတော်ဖြစ်ခဲ့သော်

ဆောင်းပါးစကားပြေ

## ၃။ ဗန်းစကားပေါ်ပေါက်ပုံများ

### စာမိတ်ဆက်

'ဗန်းစကားပေါ်ပေါက်ပုံများ'ဆောင်းပါးကို လှသမိန် ရေးသားသော 'မြန်မာစာပေအဆီအနှစ်' (၂၀၁၉၊ ဒုတိယအကြိမ်) စာအုပ် စာမျက်နှာ(၁၂၉- ၁၃၇)မှ ကောက်နုတ်ထားပါသည်။ ဗန်းစကားသည် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ကြံစည်တီထွင်ခြင်းလည်း မဟုတ်ဘဲ လူပေါင်းများစွာတို့က နည်းမျိုး စုံ တင်စား သုံးနှုန်းခြင်းကို သိရှိပြီး အသုံးချပြောဆိုနိုင်စေရန် ရည်ရွယ်ပါသည်။

## ဗန်းစကားပေါ်ပေါက်ပုံများ

မြန်မာတို့ သုံးနှုန်းပြောဆိုနေကြသော စကားများတွင် တိမ်မြုပ်တိမ်ကောလာသော ရှေးသုံးပေါရာဏ စကားများရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် အသစ်ဝင်လာသော ခေတ်ပေါ် စကားများလည်း ရှိသည်။ အသစ်ဝင်လာသော စကားများတွင် ဗန်းစကားများလည်းပါဝင်သည်။

ဗန်းစကားသည် လူမှုနယ်ပယ်တွင် စကားသစ်အဖြစ် တီထွင်သုံးစွဲသော ခေတ်ပေါ်စကားများ ဖြစ်သည်။ မည်သူမည်ဝါက ဖန်တီးသည်။ မည်သည့်အကြောင်းကို စွဲရမည်။ မည်သည့်စည်းကမ်းထား ရမည်ဟု မသတ်မှတ်နိုင်ပါ။ သင့်နိုးရာကို တစ်စုံတစ်ဦးက သုံးလိုက်လျှင် အခြားသူများက နှစ်သက် လက်ခံပြီး စကားသုံးတွင်ကျယ်လာပါက ဗန်းစကားတစ်ရပ် ဖြစ်လာသည်။

ရိုးရင်းစွဲစကားလုံးကို မသုံးလိုကြသော လူငယ်များသည် ရိုးရင်းစွဲစကားလုံးနေရာတွင် မိမိတို့ အချင်းချင်း သိသည့် စကားလုံးများကို အစားသွင်း၍ အသစ်တီထွင်သုံးနှုန်းကြသည်လည်းရှိသည်။ စည်းစနစ်အခြေခံ ဟူ၍မရှိသော်လည်း တစ်ယောက်ကအစ တစ်ယောက်သို့ ကူးစက်ပြန့်ပွား၍ အဓိပ္ပာယ်အသစ် စကားလုံးအသစ် အဖြစ် လက်ခံသုံးစွဲ တတ်ကြသည်။

ပုံစံအားဖြင့် -

| | |
|---|---|
| ယောက်ျားကလေးကို | ဘဲ |
| မိန်းကလေးကို | စော် |
| အရေးမစိုက်ကို | ခေါက်ထား |
| စကားဖွာပြောကို | အာလူးပေး |
| ထုံအသည်ကို | တုံးသည် |

စသည်ဖြင့် သုံးစွဲကြသည်။ ဗန်းစကားတို့သည် အချိန်ကာလ နေရာဒေသအလျောက် အသစ်ပေါ်မြဲဖြစ်ရာ ကြွင်းကျန်တည်မြဲသည်လည်းရှိသကဲ့သို့ တိမ်မြုပ်ကွယ်ပျောက်သွားသည်လည်းရှိသည်။

နေ့စဉ်ပြောဆိုသုံးနှုန်းနေသော စကားများထဲတွင် တင်စားသုံးသော ဗန်းစကားများကိုလည်း တွေ့နိုင်သည်။

ပုံစံအားဖြင့် -

| | | |
|---|---|---|
| 'သတ္တိကောင်းသည်' | ကို | 'သွေးနီသည်' |
| 'လျစ်လျူရှုသည်' | ကို | 'ကျောခိုင်းသည်' |
| 'တာဝန်လွှဲသည်' | ကို | 'ပခုံးပြောင်းသည်' |

စသည်ဖြင့် သုံးစွဲကြသည်။

မြန်မာစကားပုံများကိုလည်း မူရင်းစကားမှ လွှဲယူ၍ အနက်သစ်ဖြင့်စပ်ကာ တင်စားသုံးသည်။

ပုံစံအားဖြင့် –

'ခေါင်းတုံးပေါ် ထိပ်ကွက်သည်'

'ကြက်ကန်း ဆန်အိုးတိုးသည်'

'ဖွတ်မရ ဓားမ ဆုံးသည်'

စသည့်ဖြင့် သုံးပုံမျိုးဖြစ်သည်။ လည်ပတ်ပါးနပ်သူတစ်ဦးအပေါ်တွင် ပို၍လည်ပတ်သူက အနိုင်ယူလိုက်သောအခါ 'ခေါင်းတုံးပေါ်ထိပ်ကွက်သည်' ဟုဆိုကြသည်။ မမျှော်လင့်ဘဲ ကံအားလျော်စွာအောင်မြင်ခြင်းဖြစ်ကြောင်း ပြောလိုသောအခါ 'ကြက်ကန်းဆန်အိုးတိုးသည်' ဟု ဆိုကြသည်။ အကျိုးကျေးဇူးတစ်စုံတစ်ရာမရဘဲ မိမိကပင် နစ်နာဆုံးရှုံးရသောအခါ 'ဖွတ်မရ ဓားမဆုံး' ဟုဆိုကြသည်။ ထိုသို့သောတင်စားသောစကားများသည် ကာလအားလျော်စွာ ဆန်းသစ်ပေါ်လွင်ခါစ၌ ဗန်းစကားအဖြစ် ထင်ရှားသည်။ ကာလကြာမြင့်၍ အသုံးများလာသော အခါ ဗန်းစကားအဖြစ်မှ အနည်ထိုင်၍ သုံးရိုးသုံးစဉ်စကားဖြစ်လာသည်။

ဇာတ်သဘင်တွင် အခြားသူများ မသိစေရန် အချင်းချင်းသာသိသော အမှတ်အသား စကားဝှက်တို့ဖြင့် ပြောဆိုကြရာမှ အခြားသူများကပါ သုံးနှုန်းပြောဆိုလာခဲ့သော ဗန်းစကားမျိုးလည်း ရှိသည်။

ပုံစံအားဖြင့် –

'မင်းသမီး' ကို 'ဗလပ်ပျံ'

'ဘုန်းကြီး' ကို 'ယောပန'

'စောင်း' ကို 'ဂေါက်'

'ထမင်း' ကို 'ပုန်း'

'လက်ဖက်ရည်' ကို 'ဒေါင်'

စသည်ဖြင့် ခေါ်ဆိုခြင်းမျိုးဖြစ်သည်။ ထိုစကားလုံးတို့တွင် အချို့မှာ မည်ကဲ့သို့စွဲခေါ်သည်ကို သိနိုင်၍ အချို့မှာ အသိခက်သည်။

ဗန်းစကားများသည် ထင်ရာစွဲသုံးနှုန်းသော စကားများမဟုတ်ပါ။ နှုတ်တွင်လာခဲ့သော ဗန်းစကားများသည် နှုတ်မှတစ်ဆင့် စာပေပေါ်တွင်လည်း စွဲဝင်တွင်ကျယ်လာတတ်ပါသည်။ ဗန်းစကားသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကြံစည်တီထွင်ခြင်းလည်း မဟုတ်ပေ။ လူပေါင်း များစွာတို့၏ အနည်းနည်းအဖုံဖုံ တင်စားသုံးနှုန်းခြင်းဖြစ်၍ သေချာလေ့လာပါက စိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။ ထို့ပြင် ဘာသာစကား၏ ဝေါဟာရအင်အားကို တိုးပွားစေနိုင်ပါသည်။

**လှသမိန်၊ မြန်မာစာပေအဆီအနှစ်**

**ခက်ဆစ်**

၁။ ဗန်းစကား = ပြောဆိုရေးသားသလို အဓိပ္ပာယ်တိုက်ရိုက်မထွက်ဘဲ သီးခြားအဓိပ္ပာယ် ထွက်လာသည့်စာ၊ စကားတစ်မျိုး။

၂။ တိမ်မြုပ် = မေးမှိန်ပျောက်ကွယ်သည်။

၃။ တိမ်ကော = မေးမှိန်ပျောက်ကွယ်သည်။ မတွင်မကျယ်ဖြစ်သည်။

၄။ တီထွင် = စတင်ဖန်တီးပြုလုပ်သည်။

၅။ နစ်နာ = အကျိုးပျက်စီးသည်။ ဆုံးရှုံးသည်။

## အကြောင်းအရာအချုပ်

ဗန်းစကားသည် လူမှုနယ်ပယ်တွင် စကားသစ်အဖြစ် တီထွင်သုံးစွဲသော ခေတ်ပေါ်စကားများဖြစ်ပြီး ရှိရင်းစွဲစကားလုံးကို မသုံးလိုကြသော လူငယ်များသည် ယင်းစကားလုံးနေရာတွင် မိမိတို့အချင်းချင်းသိသည့် စကားလုံးများကို အစားသွင်း၍ အသစ်တီထွင်သုံးနှုန်းကြသည်။ နှုတ်တွင်လာခဲ့သော ဗန်းစကားများသည် နှုတ်မှ တစ်ဆင့် စာပေပေါ်တွင်လည်း စွဲဝင်တွင်ကျယ်လာတတ်ပါသည်။ ဗန်းစကားသည် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ကြံစည်တီထွင်ခြင်းလည်းမဟုတ်ဘဲ လူပေါင်းများစွာတို့၏ အနည်းနည်းအဖုံဖုံ တင်စားသုံးနှုန်းခြင်းဖြစ်၍ ဘာသာစကား၏ ဝေါဟာရအင်အားကို တိုးပွားစေနိုင်ပါသည်။

## လေ့ကျင့်ခန်း

၁။ မျက်မှောက်ခေတ်တွင် သုံးစွဲနေသော ဗန်းစကားများကို အသုံးပြု၍ အပြန်အလှန်ဆွေးနွေးပါ။ (နှစ်ယောက်တွဲ/ အုပ်စုလိုက် လုပ်ဆောင်ရန်)

၂။ ဘာသာစကားများတွင် ဗန်းစကားများ အသုံးပြုပြောဆိုခြင်းသည် ကောင်းသည်(သို့မဟုတ်) မကောင်းပါ ဟူသော သင့်အမြင်ကို အထောက်အထားများပြ၍ အုပ်စုဖွဲ့ပြောဆိုပါ။

၃။ မြန်မာစကားပုံများကို အနက်သစ်ဖြင့်စပ်ကာ တင်စားသုံးသော ဗန်းစကားများရှိလျှင် မည်သို့ အဓိပ္ပာယ်ပြောင်းလဲပုံကို ကျိုးကြောင်းပြ၍ အပြန်အလှန်ဆွေးနွေးပါ။ (နှစ်ယောက်တွဲ/ အုပ်စုအလိုက် လုပ်ဆောင်ရန်)

၄။ ဇာတ်သဘင်မှ ဗန်းစကားများအဘယ့်ကြောင့်ပေါ်ထွက်လာပုံကို အကိုးအထောက်များပြ၍ ကျောင်းသားများ အမြင်ဖြင့် လေ့လာသုံးသပ်တင်ပြပါ။ (အုပ်စုဖွဲ့လုပ်ဆောင်ရန် – ဆွေးနွေးချိန်– ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)

၅။ ခေတ်အလိုက် ဗန်းစကားများတီထွင်သုံးစွဲမှုအပေါ် သင့်အမြင်ဖြင့် ဝေဖန်သုံးသပ်တင်ပြပါ။ (အုပ်စုဖွဲ့ လုပ်ဆောင်ရန်– ဆွေးနွေးချိန်– ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)

ဆောင်းပါးစကားပြေ

## ၄။ အသွင်ကွဲမြန်မာစကားများ

**စာမိတ်ဆက်**

'အသွင်ကွဲမြန်မာစကားများ'ဆောင်းပါးကို မောင်ခင်မင်(ဓနုဖြူ) ရေးသားသော မြန်မာစကား မြန်မာစာရုပ်ပုံလွှာ (၂၀၀၄) စာအုပ် စာမျက်နှာ (၉၅-၁၀၄)မှကောက်နုတ်ထားပါသည်။ မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအလျောက် အသုံးအနှုန်းကွဲပြားသည့် အသွင်ကွဲမြန်မာစကားလုံးအားလုံး တန်းတူရည်တူဖြစ်သည် ဟူသော အချက်ကိုမှု အလေးအနက်ဂရုပြုမိနိုင်စေရန်နှင့် အသွင်ကွဲမြန်မာစကားတစ်ခုက တစ်ခုထက်ပို၍ အဆင့်မြင့်သည် အဆင့်နိမ့်သည်ဟူ၍ မရှိဘဲ တစ်မျိုးစီ တစ်နည်းစီ အသွင်ကွဲပုံ များကိုသိရှိပြီး လူမှုရေးနယ်ပယ် တွင်အသုံးချနိုင်ရန် ရည်ရွယ်ပါသည်။

## အသွင်ကွဲမြန်မာစကားများ

ပုဂံသို့လေ့လာရေးသွားစဉ်က ဖြစ်ရပ်လေးတစ်ခုကို ပြောပြလိုပါသည်။ ညတစ်ညတွင် ဘုရားလျှောက် ဖူးရန် အစီအစဉ်လုပ်ပြီး လိုက်ပြဖို့ ဘုန်းကြီးကျောင်းမှ ကိုရင်လေးတစ်ပါးကို အကူအညီတောင်းပါသည်။ ကိုရင်ကလေးက 'မှောင်တယ်ဗျ။ ကျုပ်ဒုတ်မီးသွားယူလိုက်ဦးမယ်' ဟုပြောပြီး ကျောင်းပေါ်တက်သွားသည့် အတွက် မီးဒုတ်သွားထွန်းသည်ဟုထင်ပြီး စောင့်နေရာ လက်နှိပ်ဓာတ်မီး ယူပြီး ပြန်လာမှ 'သြော် ဒုတ်မီး ဆိုတာ လက်နှိပ်ဓာတ်မီးကို ခေါ်တာကိုး' ဟု သဘောပေါက်လိုက်မိပါ သည်။

ဤကဲ့သို့ အခေါ်အဝေါ်အသုံးအနှုန်းကွဲပြားသော စကားများစွာရှိပါသည်။ ကွဲပြားသည်ဆိုရာ၌ စကားသံချင်း ကွဲပြားသည်လည်းရှိသည်။ ပြောဆိုသူတို့နေထိုင်ရာ နေရာဒေသ ကွဲပြားမှု၊ လူနေမှုအဆင့်အတန်းတို့အလိုက် ကွဲပြားမှု တို့ကြောင့် ဤသို့ကွဲပြားရခြင်းဖြစ်ပါသည်။ ပစ္စည်းတစ်ခုတည်းကို အချို့က 'လက်နှိပ်ဓာတ်မီး' ဟုခေါ်၍ အချို့က 'ဒုတ်မီး' ဟု ခေါ်ခြင်းသည် ဘာသာစကားကွဲပြားခြင်း မဟုတ်ပါ။ မြန်မာဘာသာစကား နယ်ပယ်ထဲ၌ အခေါ်အဝေါ် အသုံးအနှုန်းချင်း ကွဲပြားခြင်းသာဖြစ်သည်။ တစ်နည်းဆိုရလျှင် အသွင်ကွဲပြားခြင်းသာဖြစ်သည်။ ထိုစကားမျိုးကို 'အသွင်ကွဲမြန်မာစကား' ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ထိုဘာသာစကားမျိုးကို ဘာသာစကားပညာရှင်များက 'ဒေသန္တရစကား' ဟု တစ်ချိန်က ခေါ်ခဲ့ ပါသည်။ နောက်ပိုင်းတွင် 'ဒေသိယစကား' ဟုခေါ်ကြပါသည်။

"ဒေသိယစကားဆိုသည်မှာ နေရာဒေသ ပထဝီအနေအထား ကွဲပြားမှု၊ လူနေမှုအဆင့်အတန်း ကွဲပြား ခြားနားမှုတို့ကြောင့် စကားသံ၊ ဝေါဟာရအသုံးအနှုန်း၊ သဒ္ဒါစသည်တို့ ကွဲပြားနေသော ဘာသာစကားတစ်ခု၏ အသွင်ကွဲဖြစ်ပါသည်" ဟူသော ဖွင့်ဆိုချက်ကို ဂရုပြုဖွယ်ဖြစ်ပါသည်။

နေရာဒေသကိုလိုက်၍ ကွဲပြားသော အသွင်ကွဲမြန်မာစကားများတွင် ရခိုင်စကား၊ ထားဝယ် စကား၊ မြိတ် စကား၊ တောင်ရိုးစကား၊ အင်းသားစကား၊ ဓနုစကား၊ ယောစကားတို့မှာ ထင်ရှားပါသည်။ ထိုစကားများလောက်

မထင်ရှားသော အခြားအသွင်ကွဲ စကားများလည်းရှိပါသေးသည်။

အသွင်ကွဲမြန်မာစကားများ စကားသံချင်းကွဲပြားပုံကို လေ့လာကြည့်မည်ဆိုပါက ဗျည်းသံချင်း ကွဲပြားပုံ၊ သရသံချင်းကွဲပြားပုံတို့ကို စိတ်ဝင်စားဖွယ် တွေ့ရမည်ဖြစ်သည်။ ဆိုပါစို့။ ရန်ကုန်လို၊ မော်လမြိုင်လိုနေရာမျိုးမှာ မကြားရသော 'ရကောက်လျှာလိပ်သံ' ကို ရခိုင်၊ တောင်ရိုး၊ အင်းသား၊ ဓနုစကားများတွင် ကြားရပါသည်။ ရခိုင် စကားတွင် ရေကို/ရီ/၊ ဖြူကို /ဖရူ/ ဟူ၍ လျှာလိပ်သံနှင့် ပြောသည့်နည်းတူ တောင်ရိုးစကားတွင် ရေကို /ရေ/၊ အပြာကို /အပရာ/၊ မြေကို /မရေ/ ဟူ၍လည်း ကောင်း၊ အင်းသားစကားတွင် ဆရာကို /ဆရာ/ ၊ အရက်ကို /ရက်/ ဟူ၍လည်းကောင်း၊ ဓနုစကား တွင် ကျီးကို /ကရီး/၊ ရေချိုးကို /ရေခရိုး/ ဟူ၍လည်းကောင်း ရကောက် လျှာလိပ်သံနှင့် ပြောကြပါ သည်။

ယသံနှင့်ပြောသည့်စကားများကို ထားဝယ်၊ တောင်ရိုး၊ အင်းသားတို့ 'လဆွဲသံ'နှင့် ပြောကြသည်ကို တွေ့နိုင်ပါသည်။ ကျားကို /ကွ္လား/ ၊ ပြန်ကို /ပွ္လန်/ ၊ မြေကို /မ္လေ/၊ ချိုကို /ခ္လို/ ဟူ၍ ပြောပုံမျိုးဖြစ်သည်။ ယသံဖျောက်ပြောသည်လည်းရှိပါသည်။ ကျွဲကို /ကွဲ/၊ ခြေကို /ခေ/ဟု ပြောပုံမျိုး ဖြစ်သည်။

တောင်ရိုးနှင့် အင်းသားစကားတို့တွင် ဂ၊ ဇ၊ ဒ၊ ဗ စသော(သံပြင်း)များ မရှိခြင်းသည်လည်း စိတ်ဝင်စား ဖွယ်ဖြစ်ပါသည်။ သံပြင်းမရှိသည့်အတွက် သက်ဆိုင်ရာ သံညင်းကိုသုံးပြီးပြောကြပါသည်။ တောင်ရိုးစကား တွင် ဂဏန်းကို /ကဏန်း/၊ ဈေးကို /ဆေး/၊ ကျေးဇူးကို /ကေးစူး/၊ ဒူးကို /တူး/၊ ဓားကို /ထား/၊ ဘဲဥကို /ဖဲဥ/ ဟု ခေါ်သည့်နည်းတူ အင်းသားစကားတွင် ဦးခေါင်းကို /ခေါန်/၊ ဈေးကို /ဆေး/၊ ဓားကို /ထား/ ဟုခေါ်ပါသည်။ အင်းသားစကားတွင် သဗျည်းသံနေရာမှာ ဆဗျည်းသံသုံး သည်။ ထို့ကြောင့် သွားကို /ဆွား/၊ သားသမီးကို / ဆားဆမီး/၊ ဗူးသီးကို /ဖူးဆီး/ ဟုခေါ်ပါသည်။

ရခိုင်၊ ထားဝယ်၊ မြိတ်၊ ယောစကားတို့တွင် သံညင်းကို သံပြင်းသို့မပြောင်းဘဲ သံညင်းပီပီသသ အသံ ထွက်ပုံမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။ 'လခ' ကို /လဂ/ ဟု အသံမထွက်ဘဲ /လခ/ ဟုပင် အသံထွက်ပုံ မျိုးကို ဆိုလိုသည်။ ထို့အတူ /နို့ဆီ/ ဖန်ဆင်း / မီးခြစ်/ စသည်ဖြင့် သံညင်းဗျည်းကို သံပြင်းသို့မပြောင်းဘဲ ပီပီသသ အသံထွက်ကြသည်။

ဟထိုးသံမပါဘဲ ပြောပုံမျိုးကို မြိတ်၊ တောင်ရိုး၊ ဓနု၊ အင်းသား စကားများတွင် ကြားနိုင်သည်။ ငှက်ကို / ငက်/၊ မှန်ကို /မန်/၊ ငှားကို /ငါး/၊ လှေလှော်ကို /လေလော်/ စသည်ဖြင့် အသံထွက်ပုံမျိုး ဖြစ်ပါသည်။

အချို့ဒေသများတွင် ဟုတ်တယ်ကို /ဟုတ်သယ်/ ၊ ဟုတ်တာပေါ့ကို /ဟုတ်သာပ/ စသည်ဖြင့် ပြောပုံ မှာလည်း ဗျည်းသံကွဲပြားသော သာဓကပင်ဖြစ်ပါသည်။ အသွင်ကွဲမြန်မာစကားများတွင် ဗျည်းသံချင်း ကွဲပြား တတ်ပုံကို သိသာဖော်ပြခြင်း ဖြစ်ပါသည်။

ဗျည်းသံကွဲပြားသည့်နည်းတူ သရသံချင်းလည်း ကွဲပြားမှုရှိသည်။ တောင်ရိုးစကားတွင် အောက်ကို /အော့/ ၊ အနောက်ကို /အနော့/ ထားဝယ်စကားတွင် မျောက်ကို /မျော့/ ယောစကားတွင် တောက်တဲ့ကို /တော့တဲ့/ ဟုခေါ်ပါသည်။ ရခိုင်စကားတွင် တစ်၊ နှစ် ကို /တိုက်၊ နိုက်/ ဟု အသံထွက် သကဲ့သို့ တောင်ရိုးစကား

တွင် ခေါနဲ့ထစ်ကို /ထားနထိုက်/ ဟု အသံထွက်ပါသည်။ ဓနုစကားမှာ လိပ်ပြာကို /လိုက်ပျာ/ ၊ ဆိတ်ကို /ဆိုက်/ ဟု အသံထွက်ပါသည်။ မြိတ်စကားတွင် မြည်ကို /မျယ်/၊ ကြေးစည်ကို / ကျေးဇယ်/၊ ကျည်ထောက်ကို /ကျယ်ဒေါက်/ဟု အသံထွက်သည်။

မြင်းခြံ၊ ပခုက္ကူဘက်တွင် /လွန်/ နှင့် /လွင်/ကို အသံချင်း အလဲအလှယ်လုပ်သုံးကြသည်ကို စိတ်ဝင်စားဖွယ် တွေ့ရသည်။ ကိုသက်လွင်ကို /ကိုသက်လွန်/၊ ရေတွင်းကို /ယေဒွန်း/ ဟု အသံထွက်သော်လည်း လွန်လွန်းကို /လွင်လွင်း/ ဟုအသံထွက်ပြန်သည်။ အခွန်ကို /အခွင်/ဟု အသံထွက်သည်။ နတ္တလင်းဘက်တွင် ပိုက်ဆံကို / ပိုက်ဆင်/ဟု ခေါ်သည်။ မော်လမြိုင်ဘက်တွင် ရှုထောင့်ကို /ရှုဒေါက်/၊ ကိုလှမြင့်ကို /ကိုလှမျစ်/ စသည်ဖြင့် နှာသံမပါဘဲ အသံထွက်ကြသည်။

စကားအသုံးအနှုန်းချင်းကွဲပြားပုံမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ အသွင်ကွဲ မြန်မာစကားများတွင် အနက်အဓိပ္ပာယ်ချင်း ဆင်တူသော စကားလုံးများကို အများသုံးစကားနှင့်မတူဘဲ တစ်မူထူးခြားစွာ သုံးတတ်ကြသည်။ 'ပုန်းအောင်း' ဟူသော အဓိပ္ပာယ်ဆင်တူနှစ်လုံးတွဲ သုံးလေ့ရှိသော စကားကို ရန်ကုန်၊ ပုသိမ်လိုနေရာမျိုးမှာ တစ်လုံးတည်းသုံးလျှင် 'ပုန်းသည်' ဟုသုံးသော်လည်း တောင်ရိုး စကားတွင် 'အောင်းသည်' ဟုသုံးသည်။ ထို့အတူ တောင်ရိုးစကားတွင် ညှံ့(နူးညံ့)၊ စော်(နံစော်)၊ င(လောက်င)၊ မွတ်(ဆာမွတ်)၊ မိုက်(မှောင်မိုက်)၊ ငံ့(ဆိုင်းငံ့) စသည့် စကားများကို တွေ့ ရသည်။ ထို့အတူ အင်းသားစကားတွင် စေ(ခိုင်းစေ)၊ နှက်(ရိုက်နှက်)၊ မွတ်(ငတ်မွတ်)၊ လောင်(ပူလောင်)၊ ဝါ(ကြွားဝါ)၊ ပွဲ့(စုတ်ပွဲ့) စသည့် စကားများကိုတွေ့ရပါသည်။ ထို့အတူ မြိတ်စကား တွင်လည်း မိုက်(မှောင်မိုက်)၊ သွေ့(ခြောက်သွေ့) စသည့်စကားများကိုတွေ့ရသည်။

ရှေးသုံးစကား(ပေါရာဏစကား)ဟု အများနားလည်နေကြသော စကားများကို အသွင်ကွဲ မြန်မာစကားများတွင် တွေ့နေရခြင်းသည်လည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ မယ်န(သံချွန်)၊ ရာဇူ(ချိန်ခွင်)၊စောင်ရန်း (ခြံစည်းရိုး)၊ လက်ကတီး (ချိုင်း) စသော ရှေးသုံးစကားများကို တောင်ရိုး၊ အင်းသား၊ ဓနု စကားများတွင် တွေ့ရသည်။ ရှေးကျောက်စာများမှာပါသော ဖတ်တလတ် (ရုတ်တရက်) ဟူသောစကားကို မြိတ်စကားတွင် တွေ့ရသည့်နည်းတူ သိုး (ဦးထုပ်) ဟူသော ရှေးသုံးစကားကို ထားဝယ်စကားတွင်တွေ့ရသည်။ ခရေပန်း၏ ရှေးအခေါ် 'ချရား' ကို ရခိုင်စကားတွင် ရကောက် လျှာလိပ်သံ နှင့်ထွက်သည်။ 'ရှိုးပါ၏သြ' ဟူသော ရှေးသုံးအဆုံးသတ် စကားမျိုးကို ယောစကားတွင် တွေ့နိုင်ပါသည်။

တောင်ရိုး၊ ဓနုစကားတွင် စား၍မြိန်သည်ကို /စားချို/၊ အင်းသားစကားတွင် သူငယ်ချင်းကို /လူခဲ/၊ ဓနု စကားတွင် ကြည့်ချင်မြင်ချင်သည်ကို /မျက်စိဆာ/၊ ထားဝယ်စကားတွင် သားသည်အမေ ကို /သားရှင်မိ/၊ မြိတ် စကားတွင် အအေးမိ၍နှာစေးသည်ကို /ဆောင်းပြေးသင့်/၊ ရခိုင်စကားတွင် ဆပ်ပြာကို /သုဗုန်/ စသည်ဖြင့် အသုံးအနှုန်းကွဲပြားပုံကို စိတ်ဝင်စားဖွယ် တွေ့နိုင်သည်။

မီးပူတိုက်သည်ကို မန္တလေးဘက်မှာ 'မီးကြွေထိုး' ၊ မြင်းလှည်းကို မော်လမြိုင်မှာ 'ဘုံပြတ်'၊ မီးပြောင်းကို မုံရွာတွင် 'မီးပလွေ' ဟု စကားအသုံးအနှုန်းကွဲပြားမှုများကို တွေ့ရသည်။

ထိုသို့ နေရာဒေသအလိုက် အသွင်ကွဲသော စကားများကို မော်ဘီဆရာသိန်းကြီးသည်လည်း စိတ်ဝင်တစား လေ့လာစုဆောင်းခဲ့ဖူးသည်။ ဆရာကြီးက ပေါရာဏဒီပနီကျမ်းတွင် –

“မြန်မာလူမျိုးဟူ၍ ဖြစ်ကြသော်လည်း အရပ်ဒေသကိုလိုက်၍သော်လည်းကောင်း၊ လူမျိုးချင်း ရောထွေးသဖြင့် ခေါ်ဝေါ်သောအသံပြောင်း၍သော်လည်းကောင်း ဝတ္ထုတစ်မျိုးတည်းကို အခေါ် ဝေါဟာရ ကွဲလျက်ရှိသည်ကို သတိမူကြရန် ဖော်ပြလိုက်သည်” ဟု အမှာအထားပြုလျက် အသွင်ကွဲ မြန်မာစကားများကို ဖော်ထုတ်ပြထားပါသည်။ အနည်းငယ် သာဓကဆောင်ပါက – တပယင်းနယ်၊ အလုံနယ်တို့တွင် ထမင်းကို ‘အမှင်း’၊ ရေဝန်းနယ်တွင် ကြောင်ကို ‘မိန်ညောင်း’၊ န္တားထိုးပလို့တွင် ယုန်ကို ‘အမဲ့မောင်’၊ မြေတူးအရပ်တွင် ဆားကို ‘ဆွား”၊ ရေနံကို ‘ရိုနံ’၊ ပင်းသာအရပ်တွင် ထမင်းကို ‘ထမန်း’ စသည်ဖြင့် အသွင်ကွဲပုံများကို စိတ်ဝင်စားဖွယ် ပြောဆိုကြသည်။

အသွင်ကွဲမြန်မာစကားတွင် ရှေးကျသော စကားသံများ၊ စကားအသုံးအနှုန်းများကို ထိန်းသိမ်းထားနိုင်ခြင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ မြန်မာစကားပြောသူချင်း တူညီသော်လည်း နေထိုင်ရာ ဒေသကွဲပြား သွားသောအခါ ပထဝီဝင်အနေအထားအရ ပြင်ပနှင့် အရောအနှောအဆက်အဆံမများသော အရပ်ဒေသတွင် စကားသံများ၊ စကားအသုံးအနှုန်းများသည် အသွင်မပျက်ရှိနေပြီး ပြင်ပနှင့်အရောအနှောများသောဒေသတွင်မူ စကားသံများ၊ စကားအသုံးအနှုန်းများသည် ပို၍ရွေ့လျားပြောင်းလဲသွားတတ်သည့်သဘောရှိသည်။ နေရာဒေသအလိုက် အဆက်အဆံပြုရသော ဘာသာစကားများ ရောနှောလာသည့်အတွက် ပို၍အသွင်ကွဲသွားရသည့် သဘောလည်း ရှိသည်။ ဤသို့ဖြင့် အသွင်ကွဲ မြန်မာစကားများ အဖြစ်သို့ ရောက်ရခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အသွင်ကွဲမြန်မာစကားအားလုံး တန်းတူရည်တူဖြစ်သည်ဟူသော အချက်ကိုမူ အလေးအနက်ဂရုပြုဖွယ်ဖြစ်သည်။ အသွင်ကွဲမြန်မာစကားတစ်ခုက တစ်ခုထက်ပို၍ အဆင့်မြင့်သည် အဆင့်နိမ့်သည်ဟူ၍ မရှိပါ။ တစ်မျိုးစီ တစ်နည်းစီ အသွင်ကွဲပုံကလေးများဖြင့် စိတ်ဝင်စားဖွယ် ကောင်းနေသည်ချည်းဖြစ်သည်။

**မောင်ခင်မင်(ဓနုဖြူ)၊ မြန်မာစကားမြန်မာစာရုပ်ပုံလွှာ**

**ခက်ဆစ်**

| | | |
|---|---|---|
| ၁။ အသွင် | = | ပုံပန်းသဏ္ဌာန်။ ရုပ်လက္ခဏာ။ |
| ၂။ ကွဲ | = | ခြားနားသည်။ ကွဲပြားသည်။ |
| ၃။ ဒုတ်မီး | = | လက်နှိပ်ဓာတ်မီး။ |
| ၄။ တန်းတူရည်တူ | = | အဆင့်အတန်း၊ အရည်အချင်း၊ အမျိုးအစားချင်းတူညီစွာ။ |
| ၅။ အဆင့် | = | ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုအခြေအနေ။ |
| ၆။ ဂရုပြု | = | ဂရုစိုက်သည်။ ရိုသေလေးစားသည်။ |

**အကြောင်းအရာအချုပ်**

နေရာဒေသကိုလိုက်၍ ကွဲပြားသော အသွင်ကွဲမြန်မာစကားများတွင် ရခိုင်စကား၊ ထားဝယ်စကား၊ မြိတ်စကား၊ တောင်ရိုးစကား၊ အင်းသားစကား၊ ဓနုစကား၊ ယောစကားတို့မှာ ထင်ရှားပါသည်။ ဗျည်းသံကွဲပြားမှု သရသံ ကွဲပြားမှု၊ စကားအသုံးအနှုန်းကွဲပြားမှုတို့ကို တွေ့ရသည်။ အသွင်ကွဲမြန်မာစကားတွင် ရှေးကျသော စကားသံများ စကားအသုံးအနှုန်းများကို ထိန်းသိမ်းထားနိုင်ခြင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ အသွင်ကွဲမြန်မာ စကားအားလုံး တန်းတူရည်တူဖြစ်သည်ဟူသော အချက်ကိုမူ အလေးအနက် ဂရုပြုဖွယ်ဖြစ်သည်။

**လေ့ကျင့်ခန်း**

၁။ အသွင်ကွဲစကားနှင့် ဗန်းစကားတို့၏ ကွဲပြားမှုကို အကိုးအထောက်ပြ၍ အပြန်အလှန် ပြောဆိုပါ။ (နှစ်ယောက်တွဲ/ အုပ်စုလိုက် လုပ်ဆောင်ရန်)

၂။ ဗျည်းသံကွဲပြားမှုသည် ဒေသမတူသည့်သူများနှင့် လူမှုဆက်ဆံရေးနယ်တွင် အခက်အခဲ ဖြစ်စေ နိုင်သည် ဟု ထင်ပါသလား။ ယင်းအခက်အခဲကို မည်သို့ ဖြေရှင်းနိုင်သနည်း။ (အုပ်စုလိုက် လုပ်ဆောင်ရန်)

၃။ သရသံကွဲပြားမှုနှင့် စကားအသုံးအနှုန်းကွဲပြားမှုကို သုံးသပ်၍ အုပ်စုဖွဲ့ပြောဆိုဆွေးနွေးပါ။

၄။ အသွင်ကွဲမြန်မာစကားလုံးအားလုံး တန်းတူရည်တူဖြစ်သည်ဟူသောအချက်ကို သင်သဘောတူ လက်ခံပါ သလား။ ကျိုးကြောင်းပြဖြေဆိုပါ။ (အုပ်စုဖွဲ့လုပ်ဆောင်ရန်- ဆွေးနွေး ချိန်- ၁၅ မိနစ် ပြီးလျှင် အုပ်စု ခေါင်းဆောင် မှ ပြန်လည်တင်ပြရန်)

၅။ အသွင်ကွဲမြန်မာစကားများကို အသုံးပြု၍ စကားဖြစ်ရပ် ဇာတ်လမ်းများကိုအုပ်စုအလိုက် ဖန်တီး၍ တင်ပြပါ။ (အုပ်စုဖွဲ့ လုပ်ဆောင်ရန်- ဆွေးနွေးချိန်- ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)

ဆောင်းပါးစကားပြေ

## ၅။ စကားသင်္ကေတရောသုံးမှု

### စာမိတ်ဆက်

'စကားသင်္ကေတရောသုံးမှု'ဆောင်းပါးကိုဆရာဒေါက်တာအောင်မြင့်ဦးရေးသားသော'စကားသင်္ကေတရောသုံးမှု' သုတေသနစာတမ်းမှ ကောက်နုတ်ထားပါသည်။ ယင်းစာတမ်းသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ(၁) ရက်နေ့က ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင်၊ မြန်မာစာခန်းမတွင် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန ၂၀၀၄-၂၀၀၅ ခုနှစ် ပညာရေးစုံညီ သုတေသနစာတမ်းဖတ်ပွဲ၌ တင်သွင်းဖတ်ကြားသည့် စာတမ်းဖြစ်ပါသည်။ စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားဆိုင်ရာ အကြောင်းရင်းခံတစ်ရပ်နှင့် လူမှုဆိုင်ရာအကြောင်းရင်းခံလေးရပ်တို့ပေါ်တွင် မူတည်ကြောင်း သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## စကားသင်္ကေတရောသုံးမှု

ဘာသာစကားတစ်မျိုးကို အခြေခံအားဖြင့် သုံးစွဲနေစဉ်အတွင်း အခြားဘာသာစကားတစ်မျိုး၏ အစိတ်အပိုင်းများကို ရောနှောအသုံးပြုခြင်းမျိုးဖြစ်သည်။ အများအားဖြင့် စကားလုံးများ ဖြစ်တတ်သည်။ ပုဒ်စုများနှင့် ထို့ထက်ပိုကြီးသော ယူနစ်များလည်း ဖြစ်နိုင်ပါသည်။

စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားဆိုင်ရာ အကြောင်းရင်းခံတစ်ရပ်နှင့် လူမှုဆိုင်ရာ အကြောင်းရင်းခံလေးရပ်တို့ပေါ်တွင် မူတည်သည်။

ဘာသာစကားဆိုင်ရာ အကြောင်းရင်းခံတစ်ရပ်မှာ ဘာသာစကားထိတွေ့မှုဖြစ်သည်။ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုဆက်ဆံရေး စသည့် အကြောင်းအမျိုးမျိုးကြောင့် လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု ထိတွေ့ကာ ဘာသာစကားချင်းလည်း ထိတွေ့မှုဖြစ်လာသည်။

မြန်မာဘာသာစကားသည် ဘာသာရေးကို အကြောင်းပြု၍ ပါဠိဘာသာနှင့် အများဆုံး ထိတွေ့ခဲ့သည်။ ထို့ကြောင့် မြန်မာဘာသာစကားကို ပြောဆိုနေစဉ်အတွင်း ပါဠိဘာသာစကားကို ရောသုံးသော စကားသင်္ကေတရောသုံးခြင်း ဖြစ်ပေါ်လာသည်။

"ဒီကိစ္စကို အနုလုံပဋိလုံ စဉ်းစားဖို့လိုတယ်"

"ပုထုဇနော ဥမ္မတ္တကော လူဆိုတာ အရူးချည်းပါပဲ"

"အာရောဂျံ ပရမံလာဘံ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးလို့ ဆိုနိုင်ပါတယ်"

စသည်ဖြင့် ပြောဆိုခြင်းမျိုးဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းသည် ကိုလိုနီလက်အောက်ကျရောက်ပြီး နိုင်ငံရေးအရလည်းကောင်း၊ လွတ်လပ်ရေး ရပြီးနောက် စီးပွားရေး၊ ပညာရေး၊ နိုင်ငံတကာဆက်ဆံရေး စသည့်အကြောင်းများကြောင့်လည်းကောင်း အင်္ဂလိပ်

ဘာသာစကားနှင့် အများဆုံး ထိတွေ့လာခဲ့သည်။ ထိုအခါ မြန်မာဘာသာစကား ပြောဆိုစဉ်အတွင်း အင်္ဂလိပ် ဘာသာစကား ရောသုံးသော စကားသင်္ကေတရောသုံးခြင်း ဖြစ်ထွန်းလာခဲ့သည်။

"ဒီဟိုတယ်က facilities မကောင်းဘူး"

"သူ့ကြည့်ရတာ တော်တော် feel ဖြစ်နေပုံရတယ်"

"ဒီအဆိုတော်က own tune သမား၊ copy မဆိုဘူး"

စသည်ဖြင့်ပြောဆိုခြင်းမျိုးဖြစ်သည်။

စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားအသုံးပြုသူ၏ နေထိုင်ရာဒေသနှင့် သက်ဆိုင်သည်။ ကျေးလက်ထက် မြို့ပြဒေသတွင် စကားသင်္ကေတရောသုံးခြင်း ပိုများသည်။ မြို့ပြတွင်ပေါ်လာသော ကိစ္စရပ် အသစ်တို့အတွက် မိမိတို့ဘာသာစကား၏ ဝေါဟာရမရှိသည့်အခါ အခြားသော ဘာသာခြားစကားကို ယူငင် ရောနှောကာ အသုံးပြုကြရသည်။ ကျေးလက်တွင် ထိုကိစ္စမျိုး အလွန်နည်းပါးသည်။ ထို့ကြောင့် စကားသင်္ကေတ ရောသုံးခြင်းသည် မြို့ပြသဘောလက္ခဏာတစ်ရပ်ဖြစ် လာသည်။

"Condominium တွေ တအားဈေးကြီးတာပဲ"

"Summit Park View မှာ breakfast သွားစားမလို့"

"စင်္ကာပူကို shopping သွားမလို့ passport လုပ်နေတယ်"

စသည်ဖြင့် ပြောဆိုခြင်းမျိုးဖြစ်သည်။

စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားအသုံးပြုသူ၏ လူမှုအလွှာနှင့်လည်း ဆိုင်သည်။ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို လူမှုအလွှာအသီးသီး ပေါင်းစပ်ပါဝင်နေမြဲဖြစ်သည်။ ထိုလူမှုအလွှာ အသီးသီးကိုလည်း အနိမ့်အမြင့်ခွဲခြားကြသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း အသိပညာ၊ အတတ် ပညာ တတ်မြောက်ကျွမ်းကျင်သော သူတို့သည် ပညာတတ်အလွှာအဖြစ် တည်ရှိနေသည်။ မျက်မှောက်ကာလတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်တို့သည် မြန်မာဘာသာ စကားတွင် အင်္ဂလိပ်ဘာသာကို ရော၍ တွင်ကျယ်စွာ အသုံးပြု နေကြသည်။

မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးရာ၌ နည်းလမ်းနှစ်ရပ်ကို အသုံးပြုလေ့ရှိပါသည်။ ပထမနည်းလမ်းမှာ အစားထိုးရောသုံးခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ တွဲဖက်ရောသုံးခြင်းဖြစ်သည်။ ထိုနည်းလမ်း နှစ်ရပ်ကို စကားလုံးအဆင့်တွင်ဖြစ်စေ၊ ပုဒ်အဆင့်တွင်ဖြစ်စေ၊ ဝါကျအဆင့် တွင်ဖြစ်စေ အသုံးပြု နိုင်ပါသည်။

"အခု ကျွန်တော်တင်ပြနေတာကတော့ code-mixing အကြောင်းပဲ ဖြစ်ပါတယ်"

"ဒီကိစ္စကိုတော့ နိဗ္ဗာန ပစ္စယော ဟောတု လို့ပဲ သဘောထားလိုက်ပါတော့"

စသည်ဖြင့် ပြောဆိုပုံမျိုးဖြစ်သည်။

ထိုသို့ပြောရာတွင် အစားထိုးရောသုံးထားသော အစိတ်အပိုင်းများကို ဖြုတ်၍ မရပေ။

"အခု ကျွန်တော်တင်ပြနေတာကတော့ စကားသင်္ကေတရောသုံးခြင်း code-mixing အကြောင်းပဲ ဖြစ်ပါတယ်"

"ပညာ သမာ အာဘာနတ္ထိ၊ ပညာနှင့်တူသော အလင်းရောင်သည်မရှိလို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်"

စသည်ဖြင့်ပြောဆိုရာတွင် မြန်မာဘာသာစကားပြောဆိုရာ၌ အခြားဘာသာစကားအစိတ်အပိုင်း တစ်ခုကို တွဲဖက်ဖြည့်စွက်၍ ပြောဆိုခြင်းဖြစ်သည်။ ထိုသို့ ပြောဆိုရာတွင် အဓိပ္ပာယ်တူသော အစိတ်အပိုင်းကို ဖြုတ်၍ ရသည်။

ဘာသာစကားတွင် အပြောသဏ္ဍာန်နှင့် အရေးသဏ္ဍာန် နှစ်ရပ်ရှိသည့်အနက် စကားသင်္ကေတ ရောသုံးခြင်းသည် ပထမတွင် အပြောသဏ္ဍာန်ဖြင့် စတင်ရန်အလားအလာများသည်။ အပြောသဏ္ဍာန်တွင် ပထမအဆင့်၌ ဘာသာခြား စကား၏ အစိတ်အပိုင်းတစ်ခုကို မူရင်းအသံထွက်အတိုင်း ချေးငှား၍ အသုံးပြုခြင်းဖြစ်သည်။

"သူဟာ ကျွန်တော်ရဲ့ best friend ပါ"

"ဆရာဇော်ဂျီနဲ့ မင်းသုဝဏ်ဟာ comtemporary တွေပေါ့"

"ဒီအခန်းမှာ စာတမ်းဖတ်ရတာ convenient ဖြစ်ပါတယ်"

အပြောသဏ္ဍာန် ဒုတိယအဆင့်တွင် မူလစကားသံအတိုင်း မိမိတို့၏စကားသံနှင့် ကိုက်ညီအောင် ပြုပြင်အသုံးပြု လာသည်။

" မင်းသူ့ကို တယ်လီဖုန်းနဲ့ ကွန်တက် လုပ်လိုက်အုံး"

" မားကက်ထဲမှာ ကွန်ပျူတာတွေ ဈေးကျနေပြီ"

"ဒီလူ အက်ဒမင် မကောင်းဘူး"

မူရင်းအသံအတိုင်းအသုံးပြုသည်ဖြစ်စေ၊ပြုပြင်၍အသုံးပြုသည်ဖြစ်စေ အပြောသဏ္ဍာန်တွင် ယင်းဘာသာစကားအစိတ်အပိုင်းတစ်ခုသည် မည်သည့်အခြေအနေမျိုးတွင် မွေးစားအဆင့်သို့ ရောက်ရှိသည်ကိုသတ်မှတ်ရန် မလွယ်ကူပေ။ အသုံးရှည်ကြာမှုနှင့် အသုံးတွင်ကျယ်မှုအပေါ်မူတည်၍ မွေးစားစကားအဖြစ် ယူဆနိုင်ဖွယ်ရှိပါသည်။

အရေးသဏ္ဍာန်တွင် စကားသင်္ကေတရောသုံးခြင်းသည် သိသာထင်ရှားသည်။ မွေးစားအဆင့်သို့ မရောက်သေးသည့် ဘာသာခြားစကားကို ရောသုံးလျှင် မူရင်းအရေးအသားအတိုင်း ရေးရသည့်အတွက် စကားသင်္ကေတ ရောသုံးခြင်းဖြစ်ကြောင်းထင်ရှားသည်။

"နန်းမြင့်မျှော်စင်၌ မြေညီထပ်တွင် Business Center ခန်းမများနှင့် အမှတ်တရ ပစ္စည်း အရောင်းဆိုင်များ ပါရှိမည်ဖြစ်သည်။ ပထမထပ်၌ အရောင်းဆိုင်များနှင့် Waiting Lounge များပါရှိကာ၊ ဒုတိယထပ်တွင် Coffee Shop, Seminar Room, Conference Room တို့ပါရှိမည်ဖြစ်သည်"

အရေးသဏ္ဍာန်တွင် ဒုတိယအဆင့်၌ မူရင်းအရေးအသားကို မိမိတို့မြန်မာဘာသာစကား အရေးအသား၏ အက္ခရာရေးထုံးဖြင့် ပြောင်းလဲရေးသားသည်။ ထိုသို့ရေးသားရာတွင် အသုံးမတွင်သေးလျှင်ဖြစ်စေ၊ မိမိတို့ရေးထုံးနှင့် မကိုက်ညီလျှင်ဖြစ်စေ စကားသင်္ကေတရောသုံးခြင်းဖြစ်ကြောင်း သိသာသည်။

"အင်အား ရစ်ချိတာစကေး ဖ ဒသမ ဂ ခန့်ရှိသည့် မြေငလျင် ကိုးကြိမ်ခန့် ဆက်၍ လှုပ်ရှားခဲ့ကြောင်း"

"နာဂျက်ဖ်၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွား"

အရေးသဏ္ဌာန်တွင် ပြုပြင်ရေးသား၍ ရောသုံးရာ၌ မြန်မာစာရေးထုံးနှင့်လည်းကိုက်ညီပြီး အသုံး လည်း တွင်လာပါက မွေးစားစကားလုံးအဖြစ်သို့ ရောက်ရှိလာသည်။

"မော်တော်ကား၊ တယ်လီဖုန်း၊ ရေဒီယို၊ ကွန်ပျူတာ၊ ထရန်စဖော်မာ၊ အင်တာနက်၊ ကီးဘုတ်"

စသည့် စကားလုံးမျိုးများသည် မွေးစားစကားလုံးများ ဖြစ်လာသည်။ အရေးသဏ္ဌာန်တွင် မွေးစားစကားလုံး အဖြစ်သို့ရောက်ရှိပြီး စကားလုံးများကို တစ်ခါတစ်ရံ မူရင်းအတိုင်း ပြန်လည်အသုံးပြုကာ မွေးစားစကားလုံး အဆင့်မှ စကားသင်္ကေတရောသုံးခြင်းအဆင့်သို့ ပြန်လည် ရွေ့လျောသွားသည်ကိုလည်း တွေ့ရသည်။

"Engineering လိုင်းက ကျယ်ပြန့်လို့ ကိုယ်ဝါသနာပါတဲ့အပိုင်းကို အဓိကထား လေ့လာသင့်ပါတယ်"

"Audio ပညာရပ်တွေက Computer နဲ့ဖန်တီးမှုတွေကို စနစ်တကျ သင်ယူလိုတဲ့ အတွက် ဒီသင်တန်းကို လာတက်တာပါ"

"Stage show တွေ ဘာတွေ သွားကြည့်လို့ရှိရင် Bass သံကို အဝေးကတည်းက ကြားရတယ်"

စသည့်အရေးအသားတို့တွင် "အင်ဂျင်နီယာ" "ကွန်ပျူတာ" "စတိတ်ရှိုး" စသည်တို့သည် မွေးစားစကားအဖြစ် အသုံးတွင်ပြီးဖြစ်သော်လည်း မူရင်းအတိုင်း ပြန်လည်အသုံးပြုရေးသားသည်ကို တွေ့ရသည်။

စကားသင်္ကေတရောသုံးရာတွင် မိမိတို့ဘာသာစကား၏ သဘောသဘာဝနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ဖန်တီးရင်း အသုံးတွင်လာသောအခါ ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူ ဖြစ်စေသည်။ သို့သော် ဘာသာစကားထိတွေ့မှု၏ သက်ရောက်မှုအရ ဘာသာစကား တိမ်ကောမှု ဖြစ်လာနိုင်သည်ကိုမူ သတိပြုရမည်ဖြစ်သည်။

စကားသင်္ကေတအသုံးပြုခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် ယခုမှ ပေါ်ထွန်းလာသည့်ကိစ္စမဟုတ်။ ခေတ်အဆက်ဆက်ကတည်းက ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် စကားသင်္ကေတရောသုံးခြင်းသည် ခေတ်၏လိုအပ်ချက်ဖြစ်ရာ ဘာသာစကားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိအောင် ကြိုးပမ်းဆောင်ရွက်ကြ ရမည်ဖြစ်ပါသည်။

**ဒေါက်တာအောင်မြင့်ဦး၊ စကားသင်္ကေတရောသုံးမှု**

**ခက်ဆစ်**

| | | |
|---|---|---|
| ၁။ အနုလုံပဋိလုံ | = | အစမှအဆုံး၊ အဆုံးမှအစသို့ အပြန်အလှန်အားဖြင့်။ |
| ၂။ စကားသင်္ကေတရောသုံးခြင်း | = | ဘာသာစကားတစ်မျိုးကို သုံးစွဲနေစဉ်အတွင်း အခြားဘာသာစကား တစ်မျိုး၏ အစိတ်အပိုင်းများကို ရောနှောအသုံးပြုခြင်း။ |
| ၃။ လူမှုအလွှာ | = | ဆင်းရဲ၊ ချမ်းသာ၊ သာမန်လက်လုပ်လက်စား စသည်ဖြင့် ခွဲခြားသကဲ့သို့ ပညာတတ်အလွှာ၊ ပညာမတတ်အလွှာဟု |

ခွဲခြားထားသော လူနေမှုအဆင့်အတန်း။

| | | |
|---|---|---|
| ၄။ တွဲဖက် | = | ပူးတွဲသည်။ ယှဉ်ဖက်သည်။ |
| ၅။ မွေးစား | = | သူတစ်ပါးသားသမီးကို မိမိသားသမီးအရင်းကဲ့သို့ တာဝန်ယူစောင့်ရှောက်သည်။ |

**အကြောင်းအရာအချုပ်**

စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကားအသုံးပြုသူ၏ လူမှုအလွှာနှင့်လည်းဆိုင်သည်။ မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို လူမှုအလွှာအသီးသီး ပေါင်းစပ်ပါဝင်နေပြီး အနိမ့်အမြင့် ခွဲခြားကြသည်။ မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးရာ၌ နည်းလမ်းနှစ်ရပ်ကို အသုံးပြုလေ့ရှိပါသည်။ ပထမနည်းလမ်း မှာ အစားထိုးရောသုံးခြင်းဖြစ်ပြီး ဒုတိယနည်းလမ်းမှာ တွဲဖက်ရောသုံးခြင်းဖြစ်သည်။ ထိုနည်းလမ်းနှစ်ရပ်ကို စကားလုံးအဆင့်တွင်ဖြစ်စေ၊ ပုဒ်အဆင့်တွင်ဖြစ်စေ၊ ဝါကျအဆင့်တွင်ဖြစ်စေ အသုံးပြုနိုင်ပါသည်။

**လေ့ကျင့်ခန်း**

၁။ စကားသင်္ကေတရောသုံးရခြင်း၏အကြောင်းရင်းများကို သုံးသပ်ဆွေးနွေးပါ။ (နှစ်ယောက်တွဲ/အုပ်စုလိုက်လုပ်ဆောင်ရန်)

၂။ လူမှုဝန်းကျင်တွင် သုံးနေသော မြန်မာစကား၌ အင်္ဂလိပ်စကားသင်္ကေတရောသုံးသည့် သာဓကများကို အုပ်စုဖွဲ့၍ရှာဖွေ ပြောဆိုတင်ပြပါ။

၃။ စကားသင်္ကေတ ရောသုံးသည့် နည်းလမ်းမည်မျှရှိသနည်း။ လူမှုနယ်ပယ်တွင် အသုံးပြု လျက်ရှိသော စကားသင်္ကေတရောသုံးမှုကို အကိုးအထောက်ပြ၍ဖြေဆိုပါ။

၄။ မွေးစားစကားလုံးနှင့် စကားသင်္ကေတ မည်သို့ ကွဲပြားခြားနားသနည်း။ သာဓက ဝါကျ များအသုံးပြု၍ သုံးသပ်တင်ပြပါ။ (အုပ်စုဖွဲ့လုပ်ဆောင်ရန်- ဆွေးနွေးချိန်- ၁၅ မိနစ် ပြီးလျှင် အုပ်စုခေါင်းဆောင်မှ ပြန်လည်တင်ပြရန်)

၅။ စကားရည်လုပါ။

အဆို - စကားပြောတဲ့အခါ မွေးစားစကားလုံးထည့်သုံးတာထက် စကားသင်္ကေတ ရောသုံးတာက မြန်မာစကားဖွံ့ဖြိုးမှုကို အထောက်အကူပြုတယ်။

အချေ - စကားပြောတဲ့အခါ စကားသင်္ကေတ ရောသုံးတာထက် မွေးစားစကားလုံးထည့်သုံးတာက မြန်မာစကားဖွံ့ဖြိုးမှုကို အထောက်အကူပြုတယ်။

NUG MOE

ဆောင်းပါးစကားပြေ

## ၆။ ဥပစာ

### စာမိတ်ဆက်

'ဥပစာ'ဆောင်းပါးကို မောင်ခင်မင်(ဓနုဖြူ) ရေးသားသော "အတ္တဗေဒနိဒါန်း"(၂၀၀၄၊ ပထမအကြိမ်) စာအုပ်နှင့် "ဥပစာကမ္ဘာကြီးထဲမှာ"( ၂၀၁၅ )စာအုပ်တို့မှ ကောက်နုတ်ထားပါသည်။ လူများနေ့စဉ်လှုပ်ရှားနေသည့် လူမှုနယ်ပယ်အသီးသီးတွင် ဥပစာစကားများပါဝင်နေပုံကို ဖော်ပြထားပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားပြောရာ၌ တင်စားသုံးသောဥပစာအသုံးအနှုန်းတို့ကို လက်တွေ့အသုံးချပြောဆိုနိုင်စေရန် ရည်ရွယ်ပါသည်။

### ဥပစာ

'ဥပစာ' သည် 'ဥပစာရ' မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရဖြစ်သည်။ 'တင်စားသော စကား' ဟု အဓိပ္ပာယ်ရသည်။ မြန်မာအဘိဓာန်တွင် 'တစ်စုံတစ်ခု၏အမည်ကို အခြားတစ်စုံတစ်ခု၌ တင်စား ပြောဆိုသည်' ဟုဖော်ပြထားသည်။ ပထမအကြောင်းအရာတစ်ခုအတွက် အသုံးပြုသော စကားလုံးကို ထိုအကြောင်းအရာနှင့် တူညီမှုဆက်စပ်မှုရှိသော ဒုတိယအကြောင်းအရာအတွက် ပြောင်းလဲအသုံးပြုတင်စားခြင်းဖြစ်သည်။

နေ့စဉ်ပြောဆိုသုံးနှုန်းနေသော စကားများ၌ လူ့ကိုယ်ခန္ဓာနှင့် ဥပစာတင်စား ပြောဆိုခြင်းများကို တွေ့မြင်နိုင်ပါသည်။ လူ့ကိုယ်ခန္ဓာတွင်ရှိသော 'မျက်နှာ' ကိုပင်အခြေပြု၍ 'မြေမျက်နှာ' 'စည်မျက်နှာ' 'စာမျက်နှာ' စသည့် စကားလုံးများပေါ်လာသည်။ 'သာကူစေ့ကို မျက်စိပျောက်အောင် ကျိုရတယ်' ဟူသော စကားအရ လူတွင် 'မျက်စိ' ရှိသကဲ့သို့ သာကူစေ့မှာလည်း မျက်စိရှိကြောင်း သိနိုင်ပါသည်။ လူ၏ 'လျှာ' ကဲ့သို့ပင် ချိန်ခွင်တွင်လည်း 'ချိန်ခွင်လျှာ' ရှိသည်။ ပုလင်းတို့ အိုးတို့တွင် လူ၏နှုတ်ခမ်းကဲ့သို့ အဝပတ်လည်က အစိတ်အပိုင်း ကို 'အိုးနှုတ်ခမ်း' 'ပုလင်းနှုတ်ခမ်း' ဟုခေါ်ပါ သည်။ လူ၏ 'ခြေထောက်' ကဲ့သို့ပင် 'စားပွဲခြေထောက်' 'ကုလားထိုင်ခြေထောက်' တို့လည်းရှိသည်။

လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းအမည်များကို အခြားအရာများအတွက် တင်စားသုံးသကဲ့သို့ပင် အခြားအရာဝတ္ထုအမည်များကို လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းအမည်များအဖြစ် တင်စားသုံးသည်များလည်းရှိပါသည်။ 'သစ်ပင်၊ ပန်းပင်' များကဲ့သို့ပင် လူ့ကိုယ်ခန္ဓာတွင် ရင်သန်ပေါက်ဖွားသော အစိတ် အပိုင်းကို အပင်နှင့်တင်စား၍ 'ဆံပင်' ဟုခေါ်ပါသည်။ သစ်ပင်မှ 'သစ်ရွက်' နှင့်တူသော လူ့ကိုယ်ခန္ဓာ အစိတ်အပိုင်းကို 'နားရွက်' ဟု လည်းကောင်း၊ 'အသီး' နှင့်တူသော လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းကို 'လက်သီး' ဟုလည်းကောင်း၊ 'သစ်စေ့' နှင့်တူသော လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းကို 'လည်စေ့' ဟု လည်းကောင်း တင်စားသုံးသည်ကို တွေ့မြင်နိုင်ပါသည်။

ထို့အတူ –

‘ခေါင်းကောင်းတယ်’ (အတွေးအခေါ်ကောင်းသည်)

‘ခေါင်းနောက်တယ်’ (စိတ်ရှုပ်ထွေးသည်)

‘ခြေသွက်တယ်’ (အလုပ်အကိုင်သွက်လက်သည်)

‘မျက်နှာကြီးတယ်’ (ဂုဏ်ကြီးသည်)

‘မျက်နှာပျက်တယ်’ (ပေါင်းသင်းဆက်ဆံရေးထိခိုက်သည်)

‘လက်လျှော့တယ်’ (အလျှော့ပေးသည်)

‘လက်လွတ်’ (ပိုင်ဆိုင်မှုဆုံးရှုံးသည်)

စသည်တို့သည် ကိုယ်ခန္ဓာစွမ်းရည်၏ ဂုဏ်ထူးဝိသေသများကို အခြေပြု၍ တင်စားသော ဥပစာများ ဖြစ်သည် ကို တွေ့မြင်နိုင်ပါသည်။

လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းများ မပါသော်လည်း အပြုအမူ၊ အခြေအနေကို အခြေပြုသည့် ဥပစာများကို နေ့စဉ်သုံးစကားများတွင် တွေ့မြင်နိုင်ပါသည်။

ပုံစံအားဖြင့် –

‘ချီတုံချတုံ’ (မတင်မကျ)

‘ချော်လဲရောထိုင်’ (အလိုက်သင့်ရောနှောလျက်)

‘ချည်ပြီးတုပ်ပြီး’ (ပိုင်ပိုင်နိုင်နိုင်၊ မရှောင်သာမတိမ်းသာ)

‘ရှိခိုးဦးတင်’ (တောင်းတောင်းပန်ပန်)

‘ပက်လက်လန်’ (မျှော်လင့်ချက် လုံးလုံးကင်းမဲ့သွားသည်)

‘အသက်ရှူချောင်’ (သက်သာရာရသည်)

စသည်တို့သည် နေ့စဉ်သုံးစကားနယ်ပယ်၌ ဥပစာစကားဟု မထင်ရအောင် အသားကျအနည်ထိုင်နေပြီ ဖြစ်ပါ သည်။

လုပ်ငန်းဆောင်တာကို အခြေပြုသော ဥပစာစကားများသည်လည်း နေ့စဉ်သုံးစကားများထဲတွင် အသားကျအနည်ထိုင်နေကြပြီကို တွေ့မြင်နိုင်ပါသည်။

ပုံစံအားဖြင့် –

‘ဆိုင်းမဆင့်ဗုံမဆင့်’ (ဇာတ်သဘင်နှင့်သက်ဆိုင်သောအသုံး)

‘အရုပ်ကြိုးပြတ်’ (ရုပ်သေးနှင့်သက်ဆိုင်သောအသုံး)

‘စည်းလွတ်ဝါးလွတ်’ (ဂီတနှင့်သက်ဆိုင်သောအသုံး)

‘ဂြိုဟ်မွှေ’ (ဗေဒင်နှင့်သက်ဆိုင်သောအသုံး)

‘စကားပလ္လင်ခံ’ (ပေစာနှင့်သက်ဆိုင်သောအသုံး)

စသည်ဖြင့် ဥပစာစကား၏ နယ်ပယ်ကျယ်ပြန့်လာမှုကို တွေ့မြင်နိုင်ပါသည်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဟူသော အာရုံခံစားမှုများနှင့်ပတ်သက်၍ 'ဒီအရောင်က ပူတယ်' 'သူ့အသံကချိုတယ်' 'ခါးသီးတဲ့အတွေ့အကြုံ' 'သတင်းမွှေးတယ်' 'ဒေါသကြီးတယ်' 'စိတ်ပင်ပန်းတယ်' 'စိတ်ပူတယ်' 'စိတ်ကောက်တယ်' စသည်ဖြင့် တွေ့မြင်နိုင်သည်။

ထို့ကြောင့် ဘာသာစကားနယ်ပယ်တွင် တူညီမှု ဆက်စပ်မှုကို အခြေပြု၍ တင်စားသုံးသော ဥပစာတင်စားမှုသည် ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူဖြစ်စေကြောင်း တွေ့မြင်နိုင်ပါသည်။

**မောင်ခင်မင်(ဓနုဖြူ)၊ အတ္ထဗေဒနိဒါန်း**

## ခက်ဆစ်

| | | |
|---|---|---|
| ၁။ ကိုယ် | = | သတ္တဝါ၏ ခန္ဓာ။ |
| ၂။ စွမ်းရည် | = | လုပ်ကိုင်ဆောင်ရွက်နိုင်သောအရည်အချင်း။ |
| ၃။ ဂုဏ် | = | အထင်အရှားပြခြင်း။ |
| ၄။ ဝိသေသများ | = | ထူးခြားမှုများ။ |
| ၅။ အသားကျ | = | နေထိုင်ရေး၊ လုပ်ကိုင်ရေးစသည့်ကိစ္စတို့တွင် နေထိုင်တတ် လုပ်ကိုင်တတ်ဖြစ်လာသည်။ |
| ၆။ အနည်ထိုင် | = | (ဥပစာ) နေသားကျသည်။ |

## အကြောင်းအရာအချုပ်

'ဥပစာ' သည် 'ဥပစာရ' မှ ဆင်းသက်လာပြီး 'တင်စားသောစကား' ဟု အဓိပ္ပာယ်ရသည်။ နေ့စဉ်ပြောဆိုသုံးနှုန်းနေသော စကားများ၌ လူ့ကိုယ်ခန္ဓာနှင့် ဥပစာတင်စား ပြောဆိုခြင်းများ၊ အခြား အရာဝတ္ထု အမည်များကို လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းအမည်များအဖြစ် တင်စားသုံးသော ဥပစာများ၊ ကိုယ်ခန္ဓာစွမ်းရည်၏ ဂုဏ်ထူးဝိသေသများကို အခြေပြု၍ တင်စားသော ဥပစာများ၊ လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းများ မပါသော်လည်း အပြုအမူ၊ အခြေအနေကို အခြေပြုသည့် ဥပစာများ၊ လုပ်ငန်းဆောင်တာကို အခြေပြုသော ဥပစာစကားများကို တွေ့ရပါသည်။ ဘာသာစကားနယ်ပယ်တွင် တူညီမှု ဆက်စပ်မှုကို အခြေပြု၍ တင်စားသုံးသော ဥပစာတင်စားမှုသည် ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေကြောင်း တွေ့မြင်နိုင်ပါသည်။

**လေ့ကျင့်ခန်း**

၁။ လူ့ကိုယ်ခန္ဓာဖြင့်တင်စားသော ဥပစာအသုံးများနှင့် အခြားအရာဝတ္ထု အစိတ်အပိုင်း၏ အမည်များ အဖြစ် တင်စားသောဥပစာအသုံးများကို လေ့လာတင်ပြပါ။ (နှစ်ယောက်တွဲ/ အုပ်စုလိုက် လုပ်ဆောင်ရန်)

၂။ ဥပစာစကားနှင့် ဗန်းစကားမည်သို့ ကွာခြားသည်ကို အကိုးအထောက်များပြ၍ အုပ်စုဖွဲ့ ပြောဆို ဆွေးနွေးပါ။

၃။ လူ့ကိုယ်ခန္ဓာ အစိတ်အပိုင်းများ မပါသော်လည်း အပြုအမူ၊ အခြေအနေကို အခြေပြုသည့် ဥပစာများကို အကိုးအထောက်များပြ၍ အပြန်အလှန်ဆွေးနွေးပြောဆိုပါ။

၄။ လုပ်ငန်းဆောင်တာကို အခြေပြုသော ဥပစာစကားများကို လူမှုနယ်တွင်အသုံးပြုသော အပြောဝါကျတွင် သုံး၍ အုပ်စုဖွဲ့ပြောဆိုပါ။

၅။ ကျောင်းသားများကို အုပ်စုဖွဲ့၍ ဆွေးနွေးပြီး အုပ်စုခေါင်းဆောင်က ပြန်လည်တင်ပြပါ။

အုပ်စု(၁) လူ့ကိုယ်ခန္ဓာနှင့် တင်စား ပြောဆိုသော ဥပစာစကားများ

အုပ်စု (၂) ကိုယ်ခန္ဓာ စွမ်းရည်၏ ဂုဏ်ထူးဝိသေသများကို အခြေပြု၍ တင်စားသော ဥပစာ စကားများ

အုပ်စု (၃) လုပ်ငန်းဆောင်တာကို အခြေပြုသော ဥပစာစကားများ

အုပ်စု (၄) အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဟူသော အာရုံခံစားမှုများနှင့် ဆိုင်သော ဥပစာများ

# အပိုင်း ၂
# အဖတ်အရွတ်သင်ခန်းစာ

NUG MOE

ကျောက်စာစကားပြေ

## ၁။ ကျစွာမင်း နှင့် မိထွေးတော်
## (ပုဂံခေတ်)

ကျစွာမင်းနှင့် မိထွေးတော် စကားပြေသည် ပုဂံခေတ်တွင် ရေးထိုးခဲ့သော ကျောက်စာ စကားပြေ ဖြစ်သည်။ ကျောက်စာရေးထိုးသူ အလှူရှင်၏အမည်ကို ရေးထိုးထားခြင်း မရှိပါ။ ကျောက်စာပါ စကားအရ ကျစွာမင်း၏ မိထွေးတော် ဟုသိရပါသည်။

ကျစွာမင်းကို နားတောင်းများမင်း နှင့် သိခ်သူ၏သမီး အိမ်တော်သည် တို့မှ ဖွားမြင်ခဲ့၏။ နန်းတက်စဉ် ပုဂံမြို့ စူဠာမဏိဘုရား၌ ကျောက်စာရေးထိုးရာ၌ သူ့အား မိခင်၏ညီမ (မိထွေး) က ပြုစုစောင့်ရှောက်ခဲ့ရကြောင်း ဖော်ပြထား၏။ ထိုအချက်ကို ကျောက်စာတွင် "ငါ့မိထွေးလျှင်တည်း ငါ့မိ၏" ဟု ရေးထိုးထားချက်အရ သိရပါသည်။

ကျစွာမင်း၏မိထွေးတော်သည် ကျစွာမင်းက မိမိကို ပေးအပ်ခဲ့သော အိမ်ကို မိမိနေထိုင်ခြင်းထက် သံဃာတော်များ သီတင်းသုံးခြင်းက ပို၍မြတ်သည်ဟု ရည်စူးလျက် အိမ်ကို ကျောင်းအဖြစ် အလှူပြုသည်။ ထို့နောက် အိမ်ထောင်ကျွန် နှင့် လယ် တို့ကိုပါ လှူဒါန်းသည်။ ထိုအလှူကို ကျောက်စာရေးထိုး မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

ကျစွာမင်းက မိထွေးတော်အပေါ်ထားသော စိတ်နေသဘောထားကို သိရပြီး မိထွေးတော်က သားတော်၏ ကျေးဇူးတုံ့ပြန်မှုကို လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးအတွက် လှူဒါန်းလိုက်ပုံမှာ ထူးခြားမြင့်မြတ်လှပါသည်။

ကျစွာမင်း နှင့် မိထွေးတော် တို့၏ အပြန်အလှန်ထားရှိသော မေတ္တာတရားမှာ နှစ်သက်လေးစားကြည်ညိုဖွယ် ဖြစ်သည်။

## ကျစွာမင်း နှင့် မိထွေးတော်

သကရစ် ၅၉၇ ခု။ အာသိန်နှစ် နံကာလဆန်း ၄ ရက် ကြာသပတေးနေ့။ ကျစွာမင်း ရွှေတောင်တက်ပြီး။ ငါ့မိကိုကား ငါမသိလိုက်။ ငါ့မိထွေးမွေး၍ ငါကြီး၏။ ငါ့မိထွေးလျှင်တည်း၊ ငါမိ၏ဟူ၍။ အိမ်ပြုနေပေ၏။ အိမ်ထောင်ကျွန်လယ်လည်း ပေးတော်မူ၏။ အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်း ငါစား၏။ အိမ် ငါနေသောထက်ကား။ သတင်းပညာရှိသော သင်္ဃာနေသော မြတ်၏ဟူ၍ ငါကြံမိရကား။ ဂူလည်းပြု၏။ ဂူပြုပြီးရကား။ ဘုရားလောင်းကို ငါကြား၏။ မြတ်စွာသော ငါ့သခင် အတို့ကျွန်ကို ပြုပေးသော အိမ်တည်း သာလည်းသာနိုးစွာ၏။ အတို့ကျွန်တို့ နေသောထက်ကား။ သင်္ဃာနေသော မြတ်၏ဟူ၍ ဂူလည်းပြု၏။ အိမ်လည်း ကျောင်းရည်၏။ ပေးတော်မူသော အိမ်ထောင်ကျွန်လယ်လည်း အတို့ကျွန်လှူ၏။ ငါကြားရကား မိထွေး တင့်နိုးအပ်သော သင်္ဃာထားလင့်ဟု မိန့်တော်မူ၏။ ၀ ။ သကရစ် ၆၁၅ ခု။ စယ်နှစ် တပို့တွဲလဆန်း ၆ ရက် သောကြာနေ့။ ကျောင်းသင်္ဃာကို ဆောက်တည်ခဲ့၍ ငါထွက်ခဲ့၏။ အိမ်ထောင်ကျွန် လယ် လှူလျှင်း၏။

၁၃ ရာစု

ကျစွာမင်း၏မိထွေးတော်<br>
မြန်မာတိုင်းရင်းကျောက်စာများ<br>
(ကြောင်းရေ ၁ မှ ၁၀ အထိ)<br>
ပုံအမှတ် ၁၈၁<br>
ရေးထိုးနှစ် ၆၁၅

**ခက်ဆစ်**

| | | |
|---|---|---|
| ၁။ တင့်နိုး | = | တင့်တယ်မြတ်နိုးဖွယ်ကောင်းသည်။ |
| ၂။ နံကာလ | = | ဝါခေါင်လ။ |
| ၃။ ရည် | = | မှန်းရွယ်သည်။ |
| ၄။ ရွှေတောင် | = | နန်းတော်။ ထီးနန်း။ |
| ၅။ ရွှေတောင်တက် | = | ထီးနန်းစိုးစံသည်။ |
| ၆။ သာနိုး | = | သာယာမြတ်နိုးဖွယ်ကောင်းသည်။ |
| ၇။ အတို့ကျွန် | = | ကျွန်ုပ်ကျွန်။ (ပုဂံခေတ်က မိမိကိုယ်ကိုသုံးသော ပြောသူနာမ်စား) |
| ၈။ အာသိန်နှစ် | = | ဆယ့်နှစ်နှစ်စက်ဝန်းတွင် သတ္တမမြောက်နှစ်၏အမည်။ သီတင်းကျွတ်လ၏ စန်းယှဉ် နက္ခတ်ဖြစ်သော အဿဝဏီနက္ခတ်နှင့် စန်းယှဉ်သောနှစ်။ |
| ၉။ အိမ်ထောင်ကျွန် | = | မိသားစုလိုက် အိုးအိမ်ထူထောင်ပြီး နေထိုင်သောကျွန်။ |

**သင်ခန်းစာဆိုလိုရင်း**

- အလှူပြုရသည့်အကြောင်းရင်း၊ အလှူရှင်၏သဒ္ဓါတရား နှင့် အလှူပြုပုံ
- ပုဂံခေတ် အလှူရှင်တစ်ဦး၏စိတ်နေစိတ်ထား
- ကျောက်စာစကားပြေအရေးအသား၊ ပုဂံခေတ်သုံးစကားအသုံးအနှုန်း

**လေ့ကျင့်ခန်း**

၁။ အလှူရှင် ကျစွာမင်းမိထွေးတော်၏ စိတ်နေစိတ်ထားကို ဖော်ထုတ်တင်ပြပါ။

၂။ ကျစွာမင်း နှင့် မိထွေးတော်တို့၏ အပြန်အလှန်ထားသော မေတ္တာစိတ်ထားကို ဖော်ထုတ် တင်ပြ ပါ။

၃။ ပုဂံခေတ်ကျောက်စာစကားပြေအရေးအသားကို လေ့လာတင်ပြပါ။

၄။ ယနေ့ခေတ်နှင့်မတူသော ပုဂံခေတ်သုံး စကားလုံးများကို လေ့လာတင်ပြပါ။

၅။ ကျစွာမင်းနှင့် မိထွေးတော်စကားပြေကို ဖတ်ရှုပြီး မည်သို့ ဖြစ်ပေါ်ခံစားရသည်ကို ရှင်းလင်း တင်ပြပါ။

NUG MOE

သုတဆောင်းပါး

## ၂။ သစ္စာ ပညာ ဝီရိယ
## (ကုန်းဘောင်ခေတ်)

သစ္စာ ပညာ ဝီရိယ စကားပြေကို ယောမင်းကြီးဦးဖိုးလှိုင် ရေးသော "ရာဇဓမ္မသင်္ဂဟကျမ်း"မှကောက်နုတ်သည်။

"ယောအတွင်းဝန်မင်း ဦးဖိုးလှိုင်"ဟု ထင်ရှားကျော်ကြားသော စာဆိုတော်အမတ်ကြီးကို ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်မင်းတရားလက်ထက် သက္ကရာဇ် ၁၁၉၃ ခုနှစ်၊ နှောင်းတန်ခူး လဆန်း ၁၀ ရက် ညဥ့်သုံးချက်တီး ကျော်အချိန် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ ဇာတိမှာ မြင်းခြံမြို့ အထက် ပုလဲရွာ ဖြစ်သည်။ အဖမှာ ရေနံချောင်းမြို့စား ယင်းတောဝန်ကြီးမင်း ဖြစ်၍ အမိမှာ ဒေါ်ငြိမ်း ဖြစ်သည်။ ငယ်မည်မှာ 'မောင်လှိုင်' ဖြစ်သည်။

သာယာဝတီမင်း၊ မင်းတုန်းမင်း၊ သီပေါမင်း စသည့် မင်းအဆက်ဆက်တွင် အမှုထမ်းခဲ့သူဖြစ်သည်။ မင်းတုန်းမင်းတရားကြီးက မောင်လှိုင်ကို "မင်းလှစည်သူ" ဘွဲ့နှင့် ယောမြို့ကို သနားတော်မူသဖြင့် "ယောမြို့စား မင်းသား"ဟု ထင်ပေါ်ကျော်ကြားခဲ့သည်။ ထို့နောက် "မင်းကြီးမင်းလှ မဟာစည်သူ" ဘွဲ့နှင့် အတွင်းဝန်ရာထူး ချီးမြှင့်ခြင်းခံရပြန်သည်။ အတွင်းဝန်၊ ကျီဝန်၊ ယောမြို့စား၊ မင်းကြီးမင်းလှမဟာစည်သူ စသည်ဖြင့် ထင်ရှားကျော်ကြားခဲ့သည်။

သက္ကရာဇ် ၁၂၄၅ ခုနှစ်၊ အသက် ၅၄ နှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ယောမင်းကြီးသည် "လိပိဒီပိကာကျမ်း"၊ "အသဿမေဓကျမ်း"၊ "သဒ္ဒသင်္ဂဟကျမ်း"၊ "ဝိမုတ္တိရသကျမ်း"၊ "မဟာသမတ ဝိနိစ္ဆယကျမ်း"၊ "ကာယာနုပဿနာကျမ်း"၊ "ရာဇဓမ္မသင်္ဂဟကျမ်း"၊ "ဥတုဘောဇနသင်္ဂဟကျမ်း"၊ "သုဗောဓာလင်္ကာရ အလင်္ကာကျမ်း" တို့ကို ရေးသားခဲ့သည်။

ယောမင်းကြီးသည် မြန်မာမင်းတို့၏သက်ဦးဆံပိုင် အုပ်ချုပ်ရေးစနစ်အစား တိုးတက်ပြောင်းလဲလာ သောစနစ်ဖြင့် အစားထိုးအုပ်ချုပ်နိုင်ရန် ရည်ရွယ်၍ ရာဇဓမ္မသင်္ဂဟကျမ်းကို ရေးသားခဲ့ခြင်း ဖြစ်သည်။

ထိုကျမ်းတွင် သစ္စာ၏အကျိုးအာနိသင်၊ ပညာ၏စွမ်းအားနှင့် လုံ့လဝီရိယ၏အကျိုးကျေးဇူးတို့ကို တစ်ပိုင်းတစ်ကဏ္ဍအနေဖြင့် ဖော်ပြထားသည်။ ခေတ်ကို ပြုပြင်ပြောင်းလဲရာတွင် ဉာဏ်ပညာ၊ လုံ့လဝီရိယ မပါလျှင် မပြီးကြောင်း ဖော်ပြလိုခြင်းဖြစ်သည်။

သစ္စာ ပညာ ဝီရိယ စကားပြေတွင် သစ္စာ၏အကျိုးတရား၊ ပညာ၏စွမ်းအင်နှင့် လုံ့လဝီရိယ၏ အကျိုးကျေးဇူးတို့ကို ဖော်ထုတ်တင်ပြထားသည်။

## သစ္စာ ပညာ ဝီရိယ

လောက၌ အမှန်အကန်ပြောဆိုခြင်းသည် ချက်ချင်း မျက်မှောက် ဒိဋ္ဌဓမ္မ အကျိုးကို ပေးတတ် သည်။ ဘုရားလောင်း ငုံးမင်းဖြစ်စဉ် မှန်သော သစ္စာကို ဆိုသောကြောင့် ငုံးမင်းနေသော တောအုပ်ကို တောမီး ကွင်းသည်။ သုဝဏ္ဏသျှံသတို့သား မြားမှန်၍ မြားဆိပ်တက်၍ သေဝနီးပါးရှိသည်ကို မိဘနှစ်ပါး နှင့် ဗဟုသုန္ဒရီ နတ်သမီးတို့ သစ္စာပြု၍ အသက်မှ ချမ်းသာသည်။ ဓမ္မာသောကမင်းကြီးလက်ထက် ပြည့်တန်ဆာမ မှန်သော စကားကို သစ္စာဆို၍ ဂင်္ဂါရေ အညာသို့ဆန်၍ စီးသည်။ ရှေးအခါက တရုတ်နိုင်ငံ၌ တရုတ်မင်းတို့သည် မှန်သော

သစ္စာစကားကိုဆို၍ အရှေ့သမုဒ္ဒရာ ရေမျက်နှာပေါ်ကို ရထားနှင့် သွားနိုင်သည်။ သောတ္တိသေနအိမ်ရှေ့မင်း နူနာစွဲသည်ကို သမ္ဘုလမင်းသမီး မှန်သော သစ္စာစကားကို ဆို၍ ရေသွန်းလောင်းလျှင် နူနာပျောက်သည်။ ငါးရံ့မင်း မှန်သော သစ္စာတရားကိုဆို၍ မိုးကို ရွာစေနိုင်သည်။ လောက၌ ကံအရာကို ချန်ထား၍ သစ္စာဖြင့် မပြီးနိုင်သော အမှုမည်သည် မရှိ။

ဉာဏ်ပညာ၏ လောကုတ္တရာ များစွာ အကျိုးရှိကြောင်းကိုလည်းများစွာ ဆိုလတ္တံ့။ ယခုအခါ အနောက်တိုင်းပြည်နိုင်ငံ၊ အရှေ့ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံများက နောက်အသစ်ဖြစ်ပွားသည့် မီး သင်္ဘော၊ မီးရထား၊ ရက်ကန်းစက်မှစ၍ စက်အမျိုးမျိုး၊ ဖန်မှန်ပန်းကန်၊ ပိုးထည်ချည်ထည် အမျိုးမျိုး တို့သည် ဉာဏ် ပညာမှ ထွက်သည်ချည်း ဖြစ်သည်။ လောကုတ္တရာ၌လည်း မဂ်ဖိုလ်ဟူသည် ဉာဏ် ပညာပင် ဖြစ်သည်။ အလုံးစုံကို သိသော မြတ်စွာဘုရား၏ သဗ္ဗညုတ ဟူသည်ကား ဉာဏ်ပညာပင် ဖြစ်သည်။ သေနတ်၊ အမြောက်ဗုံး၊ လက်နက်ကိရိယာ အမျိုးမျိုးတို့သည်လည်း ဉာဏ်ပညာမှ ထွက်သည်ချည်း ဖြစ်သည်။ စကားပြောကြေးနန်း၊ အရိပ်ကျပုံကို ယူနိုင်သောအတတ် အစရှိသည်တို့သည်လည်း ဉာဏ်ပညာမှ ဖြစ်သည်ချည်းဟူ၍ မှတ်ရမည်။

လုံ့လဝီရိယသည် လောကီ လောကုတ္တရာ များစွာသော အကျိုးကိုပေးသည်။ နတ်ပြည်၊ ဗြဟ္မာပြည်များမှသာ ကံအကျိုးသက်သက်ကို ခံစားရသည်။ လူ့ပြည်မှာ ကံအကျိုးသက်သက် မဖြစ်နိုင်။ ဤဘဝ ကေန်ဘုရားဖြစ်မည့် ဘုရားလောင်း သိဒ္ဓတ်မင်းသားသော်လည်း လုံ့လထုတ်၍ ဒုက္ကရစရိယာကျင့်ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းများကိုပြုမှ ဘုရားဖြစ်နိုင်သည်။ လောက၌ လူတို့သည် အမိ မွေးသည့် အတိုင်းဖြစ်၍ ဝီရိယဖြင့် မသုတ်မသင် မရှင်းမလင်းထားလျှင် ခြေသည်းလက်သည်း၊ ဆံ အမွေးတို့သည် ရှည်၍ လူနှင့်မတူ၊ မျောက်ကဲ့သို့ ဖြစ်လိမ့်မည်။ လောက၌ လူတို့ စားသောက်ရန်ကိုလည်း လုံ့လ ဝီရိယ ထုတ်၍ မလုပ်မဆောင်လျှင် လယ်ယာ မဖြစ်မထွန်း။ စားသောက်ရန် ဆန်စပါးမရှိ ဖြစ်လိမ့်မည်။ ဝတ်ဆင်ရန်ကိုလည်း လုံ့လထုတ်၍ မရက်လုပ်လျှင် အဝတ်ပုဆိုး ဝတ်ဆင်ရန်မရှိ အချည်းနှီး ဖြစ်လိမ့်မည်။ နေထိုင်ရန် မြို့ရွာအိမ်ကျောင်းကိုမှသော်လည်း မဆောက်လုပ်လျှင် လွင်ထီးထီး မှာ နေရလိမ့်မည်။ ငါတို့ တောင်ကျွန်းအရပ်မှာ များသောအားဖြင့် နေထိုင် ဝတ်ဆင်ရန် ရေးကုသိုလ် ကံကြောင့် အလိုလို ဘုံဗိမာန် ပဒေသာပင်ပေါက်သော မည်သည်မရှိ။ နောက်က ဆိုခဲ့ပြီးသော စက်အမျိုးမျိုး၊ လက်နက်အမျိုးမျိုး၊ အထည်အမျိုးမျိုးတို့ကို လုပကောင်းမွန်အောင် ဆင်ခြင်စဉ်းစား၍ ဉာဏ်ဖြင့် သိမြင်သော်လည်း ဝီရိယထုတ်၍ မလုပ်မဆောင်လျှင် တစ်စုံတစ်ခုသော ဝတ္ထုမျှ မဖြစ်နိုင်။ လောက၌ လူတို့ သုံးဆောင်သမျှသော ဝတ္ထုကို စဉ်းစားကြည့်ရှု၍ ဆင်ခြင်လျှင် အလိုလိုဖြစ်သော မည်သည်မရှိ။ လုံ့လ ဝီရိယထုတ်၍ လုပ်ဆောင်သောကြောင့်သာ ဖြစ်သည်ချည်း မှတ်ရမည်။ ရွှေငွေ စိန်ကျောက်တို့သည်လည်း မြေကြီးထဲမှ အလိုလိုပေါ်၍ လူ့ပြည်ကို ရောက်လာသည် မဟုတ်။ မြေကြီးကို တူးဆွ၍ လူတို့ လုံ့လဝီရိယ အကျိုးကိုသာ ခံစား၍နေကြရသည်ကို စေ့စေ့ဆင်ခြင်လေ သိမြင်လေ ဖြစ်လိမ့်မည်။

**၁၉ ရာစု** **ယောမင်းကြီးဦးဖိုးလှိုင်**

**ခက်ဆစ်**

၁။ ကမ္မဋ္ဌာန်း = ဈာန်အဘိညာဉ်နှင့် မဂ်ဖိုလ်ရကြောင်းဖြစ်သော လုပ်ငန်း။

၂။ စီးဖြန်း = တရားသဘောကို ထပ်တလဲလဲ ဆင်ခြင်ရွတ်ဆိုသည်။

၃။ ဒိဋ္ဌ = မျက်မြင်ကိုယ်တွေ့။ ကေန်မုချ။

၄။ ဒိဋ္ဌဓမ္မ = မျက်မှောက်ထင်ထင်။

၅။ ဒုက္ကရစရိယာ= ဘုရားလောင်း နောက်ဆုံးဘဝတွင် ခဲခဲယဉ်းယဉ်း ကျင့်ရသော အကျင့်။

၆။ နူနာ = အနာကြီးရောဂါ။

| | | |
|---|---|---|
| ၇။ ပဒေသာပင် | = | အလိုရှိရာကို ဆွတ်ယူသုံးဆောင်နိုင်သော မြောက်ကျွန်း၏ အထိမ်းအမှတ်သစ်ပင်။ |
| ၈။ ဖိုလ် | = | မဂ်၏အကျိုး။ |
| ၉။ ဘုံဗိမာန် | = | နေရာ အဆောက်အအုံ။ |
| ၁၀။ မဂ် | = | လမ်းကြောင်း။ ကိလေသာကိုပယ်၍ နိဗ္ဗာန်ကို အာရုံပြုနိုင်သော လမ်းကြောင်း။ |
| ၁၁။ လောကုတ္တရာ | = | လောကမှ လွတ်မြောက်သော မဂ်ဖိုလ်နိဗ္ဗာန်။ လောကမှ လွတ်မြောက်ကြောင်းတရား။ |
| ၁၂။ လုံ့လ | = | ကြိုးစားအားထုတ်ခြင်း။ ဝီရိယ။ |
| ၁၃။ လွင်ထီးထီး | = | ပြန့်ပြူးသောကွင်းပြင်။ မြေပြင်ပြင်။ |
| ၁၄။ ဝီရိယ | = | ကြိုးစားအားထုတ်မှု။ လုံ့လ။ |
| ၁၅။ သစ္စာ | = | အမှန်တရား။ မှန်ကန်သောစကား။ |
| ၁၆။ အချည်းနှီး | = | အကျိုးမရှိဘဲ။ အလဟဿ။ |
| ၁၇။ ကေန် | = | မလွဲမသွေ။ မုချ။ ကေန္တ။ |

## သင်ခန်းစာဆိုလိုရင်း

လောက၌ သစ္စာ၊ ပညာ၊ ဝီရိယ၏ အရေးပါပုံ၊ သစ္စာ၏အကျိုးတရား၊ ပညာ၏စွမ်းအား၊ လုံ့လဝီရိယ၏ အကျိုးကျေးဇူးတို့ကို ဖော်ပြထားသည်။ သစ္စာ၏အကျိုးတရားကို ဇာတ်နိပါတ်များဖြင့် အခိုင်အမာပြ၍ လည်းကောင်း၊ ပညာ၏စွမ်းအားကို သာဓကအခိုင်အလုံဖြင့်လည်းကောင်း၊ ဝီရိယ၏ အကျိုးကျေးဇူးကို သက်သေအထောက်အထားပုံစံများဖြင့်လည်းကောင်း အခိုင်အမာ ဖော်ပြထားသည်။

## လေ့ကျင့်ခန်း

၁။ သစ္စာ၏အကျိုးတရားကို သာဓကအကိုးအကားများနှင့် လေ့လာတင်ပြပါ။

၂။ ပညာ၏စွမ်းအားကို သာဓကအကိုးအကားများနှင့် ရှင်းလင်းတင်ပြပါ။

၃။ ဝီရိယ၏ အကျိုးကျေးဇူးကြီးမားပုံကို သာဓကများနှင့်တကွ ရှင်းပြပါ။

၄။ အရာရာတွင် သစ္စာ ပညာ ဝီရိယ အရေးပါသည်နှင့်အမျှ အောင်မြင်မှုများရရှိနိုင်ပုံကို အကိုးအကားများနှင့် ရှင်းလင်းတင်ပြပါ။

၅။ သစ္စာ ပညာ ဝီရိယ စကားပြေ အရေးအသားကို လေ့လာတင်ပြပါ။

NUG MOE

ဝတ္ထုတို

## ၃။ ဘုရားဖူးသွားခြင်း
## (ကိုလိုနီခေတ်)



ဘုရားဖူးသွားခြင်း ဝတ္ထုတိုသည် ကိုလိုနီခေတ်တွင် အမျိုးသား ပညာဝန် ဦးဖိုးကျား ရေးသားခဲ့၍ ကိုယ်တွေ့ဝတ္ထုများမှ ကောက်နုတ်ထားခြင်းဖြစ်သည်။ ဦးဖိုးကျားကို မြန်မာနှစ် ၁၂၅၂(ခရစ်နှစ်- ၁၈၉၀) ခုနှစ်တွင် ဟင်္သာတ ခရိုင် နိဗ္ဗာန်ရွာ၌ ဖွားမြင်သည်။ ငယ်စဉ်က နိဗ္ဗာန်ရွာ ဦးသာသနကျောင်းတွင်ပညာဆည်းပူးခဲ့သည်။ အသက်၂၇နှစ်အရွယ်တွင် ပုသိမ်မြို့ တိုင်တစ်ရာကျောင်း၌ အင်္ဂလိပ်မြန်မာဆယ်တန်းအောင်သည်။ ထို့နောက် ရန်ကုန် ဂျပ်ဆင်ကောလိပ်၌ ပညာဆက်လက်သင်ယူရာမှ ဘီအေဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့သည်။

၁၉၂၀ပြည့် ကျောင်းသားသပိတ်ကြီးတွင် ဦးဖိုးကျားသည် ထင်ရှားသော ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ အမျိုးသားကျောင်းများ ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် အမျိုးသားပညာဝန်အဖြစ် အစိုးရရာထူးကို မယူဘဲ ဆောင်ရွက်ခဲ့လေသည်။ ထိုစဉ်အတွင်း ပညာဝန်အဖြစ်ဆောင်ရွက်ရင်း ကျမ်းအမျိုးမျိုးကို ပြုစုခဲ့သည်။ မျိုးချစ်စိတ်အရင်းခံဖြင့် ခေတ်ပြင်ဆောင်းပါးများရေးသားခြင်း၊ မိမိဘဝအတွေ့အကြုံမှ ပေါက်ဖွား လာသော အကြောင်းအချက်များနှင့် အမျိုးသားကျောင်းကိစ္စများဖြင့် အရပ်ရပ်အနယ်နယ်သို့ ရောက်ရှိတွေ့ကြုံ ကြားသိခဲ့ရသည့် အကြောင်းအချက်တို့ကို အခြေပြုကာ ကိုယ်တွေ့ဝတ္ထုများ၊ စာအုပ်စာတမ်းများကို ရေးသားခဲ့သည်။

ခေတ်မီ မြန်မာရာဇဝင် အကျဉ်းချုပ်၊ ပုသိမ်ရာဇဝင်၊ မြန်မာ့ဂုဏ်ရည်၊ မြောက်ပိုင်း ဗုဒ္ဓ ဘာသာ၊ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ၊ပါတော်မူ အရေးတော်ပုံ၊ ဦးပုညအတ္ထုပ္ပတ္တိ၊ ပေါ်ရာဏ အဘိဓာန်၊ ဦးထွန်းရှိန် အတ္ထုပ္ပတ္တိ တို့ကို ရေးသားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်ဘေးစစ်ဒဏ်ကြောင့် ထန်းတပင်မြို့သို့ တိမ်းရှောင်ခဲ့ရာ မြန်မာနှစ် ၁၃၀၄ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ရက် ခရစ်နှစ် (၁၉၄၂)တွင် ထန်းတပင်မြို့၌ ကွယ်လွန် အနိစ္စရောက်ခဲ့သည်။


ဘုရားဖူးသွားခြင်းဝတ္ထုတိုသည် ဦးဖိုးကျား ဂျပ်ဆင်ကောလိပ်ကျောင်း၌ တက်ရောက်နေစဉ် ကျောင်းနေဖက် မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ကျိုက်ထီးရိုးဘုရားကို သွားရောက်ဖူးမြော်ရန်ခရီးထွက်ခဲ့သည်။ ရရှိလာသော မိမိဘဝ အတွေ့အကြုံမှ ပေါက်ဖွားလာသော အတွေးနှင့်အရေးကို ကိုယ်တွေ့ဝတ္ထုတိုအဖြစ် စေတနာဖြင့် ပုံဖော်ထားခြင်းဖြစ်သည်။

ဤဝတ္ထုတိုသည် စာရေးသူ ဦးဖိုးကျားက စံပြစရိုက်ရှိသော မောင်ထွန်းမောင်၏ ပရဟိတ စိတ်ကောင်း စိတ်မြတ်ကို သိရှိစေလိုခြင်း ၊ ဘုရားကိုဗန်းပြကာ ခါတော်မီ လုပ်စား ကိုင်စားကြသော လူအချို့၏သဘော သဘာဝ နှင့် ဘုရားကိုရောက်ခြင်းဖူးခြင်းထက် ဘုရားစကား နားထောင်ခြင်းက ကုသိုလ်ပိုရကြောင်း၊ အဓိပ္ပာယ် ပိုရှိကြောင်း၊ ဘုရားဖူးနည်း နည်းကောင်း နည်းမှန်တစ်ခုကို သိရှိစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးဖွဲ့ခဲ့ခြင်း ဖြစ် ပါသည်။ စာရေးသူ၏ ကိုယ်တွေ့အတွေ့အကြုံပေါ်အခြေခံ၍ စေတနာ အတွေးအမြင်ကောင်းတို့နှင့် ပေါင်းစပ်ကာ စာရေးသူ၏ ရိုးရှင်းသည့် အရေး အဖွဲ့ စွမ်းရည်ကောင်းတို့ဖြင့် တင်ပြထားရာ နှောင်းလူငယ်တို့ အတုယူစေသည့် ကိုယ်တွေ့ဝတ္ထုတို တစ်ပုဒ်ပင် ဖြစ်ပါသည်။

# ဘုရားဖူးသွားခြင်း

ကျွန်ုပ်သည် ကောလိပ်ကျောင်း ဘီအေအောက်တန်း၌ ရှိစဉ်က ကျွန်ုပ်နှင့်အတန်းတူ အတန်ခင်မင်သော မိတ်ဆွေတစ်ယောက်ရှိဖူး၏။ ၎င်းမှာ မောင်ထွန်းမောင်ဖြစ်၏။

ထွန်းမောင်မှာ အလွန်အေးဆေးစွာ နေလေ့ရှိ၏။ စကားနည်း၏။ မဟုတ်မမှန် မဟားတရား မပြောတတ်။ ဣန္ဒြေကြီး၏။ စကားနည်းသူတို့၏ စကားသည် လေးနက်တတ်သည်ဖြစ်ရာ ထွန်းမောင် စကားပြောလျှင် ကျွန်ုပ်တို့ ကျောင်းသားများ ဂရုပြု၍ နားထောင်လေ့ရှိ၏။ ဝါကြွားပြောတတ်သူသည် ထွန်းမောင် ရှေ့တွင် စကားပြောခဲ၏။ အကြောင်းကား ထွန်းမောင်က တစ်ချက် တစ်ချက် ဝင်ထောက်လိုက်လျှင် ထိုကြွားဝါခြင်း ချက်ချင်းပေါ်တတ်၏။ အပေါင်းအဖော်နှင့် အချိန်ဖြုန်း မနေတတ်။ တစ်ယောက်တည်း တွေးတော၍ သော်လည်းကောင်း စာဖတ်၍သော်လည်းကောင်း နေတတ်၏။ သို့ရာတွင် အလွန်ရိုးသား ဖြောင့်မတ်သူ ဖြစ်လေရကား ကျောင်းသားများက ဝိုင်း၍ ရိုသေခင်မင်ကြ၏။ ကျွန်ုပ်နှင့်ကား အခြားသူတို့ထက် ပို၍ ခင်မင်ကြ၏။ ထိုနှစ် အင်္ဂလိပ် ဒီဇင်ဘာ(နတ်တော် - ပြာသို)၌ ကျောင်း ၁၂ရက်မျှ ပိတ်၏။ ထိုအချိန်အခါ၌ ကျောင်းသားများ ကျိုက်ထီးရိုးဘုရားသို့ အစုအစုပြု၍ သွားလေ့ ရှိကြရာ ကျွန်ုပ်လည်းသွားလိုသည်နှင့် ထွန်းမောင်၏ အခန်းသို့ လာခဲ့၍ "ဟေ့ ထွန်းမောင် ကျိုက်ထီးရိုးဘုရားကို သွားရအောင်ကွာ၊ တို့ ၁၂ ရက်တောင် ရက်အားရတယ်" "ဘုရားဖူးတာ ကျိုက်ထီးရိုးတောင် သွားရမလားကွဲ့၊ ရွှေတိဂုံဘုရားကို သွားပါတော့လား၊ အတူတူပဲပေါ့" "မတူဘူးဆရာ၊ ကျိုက်ထီးရိုးက မြတ်စွာဘုရား ကိုယ်တော်တိုင် တို့မြန်မာပြည်ကို ကြွလာပြီး ရသေ့ကြီးတစ်ပါးကို ဆံတော်ပေးသတဲ့။ အဲဒီ ဆံတော် အစစ်ကို ဌာပနာပြီးတည်တာ မောင်ရဲ့ နားလည်ရဲ့လား။" ထိုအခါ အလွန်ပြုံးခဲသော



**(https://my.wikipedia.org/wiki/2023)**

ထွန်းမောင်သည် ပြုံး၍ "ဘုရားဒီကို ကြွလာတယ်လို့ မင်းကို ဘယ်သူက ပြောသလဲ"

"မင်းလည်း အတော်ခွကျတဲ့ အကောင်ပဲ။ ဘယ်သူ ပြောရမလဲကွဲ့၊ သမိုင်းထဲမှာ သေသေချာချာကို ရေးထားတယ် သိရဲ့လား"

"အဲဒီ မင်းသမိုင်းက ဘယ်သူက ဘယ်တုန်းက ရေးခဲ့တာလဲ။"

"ဘယ်သူရေးတယ်လို့တော့မင်းကို သေသေချာချာ သံတော်ဦး မတင်နိုင်ဘူး"

"ရှေးပညာရှိ လူကြီးတွေ ရေးခဲ့တာပေါ့ကွဲ့"

(ခပ်ကျယ်ကျယ် ပြောသည်)

"ဟာ ဟာ မင်းမှတ်မိသေးရဲ့လား၊ မင်းနဲ့ ငါနဲ့ ပြည်မြို့ကို သွားလည်ကြတုန်းက ဘုန်းကြီးတစ်ပါးက ဒွတ္တပေါင်မင်းကြီးရဲ့ ဝတ်လဲတော်အစစ်ကို ပြာချ သစ်ဆေးသရိုး ကိုင်ပြီး လုပ်ထားတယ် ဆိုတဲ့ ကမ္ဗဝါစာကို ထုတ်ပြတော့ မင်းက ကိုယ်တော် ဘယ့်နှယ်သိသလဲ...... ဘာလဲ.....ညာလဲတဲ့ စစ်စစ်ပေါက်ပေါက် မေးတော့

ဘုန်းကြီး က စိတ်ဆိုးပြီး မင်းကို မောင်းချတာ မှတ်မိသေးရဲ့လား၊ အခုလဲ မင်းက ရာဇဝင်ဆရာမို့ သေသေချာချာ သိမလားလို့ မေးတာပါဗျာ။ မကြိုက်ရင်လဲ မမေးပါဘူး"

"ဟော့အကောင်၊ တော်ပါကွယ်၊ မင်းဟာ တစ်ခါတစ်ခါ အင်မတန်လျှာရှည်တယ်။ မင်းလိုက်ချင်ရင်လဲ လိုက်၊ မလိုက်ရင်လဲ ငါ့တစ်ယောက်တည်း တော်သလို ကြည့် သွားမှာပဲ" (ခပ်ဆတ်ဆတ် ပြောသည်)

"ဟင် ဘုရားတရားကြည်ညိုတဲ့လူကလဲ စိတ်တိုလိုက်တာ၊ ကိုင်းကွယ် ငါကပဲ လျှော့ပါ့မယ်၊ ငါလိုက်ပါမယ်။"

ထိုအခါမှ ကျွန်ုပ်က ပြုံး၍

"အဲဒီလိုမှပေါ့ကွဲ့၊ ငါ့မှာ ငွေ ၅၀ကျပ် လောက်တော့ စုထားတယ်။ မင်းမှာကော"

"ငါ့မှာလဲ ၅၀ကျပ် လောက်ပါပဲ"

"အေး နေရာကျပြီ၊စရိတ်စက စားဖို့သောက်ဖို့ ၁၅ ကျပ်လောက်ပဲ ကုန်မယ်ထင် တယ်။ လှူဖို့တန်းဖို့ အပုံကြီး ပိုတာပဲ၊ ကိုင်း အခုညပဲသွားကြစို့ကွယ်။

……………………………………………………

ကျိုက်ထိုဘူတာသို့ ရောက်လျှင် ထိုအခါက မော်တော်ကားများ မသွားသေးသဖြင့် လှည်းငှား၍သွားကြ၏။ ကျိုက်ထီးရိုးတောင်ခြေ ကင်ပွန်းစခန်းမရောက်မီ ခရီးတစ်ဝက်သာသာ၌ အင်းဝစခန်းသို့ ရောက်ရာ ခရီးနားကြ၏။ ထမင်းဟင်း၊ လက်ဖက်ရည်၊ ဘူးသီးကြော် စသည်ဖြင့် အစားအသောက်လည်း ပြည့်စုံ၏။ ထို စခန်းမှာရွာနီးချုပ်စပ်ကလာရောက်၍ ဆိုင်တည်ခင်းသော နေရာစခန်းကြီး တစ်ခု ဖြစ်၏။

ထိုအင်းဝစခန်းဆိုင်စု၏ မြောက်ဘက်အတန်ကွာရှိ သရက်ပင်ကြီး တစ်ပင်အောက်တွင် တဲငယ်ငယ် တစ်ခု ရှိ၏။ ထိုတဲငယ်ဘက်သို့ ထွန်းမောင်သည် လျှောက်၍သွားသည်ကို မြင်လိုက်၏။ မကြာမီမှာပင် တဲပေါက်တွင်ရပ်၍ အတန်ကြာကြည့်နေသည်ကို မြင်ရ၏။

နာရီဝက်ခန့်ကြာလျှင်ကျွန်ုပ်တို့ သွားချိန်ကျသည်နှင့် ထွန်းမောင်ကို ဟစ်၍ခေါ်ရ၏။ ထွန်းမောင်သည် သုတ်လာခဲ့၍

"ဟေ့ ဟိုတဲထဲမှာ အဘိုးကြီး လင်မယားနှစ်ယောက်နဲ့ မြေးနှစ်ယောက် ဖျားပြီး လဲနေကြတယ်။ ငါ အစားအသောက်ကလေး ဝယ်ပေးခဲ့ချင်တယ်။ မင်းသွားနှင့်ကွယ်။ ကင်ပွန်း စခန်းကို ငါမီအောင် လိုက်လာ ခဲ့မယ်" ။

"ဟောဗျာ မင်း ဇွဲဖောက်ပြီ၊ မင်း အကျင့်ဒီလိုပဲ၊ စိတ်တစူးစားကြီးနဲ့၊ ကဲ မောင် သဘောရှိ၊ ငါတော့ မင်းကို စောင့်မနေနိုင်ဘူး။ ကင်ပွန်းစခန်းကို မီအောင်လိုက်ခဲ့ပေ တော့၊ မမီရင်တော့ ငါဆက်သွားမှာပဲ"

"အေးပါကွယ်၊ ငါမီအောင် လိုက်ခဲ့ပါ့မယ်ဆို၍ လှည်းပေါ်က သူ့လွယ်အိတ်ကိုယူ၍ တဲငယ်ဘက်သို့ စိုက်စိုက်စိုက်စိုက်နှင့် သွားပြန်လေ၏။

ကျွန်ုပ်မှာကား ဘုရားသို့သာ ရောက်လို၍ ကျွန်ုပ်တို့ကျောင်းက ကျောင်းသားတစ်စုလည်း ထပ်ရောက် လာသည်နှင့် ထိုလူစုနှင့်ရောရှ၍ လိုက်သွားလေ၏။ ကင်ပွန်းစခန်းသို့ရောက်သော်လည်း ထွန်းမောင် မပေါ် လာချေ။ ရေမြောင်ကလေး၊ ရေမြောင်ကြီး၊ ဘိုးပြန်တောင်၊ စိုင်တမော့ စသည်ဖြင့် စခန်းအစဉ်အတိုင်း နောက်ဆံတငင်ငင်နှင့်ပင် လာခဲ့ရာ ဘုရားသို့သာ တိုင်တော့၏။ ထွန်းမောင် မပေါ်လာချေ။

ကျွန်ုပ်တို့ တစ်စုမှာလည်း တပျော်တပါးကြီး ပြော ဆို ကနှင့် လာခဲ့ကြရာ ဘုရားအနီး နတ်ရုပ် နတ်စင်နှင့် မိန်းမကြီးတစ်ယောက် ပိုက်ဆံခံ နေသည်ကို တွေ့ရ၏။ နတ်ရုပ်မှာ ပါးတစ်ခြမ်း နားတစ်ခြမ်း ပွဲ့နေ

၏။ ၎င်းအပဲ့တို့ကိုပြ၍ ပြင်ဆင်ရန်ဆိုကာ ပိုက်ဆံခံနေခြင်းဖြစ်၏။ ထိုအခါ ကျွန်ုပ်သည် ရုတ်တရက် သတိရမိသည်ကား လွန်ခဲ့သောနှစ်က ကျွန်ုပ်တို့ အခန်းက ကျောင်းသား တစ်စု ကျိုက်ထီးရိုးက ပြန်လာကြသောအခါ ထိုပါးပဲ့ နားပဲ့နေသော နတ်စင်က နတ်ကတော်ကြီးအား နတ်မေးကြကြောင်း ပြန်ပြောသည်ကို သတိရသည်နှင့် ကျွန်ုပ်တို့နှင့် အဖော်အလှော်ခေါ်ခဲ့သော လှည်းသမားကို မေးကြည့်ရာ လှည်းသမားက ပြုံးရယ်၍ "ဒီအပဲ့တွေဟာ ကြာလှပြီဗျ၊ ပြင်လိုက်ရင် နောက်ထပ်ပိုက်ဆံ ဘယ့်နှယ်လုပ် အလှူခံမလဲဗျ" ဟု ပြောလိုက်မှ ကောလိပ်ကျောင်းသားထက်သာသော လှည်းသမားများလည်း ရှိသေးကြောင်း သိရသည်။

"နို့ကွယ်၊ ရသေ့တွေ၊ ရသေ့မတွေ၊ ဖိုးသူတော်တွေ၊ မယ်သီလတွေ ပေါလှချည် ကလားကွဲ့"

"အဲဒီအထဲမှာ ခါတော်မီတွေ အများကြီးပါတယ်ဗျ"

ကျွန်ုပ်တို့ ဘုရားရှိခိုးနေစဉ်ပန်းသည်၊ ရွှေသည်၊ ရေသည်တို့၏ အနှောင့်အယှက်ကိုများစွာခံရ၏။ ဘုရားရှိခိုးနေစဉ် ရေ၊ ပန်း၊ ရွှေဝယ်ပါ၊ ဝယ်ပါဟု တစာစာလိုက်၍ပူနေ၏။ ကျွန်ုပ်သည် ကလဲ့စားချေလိုသည်နှင့် ရေ၊ ပန်း၊ ရွှေ တို့ကို ဈေးနှုန်းနှင့်ရောင်းသော ဆိုင်တို့တွင်သာဝယ်ယူလိုက်၏။

ကျောက်ကျီးကန်းပါးစပ်ဘက်သို့ လာခဲ့ရာလမ်းတွင် တောင်စောင်းတစ်ခု ဂူတွင်း၌ ရသေ့ တစ်ပါးထံတွင် ဘုရားသွားတော်အစစ်ရှိသည်ဆို၍ ဂူတွင်းသို့ ကျဉ်းကျဉ်းကျပ်ကျပ်နှင့်ဝင်ခဲ့၏။ ရသေ့ က "သွားတော်"ကို လက်ဖြင့်ကိုင်၍ ခပ်လှမ်းလှမ်းက ပြ၏။ သေသေချာချာ ကိုယ်တိုင် ကိုင်၍ ဖူးပါရစေဟု တောင်းသောအခါ

"ဟဲ့ ဒကာရဲ့၊ လက်နဲ့ မကိုင်ကောင်းဘူး၊ ငရဲကြီးတတ်တယ်၊ ခပ်ဝေးဝေးကပဲ ဖူးတာ ပေါ့"

"နို့ ရသေ့တော့ ငရဲမကြီးဘူးလား"

"ဟဲ့ ရသေ့ဆိုတာ စင်ကြယ်တဲ့ သူတော်ကောင်း ဖြစ်တယ်။ ဘယ်တော့မှ ငရဲမကြီးဘူး။ မင်းတို့ လူလို မဟုတ်ဘူး"

ထိုအခါ ကျွန်ုပ်သည် ဘာမှ ပြန်မပြောဘဲ အခွင့်ရသမျှ သေချာစွာ စူးစိုက်၍ ကြည့်ရာ "သွားတော်" ၏အတွင်းက ဘာရှိသည်ကိုကားမသိရ၊ အပြင်ကမူစီးကရက်ဘူးထဲက ငွေရောင်ပြားကို ကပ်ထားသည်ကို မြင်တွေ့ရ၏။ သို့ကြောင့်လည်း ရသေ့ရှေ့ အလှူခံ ပိုက်ဆံခွက် ထဲသို့ တစ်ပြား တစ်ချပ်မျှ မထည့်ခဲ့ဘဲ ခပ်သုတ်သုတ် ပြန်၍ ထွက်ခဲ့၏။ ဤသို့လျှင် ကျိုက်ထီးရိုးတောင်၊ မုဆိုးတောင် တို့၌ အေးချမ်းပျော်မြူးစွာ ခုနစ်ညကြာကြ၏။ ပြီးမှ ဆင်းခဲ့ကြ၏။

…………………………………………………

အပြန်လမ်းတွင် အင်းဝစခန်းသို့ ရောက်ကြသော် ထွန်းမောင်၏ အဖြစ်ကို မေးမြန်းလိုသည်နှင့် ကျွန်ုပ်သည် အဖော်များနှင့်ခွဲ၍ ယခင်တဲငယ်ဘက်သို့ လာခဲ့၏။

တဲငယ်မှာ ကျွန်ုပ်ပထမမြင်စဉ်ကကဲ့သို့ စုတ်ချာ ပျက်စီးနေသည်မဟုတ်ဘဲ အမိုးအကာနှင့် အတန်ပင် သပ်ရပ်ကောင်းမွန်နေသည်ကို တွေ့ရ၏။ခေါင်းရင်းခန်းကလေး၌ အတန်အိုမင်းပြီဖြစ်သော အဘိုးအို အဘွားအို နှစ်ယောက် ပုတီးစိပ်၍ နေကြ၏။ ခြေရင်းပိုင်း မြေကွက်တွင် မီးဖို တစ်ခု၌ လက်ဖက်ရည်ကရားနှင့် ရေနွေးအိုးကျိုနေသော ၁၃နှစ် ၁၄နှစ် အရွယ် မိန်းကလေးကို မြင်ရ၏။ ၎င်း အနီး၌ ၃နှစ် ၄နှစ်ခန့်ရှိ ယောကျ်ား သူငယ်ကလေး တစ်ယောက် ဘူးသီးကြော်တစ်ခုကို စားနေ၏။

ကျွန်ုပ်ကို မြင်ကြလျှင် အဘွားတို့က

"အလို မောင်၊ လာပါ လာပါ၊ ဘယ်အရပ်က ပါလဲမောင်၊ ဘုရားဖူး အသွားလား၊ အပြန် လား ၊ လာပါ လာပါ

ထိုင်ပါ” ဆို၍ နေရာပေးခြင်း၊ ကွမ်းအစ်ချခြင်းတို့ကို ပျာပျာသလဲ ပြု၏။

“ဟဲ့ ဖွားမေ ၊ ရေနွေးဆူပြီ မဟုတ်လား၊ လက်ဖက်ခြောက်ခပ်ပြီး ယူခဲ့ဟေ့။ သြော် ဖွားမေ၊ ဟဲ့ ဟို ထန်းလျက်ကလေး ရှိသေး မဟုတ်လား၊ တစ်ခါတည်း ထည့်ခဲ့ဟေ့၊ သောက်ပါ၊ စားပါ၊ မောင်ရယ်…” ဟု အလွန်ကြီးစွာသော စေတနာဖြင့် ဧည့်ခံလင့်၏။

အဘိုးကြီးကတစ်ဖန်

“ငါ့မြေးက ဘုရားဖူး မဟုတ်လား”

“ဟုတ်ပါတယ်၊ အဘိုးရယ်၊ ကျွန်တော်ဟာ လွန်ခဲ့တဲ့ ကိုးရက်လောက်က တက်သွားပါတယ်။ အခုပြန်ခဲ့တာပါ၊ အဲဒီတက်သွားတဲ့နေ့က ကျွန်တော့်သူငယ်ချင်းတစ်ယောက် ဒီတဲမှာ ကျန်ရစ် တယ်။ အဲဒါ အခု သူဘယ်သွားလေသလဲလို့ မေးချင်လို့ ဝင်လာတာပါ အဘိုးရဲ့”

ထိုအခါ အဘိုးကြီးနှင့် အမယ်ကြီးသည် ငေါက်ကနဲ တစ်ပြိုင်တည်းဆန့်၍

“မောင်ထွန်းမောင်ကို မေးတာမဟုတ်လား”

ဟုသံပြိုင်မေးကြ၏။

“ဟုတ်ပါတယ်ခင်ဗျာ”

အမယ်ကြီးက ဆက်၍

“သြော် မောင်က မောင်ထွန်းမောင်ရဲ့ သူငယ်ချင်းလား၊ ဒါဖြင့် မောင်လဲ သူတော်ကောင်းပေါ့၊ အေးအေး၊ မောင်ထွန်းမောင်ရယ်၊ ခုမနက်ပဲ ရန်ကုန်ကို ပြန်သွားပြီ၊ သူတို့ ကျောင်းတက်ရမယ် ဆိုကိုးကွဲ့၊ ပြောလိုက်ပါရစေဦး မောင်ရယ်၊ ဒီလို သူတော်ကောင်းမျိုးရှိတာ အဘွားတို့ အခု အသက်ဂုဏ်ရှိပြီ။ ကြားပဲ မကြားဖူးပါ မောင် ရယ်”

“မောင်ထွန်းမောင်ဟာ ဘုရားကို လိုက်မလာဘဲ ဒီကပဲ ပြန်သွားပုံကို ပြောပါဦး အဘွားရဲ့”

“ပြောပါပြီလား မောင်ရယ် ဒီလိုကွဲ့၊ ငါတို့က အဲဟို ကျိုက်ထိုကိုသွားတဲ့ လမ်းနားမှာ ရှိတဲ့ မီးသွေးကုန်းရွာ ကပါ။ အဘွားတို့မှာ သမီး တစ်ယောက်တည်းရှိတယ်။ သူ အိမ်ထောင်ကျလို့ သားသမီး ၄ယောက်ရပြီးတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပဲ သူ့ခင်ပွန်းအနိစ္စရောက်တယ်။ သူကိုယ်တိုင်လည်း မနှစ်က ဆုံးပြန်ပါရော။ သားသမီး လေးယောက်အနက်က နှစ်ယောက်သာ အဖတ်တင်တယ်။ ဟော အခုမြင်တာ အကြီးဆုံးနဲ့ အငယ်ဆုံးပေါ့။ ဒီကလေး နှစ်ယောက်ကို ငါတို့ပဲ မွေးရတော့တာပေါ့။ ငါတို့ကလဲ အိုအိုမင်းမင်း သူတို့ကလဲ လူလား မမြောက်သေး။ ပိုက်ဆံကြေးငွေကလဲ မပြည့်စုံ၊ တိုတို ပြောကြစို့ မြေးရယ်၊ ငါတို့ ထမင်းရက်မှန်မှန် မစားရတာ ကြာပါပြီ။ အဲဒါအခု ဘုရားဖူးများလာတဲ့ အချိန်၊ ဒီ အင်း၀ စခန်းမှာ တဲကလေး ထိုးပြီး ဖွားမေကိုပဲ ဘူးသီးကြော်ကလေး ကြော်ပြီး ရောင်းစေရတာပဲ။

အဲဒါနဲ့လဲ ထမင်းရက်မှန်မှန် မစားရပါဘူး။ ကံများ ဆိုးချင်တော့ လွန်ခဲ့တဲ့ နှစ်လ သုံးလကစပြီး ဟော မောင့် အဘိုးကြီး ဟာ လူကလဲအို၊ အစာရေစာလဲ ဝလင်အောင်လဲ မစားရတော့ လဲပါလေရော မောင်ရေ။ နောက်ဆယ်ရက်လောက်က အဖျားဝင်လာပြီး သတိမရတစ်ချက် ရတစ်ချက် နေပါရော၊ အဲဟို မောင်ထွန်းမောင် ရောက်တဲ့နေ့က မြော့မြော့ပဲ ရှိတော့တယ်။

အဘွားကိုယ်တိုင်လည်း မောင့်အဘိုးလိုပဲ အားနည်းပြီး လဲနေရာက နွေးနွေးမှ ခြံ့စရာ၊ အဲဒီအထဲ တဲကလေးကလဲ မိုးမလုံတော့ အအေးမိပြီး အဘွားလဲ လဲပါရော မောင်ရေ့။

အဲဒီလို အဘွားတို့ အကျိုးအကန်းနှစ်ယောက်ကို မြေးမကလေး ဖွားမေက ချက်ပြုတ် ကျွေးမွေးနေရာက ဟော ထင်းချိုးရာမှ သံစူးလို့တဲ့။ တစ်ခါတည်း ငန်းတွေ မန်းလေ လိုက်ပြီး ပြည်တည်လို့ မောင်ထွန်းမောင် ရောက်တဲ့နေ့က ခြေထောက် မြောက်ပြီး အော်နေရတာပဲ။

အဲဒီ မောင်ထွန်းမောင် လာကြည့်တော့ ငါတို့ ထမင်းရေစာ မစားရတာ နှစ်ရက် တိတိရှိနေပြီ မောင်ရဲ့၊ သေဖို့ အဆင်သင့်ပဲ ဆိုပါတော့၊ ဟော ဟိုမြေးအငယ် ကတော့ ကလေးကို... အဲဟို ဆိုင်စုမှာ သွားပြီး တောင်းရမ်းစားသတဲ့၊

အဲဒီလိုငါတို့သေဖို့အနေမှာမောင့်သူငယ်ချင်းမြင်တော့မေးသံကိုကြားပါရဲ့၊ငါတို့လူအိုနှစ်ယောက်ကတော့ စကားမပြန်နိုင်တော့ဘူး၊ ဖွားမေကသာ အအော် အငိုရပ်ပြီး ပြန်ပြောသံကို ကြားလိုက်ရတယ်။

အဲဒါနဲ့မောင်ထွန်းမောင်ဟာပထမအဘိုးကြီးပါးစပ်ထဲကိုရေချပေးတယ်။နောက်နည်းနည်းလှုပ်လာတော့ ဟိုဆိုင်စုမှာ လက်ဖက်ရည်၊ ကော်ဖီရည်၊ ရေနွေး စားစရာတွေ ဝယ်လာပြီး ကော်ဖီနွေးနွေးကလေးကို အစက်ချပြီး တိုက်ပေးရှာတယ်။ အဘွားကိုလဲ ဒီလိုပဲ။

ဖွားမေကိုလည်းအနာကို ရေဆေး၊ ပြည်ဖောက်၊ ဆေးထည့်လုပ်တာနဲ့ မောင်ရယ် တစ်နာရီလောက်မှာပဲ သက်သာသွားပါတယ်။

အမှန်ကတော့ ငါတို့ တစ်စုလုံး အစားအသောက်ချို့တဲ့လို့ ငတ်လို့ ဖြစ်ရတာကလားကွယ်။ ငါတို့တော့ အရည်လောက်သာ သောက်နိုင်ကြပါတယ်။ ဖွားမေတို့ မောင်နှမ နှစ်ယောက်ကတော့ ဖျားတာမဟုတ်ဘူး၊ အဲဒါကို မောင်ထွန်းမောင်ရယ် သူ့ လွယ်အိတ်ထဲက ပေါင်မုန့်၊ ငါးသေတ္တာတွေ တစ်ခါထဲ ထုတ်ကျွေးတယ်။ ငတ်ငတ် နဲ့ စားလိုက်ကြတာမောင်ရယ်။ အဘွားတို့လဲ ဘေးကကြည့်ရတာ အားရဝမ်းသာတာနဲ့ အားပြည့်လာကြတာပဲ။

"အဲဒါ သူကိုယ်တိုင် ငါတို့ကိုဆေးတိုက်ပြုစုတဲ့အပြင် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ငရုတ် အစုံဝယ်ပြီး ချက်ကျွေးရှာတယ်။ ဖွားမေကို အညှော်မိမှာစိုးလို့တဲ့ မီးဖိုနားတောင်မလာစေရ ဘူး၊ ပြီးတော့ ဟော – တဲကလေးကို ကြည့်ပါဦး၊ အခုတော့ သပ်သပ်ရပ်ရပ်ပေါ့၊ မောင်ထွန်းမောင် ရောက်စက အမိုးလဲမလုံ၊ အကာတွေလဲ ပျက်ကျနေတယ်။ လေပြင်းပြင်းတိုက်ရင် မခံနိုင်ဘူး။ အဲဒီလိုအနေမှာ မောင်ထွန်းမောင် ရောက်လို့ နှစ်ရက်အကြာမှာ နှင်းမိုးရွာချလို့ မောင်ထွန်းမောင်ပါ မကျန် ငါတို့ အကုန်လုံးရွှဲရောဆိုပါတော့၊ မောင်ထွန်းမောင် ဘာလုပ်သလဲသိလား၊ အနီးအနားက ဆိုင်စု အိမ်စုမှာ သက်ကယ်တို့ ထရံ တို့ သူကိုယ်တိုင်သွားဝယ်ပြီး ကိုယ်တိုင် မိုးကာပေးခဲ့တယ် မောင်ရယ်"။

အဘွားအိုသည် စကားကို ဖြတ်၍ လက်အုပ်အထက်သို့ မြှောက်ချီကာ ဘုရား သိကြားတော်၊ တပည့်တော်မရဲ့မြေးကြီး မောင်ထွန်းမောင် ကျန်းမာချမ်းသာပါစေ၊ ခလုတ်မထိ ဆူးမငြိ ပါစေ နဲ့ ၊ ရေလိုအေးလို့ ပန်းလိုမွှေးပါစေ……."

ဆို၍ မျက်ရည်စမ်းစမ်း နှင့် ရှိုခိုး ဆုတောင်းလေ၏။

ကျွန်ုပ်တို့ပတ်လည်ရှိ လူများကိုပင် မေ့နေဟန်ရှိ၏။ အတန်ကြာမှ ဆက်ပြန်၍

"ငါတို့ မိုးတွေစိုလို့ အေးကြ ချမ်းကြတော့ မောင့်သူငယ်ချင်း ဘုရားလောင်းကြီးက ဟော သူ့မှာပါတဲ့ အင်္ကျီတွေ၊ ပုဆိုးတွေ၊ မျက်နှာသုတ်ပဝါတောင် မကျန်ဘူး၊ အဲဒါတွေနဲ့ တစ်ခါထဲ ငါတို့ လေးယောက်ကို ပတ်ရုံခြုံရုံပေးတာပဲ၊ မိဘက သားသမီး ပြုစု သလိုပါပဲ မောင်ရယ်၊ သူကိုယ်တိုင်ကတော့ စွပ်ကျယ်ကလေးနဲ့သာ

နေတယ်။ အောင်မယ်  ဟော မောင့်သူငယ်ချင်းက သတ္တိကောင်းကလားကွဲ့၊ မိုးကြီးပေမယ့် သူ မချမ်းဘူးတဲ့၊ ပြီးတော့ လူကြည့်တော့ လုံးရပ်တန်တန်ရယ်၊ နို့ပေမဲ့ သူ့ အသားတွေက သံခဲလို ပါကလားကွဲ့၊ ဟော နေ့ခင်း နေ့ခင်းမှာ ဖွားမေတို့ မောင်နှမနှစ်ယောက် သူ့လက်မောင်းသားကြီးတွေကို ထုတ်ထုတ်ပြတယ်။ မောင်နှမနှစ်ယောက် သူ့လက်မောင်းကြီးကို စီးစီးပြီး ကစားကြတာပဲ၊ အင်မတန်ပျော်ကြတာပေါ့၊ ဒီသူငယ်ဟာ လူထူးပါကွယ်၊သန်ကသန်မာပါဘိနဲ့၊ဘုရားလောင်းများဆင်ပြောင်ငါးစီးဆယ်စီးအားဆောင်နိုင်တယ်ဆိုတာပဲ ထင်ပါရဲ့ကွယ်။

နောက်တစ်နေ့ မနက်စောစော ဟိုအနားခဏသွားဦးမယ်ဆိုပြီး ထွက်သွားလိုက်တာ ညနေမှ ပြန်လာတယ်။ တို့တတွေဆိုတာ တစ်နေ့ခင်းလုံး သူ့ကို ထမင်းစား စောင့်နေကြတယ်။ အနီးအနား လိုက်ရှာကြတယ်။ အဲဒီမနက် ငါတို့ ထမင်းမစား ဖြစ်ကြဘူး။ ညနေကျလို့  ပြန်လာတော့မှ သိရတာက လက်စသတ်တော့ သူဟို ကျိုက်ထိုကိုသွားတာကိုးမောင်ရဲ့၊ ဟဲ့ ဖွားမေ နင့်အစ်ကိုကြီး ဝယ်ပေးခဲ့တဲ့ အဝတ်အစားတွေ ယူခဲ့စမ်း၊ ကိုင်း မောင်ရင်ကြည့်တော့ ငါတို့ဖို့ သူဝယ်လာတာတွေ”

ထိုအခါအဘိုးကြီးသည် အထုပ်ကြီးတစ်ခုကို ကောက်ယူ၍

“ဟောဒါက ကျုပ်အထုပ် မောင်ရဲ့၊ မောင့်ကို ပြရဦးမယ်”

ဆိုကာ အထုပ်ကို ဖြေလေသည်။အထုပ်အပေါ်က ကြိုးစွေအောင် အပတ်ပေါင်းများစွာ ရစ်ပတ်ထား၏။ ကြိုးတွေကုန်သောအခါ ပုဆိုးဟောင်း တစ်ထပ်၊ နောက်ပိတ်ဖြူတစ်ထပ်၊ နောက်စက္ကူ သုံးလေးထပ် အလွန် သေချာစွာ ထုပ်ထားသည်ကို တွေ့ရ၏။ နောက်ဆုံး အထပ်ကုန်လေမှ လုံချည်အညို ရောင်တစ်ထည်၊ အတွင်းခံ အင်္ကျီတစ်ထည်၊ အပေါ်အင်္ကျီတစ်ထည်၊ ခေါင်းပေါင်းပဝါတစ်ထည်၊ ပခုံးတင်ပိတ်ဖြူစ တစ်ထည်တို့ ထွက်လာ လေ၏။

ထိုလေးထည်သော အဝတ်တို့ကို အဘိုးကြီးသည် ယုယ မြတ်နိုးစွာ ကိုင်တွယ်၍

“အဲဒါ ကျုပ်မြေးရဲ့ ကုသိုလ်တွေပဲ မောင်ရယ်၊ ကျုပ် အဘိုးအဘ ဒီလို မပေးခဲ့ဖူးပါဘူး။ ကျုပ် သားသမီး တွေလဲ မပေးခဲ့ဖူးဘူး။ ကိုယ်တိုင်လဲ ဝယ်ပြီး မဝတ်နိုင်ခဲ့ဖူးဘူး။ ဒီအဝတ် လေးထည်ကို ကျုပ်ဘာလုပ်မလဲ သိလား၊ ဥပုသ်နေ့တိုင်း ဝတ်ဆင်ပြီး ဥပုသ် စောင့်မယ်၊ အခု စိတ်ကူးတာကတော့ ကျုပ်မြေး ကုသိုလ်ပွားအောင် နေ့တိုင်းပဲ ရှစ်ပါးသီလ စောင့်ပြီး သူ့အဝတ်တွေနဲ့ အရိုးထုတ်တော့မယ်၊ ကျုပ်သေတဲ့အခါ ဒီအဝတ်တွေ ကျုပ်တို့ ဆရာ ဘုန်းကြီးကို လှူလိုက်ဖို့ မှာပြီးပါပြီ မောင်ရဲ့”

အဘွားကြီးကလည်း မိမိအတွက် အဝတ်အစားတို့ကိုပြ၍

“ကျုပ်လဲပဲ မောင့်အဘိုးအတိုင်းပဲ ဆုံးဖြတ်ပြီးပါပြီ” ဟုဆို၏။

ဖွားမေကလည်း မိမိ အထုပ်ကို အားပါးတရ ဖြေကာပြ၏။ ပိုးသားလုံချည်၊ အင်္ကျီ ၊ ဘီး၊ မှန် စသည်ဖြင့် မိန်းမ အသုံးအဆောင်အတန်များများ တွေ့ရ၏။ အဲဒါတွေ ကျွန်မ အစ်ကိုကြီး ဝယ်ပေးခဲ့တာရှင့်၊ ကျေးဇူးတင် လိုက်တာ အစ်ကိုကြီးရယ်၊ ကျွန်မလေ ညတိုင်းညတိုင်း အိပ်ခါနီးကို ဦးသုံးကြိမ်ချပါတယ်။ အစ်ကိုကြီးလည်း ပြန်သွားပြီး၊ သိပ်အောက်မေ့တာပဲ ဆို၍ မျက်ရည်လည် လာလေ၏။ အနားတွင် အစ်မ၏ မျက်နှာကို စိုက်ကြည့် နေသောမောင်ကလေးမှာလည်း မဲ့တဲ့တဲ့ ဖြစ်၍ လာလေ၏။

အဘွားကြီးကဆက်ပြန်၍

"အဲဒါနဲ့ သူအပြုအစုကောင်းတာနဲ့ ငါတို့ အတော်အတန်ထူထောင်လာကြတာပါပဲ။ သူနေလို့ လေးငါးရက် ရှိတော့ ငါတို့လဲ မာပါပြီ၊ မင်းဘုရားကို သွားဖို့ဟာသွားတော့လေလို့ပြောတော့ အဘွားရယ်တဲ့၊ ဘုရားကို သွားဖူးတာထက် ဘုရားစကား နားထောင်တာ ပိုပြီး ကုသိုလ်ရတယ်တဲ့၊ ပြီးတော့လဲ ဘုရားသွားဖို့ အချိန် မရှိတော့ဘူး၊ ကျောင်းဖွင့်မီအောင် ပြန်ရမယ်တဲ့၊ သူဘုရားမှာ ရွှေချဖို့ ပန်းလှူဖို့ ရေလှူဖို့မှန်းခဲ့တဲ့အတွက် ငွေကိုလဲ အဘွားတို့ကိုပဲ လှူခဲ့မယ်ဆိုပြီး ငွေဒင်္ဂါးပြား ၃၀ ကျပ် တိတိ ငါတို့ကို ပေးသွားတယ်၊ အခုငါတို့ အသက် ၇၀ ရှိပြီ၊ ကိုယ်ပိုင်အဖြစ်နဲ့ တစ်ခါမှ ငွေ၃၀ ကျပ်ပြည့်အောင် မကိုင်ခဲ့ရဖူးဘူး၊ ဒီလို လူမျိုး တွေ့ဖူးဖို့ထားလို့ ကြားတောင် မကြားဖူးပါဘူးကွယ်။ ဟော မောင့်အဘိုးကဖြင့် လူမဟုတ်ဘူး၊ နတ်သိကြားများ လူယောင်ဆောင်လာတာလို့ အခုထက်ထိ စွဲနေတုန်းပဲ"

ထိုအခါ အဘိုးကြီးက ဝင်တဲ့၍

"ဟဲ့ မယ်တုတ်ကဲ့၊ အခု ဒီမောင်ရင်က သူ့သူငယ်ချင်းပါဆိုလို့သာ နေလိုက်ရတယ်၊ ငါတော့ ကေန္တ နတ်သိကြားပဲလို့ စွဲလမ်းနေတုန်းပဲ၊ ကြည့်လေ၊ ငါ အလကား ပြောတာ မဟုတ်ဘူး၊ ငါတို့ဆရာဘုန်းကြီး ဟောဖူး တယ်။ ဟဲ့ ဒကာကြီး ဖိုးခွေးတဲ့ ငါးပါးသီလမြဲပြီး မေတ္တာပို့ပြီး ဣတိပိသော ဂုဏ်တော်ကို တစ်နေ့ကို အနည်းဆုံး ဆယ်ပတ်ရအောင်စိပ်တဲ့၊ အကျဉ်းအကျပ် တွေ့ရင် နတ်သိကြားများလာပြီး ကယ်မ တတ်တယ်တဲ့၊ အဲဒါ လွန်ခဲ့တဲ့၁၅နှစ်လောက်က စပြီး ဘုန်းကြီးစကားအတိုင်း စောင့်ထိန်းခဲ့ပြီး ပုတီးမှန်မှန်စိပ်ခဲ့တာ ညည်းအသိပဲ မဟုတ်လား၊ အဲဟိုနေ့က ငါပက်လက်ကလေး မြော့နေတော့ ဆရာဘုန်းကြီးရဲ့ အဆုံးအမနဲ့ ဂုဏ်တော်ကို သတိရပြီး ဂုဏ်တော်ကို နှလုံးသွင်းနေတယ်၊ တော်တော်ကြာ ပါးစပ်ပေါ် ရေစက်ကျလာတော့ အင်း သိကြားမင်း ရေစင်ဖျန်းလာပေါ့လို့ ငါယုံကြည်လိုက်တယ်။ လူပုံသဏ္ဌာန်နဲ့ တောက်ပြောင်အေးကြည်နေတဲ့ မျက်နှာကို ငါမြင်ရတယ်၊ ဟဲ့ မယ်တုတ်ကဲ့၊ လူရိုးရိုးက ဒီလောက်တောင် ကောင်းနိုင်ပါ့မလားဟဲ့၊ လူမမာ လေးယောက်ကို ဆေးကု၊ ပြုစု၊ ကျွေးမွေး၊ ဝတ်ဆင်၊ အိမ်ကို မိုးကာပေးပြီးတော့ ငွေ ၃၀ ကျပ် ရင့်မာကြီးကိုပေးတာဟာ လူရိုးရိုး ဟုတ်နိုင်ပါ့မလားဟဲ့၊ တို့ဆရာဘုန်းကြီး ပြောဖူးတယ်၊ နတ်သိကြားများ လူယောင်ဆောင်လာရင် အရိပ်မထွက်ဘူး၊ မျက်တောင်မခတ်ဘူးတဲ့၊ ငါဖြင့် မောင် ထွန်းမောင်ရဲ့ အရိပ်ထွက်တာ ၊ မျက်တောင်ခတ်တာ မမြင်မိဘူးဟဲ့၊ ပြီးတော့ ရုပ်ရည်ကလဲ သန့်ပါဘိသနဲ့ ၊ ငါဖြင့် ဒီလို ချောတဲ့ လှတဲ့ ယောကျ်ားလေး မြင်ဖူးပေါင်ဗျာ"

အို ကိုဖိုးခွေးကလဲ လူတော့ လူအစစ်ပါတော့ လူရိုးရိုးမဟုတ်တာတော့ အမှန်ပဲ၊ ကေန္တ အလောင်းအလျာ တစ်ခုခုတော့ ဖြစ်မှာပဲ၊ ကိုင်း မောင်ရယ် မောင်ထွန်းမောင်ရဲ့ သူငယ်ချင်းဆိုရင်ဖြင့် အဘွားတို့ တဲမှာ တစ်ညလောက်တည်းပါဦး မောင်ရယ် သူ့ငွေထဲက အလှူဦးပြုပြီး ထမင်း တစ်နပ်တော့ ကျွေးလိုက်ပါရစေ။ သံဃာတော် ဆွမ်းကျွေးဖို့တော့ ငွေ၅ကျပ် ဦးချပြီး ဖယ်ထားပြီးပါပြီ။"

ထိုအခါ ကျွန်ုပ်မှာအလွန်ပီတိဖြစ်၍ တစ်ညတည်းရန် ဝန်ခံလိုက်၏။

ညအိပ်ရာဝင်သောအခါ ကျွန်ုပ်စဉ်းစားခန်း ပေါ်လာလေ၏။

"အင်း ထွန်းမောင်ကြီးဖြင့် ဘုရားဖူးလာရကျိုးနပ်လေပြီ။ ထွန်းမောင်ရဲ့ ကုသိုလ်ကို ငါ အားကျလှသည်။ ငါကြားဖူးသည်ကား မြတ်စွာဘုရားရှိစဉ်က တောနယ်က ရဟန်းနှစ်ပါး ဘုရားကို ဖူးမြော်ရန် လာကြသတဲ့၊ လမ်းခရီးမှာရေငတ်သဖြင့် ရေသောက်ကြမည်ရှိရာ ရေစစ်မပါကြသည်နှင့် တစ်ပါးသော ရဟန်းက မြတ်စွာဘုရားသည် ရေစစ်နှင့်မှ ရေသောက်ရမည်ဟု ပညတ်ထားသည်။ ယခု ရေစစ်မရှိခဲ့။ ဘုရားကို ကြည်ညို သည်ဆိုသည်မှာ ဘုရားစကားကို နားထောင်မှ ကြည်ညိုရာ ရောက်သည်။ ထို့ကြောင့် ရေမသောက်ဘဲ

အသက်သေစေတော့ဟု ဆုံးဖြတ်လိုက်၏။ တစ်ပါးသော်ကား ဘုရားဆိုသည်ကား အလွန်ဖူးမြင်ရခဲ၏။ ရေသောက်ပြီး အသက်ရှင်၍ဘုရားကို ဖူးမြင်အံ့ဟု ဆုံးဖြတ်လိုက်၏။ ပထမ ရဟန်းသည်လမ်းတွင် ပျံလွန်ခဲ့၏။ ဒုတိယရဟန်းကား ဘုရားထံရောက်၍ အဖြစ်အပျက်ကို ပြန်လှန်လျှောက်ထားသောအခါ မြတ်စွာဘုရားက ဘုရားစကား နားထောင်၍ လမ်းတွင် အသေခံသော ရဟန်းကိုသာ ချီးမွမ်းတော်မူသတဲ့။ ယခုလဲ ငါတို့နှစ်ယောက်နှင့် တူလေစွ။

ငါ့မှာ ကျိုက်ထီးရိုးဘုရားကိုတော့ ရောက်ပါရဲ့၊ ရောက်တော့ ဘာလုပ်သလဲ၊ ဘုရားကို ပေါက်ဆိန်ပေါက်ရှိခိုးတယ်။ အနားပတ်လည်က ဆူဆူညံညံနှင့် အာရုံစိုက်၍ ရှိမခိုးခဲ့ရ။ ၎င်းနောက် သူငယ်ချင်းတို့နှင့် လျှောက်၍ ပျော်ခဲ့တယ်။ ဟားတိုက်၊ သီချင်းဆို၊ ဖဲကစား အဲဒါတွေနဲ့ အချိန်ကုန်တာပဲ။ အခု ထွန်းမောင်ကို အားကျလို့ အဘိုးကြီး အဘွားကြီးတို့ကို ပိုက်ဆံပေးချင်လို့ ကြည့်တော့ လှည်းခနဲ့ ရထားခသာ ကျန်တော့တယ်။ ပိုက်ဆံ တစ်ပြားမှ မပိုတော့ဘူး။ ဟိုကုန်းတော်မှာတုန်းက တို့လူစု မြေလတ်က အပျိုတစ်စုနဲ့တွေ့လို့ အလွမ်းသင့်ပြီး ပိုးပန်းပြီး ဟိုဆိုင်ညှော်ခံလိုက် ဒီဆိုင် ညှော်ခံ လိုက်နဲ့ သုံးလေးရက် တို့လူစု ပိုက်ဆံ ဖြုန်းလိုက်ကြတာ ဘုရားလှူဖို့ မှန်းထားတဲ့ အထဲက သုံးပုံ နှစ်ပုံလောက် ပါသွားတာပဲ။ အဲဒီ ပိုက်ဆံတွေ အခု ငါနှမြောလိုက်လှတယ်။

ငါဘုရားဖူးရတာ မယ်မယ်ရရ အကျိုးဘာမျှမထင်ပါတကား။ နတ်ကတော်၊ ရသေ့၊ ရသေ့မ၊ ဖိုးသူတော်၊ မယ်သီလ၊ ပန်းသည်၊ ရေသည် အချို့တို့ကို စိတ်မကျေနပ်၊ လည်ပတ် ပျော်ရွှင် ဒါတွေနဲ့သာ အချိန်ကုန်တယ်။ အင်း အခု ငါတို့ပြည်မှာ ရတနာ သုံးပါးကို အကြောင်းပြုပြီး လုပ်ကြတဲ့ ပွဲအမျိုးမျိုး တွေကို သတိရလိုက်ပါဘိတယ်။ ငါဘုရားကို ရောက်သော်လည်း ဘုရားစကားကို နားထောင်တဲ့ မောင်ထွန်းမောင်ရဲ့ ကုသိုလ်မျိုးကို ဘယ်မှာမီနိုင်မလဲ။”

စသည်ဖြင့် စိတ်ကူးတွေးတောကာ မပျော်တစ်ချက် ပျော်တစ်ချက်နှင့် မိုးလင်းရလေ၏။

နံနက်တွင် ကျွန်ုပ်ပြန်တော့မည်ဟု နှုတ်ဆက်လေရာ အဘိုးကြီးက

“အေးအေး ပြန်ဦးတော့ မောင်ရယ်။ မောင်တို့ ကျန်းမာ ချမ်းသာပါစေဆိုတာ အဘိုး ဆုတောင်းပါတယ်။ မောင်ထွန်းမောင်ကို ပြောပါ။ သူဝယ်ပေးခဲ့တဲ့ အဝတ်အစားတို့ကို အဘိုး ဘယ်လို စီမံထားတယ်ဆိုတာ၊ အေးအေး သွားတော့ မောင်ရေ၊ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေကွယ်။”

အဘွားကြီးက

“သွားတော့ မောင်ရေ၊ သွားတော့၊ အဘွားတို့ မသေခင် မောင်ထွန်းမောင်ကို တစ်ခါတော့ တွေ့ချင်သေးတယ်ကွယ်။ မိုးမကျခင် အဘွားတို့ ကျန်းမာရင်ဖြင့် ရန်ကုန်ကို ဘုရားဖူးလာခဲ့မယ်လို့ ပြောလိုက်ပါမောင်ရယ်၊ အခု အဘွားတို့ နှစ်ယောက် သေတဲ့အထိ ရှစ်ပါးသီလစောင့်ဖို့ သစ္စာအဓိဋ္ဌာန်ပြုပြီးတဲ့ အကြောင်းပြောပါလေကွယ်၊ အေး သွားတော့၊ မြေးရေ သွားတော့”

ဖွားမေက

“အစ်ကိုကြီး ထွန်းမောင်ဖို့ လက်ဆောင်ပေးလိုက်ပါရစေ။ ဟောဒါက ကျိုက်ထီးရိုး တောင်ဖြစ် ဝါးဆေးတံ၊ ဒါက သစ်ခွပန်းခြောက်တစ်ခု၊ ဟောဒါက ကျွန်မ အရင် ဖျားတုန်းက ဖြတ်ထားတဲ့ ဆံစု၊ အဲဒီ ဆံစုထဲက တစ်ဝက်ခွဲပြီး ဘုရားလှူပါ။ တစ်ဝက်ကို အစ်ကိုကြီး သိမ်းယူထားပါ လို့ပြောပါ။ ကျွန်မမသေခင် တစ်ခေါက်တော့ ရောက်အောင်လာပါမယ်လို့လဲ ပြောပါ။ သူ့လိပ်စာကို ကျွန်မ တောင်းထားလိုက်တယ်။ ပြီးတော့ ရှိခိုး လက်ဆောင်လဲ ပေးလိုက်ပါရစေ။ ဩော် အခုနေ အစ်ကိုကြီး ရန်ကုန် ဘယ်ဆီမှာလဲ”

ကျွန်ုပ်က ရန်ကုန်ရှိရာ ညွှန်ပြလိုက်သောအခါ ဖွားမေသည် တစ်ပတ်နွမ်း တစ်ထည်ကိုတင်၍ (ရန်ကုန် ထွန်းမောင်ရှိရာ) ဘက်သို့ ရိုသေလေးမြတ်စွာ လှည့်၍ ဦးသုံးကြိမ်ချကာ အစ်ကိုကြီးကို ဦးသုံးကြိမ် ကန်တော့ လိုက်ပါတယ် ဆို၍ ဦးသုံးကြိမ်ချ၏။ ထိုအခါ ကလေးမ၏ မျက်ရည်တို့သည်ကျ ပြန်လေ၏။

ကျွန်ုပ်သည် ခြေလေးလေးဖြင့် ထွက်ခဲ့ရာ ဖွားမေတို့ မောင်နှမသည် ကျွန်ုပ်၏ လွယ်အိတ်ကို ယူဆောင်၍ လှည်းဆိပ်အထိ ပို့ကြ၏။ လှည်းသည် တအိအိနှင့် လိမ့်သွားရာ ဖွားမေတို့ မောင်နှမသည် မျက်နှာငယ်ငယ်ဖြင့် ငေးမျှော်၍ ကျန်ရစ်ကြရှာလေသတည်း။

ကျွန်ုပ်သည် ထွန်းမောင် အခန်းသို့ ဝင်ခဲ့၏။ ထွန်းမောင်က

"အလို မင်းပြန်လာပြီလား၊ မင်းဘုရားဖူး ခဲ့ရတာ အမျှဝေပါဦးကွဲ့."

"မသရော်ပါနဲ့ကွယ်၊ ငါ့မှာ အမျှဝေစရာ ကျကျနန တစ်ခုမှ မပါခဲ့ပါဘူး၊"

(မျက်နှာငယ်ငယ်နှင့် ပြောသည်။)

"ဟော့ မင်းအကြောင်းတွေ ငါကြားခဲ့၊ သိခဲ့ပြီ၊ မင်းကုသိုလ် အင်မတန် ထူးမြတ်တာပဲ။ ငါ့ကို အမျှဝေစမ်းပါ၊ သူငယ်ချင်းရယ်"

"ဟင် ဘုရားရောက်တဲ့ လူက လမ်းက ပြန်လာတဲ့လူကို အမျှဝေခိုင်းနေသလားကွဲ့။ မင်းကလဲ ရှုးကြောင်ကြောင်နဲ့."

"ငါမရူးဘူး၊ ငါတကယ် ပြောနေတာ၊ ငါဟာ ကျိုက်ထီးရိုးဆိုတဲ့ စေတီနားတော့ ရောက်ခဲ့တာ မှန်တယ်။ နို့ပေမဲ့ မင်းကတော့ သမ္မာသမ္ဗုဒ္ဓဘုရား အစစ်ဆီကို ရောက်ခဲ့တယ်လို့ ဆိုရမယ်။ ဒါ့ကြောင့် ငါ့ကို အမျှဝေပါကွယ်"

"ဟော့ မင်းစာကလေး ဘာကလေး အကြည့်ဖူးသား မဟုတ်လား။ ငါက အမျှဝေမှ မင်း ရနိုင်တာမဟုတ်ဘူး။ မင်း ဝမ်းမြောက်ပြီး ကိုယ့်ဘာသာကိုယ် သာဓု ခေါ်နိုင်သလောက် ကုသိုလ်ရတာပဲကွယ့်"

"အဲဒါ၊ ငါသိတယ်၊ ဘာဖြစ်ဖြစ် မင်းပါးစပ်က မြွက်ဆိုပြီး ပေးတာကို ငါကြားချင်တယ်။ ငါသာဓု ခေါ်ချင်တယ်။ဆင်ခြေ ဆင်လက်တွေ လုပ်မနေပါနဲ့ကွယ်။ ငါကြည်ညိုလွန်းလို့ပါ။ မင်းပါးစပ်နဲ့ အမျှဝေစမ်းပါ။"

"ကိုင်း၊ ဒါဖြင့်လဲ အမျှဆိုတာ အဖို့ဘာဂဆိုလိုတယ်။ ငါကတော့ အဖို့တွေ အဖွဲ့တွေ လုပ်မနေပါဘူး။ ငါ့ကုသိုလ် အကုန်လုံးကိုပဲ ပေးပါတယ်ဗျာ။ အကုန်လုံးယူပါလေတော့။"

ထိုအခါ ကျွန်ုပ်သည် သာဓု လေးလေးနက်နက် ခေါ် ပြီးမှ

"မင်းကို ငါ ကျေးဇူးတင်တာ တစ်ခု ရှိသေးတယ်"

"ဘာလဲ"

"မင်းက ငါ့ကို ဘုရားဖူးနည်း နည်းကောင်း နည်းမှန်တစ်ခု သင်ပေးတဲ့ အတွက်ပေါ့"

(မှတ်ချက်။ ။ဤဝတ္ထုတွင် ဘုရားကြည်ညိုနည်း၌ ဗုဒ္ဓဘာသာကို အရင်းတည်၍ပြခြင်းမှာ မြန်မာ နိုင်ငံတွင် အများအားဖြင့် ကိုးကွယ်သော ဘာသာကြီးဖြစ်၍ ပုံစံ အနေဖြင့်သာပြခြင်းဖြစ်သည်။ အခြား ဘာသာဝင်တို့ အတွက်ကား သဘောတရားမျှသာ ယူရန် ဖြစ်၏။)

**၂၀ ရာစု** **အမျိုးသားပညာဝန်ဦးဖိုးကျား**

**ခက်ဆစ်**

၁။ ကလဲ့စားချေ = မိမိအပေါ် မကောင်းပြုသောသူကို မိမိကပြန်၍ မကောင်းပြုသည်။
၂။ ကမ္မဝါစာ = ဝိနည်းကံပြုရာ၌ ရဟန်းတော်တို့ရွတ်ဖတ်ရသော ဆိုင်ရာဆိုင်ရာ ပါဠိတော် ရေးသားထားသော စာထုပ်။
၃။ ခါတော်မီ = အခါကြီးရက်ကြီး ပွဲကြီး လမ်းကြီး အချိန်နှင့်ကိုက်၍။
၄။ ခွကျ = ဟိုမရောက် သည်မရောက် ဖြစ်သည်။
၅။ ငန်း = သည်းခြေ၊ လေ၊ သလိပ်တို့ တစ်ပါးချင်းဖြစ်စေ၊ နှစ်ပါးပေါင်း၍ ဖြစ်စေ၊ သုံးပါးလုံးဖြစ်စေ ဖောက်ပြန်၍ ဖြစ်သော ရောဂါ။
၆။ ဆံစု = ဆံထုံးထုံးရာတွင် ထည့်ပေါင်းရန် အရင်းက စုစည်းထားသော ဆံပင်စု။
၇။ ဆံတော် = မြတ်စွာဘုရား၏ ဆံပင်တော်။
၈။ ဆင်ပြောင်ငါးစီး = အရွယ်ရောက်ပြီး သန်မာသော ဆင်ထီးငါးကောင်။
၉။ ဌာပနာ = မွေတော် ဓာတ်တော်စသည်ကို စေတီ ပုထိုးတွင် ထည့်သွင်းသည်။
၁၀။ တစူးစား = တဇောက်ကန်း။
၁၁။ တစ်ပတ်နွမ်း = အသင့်အတင့် သုံးစွဲပြီးသော အခြေအနေ။
၁၂။ ဒွတ္တပေါင်မင်းကြီး = သရေခေတ္တရာကို ရှေးဦးစွာ တည်ထောင်ခဲ့သောမင်းကြီး။
၁၃။ နတ်ကတော် = နတ်က ကောက်ထားသူ၊ နတ်ပူးဝင် ဟောပြောတတ်သူ၊ နတ်ဝင်သည်။
၁၄။ နမြော = မစွန့်လွှတ်နိုင် ဖြစ်သည်။ ကပ်စေးနဲသည်။ တွန့်တိုသည်။
၁၅။ ပိုးပန်း = မိမိ ချစ်ကြိုက်သူကို ချဉ်းကပ်၍ မေတ္တာ ရယူရန် ကြိုးပမ်းသည်။
၁၆။ ဗွေဖောက် = မူလစိတ်ထား ပြောင်းလဲ ဖောက်ပြန်သည်။
၁၇။ ဘုရားလောင်း = ဘုရားဖြစ်ရန် ပါရမီ ဖြည့်ဆည်းနေသည့် ပုဂ္ဂိုလ်
၁၈။ မန်း = အနာပတ်လည်၌ ညိုမည်း ရောင်ရမ်းနေသော အခြေအနေ။
၁၉။ မြှော့ = မထူမထောင်နိုင်လောက်အောင် နွမ်းနယ် ပျော့ခွေသည်။
၂၀။ ရေစစ် = ရေကို သန့်စင်အောင်စစ်သည့်ပစ္စည်း။
၂၁။ ရင့်မာကြီး = ပုဂ္ဂိုလ် အရင့်အမာ။
၂၂။ ဝတ်လဲတော် = ဘုရင်၊ မင်းညီ မင်းသား၊ နတ်တို့ ဆင်မြန်းသော အဝတ်အထည်။
၂၃။ သိကြားနတ် = စတုမဟာရာဇ် ၊ တာဝတိံသာနတ်ဘုံကို အစိုးရသူ။
၂၄။ သံတော်ဦး = မင်းမိဖုရားစသူတို့အား လျှောက်ထားသည်။
၂၅။ သစ်ဆေးသရိုးကိုင် = နီးထည်၊ ကြိမ်ထည်စသည်ကို သုတ်လိမ်းရသော အစေးထွက်သည့် အပင်တစ်မျိုး၊ ယင်းအပင်မှ ထွက်သောအစေး။
၂၆။ သရိုးကိုင် = သရိုးဖြင့်လိမ်းကျံသည်။ (ယွန်းလုပ်ငန်း၊ မှန်စီရွှေချလုပ်ငန်းတို့တွင် အသုံးပြု သော သစ်စေးနှင့် လွှစာမှုန့် မီးသွေးမှုန့် ပြာတစ်မျိုးမျိုး ရောစပ် ပြုလုပ်ထားသော အရာ)။
၂၇။ သမ္မာသမ္ဗုဒ္ဓ = မဖောက်မပြန် မှန်ကန်သော တရားကို သိသော မြတ်စွာဘုရား။

၂၈။ အတန် = သင့်ရုံမျှ။
၂၉။ အဖို့ဘာဂ = ဝေစု။
၃၀။ ကေန္တ = စင်စစ် ဖြစ်ခြင်းသို့ ရောက်သည်။
၃၁။ ဣန္ဒြေ = ကိုယ်၊ နှုတ်၊ နှလုံး စောင့်စည်းမှု။

**သင်ခန်းစာဆိုလိုရင်း**

ဤဝတ္ထုတိုသည် စာရေးသူ ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုတိုများမှ ကောက်နုတ်ထားခြင်း ဖြစ်သည်။ ဝတ္ထု အခြေတည်ရာအချိန်ကာလမှာ စာရေးသူ ဦးဖိုးကျားဂျပ်ဆင် ကောလိပ်ကျောင်းသား ဘဝက ဒီဇင်ဘာလ၌ ကျောင်း ၁၂ရက်မျှပိတ်သည့် အချိန်ကို နောက်ခံထားသည်။ ဝတ္ထု အခြေတည်ရာ နေရာဒေသအဖြစ် မွန်ပြည်နယ် ကျိုက်ထိုရှိ ကျိုက်ထီးရိုး ဘုရားနှင့် ပတ်ဝန်းကျင်ကို ဝတ္ထုတွင် အခြေတည်ကာ နောက်ခံထား ခဲ့ပါသည်။ ဝတ္ထုတွင် စာရေးသူတို့ သူငယ်ချင်းတစ်စု ဘုရားဖူးသွားခဲ့ကြရာ ကင်ပွန်းစခန်း မရောက်မီ ခရီးတစ်ဝက်၌ နားကြရာ အင်းဝစခန်းဆိုင်စု မြောက်ဘက်ရှိ တဲငယ်တွင် အဘိုးကြီးလင်မယားနှစ်ယောက်နှင့် မြေးနှစ်ယောက်ဖျားပြီး လဲလျက်ရှိရာ မောင်ထွန်းမောင်က လျစ်လျူရှုမထားရက်ဘဲ နေကောင်းသည်အထိ ပြုစုစောင့်ရှောက်ခဲ့ပေသည်။ သူ့တွင်ပါလာသော အစားအသောက်တို့ကို ကျွေးမွေးခြင်း၊ တဲ၏ အမိုး အကာတို့ကို ပြုပြင်ပေးခြင်း၊ စိတ်အားတက်စရာ စေတနာစကားများဖြင့် နှစ်သိမ့်ပေးခြင်းတို့ကြောင့် ပကတိ ကျန်းမာလာကြသည်။ ထို့ပြင် မောင်ထွန်းမောင်က ဘုရား၌ ရွှေချရန် ပန်းလှူရန် ရေလှူရန် မှန်းခဲ့သည့် ငွေဒင်္ဂါးပြား ၃၀ ကျပ် တိတိကို အဘိုး၊ အဘွား တို့အား ပေးလှူသွားခဲ့သည်။။ အဘိုး အဘွားတို့မှာ အသက်၇၀ ရှိ သည့်တိုင် ကိုယ်ပိုင်ငွေအဖြစ် တစ်ခါမှ ငွေ၃၀ ကျပ် ပြည့်အောင် မကိုင်ခဲ့ဖူးခြင်းတို့ကြောင့် မောင်ထွန်းမောင်ကို နတ်သိကြားဟုပင် မှတ်ထင်ကြသည်။ မောင်ထွန်းမောင်၏ ပရဟိတစိတ်ကောင်း စိတ်မြတ်ကို လေးစားချစ်ခင်သောကြောင့် ကျေးဇူးတင်စကား တဖွဖွပြောသည်သာမက ဒေသထွက် အမှတ်တရပစ္စည်းလေးများကို မြတ်မြတ်နိုးနိုး ပေးခဲ့ကြသည်။ စာရေးသူ ဦးဖိုးကျားကမူ ဘုရားဖူးရသည်မှာ မယ်မယ်ရရ အကျိုး ဘာမျှမထင်ဘဲ ဘုရားကို ဗန်းပြပြီး ကိုယ်ကျိုးရှာ နေသူတို့ဖြစ်သည့် နတ်ကတော်၊ ရသေ့၊ ရသေ့မ၊ ဖိုးသူတော်၊ မယ်သီလ၊ ပန်းသည်၊ ရေသည် အချို့တို့ကို စိတ် မကျေနပ် ဖြစ်ရခြင်း၊ မိန်းမပျိုလေးများကို ပိုးပန်း ညှော်ခံရခြင်းကြောင့် ငွေကုန်ခြင်းသာ အဖတ်တင်ခဲ့သည်။ စာရေးသူသည် သူငယ်ချင်းများနှင့် ဟားတိုက်၊ သီချင်းဆို၊ ဖဲကစား လည်ပတ်ပျော်ရွှင်ခြင်းများနှင့်သာ အချိန်ကုန်ခဲ့သည့် ဦးဖိုးကျား၏ နောင်တ အတွေးအမြင်ကို နှိုင်းယှဉ် တင်ပြထားသည်။

မြန်မာပြည်တွင် ရတနာသုံးပါးကို အကြောင်းပြပြီးလုပ်ကြသည့် ဘုရားပွဲအမျိုးမျိုးတို့ရှိ၍ ဘုရားဖူး တို့သည် သွားရောက်ဖူးမြော်ကြရာ ဘုရားကို ရောက်သော်လည်း ဘုရားစကားကို နားထောင်သည့် မောင်ထွန်းမောင်၏ ကုသိုလ်မျိုးကို မီနိုင်မည်မဟုတ်ဟု စာရေးသူက ဆိုခဲ့သည်။ ထို့နောက် စာရေးသူ၏ စေတနာအတွေးအမြင် ရည်ရွယ်ချက်သို့ ရောက်စေရန် ဘုရားဟောဖြစ်သည့် ရဟန်းနှစ်ပါးဥပမာနှင့် နှိုင်းယှဉ်

တင်ပြရာတွင် မြတ်စွာဘုရားသည် ရေစစ်နှင့်မှ ရေသောက်ရမည်ဟု ပညတ်ထားရာ ရေစစ်မရှိသောကြောင့် ရေမသောက်သော ပထမရဟန်းနှင့် ရေသောက်သော ဒုတိယ ရဟန်း တို့တွင် ပထမရဟန်းသည် လမ်းတွင် ပျံလွန်ခဲ့၏။ ဒုတိယရဟန်းကား ဘုရားထံရောက်၍ အဖြစ်အပျက်ကို ပြန်လှန် လျှောက်ထားသောအခါ မြတ်စွာဘုရားက ဘုရားစကား နားထောင်၍ လမ်းတွင် အသေခံသော ရဟန်းကိုသာ ချီးမွမ်းတော်မူခဲ့သည်။ ထို့ကြောင့် ဘုရားကို ကြည်ညိုသည်ဆိုသည်မှာ ဘုရားစကားကို နားထောင်မှ ကြည်ညိုရာရောက်သည် ဟူသော ဘုရားဟောနှင့် ဥပမာပေးကာ ရိုးရှင်း ပြေပြစ်သော အရေးအသားဖြင့် ရည်ရွယ်ချက်သို့ ရောက်အောင် ဖန်တီးခဲ့ခြင်း ဖြစ်ပေသည်။ ထို ဝတ္ထုကို ဖတ်ရှုရခြင်းဖြင့် စံပြဇာတ်ဆောင် မောင်ထွန်းမောင်၏ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထားတတ်စေရန်နှင့် ဘုရားဖူးနည်းကောင်းကို စာဖတ်သူ အတုယူစေရန် ရေးဖွဲ့ခဲ့ခြင်းဟု ထင်မြင်ယူဆနိုင်ပါသည်။

**လေ့ကျင့်ခန်း**

၁။ ဦးဖိုးကျား၏ဘုရားဖူးသွားခြင်း ကိုယ်တွေ့ဝတ္ထုတိုတွင် ဇာတ်ကြောင်း ပြောသူမှာမည်သူနည်း။ အဓိက ဇာတ်ဆောင်တို့မှာ မည်သူနည်း။

၂။ ဘုရားဖူးသွားခြင်း ဝတ္ထုတိုအခြေတည်ရာ နောက်ခံ အချိန်ကာလနှင့် နေရာဒေသကို ဖော်ပြပါ။

၃။ မောင်ထွန်းမောင်ကို စံပြဇာတ်ဆောင်ဟု ခေါ်ဆိုနိုင်ပါသလား။ အဘယ်ကြောင့်နည်း။

၄။ ဘုရားဖူးသွားခြင်း ဝတ္ထုတို၏ ဦးတည်ချက်ကို ဖော်ပြပါ။

၅။ ဘုရားဖူးသွားခြင်းဝတ္ထုတို၏ ဇာတ်လမ်းကို မည်သို့ဖန်တီးထားသနည်း။

၆။ ဦးဖိုးကျား၏ဘုရားဖူးသွားခြင်း ကိုယ်တွေ့ဝတ္ထုတိုသည် စေတနာဖြင့် လူမှုရေးခံယူချက် ပြုပြင်သော ဝတ္ထုဟု သင်ယူဆပါသလား။ အကြောင်းပြ ဖြေဆိုပါ။

ဆောင်းပါး စကားပြေ

# ၄။ လူ့အသည်း
# (ကိုလိုနီခေတ်)


မြန်မာစာပါမောက္ခ ဦးမောင်မောင်ကြီး

"လူ့အသည်း" စကားပြေသည် ၁၉၆၄ ခုနှစ်တွင် ထုတ်ဝေသော "စာမျက်ရှု" စာအုပ်မှ ကောက်နုတ်ထားသည့် တက္ကသိုလ် မောင်မောင်ကြီး၏ အတွေးအမြင်ဆောင်းပါးတစ်ပုဒ် ဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် ရေးသားခဲ့ပြီး ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်း၌ စတင် ဖော်ပြခြင်းခံရသည်။ စာရေးသူတက္ကသိုလ် မောင်မောင်ကြီး (၁၉၁၄-၁၉၈၂) ကို အဖ ဦးစံညွန့် (ရောဝတီ ကုမ္ပဏီ သင်္ဘောကလေး အကြီးအကဲ) နှင့် အမိ ဒေါ်ခင်မေ တို့က ၁၉၁၄ ခု၊ မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ဖွားမြင် သည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံး ဖြစ်သည်။ ငယ်မည်မှာ မောင်ကျော်ညွန့် ဖြစ်သည်။

ငယ်စဉ်က ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကေရီဝိတိုရိယ ဗုဒ္ဓဘာသာ မိန်းကလေးကျောင်း၌ မူလတန်းကိုလည်းကောင်း၊ ရန်ကုန် ဟိုက်စကူးကျောင်း၌ အလယ်တန်းနှင့် အထက်တန်းပညာများကို လည်းကောင်း သင်ကြားခဲ့သည်။ (၁၉၃၁) ခုနှစ်တွင် အခြေခံပညာအထက်တန်း အောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ခဲ့သည်။ ဥပစာတန်းစာမေးပွဲတွင် မြန်မာစာ ဂုဏ်ထူးမှတ် ရရှိ၍ "သာဒိုးအောင်ဆု" ချီးမြှင့်ခံရသည်။ (၁၉၃၇) ခုနှစ်တွင် ဝိဇ္ဇာ (ဂုဏ်ထူး) ဘွဲ့၊ (၁၉၄၂) ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့တို့ကို ရရှိခဲ့သည်။

ဆရာသည် (၁၉၃၇) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ နည်းပြအဖြစ် လည်းကောင်း၊ (၁၉၄၂) ခုနှစ်အတွင်းတွင် ပညာရေးဌာန စာပေနှင့် စာကြည့်တိုက် ဌာနစိတ်၌ စာပြု၊ ထို့နောက် စာတည်း အဖြစ်လည်းကောင်း၊ (၁၉၄၅) ခုနှစ်တွင် အရေးပေါ်တက္ကသိုလ် (ဒုတိယကမ္ဘာစစ် ကြီးပြီးစ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်းတွင်ဖွင့်သည့်တက္ကသိုလ်)၊ မြန်မာစာဌာနနည်းပြကြီးအဖြစ် လည်းကောင်း၊ (၁၉၄၆) ခုနှစ်တွင် လက်ထောက်ကထိကအဖြစ်လည်းကောင်း၊ (၁၉၄၈) ခုနှစ်တွင် ကထိကအဖြစ်လည်းကောင်း၊ (၁၉၆၀) ခုနှစ်တွင် မြန်မာစာဌာနမှူးအဖြစ်လည်းကောင်း၊ (၁၉၆၂) ခုနှစ် တွင် ပါမောက္ခရာထူးဖြင့် တာဝန်ထမ်းဆောင်ပြီးနောက် (၁၉၇၄) ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။ ယင်းနောက် ပညာရေးဝန်ကြီးဌာန၊ မြန်မာစာ အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်နှင့် စာပေဆိုင်ရာ၊ ပညာရေးဆိုင်ရာတာဝန် အမျိုးမျိုးကိုလည်း ဆောင်ရွက်ခဲ့သည်။ (၁၉၈၂) ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဆရာသည် ဘာသာစာပေယဉ်ကျေးမှုဆိုင်ရာဆောင်းပါးများ၊ ကိုယ်တွေ့ဖြစ်ရပ် ဆောင်းပါးများ၊ ပင်ကိုရေးဝတ္ထုများ၊ ဘာသာပြန်ဝတ္ထုများနှင့် ပုံပြင်များ ရေးသားခဲ့သည်။ ဆရာရေးခဲ့သော စာပေများထဲတွင် စာမျက်ရှု၊ မြန်မာစာသင်ကြားရေး၊ အုတ်မြစ်တစ်လွှာ၊ အသုံးချမြန်မာစာ၊ မြန်မာစကားပြေသမိုင်း စသည့် ဘာသာစာပေ ရေးရာစာအုပ်များ၊ အချစ်အလွမ်းစွန့်စားခန်း၊ ဂျင်ဂျစ်ခန် စသည့် ဘာသာပြန်ဝတ္ထုများလည်း ပါဝင်သည်။

NUG MOE

# လူ့အသည်း

တောကြီးခေါင်ခေါင်၌ မိုးသက်မုန်တိုင်းများဆင်လျက် လျှပ်တဝင်းဝင်းထစ်ကြိုးကာ လေရောမိုးပါ အုံ့မှိုင်း ရွာသွန်းနေစဉ်တွင် ရောက်နေသူကား မျက်စိသူငယ် အသည်းထိတ်ထိတ် ရင်တခုန်ခုန်၊ ကျီးလန့်စာစား၊ မေးခိုက်ခိုက်တုန်လျက် စိုရွှဲသောကိုယ်ကိုမျှ ဂရုမစိုက်နိုင်၊ အထက်သို့မော့ကာ သစ်ပင်ကျိုးကျလေမည်လော၊ သစ်ပင်ပင်လဲကျပိလေမည်လောဟု လျှပ်ပြက်တိုင်း ပြက်တိုင်း၊ မိုးကြိုးထစ်တိုင်း ထစ်တိုင်း စိုးရိမ် ပူပန်မိ၏။ မိုးကိုပင်လျှင် တန်ခိုးကြီးသောနတ်မင်းဟုထင်မှတ်ကာ "မိုးနတ်မင်းရယ် တိတ်ပါတော့" ဟူ၍ပင် တောင်းပန်ရှာသည်။

အခက်အလက် သစ်ရွက်ချင်းထပ်လျက် မှောင်မည်းဝေရီနေအောင် ပင်တိုင်မကြီးတို့ဖြင့် ဖုံးအုပ်သော တောနက်တွင်းသို့ချင်းနင်းမိသော သူသည်လည်း အားငယ်မိတိုင်း ကိုးကွယ်ရာကို ရှာကြံ ၏။ ကျား ဟိန်းသံ တောခြောက်သံတို့ကိုကြားတိုင်း ခေါင်းနားပန်းကြီးလျက် အသည်းစိမ့်၏။ သွေးရပ် ၏။ တောကြီး ဝယ် မိမိထက်တန်ခိုးကြီးသူ တစ်ဦးဦးရှိလိမ့်မည်ဟု အယူသီးကာ သူတို့အားတိုးလျှိုး၏။ ပူဇော်သက္ကာရကို တတ်အား သမျှ တင်၏။

ရှည်လျားဝေးလံသောကာလ လူတို့ တောတွင်း မြေတွင်းအောင်းလျက် ရိုင်းစိုင်းနေသော ကာလကမူ မည်သို့ဆိုဖွယ်ရှိတော့အံ့။ တစ်ဝမ်းဝရုံ တစ်ကိုယ်တည်း လေးကို ထမ်းလျက်၊ မြားကို စွဲ လျက်၊ လှံတံကို စွဲလျက် အမဲသား၊ ငါးတို့ကို လိုက်လံရှာဖွေရ၏။ တစ်ဝမ်းစာ ရှာဖွေ၍ ရသောအခါ ၌လည်းကောင်း၊ ဘေးဒုက္ခ တစ်ခုခုဖြင့် တွေ့ကြုံရသောအခါ၌လည်းကောင်း မှိုင်တွေချမိ၏။ အားငယ် ရှာ၏။ မိမိထက် တန်ခိုးကြီး သောသူတစ်ဦးဦးက နှောင့်ယှက်လေပြီဟုထင်ကာ အမျိုးမျိုးပသရှာ၏။ "ထိုသူ" တို့ မငြိုငြင် ရလေအောင် အမြတ်နိုးဆုံးထားအပ်သော အသက်ကိုပင် ဆက်သရှာ၏။ အမဲစိမ်းဆတ်ကို ရလေသမျှ သူစိမ်းတစ်ရံဆံတို့ ချဉ်းကပ်လာလေသမျှတို့ကို ဖမ်းလျက် လည်ချောင်းသွေးဖြင့် စိတ်၌ စွဲလမ်းနေသူ တန်ခိုးရှင်အား ကျေနပ် အောင်ပြု၏။ "ထိုသူ" စိတ်ခုမည်ကို စိုးရွံ့ ထိတ်လန့်လေတော့သည်။ ဤသို့ဖြင့် ကိုးကွယ်မှုသည် သူ့နယ် နှင့်သူ မိရိုးဖလာ ဆင်းသက်လာခဲ့ကြ၏။

ကမ္ဘာကြီးကား တဖြည်းဖြည်းအသက်ရင့်လာ၏။ လူတို့သည်လည်း တဖြည်းဖြည်း အသိဉာဏ် တိုးပွား လာကြ၏။ အစစအရာရာ နေမှု ထိုင်မှု စားမှု သောက်မှု စိတ်နေစိတ်ထားတို့၌ ရင့်သန်လာကြကုန်၏။ ယဉ်ကျေး ခဲ့ချေပြီ။

အိန္ဒိယပြည်၌ ဂေါတမရှင်တော်ဘုရားသည်ပွင့်လင်းခဲ့၏။ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားခဲ့၏။ အရှေ့တိုင်းတလွှားရှိ တရုတ်ပြည်၊ ဂျပန်ပြည်တိုင် ပျံ့နှံ့ခဲ့၏။

ယုဒပြည်၌ သခင်ယေရှုခရစ်ကိုဖွားမြင်ပြီးလျှင် အရွယ်ရောက်သောကာလ လှည့်လည်၍ ကြီးလှသော သနားခြင်း ကရုဏာဖြင့် တပည့်တော်တို့ကို ကယ်တင်ခဲ့၏။ ယုံကြည်ကိုးစားသူတို့ မြောက်မြားစွာ စည်ကား ခဲ့၏။ အနောက်တလွှား အင်္ဂလန်ပြည်တိုင် နယ်ကျယ်ခဲ့၏။

မက္ကာပြည်၌ မိုဟာမက်အရှင်သည် ဒေသနာတော်တို့ကို ပညတ်ခဲ့၏။ တသွေမတိမ်း လိုက်နာ သူတို့ဖြင့် ပြည့်နှက်ခဲ့၏။ ကိုးကွယ်သူတို့သည် ခေါင်းလွတ်ကိုဝင့်လျက် ဒုန်းစိုင်းအပ်သော မြင်းတို့၏ ခွာအောက်မှ မလိုက်နာ

မယုံကြည်သောတိုင်းပြည်တို့ကိုညွတ်စေလျက် အနောက်သို့ မော်ရိုကိုတိုင်၊ အရှေ့သို့ အိန္ဒိယပြည် တိုင်အောင် သာသနာပြုခဲ့၏။

ကမ္ဘာပေါ်၌ ဘုရားအဆူဆူ ပွင့်ခဲ့ကြ၏။ ဘာသာအသီးသီး ပေါ်ပေါက်လာ၏။

ယခုခေတ်သို့ကူးခဲ့ပြီ။ ကိုးကွယ်မှုသည် ဖွားကာစကလေး၏သွေးသား၌ ရိုးတွင်းခြင်ဆီ ထိအောင် စွဲမြဲပါလာ၏။ မိဘဆွေမျိုးတို့ ကိုးကွယ်သောဘာသာတွင်း၌ ကြီးပြင်းလာ၏။ မိမိလည်း ထိုဘာသာဝင် ဖြစ်လာတော့သည်။ ရံဖန်ရံခါ အခြားဘာသာတို့ကို အမြင်ကတ်၏။ ရှုံ့ချ၏။ စော်ကား တတ်၏။ မိမိကိုးကွယ်သောဘာသာ၌ အယူသီးလေလေ အခြားဘာသာကို ရှုံ့ချလေလေဖြစ်၏။

နေထွက်စနံနက်ခင်းဝယ် လန်းလန်းစွင့်စွင့်ပွင့်နေသော နှင်းဆီပန်းကြီးကိုတွေ့လျှင် ခရစ်ယာန်ဘာသာဝင်တစ်ဦးသည် ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကို လေးလေးနက်နက် ချီးကျူးလေသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦး ကြားမိသွားပါက ပြုံးယောင်ယောင်ဖြစ်လာပေမည်တည်း။ သူ့တရားတော်အရ အကြောင်းလေးပါးဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရသာလျှင် ပဓာနဖြစ်ပေသည်။ ဘုရားနှင့် လုံးဝ မသက်ဆိုင်။ အယူဝါဒကား ကွဲပြားသည်သာ။

ကောင်းပြီ ဘာသာဝင်တစ်ဦးသည် အခြားတစ်ဦး၏ယုံကြည်မှုကို အလေးဂရုပြုကာ ထိုသူ၏ မျက်စေ့ဖြင့် ထိုသူစွဲလမ်းယုံကြည်သကဲ့သို့ ယုံယုံကြည်ကြည်ကြည့်ရှုပါက ထိုသူမြင်သကဲ့သို့ လိုက်၍ မြင်ရပေလိမ့်မည်။ အဘယ်သို့လျှင် အယူဝါဒချင်း ကွဲပြားပေတော့အံ့နည်း။

ဘာသာဝင်တိုင်း မိမိတို့ဘာသာသည် မှန်ကန်ကြောင်းကို အတိအလင်းဝန်ခံ၏။ သေပြီးသည့်နောက်ဖြစ်သော ဘဝသစ်၌ အေးချမ်းပျော်ရွှင်မှုကို တမ်းတကြ၏။ နိဗ္ဗာန်သို့ မျက်မှောက်ပြု၏။ ကောင်းကင်ဘုံသို့ အာရုံပြု၏။ ဘုရားသခင်ထံပါးသို့ ခယဝပ်စင်းလိုက်၏။ အဘယ်ကြောင့်နည်း။

ယခုဘဝ၌ ဒုက္ခအဖုံဖုံနှင့် တွေ့ကြုံခြင်းကြောင့်ဖြစ်သည်။ ဘာသာဝင်တိုင်း အကယ်ကိုပင် ထိုအေးချမ်းမှု ကို လိုလားပါသလော။ အေးချမ်းလွန်းမကအေးချမ်းလျက်၊ ပျော်လွန်းမက ပျော်ရွှင်လေလျှင်ကြာလတ်သော် မပျင်းရိမငြီးငွေ့ပြီလော။ ဤလောက၌ ဒုက္ခတွေ့နေစဉ် သေချင်လောက်အောင် စိတ်ညစ် တတ်ကြ၏။ သုခကိုတွေ့ပြန်ကမူ ထိုသို့ ဒုက္ခခံရစဉ်ကထက် နှစ်ဆလောက် ပို၍ ပျော်ရွှင်ကြသည်။ အပြောင်းအလွဲကလေးများရသဖြင့် နှစ်သက်တတ်ကြ၏။ စားမြုံ့ ပြန်တတ်ကြ၏။ ဒုက္ခမရှိသောနေရာ၌ စည်းစိမ်ခံစားရသော် ဆားပျက်သော အရသာနှင့် မတူပြီလော။ စဉ်းစားစရာ။

ရွှေရောင်တညီးညီးဖြင့် ဝင်းလက်နေသောစေတီတော်ကြီးကို ထီးတော်မှ သာသာယာယာ နွဲ့နွဲ့သဲ့သဲ့ကလေး ထွက်ပေါ်လာသော ဆည်းလည်းသံကလေးတွေကို နားစိုက်ရင်း စေတီတော်ကြီး၏ ခြေတော်ရင်း၌ မျက်လွှာကိုချလျက် လက်အစုံကကြာငုံအသွင်ရှိဦးချီလျက် ဘုရားသို့အာရုံပြုနေသော ဗုဒ္ဓဘာသာဝင်တစ်ဦးကို မြင်ရပုံမှာ အသည်းခိုက်အောင်စိတ်ကြည်နူးစရာတစ်ရပ်ဖြစ်သည်။

လေးလေးဆေးဆေး သံနိမ့်သံမြင့်အတိုင်း အချက်ကျကျ အဆက်မပြတ်တီးနေသော ဘုရားရှိခိုးကျောင်းဆောင်မြင့်ထက်မှ ခေါင်းလောင်းသံကိုနာခံရင်း အစည်းအဝေးတွင် ဒူးထောက်လက်ဆုပ်ခေါင်းငုံ့လျက် ဘုရားကိုအာရုံပြုနေသော ခရစ်ယာန်ဘာသာဝင်တစ်ဦးကိုမြင်ရပုံမှာလည်း ကြည်နူးရာ၏။

နေဝင်လုဆဲဆဲ ဗလီမျှော်စင်ထက်မှ ကော်ဇောကလေးကိုခင်းလျက် အနောက်ဘက်သို့ မျက်နှာမူကာ မိမိတို့ဘာသာအတိုင်း သံနေသံထားဖြင့် ဝတ်ပြုရန် နှိုးဆော်လိုက်သော အသံကို နားထောင်ရင်း ကြည်ညို စိတ်သန်သောမျက်နှာထားနှင့် မိမိဝတ်ထားသော "ဂျူဗာ၊ အချိကန့်နှင့် ကိုရ်တာ" တို့ကိုပြုပြင်ကာ ပုဆစ် ဒူးတုပ်၊ နဖူးမြေထိ ဦးချသော မိုဟာမေဒင်ဘာသာဝင်ကို မြင်ရပုံ လည်း ကြည်နူးဖွယ်ရာပင်။

လောက၌ အဘယ်ဘာသာပင်လျှင် လူ့စိတ်ကို မညွတ်နူးနိုင်အောင်ရှိပေအံ့။ ဘာသာတရားဆိုရာ၌ လည်း လူ့အသည်းနှလုံးသားအတွင်း၌ ကိန်းအောင်းသော ယုံကြည်မှုပင် ဖြစ်ပေတော့ သတည်း။

၂၀ ရာစု **တက္ကသိုလ်မောင်မောင်ကြီး**

**ခက်ဆစ်**

| | | |
|---|---|---|
| ၁။ ကံ | = | ကိုယ်၊ နှုတ်၊ စိတ်တစ်ခုခုဖြင့် ပြုလုပ်သောအမှု။ |
| ၂။ ကို(ရ်)တာ | = | အစ္စလာမ်ဘာသာဝင် အမျိုးသားများ ဘောင်းဘီနှင့်တွဲဖက် ဝတ်ဆင်ရသော အင်္ကျီအရှည်။ |
| ၃။ ကိုးကွယ်ရာ | = | ဘုရား၊ တရားစသည်ကို ဆည်းကပ်ပူဇော်အားထားသည်။ |
| ၄။ ကိုးစား | = | အထူးအားကိုးသည်။ |
| ၅။ ကိန်းအောင်း | = | အတွင်း၌တည်နေသည်။ |
| ၆။ ကျီးလန့်စာစား | = | အထိတ်ထိတ်အလန့်လန့်။ |
| ၇။ ကြည်ညိုစိတ် | = | အလေးအမြတ်ပြုသည်။ ရိုသေလေးစားသည်။ |
| ၈။ ခယဝပ်စင်း | = | ရိုသေစွာဆည်းကပ်သည်။ အောက်ကျို့သည်။ |
| ၉။ ခရစ်ယာန်ဘာသာဝင် | = | ခရစ်တော်၏တရားကို ယုံကြည်သက်ဝင်သူ။ |
| ၁၀။ ခေါင်းနားပန်းကြီး | = | ခေါင်းကြီးသည်။ |
| ၁၁။ ခြေရင်း | = | ခေါင်းရင်း၏ဆန့်ကျင်ဘက် အရပ်။ |
| ၁၂။ ဂျူဗာ | = | အစ္စလာမ်ဘာသာဝင် အမျိုးသားများ ဝတ်ဆင်သည့် အင်္ကျီ အရှည်။ |
| ၁၃။ ပြိုငြင် | = | မကြည်ဖြူ မရှုစိတ် ဖြစ် သည်။ |
| ၁၄။ စားမြုံ့ပြန် | = | သိုး၊ ဆိတ်၊ နွားစသည်တို့ မျိုပြီးသောအစာကို အစာအိမ်မှ ပြန်ထုတ်၍ ဝါးသည်။ ထပ်တလဲလဲ ပြန်လည်ခံစား၊ တွေးတော၊ ပြောဆိုသည်။ |
| ၁၅။ စိမ်းဆတ် | = | မနူးမနပ် မပျော့မပျောင်း။ |
| ၁၆။ စွဲလမ်း | = | လွန်စွာတွယ်တာသည်။ |
| ၁၇။ ဆားပျက် | = | အငန်အရသာနည်းသည်။ |
| ၁၈။ ဆည်းလည်း | = | လှုပ်ခတ်လျှင်အသံမြည်သည့်ခေါင်းလောင်းငယ်။ |
| ၁၉။ တောခြောက်သံ | = | သားကောင်များထွက်လာအောင် တောချုံတို့ကို ရိုက်ပုတ် သည်။ တောထဲတွင် မကောင်းဆိုးဝါးတို့က ခြောက်လှန့်သည်။ |

| | | |
|---|---|---|
| ၂၀။ တောနက် | = | တောအလွန်ထူသည်။ တောကြီးမျက်မည်းထဲသို့ရောက်သည်။ |
| ၂၁။ တန်ခိုးရှင် | = | ထူးခြားထက်မြက်သောအစွမ်းရှိသည့်ပုဂ္ဂိုလ်။ |
| ၂၂။ ထီးတော် | = | စေတီ အထွတ် စသည်တွင် စိုက်ဆောက်သော ထီးပုံ အဆင်တန်ဆာ။ |
| ၂၃။ ထစ်ကြိုး | = | (မိုးကြိုးသံ) မြည်ဟည်းသည်။ |
| ၂၄။ ဒုန်းစိုင်း | = | အပြေးအလွှား အလျင်အမြန်သွားသည်။ မြင်းကို ဒုန်းစီး သည်။ |
| ၂၅။ ဓားလွတ် | = | ဓားအိမ်မှ ချွတ်ထားသောဓားရှည်။ |
| ၂၆။ နိဗ္ဗာန် | = | ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ။ |
| ၂၇။ နှိုးဆော် | = | တိုက်တွန်းစေ့ဆော်သည်။ |
| ၂၈။ ပသ | = | တင်မြှောက်ပူဇော်သည်။ |
| ၂၉။ ပုဆစ်ဒူးတုပ် | = | ဒူးနှစ်ဖက်ကို အခင်းအပြင်နှင့်ထိလျက် ထိုင်သည်။ |
| ၃၀။ ပူဇော်သက္ကာရ | = | ရိုသေစွာပူဇော်ခြင်း။ |
| ၃၁။ ပင်တိုင်မကြီး | = | ပင်စည်မြင့်သောသစ်ပင်ကြီး၏ကိုယ်ထည်။ |
| ၃၂။ ဗလီ | = | အစ္စလာမ်ဘာသာဝင်တို့ ဝတ်ပြုသည့်အဆောက်အအုံ။ |
| ၃၃။ ဗုဒ္ဓ | = | သစ္စာလေးပါးကို မဖောက်မပြန် အလိုလိုသိတော်မူသော မြတ်စွာဘုရား။ |
| ၃၄။ ဗုဒ္ဓသာသနာ | = | ဗုဒ္ဓအဆုံးအမ။ |
| ၃၅။ ဗုဒ္ဓဘာသာဝင် | = | မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဆုံးအမ တရားတော်များကို ယုံကြည်သူ။ |
| ၃၆။ ဘာသာတရား | = | ယုံကြည်ကိုးကွယ်သည့်အယူဝါဒ။ |
| ၃၇။ ဘုံ | = | သတ္တဝါဖြစ်တည်ရာဌာန။ |
| ၃၈။ မိရိုးဖလာ | = | မိဘရိုးရာအစဉ်အလာ။ |
| ၃၉။ မိုဟာမေဒင်ဘာသာဝင် | = | အလ္လာဟ်အရှင်မြတ်စေလွှတ်တော်မူသောတမန်တော် မိုဟာမက်ယူ ဆောင်လာသည့်ကျမ်းမြတ်ကုရ်အာန်လာ တရားများကို ယုံကြည်သူ။ |
| ၄၀။ မိုးကြိုး | = | အာကာသတွင် ဆန့်ကျင်ဘက်လျှပ်စစ်ဓာတ်ချင်း ထိခတ်ရာမှ ဖြစ်သောပေါက်ကွဲသံ။ |
| ၄၁။ ဝတ်ပြု | = | အမြဲဆောင်ရွက်အပ်သောအမှုကိုပြုသည်။ |
| ၄၂။ သခင်ယေရှုခရစ် | = | ထာဝရဘုရား၏အကြောင်းကို ထင်ရှားစွာဖွင့်ပြသောပုဂ္ဂိုလ်။ လူ၊ သတ္တဝါများကို မကောင်းမှုနှင့် ထာဝရပျက်စီး ဆုံးရှုံးခြင်းတို့မှ ကယ်တင်၍ ထာဝရအသက်ကို ရစေတော်မူသော အရှင်။ |
| ၄၃။ သူစိမ်းတစ်ရံဆံ | = | တစ်ခါတစ်ရံမျှသာဆက်ဆံဖူးသူ။ |

| | | |
|---|---|---|
| ၄၄။ သွေးရပ် | = | ရုတ်တရက်ကြောက်ရွံ့တုန်လှုပ်သည်။ |
| ၄၅။ အယူဝါဒ | = | သက်ဝင်ယုံကြည်မှု။ ယုံကြည်ကိုးကွယ်သောဘာသာ။ |
| ၄၆။ အယူသီး | = | တစ်ဖက်သတ် အယူဝါဒ။ အစွဲအလမ်းကြီးသည်။ |
| ၄၇။ အသည်း | = | သည်းခြေရည်ထုတ်လုပ်၍ သွေးပြန်ကြောရှိသွေးကို သန့်စင်ပေးသော ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်း။ |
| ၄၈။ အသည်းစိမ့် | = | ရင်ထဲတွင်အေးခနဲဖြစ်သွားသည်။ |
| ၄၉။ အချ်ကန့် | = | ရိုးရာဘာသာရေးဝတ်စုံတစ်မျိုး။ |

**သင်ခန်းစာဆိုလိုရင်း**

မည်သည့်ဘာသာအယူဝါဒမဆို ယုံကြည်မှုအပေါ်မူတည်၍ လူ့စိတ်ကို ကြည်နူးစေတတ်ကြောင်း၊ ဘာသာတရားဆိုသည်မှာ လူ့အသည်းနှလုံးသားအတွင်း၌ ကိန်းအောင်းနေသော ယုံကြည်မှုပင် ဖြစ် ကြောင်း သိရှိစေလိုရင်း ဖြစ်ပါသည်။

စာရေးသူက လောကလူသားတို့သည် စိုးရိမ်ပူပန်အားငယ်စိတ်ပြေပျောက်စေရန် အားကိုးမှုကို ရှာကြံခဲ့ကြရာမှ မိရိုးဖလာ ကိုးကွယ်မှုအမျိုးမျိုးပေါ်ပေါက်ခဲ့ပုံ၊ လူ့ယဉ်ကျေးမှု တိုးတက်ထွန်းကားလာမှုနှင့်အတူ ဂေါတမရှင်တော်ဘုရား၊ သခင်ယေရှုခရစ်နှင့် မိုဟာမက်အရှင် စသည်ဖြင့် ကမ္ဘာပေါ်၌ ဘုရားအဆူဆူ ပွင့်တော်မူ ခဲ့ကြပုံ၊ မိမိကိုးကွယ်သောဘာသာ၌ ယုံကြည်မှု ပိုရာမှ အယူသီးပြီး အခြား ဘာသာကို ရှုံ့ချတတ်ကြပုံ၊ ဘာသာဝင် တစ်ဦးသည် အခြားတစ်ဦး၏ ယုံကြည်မှုကို အလေးဂရုပြု သင့်ပုံ၊ မည်သည့်ဘာသာဝင်မဆို ယခုဘဝ၌ ဒုက္ခအဖုံဖုံ တွေ့ကြုံ ရခြင်းကြောင့် သေပြီးသည့်နောက် ဖြစ်သောဘဝသစ်၌ အေးချမ်းပျော်ရွှင်မှုကို တမ်းတတတ်ကြမြဲ ဖြစ်ပုံ တို့ကိုထောက်ပြပြီး မည်သည့် ဘာသာဝင်မဆို သက်ဆိုင်ရာကိုးကွယ် ယုံကြည်မှုအပေါ် သက်ဝင် အာရုံပြုကြပုံကို ကြည်နူးမိကြောင်း၊ လောကတွင် လူ့စိတ်ကိုမညွတ်နူးစေသော ဘာသာဟူ၍ မရှိဘဲ လူ့အသည်းနှလုံးသား အတွင်း၌ ကိန်းအောင်းနေသော ယုံကြည်မှုသည် ထိုပုဂ္ဂိုလ် သက်ဝင်ယုံကြည်သော ဘာသာတရား ဖြစ်ကြောင်း ဖော်ထုတ်ဆွေးနွေးထားပါသည်။

**လေ့ကျင့်ခန်း**

၁။ လောကရှိလူသားများသည် မိမိတို့၏ စိုးရိမ်ပူပန်အားငယ်စိတ်ပြေပျောက်စေရန် အားကိုးမှုကို မည်သို့ရှာခဲ့ကြသနည်း။

၂။ မိရိုးဖလာကိုးကွယ်မှုဆိုသည်မှာ အဘယ်နည်း။

၃။ တက္ကသိုလ်မောင်မောင်ကြီး၏အတွေးအမြင်ကို မည်သို့ထင်မြင်သုံးသပ်မိပါသနည်း။

၄။ လူ့ယဉ်ကျေးမှုတိုးတက်ထွန်းကားမှုနှင့်အတူ ဘုရားအဆူဆူ ပွင့်တော်မူလာပုံကို ရှင်းပြပါ။

၅။ မိမိကိုးကွယ်သောဘာသာ၌ ယုံကြည်မှုပိုပြီး အခြားဘာသာကို ရှုံ့ချတတ်သော အပြုအမူအား သင်လက်ခံပါသလား။ ကြောင်းကျိုးပြဖြေဆိုပါ။

၆။ ဘာသာတရားဆိုသည်မှာ လူ့အသည်းနှလုံးသားအတွင်း၌ ကိန်းအောင်းသောယုံကြည်မှု ဖြစ်ကြောင်း ရှင်းပြပါ။

ရသစာတမ်း

## ၅။ အမှောင်
## (လွတ်လပ်ရေးခေတ်)



အမှောင်စကားပြေသည် ဆရာတိုက်စိုး၏ ရသစာတမ်း တစ်ပုဒ် ဖြစ်ပါသည်။ ဆရာတိုက်စိုးကို ဧရာဝတီတိုင်း ဖျာပုံမြို့နယ် သမိန်ထောကျေးရွာတွင် အဖဦးဖိုးဝ၊ အမိ ဒေါ်ငွေနု တို့က ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ အမည်ရင်းမှာ ဦးသန်းထွတ်ဖြစ်ပါသည်။ အခြေခံပညာကို သမိန်ထောရွာ မြန်မာ အလယ်တန်းကျောင်း၊ ဖျာပုံအစိုးရ အထက်တန်းကျောင်း၊ ရန်ကုန်မြို့ မြို့မအမျိုးသားကျောင်းတို့တွင်သင်ကြားခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(၁၉၄၆)၊ ဥပဒေဝိဇ္ဇာဘွဲ့(၁၉၅၆)၊ အင်္ဂလန်နိုင်ငံ လပ်ဗရာကောလိပ် စာကြည့် တိုက်သင်တန်းကျောင်းမှ အေအယ်အေဘွဲ့(၁၉၅၁)တို့ကို ရရှိခဲ့ပါ သည်။

ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် အချိန်ပိုင်းနည်းပြ (၁၉၄၆– ၄၇)၊ အင်္ဂလိပ်စာဌာနဆိုင်ရာ စာကြည့်တိုက်မှူး (၁၉၄၉–၅၁)၊ ရန်ကုန်တက္ကသိုလ် လက်ထောက် စာကြည့်တိုက်မှူး (၁၉၅၁–၅၅)၊ အထူးအရာရှိ (၁၉၅၅–၆၀)၊ ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူး (၁၉၆၉–၇၂)၊ ညွှန်ကြားရေးမှူးချုပ် (၁၉၇၂–၈၂)၊ တာဝန်များဖြင့် အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ နော်ဝေ၊ အိန္ဒိယ၊ တရုတ် နိုင်ငံများသို့ သွားရောက်ခဲ့ပါသည်။

၁၉၃၇ခုနှစ် မြို့မကျောင်းထုတ် ဝံသယုဝမဂ္ဂဇင်း၌ "သန်းထွတ် (၁၁ ဆင့်/ ဃ)ကလောင် အမည်ဖြင့် "ချစ်ဆွေများသို့" ဆောင်းပါးကို စတင်ရေးသားခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်းမှစ၍ "တိုက်စိုး" ကလောင်အမည်ကို စတင်အသုံးပြုခဲ့ပါသည်။ ဆရာမင်းယုဝေနှင့် တွဲဖက်၍ မြန်မာစာမိတ်ဖွဲ့၊ စာဆိုနှင့်သုတေသီ တို့ကို ရေးသားခဲ့ပါသည်။ ဆရာရေးသားထုတ်ဝေ ခဲ့သော စာအုပ်များမှာ မင်းနှင့်စာဆို၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ မင်းတုန်းမင်း၊ မော်ပီဆရာသိန်း၊ စာကိုးစကားကိုး၊ တိုက်စိုး စာတိုနန့်နန့်၊ ဗုဒ္ဓဘာသာအနုပညာနိဒါန်း၊ ဂျူဗလီဟောမြင်ကွင်း၊ ဧရာဝတီ၊ ယဉ်ကျေးမှုအထိမ်းအမှတ်များ၊ မင်္ဂလာပါ ဆရာမ၊ ဇေယျ တို့ဖြစ်ကြသည်။

"မင်္ဂလာပါဆရာမ" စာအုပ်ဖြင့် ၁၉၆၆ခုနှစ်တွင် အမျိုးသားစာပေဆု (ဘာသာပြန်ရသ)၊ "ဇေယျ" စာအုပ် ဖြင့် ၂၀၀၀ပြည့်နှစ်အမျိုးသားစာပေဆု(စာပဒေသာ)၊၁၉၉၉ခုနှစ်တွင်ပခုက္ကူဦးအုန်းဖေစာပေဆု(တစ်သက်တာစာပေဆု)၊ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမ အဆင့်)၊ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဂုဏ်ပြုတံဆိပ်တို့ကို ရရှိခဲ့ပါသည်။

၂၀၀၃ ခုနှစ် မေလ ၄ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

အမှောင်ရသစာတမ်းတွင် ငယ်စဉ်က အမှောင်ကိုကြောက်သော်လည်း အရွယ်ရောက်လာသောအခါ အမှောင်ကိုပင် တောင့်တလာတတ်ပုံ၊ ဉာဏ်အလင်းရောင် ဝင်လာရေးသည် အမှောင်ခေတ် ပေါ်တွင် အမှီသဟဲ ပြုနေပုံတို့ကို ရေးသားထားပါသည်။

# အမှောင်

ကျွန်တော် ကလေးအရွယ်ကဆိုလျှင် အမှောင်ကို ကြောက်သည်။ မှောင်ထဲတွင် မသွားရဲ၊ မှောင်ထဲတွင် မအိပ်ရဲ။ အမှောင်သည် ကလေးနှင့် ရန်ဘက်ဖြစ်၍ အလင်းသည် ကလေးနှင့် မိတ်ဖက် ဖြစ်သည်။ အလင်းတွင် မိဘဆွေမျိုးတွေကို မြင်နေရသည်။ သူတို့၏ အသိုင်းအဝိုင်းကြောင့် အားပြည့်သည်။ ရဲရင့်သည်။ အမှောင်ထဲတွင် ရှိနေသည့် အခါမူကား မိမိ တစ်ကိုယ်တည်းပါကလားဟူ၍ ထင်လာမိသည်။ ကြောက်အား ပိုလာလေသည်။ ကြောင်အို ပေမှေးက လာ၍ ကိုက်မည်လား။ ညဦးက ဘကြီးပြောပြသည့် အမွေးဖွားဖွား၊ မျက်လုံးကြီးကြီး၊ အစွယ်ပြူးပြူးနှင့် တစ္ဆေဘီလူးက လာ၍ဆွဲလိမ့်မည်လား။ မိုးတွေက ဖြုန်းဖြုန်းရွာချနေခိုက် ဒေဝါကောင် လာလိမ့်မည်လား။ အပေါ်မျက်နှာကြက်ကလည်း မလုံ။ အောက်ကြမ်းကလည်း မလုံ။ ညာဘက်ကလည်း မလုံ။ ဘယ်ဘက်ကလည်း မလုံ။ ရင်ဖိုမိလေတော့သည်။ ကျွန်တော် ယခု ထင်မိသည်။ အမေရိုက်သဖြင့် မှောင်မိုက်မှာ ငိုနေသော ဂျာအေးသည် မေ့၍သာ မှောင်ထဲတွင် နေရဲသည်ဖြစ်မည်။ သတိရလိုက်သည်နှင့်တစ်ပြိုင်နက် ကြိမ်လုံးဒဏ်ကို မေ့ပျောက်၍ အမေ့ရင်ခွင်သို့ ပြေးဝင်လိမ့်မည်သာ ဖြစ်သည်။

ကလေးသည် ဘာကြောင့် အမှောင်ကို အကြောက်ကြီး ကြောက်ရလေသနည်း။ သူ့ကို လူမမည်ဟု ခေါ်ကြသည်။ လူမဖြစ်သေးဘူး ဟူ၏။ သူ့ကိုယ်ထည်ကလည်း သေးကွေးလှသည်။ သူ့မျက်စိတွင် လူ့လောက ကလည်း ကြီးလွန်းကျယ် လွန်းလှသည်။ ကြီးလွန်း ကျယ်လွန်းသော လောကကို သူ့လို ပုလုကွေးလေးက အဖော်မပါဘဲ ရင်မဆိုင်နိုင်။ ကလေးဘဝ ကို လွန်မြောက်၍ လူကြီးသူကြီးဖြစ်ခါမှ အမှောင်ကို ကြောက်သည့် စိတ်ပြယ်လေတော့သည်။ မပြယ်ဘဲ ရှိနိုင်မည်လား။ သူ့အိုး သူ့အိမ် နှင့် လည်း ဖြစ်လေပြီ။ လူထဲသူထဲလည်း တိုးခဲ့ရလေပြီ။ တိုးရင်းဝင်ရင်း လူ့အရေး၌ နစ်သထက် နစ်ခဲ့လေပြီ။ ထိုအခါ၌ အမှောင်ကို မရှုံ့ရှုံသာမဟုတ်။ တောင့်တလာမိတော့သည်။ ရှင်းပါအံ့။

ကျွန်တော်သည် အစည်းအဝေးသို့ တက်၏။ အစည်းအဝေးပါ လုပ်ငန်းနှင့်ပတ်သက်၍ ကျွန်တော်က ဤသို့လုပ်လိုသည်။ တစ်ယောက်သောသူက ကျွန်တော့်လမ်းစဉ်ကို ပယ်၍ ဤပုံ အကြံပေးသည်။ ကျွန်တော် က မိမိလမ်းစဉ် နည်းလမ်းကျကြောင်း ယုတ္တိယုတ္တာတွေပြ၍ ပြန်ချေသည်။ အခြားတစ်ယောက်က တစ်ဖန် အကြံပေးချက်နှစ်ခုကို ညှိနှိုင်း၍ လမ်းစဉ်သစ် ချပေးပြန်သည်။ ဤသို့ ဖြင့် လေလှိုင်းပြင်းထန်သည့် မြစ်ပြင်ကို လှေငယ်ဖြင့် ကန့်လန့်ဖြတ်ကူးရသည့်ပမာ ကိုယ့်လမ်းစဉ်သည် ရည်မှန်းရာသို့ မရောက်နိုင်ဘဲ ဟိုကွေ့ သည်ရှောင်ဖြင့် ဘယ်လူးညာပြန် ဖြစ်ရလေသည်။ အတော်ကြီး လှံ့လထုတ်နိုင်ပါမှ၊ အတော်ကြီး ကိုယ့်ဘက်က ခိုင်လုံပါမှ ရည်မှန်းရာသို့ ပွန်း၍၊ ပဲ့၍၊ ရွဲ့ ၍၊ စောင်း၍ ရောက်ရသည်။ ဤသည်လည်း တစ်မျိုး။

ကျွန်တော်သည် လောကဝတ္တရားနှင့်အညီ ရပာန်းခံရှင်ပြုသို့ သွားရတတ်သည်။ စိတ်ထဲတော့ မသွား ချင်။ အိမ်ထဲမှာပင် ကုပ်နေချင်သည်။ သို့ရာတွင် မသွားဘဲ မနေသာ။ အလှူမဏ္ဍပ်တွင် လူတွေ ရုတ်ရုတ်သဲသဲ ရှိသည်။ တရားနာ ရာတွင်လည်း လူ၊ အကျွေးအမွေးတွင်လည်း လူ၊ သည်လူ တွေ၏အငွေ့ဖြင့် အသက်ရှူရ ကျပ်လှချေသည်။ နေက ပူ၊ လော်စပီကာကလည်း ဆူသေးသည်။ သည်အထဲ တစ်ကိုယ်လုံး ချွေး ကပ်စေး ကပ်စေးနှင့် ဖြစ်နေပြန်ရာ နေမထိထိုင်မသာ ရှိရလေသည်။ ဤသည်လည်း တစ်မျိုး။

ယနေ့ခေတ်အချိန်သည် အရေးကြီးလေသည်။ အလုပ်သွားရာ၌လည်းကောင်း၊ ချိန်းဆိုရာ၌ လည်းကောင်း

အချိန်တိတိကျကျနှင့် လုပ်ကြရလေသည်။ ထို့ကြောင့် ဘယ်နှနာရီ၊ ဘယ်နှမိနစ်၊ ဘယ်နှ စက္ကန့်ရယ်ဟူ၍ ကျွန်တော့်၌ အချိန်နှင့် ပတ်သက်သော အစွဲတွေ ကပ်ရောက်လာကြသည်။ ကျွန်တော်တို့၏ အဘိုးအဘွားများ ခေတ်က ဤသို့သောအစွဲ မရှိ။ အေးအေးလူလူ စိမ်ပြေနပြေ နေနိုင်ကြလေသည်။ ဤသည် လည်း တစ်မျိုး။

ဤသို့ဖြင့် စိတ်ရှုပ်စရာ ကြုံရသည်။ ငြီးစီစီ ဖြစ်ရသည်။ ကြောင့်ကြမှု ပိုရသည်။ ထိုအခါ၌ တစ်ကိုယ်တည်း နေလိုစိတ် ပေါ်ပေါက်လာရလေသည်။ ထိုအဖြစ်သည် လူ့စရိုက်၊ လူ့ထုံးစံနှင့် ဆန့်ကျင်သည် မဟုတ်ပါ။ လူ့အရေးနှင့် ပွန်းတီးလွန်းလျှင် ရုံဖန်ရံခါ ခပ်ခွာခွာနေချင်သည်မှာ ဓမ္မတာ ဖြစ်လေသည်။ နေဖို့လည်း လိုအပ်ပါသည်။ သို့ရာတွင် အမှောင်ကို အဖော်ပြုပါမှ တစ်ကိုယ်တည်း နေရကျိုးနပ်လေသည်။ အလင်းအချင်းသည် စိတ်ပျံ့စေတတ်သည်။ အမှောင်တွင်မူ ဘေးဘီက အာရုံတွေ မဝင်နိုင်။ မိမိကို အမှောင်တွေ ဝန်းဝိုင်းနေသော်လည်း လုံးလုံးကြီး မှောင်ချင်မှလည်း မှောင်မည်။ ကောင်းကင်၌ လတစ်ခြမ်းပဲ့ကလေးက မလင်းသာလင်းသာနှင့် ရှိကောင်း ရှိမည်။ အိမ်ရှေ့၌ သစ်ပင် ကို ဝိုးတဝါးမြင်ရကောင်းမြင်ရမည်။ သို့ရာတွင် သူတို့သည် သမာဓိပျက်ပြားရလောက်အောင် အနှောင့်အယှက်ပေးမည် မဟုတ်ပါ။ မပျက်ပြားစေရုံတွင်မက မိမိစိတ်ကို ခိုင်သထက်ခိုင်အောင် အထောက်အပံ့ပင် ပြုတတ်လေသည်။ သူတို့ကို အာရုံဝင်စားမိပါက တဖြည်းဖြည်းနှင့် လန်းဆတ်လာတတ်ပါသည်။ အားပြည့်လာတတ်ပါသည်။ ထို့ပြင် အမှောင်ထုသည် မိမိကိုယ်ကို လွှမ်းခြုံမိသည်နှင့်အမျှ စိတ်သည်လည်း ငြိမ်လာလေသည်။ ငြိမ်ရာမှ ကြည်လာလေသည်။ ထိုအခါ၌ လူတောတိုးနေသည့် အချိန်ကထက် မိမိကိုယ်ကို ပိုမိုထင်ရှားစွာ သိမြင်လာလေတော့သည်။ ငါ့ဘဝသည် မှုမှုတတ ရှိရဲ့လား။ ငါ အရေးတကြီး ထင်ခဲ့သမျှသည် တကယ်ပင် အရေးကြီးရဲ့လား။ ငါသည် ဤနေရာတွင် ဒေါသထွက်သင့်ပါသလား။ ဤပြဿနာတို့သည် ရှင်း၍ရှင်း၍ လာလေသည်။ သာဓက တစ်ခု ကျွန်တော်ပြဦးမည်။ ကျွန်တော်တို့သည် လူငယ်ဘဝ စကားထာဖြစ်စေ၊ ပုစ္ဆာဖြစ်စေ ဝှက်တတ်ကြသည် မဟုတ်လား။ ထိုအခါ ဖြေမည့်သူက ခဏတစ်ဖြုတ် မျက်စိမှိတ်၍ စဉ်းစားတတ်သည်။ နောက် ခဏတွင် ခေါင်းထဲသို့ အဖြေရောက်လာတော့သည်။

ဉာဏ်အလင်းရောင် ဝင်လာရေးသည် အမှောင်ဓာတ်အပေါ်တွင် အမှီသဟဲပြုရမြဲ ဖြစ်လေသည်။

**၂၀ ရာစု** **တိုက်စိုး**

**ခက်ဆစ်**

၁။ စကားထာ = အနက်အဓိပ္ပာယ် မြှုပ်ထားသော ဉာဏ်စမ်းစကား၊ ပဟေဠိ။

၂။ စိမ်ပြေနပြေ = အေးအေးဆေးဆေး။

၃။ ဉာဏ် = သိမြင်တတ်သောတရား။ အသိတရား။ ပညာ။

၄။ ဓာတ် = ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောကဲ့သို့သော အရင်းခံသဘော။

၅။ ဓမ္မတာ = ဖြစ်မြဲသောအစဉ်အလာ။

၆။ ပေမှေး(ပေမြေး)= မျက်စိမှေးသော။

၇။ ပုစ္ဆာ = အမေး။ ဖြေရှင်းရန် မေးခွန်း။

၈။ ပွန်းတီး = ကျွမ်းဝင်ရင်းနှီးသည်။

| | | |
|---|---|---|
| ၉။ ပြယ် | = | ကုန်ခန်း လွင့်ပျောက်သည်၊ လျော့ပါး ဆုတ်ယုတ်သည်။ |
| ၁၀။ ပြဿနာ | = | ဖြေရှင်းရန်လိုသောကိစ္စ။ အမေးပုစ္ဆာ။ |
| ၁၁။ ယုတ္တိ | = | လက်ခံယုံကြည်နိုင်လောက်သည့် အထောက်အထား အကြောင်းအချက်။ |
| ၁၂။ ရွံ့ | = | မဝံ့မရဲဖြစ်သည်၊ ကြောက်သည်။ |
| ၁၃။ လောကဝတ် | = | လူအချင်းချင်း ဆက်ဆံရာတွင် စောင့်စည်းလိုက်နာအပ်သော တရား။ |
| ၁၄။ လုံ့လ | = | ကြိုးစားအားထုတ်ခြင်း။ |
| ၁၅။ ဝိုးတဝါး | = | အာရုံတွင် မထင်မရှား။ |
| ၁၆။ ဝှက် | = | မတွေ့မမြင်အောင်ထားသည်။ ဖုံးကွယ်ထားသည်။ စကားထာ၊ ပဟေဠိ စသည်ကို ဖော်ဆိုရန် မေးမြန်းသည်။ |
| ၁၇။ သမာဓိ | = | စိတ်တည်ကြည်ခြင်း၊ တည်ကြည်ဖြောင့်မတ်ခြင်း။ |
| ၁၈။ အမှိုသဟဲ | = | မှိုခိုရာ။ |
| ၁၉။ အာရုံ | = | စိတ်၏ မွေ့လျော်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့။ |

**သင်ခန်းစာဆိုလိုရင်း**

- ငယ်စဉ်က အမှောင်ထဲတွင် လန့်စရာအမျိုးမျိုးတွေးကာ ကြောက်ခဲ့ရပုံ
- လူကြီးသူကြီးဖြစ်သောအခါ အမှောင်ကြောက်စိတ် လျော့ပါးလာကာ အမှောင်ကိုပင် တောင့်တလာမိပုံ
- အစည်းအဝေးများ သွားရာ၌လည်းကောင်း၊ ရုပ်ရှင်ပြပွဲများ သွားရာ၌လည်းကောင်း၊ အလုပ်သွားရာ၌ လည်းကောင်း၊ ချိန်းဆိုရာသို့ သွားရာ၌လည်းကောင်း စိတ်ရှုပ်စရာများ ကြုံရပုံ
- ထိုအခါ တစ်ကိုယ်တည်း နေလိုသောစိတ် ဖြစ်ပေါ်လာပုံ
- တစ်ကိုယ်တည်းနေ၍ အမှောင်ကို အဖော်ပြုကြည့်မှ မိမိကိုယ်ကို ထင်ထင်ရှားရှား ပြန်မြင်နိုင်ပုံ
- ငယ်စဉ်က စကားထာဝှက်ရာ၌ပင် မျက်စိမှိတ်ကာ အမှောင်ကိုအခြေပြု၍ အဖြေထုတ်ရပုံ
- ဉာဏ်အလင်းရောင် ဝင်လာရေးသည် အမှောင်ခေတ်ပေါ်တွင် အမှိုသဟဲပြုပုံ
- အမှောင်ရသစာတမ်းကပေးသော ရသ၊ ဘဝအသိအမြင်နှင့် ဆင်ခြင်ဖွယ်ရာများ
- ဆရာတိုက်စိုး၏ ရသစာတမ်း အရေးအသား အတင်အပြတို့ ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ အမှောင်ရသစာတမ်းကို ဖတ်ရှုပြီး သင် မည်သို့နားလည်ပါသနည်း။ သင့်စကားဖြင့် ရေးပါ။

၂။ အမှောင်ရသစာတမ်းမှ ဆရာတိုက်စိုး၏ အတွေးနှင့် အရေးကို လေ့လာတင်ပြပါ။

၃။ အမှောင်ရသစာတမ်းမှ ဆရာတိုက်စိုး၏ ဝါကျဖွဲ့ဟန်များကို လေ့လာတင်ပြပါ။

၄။ "ဉာဏ်အလင်းရောင် ဝင်လာရေးသည် အမှောင်ခေတ်အပေါ်တွင် အမှိုသဟဲပြုရမြဲ ဖြစ်လေသည်" ဆိုသည့်စကားကို သင်မည်သို့ ထင်မြင်ယူဆပါသနည်း။ ရှင်းပြပါ။

၅။ အမှောင်ရသစာတမ်းမှ ရရှိသည့် ဘဝအသိအမြင်များကို အကိုးအကားနှင့်တကွ တင်ပြပါ။

## ၆။ တိုင်းရင်းသားပုံပြင်နှင့်စကားပုံများ
## (က) မိဘမဲ့ ပညာရှိကလေး သမ္မတဖြစ်လာပုံ (ကချင်ပုံပြင်)

တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးစေလိုသော စေတနာ ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသား ပုံပြင်များကို လူထုဦးလှက ရေးသားခဲ့ခြင်းဖြစ်ပါသည်။ မြန်မာပြည်တွင်းရှိ တိုင်းရင်းသားများ သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖယ်ဒရယ်နိုင်ငံ ထူထောင်ရေး ကြိုးပမ်းရာတွင် တိုင်းရင်းသား အချင်းချင်း အပြန်အလှန် နားလည်ရေးသည် အရေးကြီးလှသည်။ ထို့ကြောင့် တိုင်းရင်းသားအချင်းချင်း နားလည်မှု တိုးပွားစေရန် တိုင်းရင်းသားပုံပြင်များ ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ထိုတိုင်းရင်းသား ပုံပြင်တို့သည် တောင်ပေါ်မြေပြန့်မှ ကလေးငယ်များအတွက် ဖတ်စရာတိုးရုံသာမက လူမျိုးစုများ၏ စရိုက်သဘာဝနှင့် ပြည်နယ်ဒေသ အသီးသီးတို့နှင့်လည်း ရင်းနှီးကျွမ်းဝင်ခွင့်ကိုလူငယ်များသာမက လူကြီးများ အတွက်ပါ ရရှိစေပါသည်။

ယခုပြဋ္ဌာန်းသော ကချင်ရိုးရာ ပုံပြင်ကို ဖတ်ရှုသင်ကြားရခြင်းဖြင့် ဉာဏ်ပညာ ထက်မြက်ပြီး သတ္တိရှိလျှင် အရာရာကိုဦးဆောင်နိုင်သော ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာနိုင်ပုံကို အတုယူတတ်စေရန်၊ တိုင်းရင်းသားရိုးရာပုံပြင်မှ ရရှိသော သုတ၊ရသနှင့် စကားအသုံးအနှုန်းတို့ကို လေ့လာတတ်စေရန်၊ ချစ်စရာကောင်းသော တိုင်းရင်းသားပုံပြင်များမှ စိတ်ဝင်စားဖွယ်ရာ ကချင်ရိုးရာ ပုံပြင်ကို ဖတ်ရှုရခြင်းဖြင့် ပုံပြင်၏ သဘောသဘာဝနှင့် ကချင်တိုင်းရင်းသား တို့၏ စရိုက်သဘာဝ ရေမြေ တောတောင် ဓလေ့ထုံးစံ ယဉ်ကျေးမှုကို ပို၍သိရှိကာ ပြည်ထောင်စုသားအချင်းချင်း ပိုမို ချစ်ကြည် စည်းလုံးလာစေရန်ရည်ရွယ်ချက်ဖြင့် သင်ကြားရခြင်းဖြစ်ပါသည်။



စာရေးသူလူထုဦးလှ (၁၉၁၀–၁၉၈၂) ကို ပဲခူး တိုင်း ညောင်လေးပင် မြို့နယ် ပုစွန်မြောင်းရွာတွင် အဖ ကုန်သည် ဦးပု၊ အမိ ဒေါ်ခိုင် တို့မှ ၁၉၁၀ ခု၊ ဇန်နဝါရီ ၁၉ ရက်တွင် မွေးဖွားသည်။ မွေးချင်း သုံးယောက်တွင် အငယ်ဆုံးဖြစ်သည်။ အမည်ရင်းမှာ မောင်လှ ဖြစ်သည်။ ပုစွန်မြောင်းရွာ ဆရာ ဦးဖေခိုင် ကျောင်းတွင် ၄တန်း အထိ ပညာသင်ယူခဲ့သည်။ ၁၉၂၆ တွင်ညောင်လေးပင်မြို့ အာစီအမ် (ရိုမန်ကက်သလစ် သာသနာပြု) ကျောင်းမှ ခုနစ်တန်း အောင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန် အစိုးရ အထက်တန်း ကျောင်းမှ ၁၀ တန်း အောင်ခဲ့သည်။

ဆယ်တန်း အောင်ပြီးနောက် စာရင်းကိုင် စာရေး သင်တန်း တက်ခဲ့သည်။ ထိုသို့တက်နေရင်း မှာပင် လူငယ်များကြီးပွားရေးအသင်း သတင်းများကို သတင်းစာ များသို့ ပေးပို့ ခဲ့သည်။ တစ်ပြိုင်တည်း မှာပင် လူငယ်များ ကြီးပွားရေး အသင်းတိုက်စာကြည့်တိုက်မှူး၊ လူငယ်များ ကြီးပွားရေးအသင်း ညကျောင်း ဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၂ တွင် "ကြီးပွားရေး မဂ္ဂဇင်း" ထုတ်ဝေသည့် အခါ စာ စရေးခဲ့သည်။ ၁၉၃၃ တွင် "ကြီးပွားရေး လမ်းညွှန် မဂ္ဂဇင်း" ထုတ်ဝေသည့် အခါတွင် "ကြီးပွားရေး မဂ္ဂဇင်း" ကို မန္တလေးသို့ ပြောင်းရွှေ့ ထုတ်ဝေ ခဲ့သည်။ စစ်အတွင်း၌ မဂ္ဂဇင်း ရပ်ဆိုင်း ထားပြီး ကိုယ်ပိုင် စာအုပ်များ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုကာလ အထိ 'ကြီးပွားရေး မောင်လှ'၊ 'ကြီးပွားရေး အယ်ဒီတာ မောင်လှ' ကလောင်အမည်များကို အသုံးပြု ခဲ့သည်။

လူထုဂျာနယ် (၁၅ ရက် တစ်ကြိမ်ထုတ်) ကို ၁၉၄၅ တွင် လည်းကောင်း၊ လူထု သတင်းစာကို ၁၉၄၆ တွင် လည်းကောင်း စတင် ထုတ်ဝေသော အခါ "လူထုဦးလှ" ကလောင် အမည် တွင်လာခဲ့သည်။ ၁၉၅၁ – ၅၂ တွင် လူထုဂျာနယ်နှင့် သတင်းစာကို ပူးတွဲ ထုတ်ဝေ ခဲ့သည်။ ထိုအခါမှ စ၍ သတင်းစာ ဂျာနယ် လုပ်ငန်းကို ဇောက်ချ လုပ်ကိုင် ခဲ့သည်မှာ ၇ ဇူလိုင် ၁၉၆၇ တွင် လူထု သတင်းစာ ရပ်ဆိုင်း သွားခဲ့သည် အထိပင် ဖြစ်သည်။ ထို့နောက်ပိုင်းတွင် လုံးချင်း စာအုပ်များကိုသာ ဆက်တိုက် ရေးထုတ်ခဲ့သည်။

စာပေနှင့် လူထု လူတန်းစား အဖွဲ့အစည်းများတွင် ပါဝင်ခဲ့သည်။ စာရေးဆရာအသင်း အမှုဆောင်၊ မန္တလေး အာဇာနည် ၁၇ ဦး ဈာပနသို့ စာရေးဆရာအသင်း ကိုယ်စားလှယ်၊ ဂျပန်ခေတ် စာရေးဆရာအသင်း အဝေးရောက် အမှုဆောင်၊ အာရှ လူငယ် အသင်း ခရိုင် ဥက္ကဋ္ဌ ။ အထက် မြန်မာနိုင်ငံ ဖဆပလ အဖွဲ့ ဝါဒဖြန့်ချိရေးမှူး၊ အထက်မြန်မာနိုင်ငံ စာရေးဆရာ အသင်း ဥက္ကဋ္ဌ ၊ ဗထူး အားကစားကွင်း ဒုတိယ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဂျပန် ခေတ် အာရှလူငယ်အသင်း ခရိုင် ဥက္ကဋ္ဌ လုပ်ခဲ့ သောကြောင့် ၁၉၄၅ တွင် ဗြိတိသျှ နယ်ချဲ့၏ အဖမ်းဆီးခံရခြင်း အပါအဝင်၊ ဖဆပလခေတ်၊ ဆိုရှယ်လစ် ခေတ်တို့၌ ၅ ကြိမ်တိတိ ဖမ်းဆီးခံခဲ့ရသည်။ သတင်းစာနှင့် ငြိမ်းချမ်း ရေး ကိုယ်စားလှယ် အဖြစ် ဆိုဗီယက်၊ တရုတ်၊ ချက်၊ အရှေ့ဂျာမနီ၊ သီရိလင်္ကာ၊ အင်္ဂလန်၊ ပြင်သစ်နှင့် အနောက် ဂျာမနီ၊ ဂျပန်၊ အင်ဒိုနီးရှားနိုင်ငံ များသို့ သွားရောက်ခဲ့သည်။

အထင်ကရ စာပေဆုများကိုလည်း ရရှိခဲ့သည်။ ထောင်နှင့် လူသား ဖြင့် ၁၉၅၇ ခုနှစ် စာပေဗိမာန် စာပဒေသာ ဆု၊ လှောင်ချိုင့်တွင်းမှ ငှက်ငယ်များ ဖြင့် ၁၉၅၈ ခုနှစ် ယူနက်စကို စီးပွားရေး လူမှုရေး ဆိုင်ရာဆု၊ ရခိုင် ကျေးလက် ပုံပြင်များ ဖြင့် ၁၉၆၃ ခုနှစ် စာပေဗိမာန် အနုပညာ စာပေဆုတွင် ကလေး သူငယ် ဆိုင်ရာ စာပေ ဒုတိယဆုများ ရရှိခဲ့သည်။

လူထုဦးလှကို ကလေးပုံပြင် ပြုစုသူအဖြစ် လူသိများခဲ့ပါသည်။ မြန်မာနိုင်ငံအနှံ့က လူမျိုးစုတို့၏ ပုံပြင်များကို စုစည်းပြီး အုပ်တွဲ ၅၀ ထုတ်ခဲ့သည့်စာရေးဆရာအဖြစ် ထင်ရှားသူ ဖြစ်သည်။ ပြည်ပနိုင်ငံများက သူ၏လက်ရာများကို ပြန်ဆိုခဲ့ကြပါသည်။

ဦးလှသည် ၁၉၅၃ မှ ၁၉၅၆ ထိ ရန်ကုန်ထောင်၌ ဖမ်းဆီးခံရစဉ် ကရင်နှင့် တခြား လူမျိုးစု ပုံပြင်များကို အကျဉ်းသားများထံမှ စုဆောင်းပြီး ထောင်မှ ထွက်လာပြီးနောက်လည်း ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်မှ စ၍ ထုတ်သည့်ကရင်ပုံပြင်များ(၁၉၆၂–၆၆)၊ ရခိုင်ကျေးလက်ပုံပြင်များ (၁၉၆၃–၆၈)၊ မွန်ပုံပြင် များ (၁၉၆၄–၆၈)၊မြန်မာပုံပြင်များ (၁၉၆၅–၆၈) ၊လီဆူးပုံပြင်များ (၁၉၆၈)၊ ရဝမ် ပုံပြင်များ (၁၉၇၀)၊ လိုင်းနောင် နာဂပုံပြင်များ (၁၉၇၁) စသည့် တိုင်းရင်းသား ပုံပြင် စာအုပ်များကို ရေးသား ထုတ်ဝေခဲ့သည်။

ထို့ကြောင့် ၁၉၆၂ တွင် ကရင်ပုံပြင်များ စတင်ထွက်ရှိခဲ့ပြီး ၁၉၆၃ ရခိုင်ကျေးလက်ပုံပြင်များနှင့် ကလေးသူငယ် စာပေ ဒုတိယဆုကို ရရှိခဲ့ပါသည်။ စာရေးသူ မကွယ်လွန်ခင် နောက်အနှစ် ၂၀ နီးပါးခန့်အထိ နေရာအနှံ့သွားပြီး ပုံပြင်စုသည့် ခရီးများ ထွက်ခဲ့ပါသည်။ သူ၏ပုံပြင်များကို ရုရှား၊ အင်္ဂလိပ်၊ ဂျာမန်၊ ဂျပန် ဘာသာများနှင့် ပြန်ဆိုခြင်းများရှိခဲ့ပါသည်။

# မိဘမဲ့ ပညာရှိကလေး သမ္မတဖြစ်လာပုံ

ရှေးအခါက "ရှိန်ရာဂါး"ဆိုသောရွာတွင် ကုန်ဇက်အမည်ရှိသော မိဘမဲ့ကလေးတစ်ယောက်ရှိ၏။ ထိုသူငယ်သည် ငယ်ရွယ်စဉ်ကစပြီး အလွန်ထက်မြက်သော အစွမ်းရှိသဖြင့် ၎င်းအား ကုန်ဇက်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်လေသည်။ ကုန်ဇက်သည် မိဘမရှိ၍ အဘွားအိုနှင့်သာ နေထိုင်ကြီးပြင်းလာရသဖြင့် လွတ်လပ်စွာ နေထိုင်ပြောဆိုလုပ်ကိုင်တတ်ရာ ရွာမှ ဒူဝါဆန်ဝါများ၏ အငြိုအငြင်ကို မကြာမကြာ ခံရလေသည်။ ထို့ကြောင့် ကုန်ဇက်အား ၎င်း၏အဘွားကဆုံးမရာ၌ " ငါ့မြေးရယ် စကားပုံတစ်ခုရှိပါတယ်၊ 'ရွှယ်အမန်နားပလား ဂျခရိုင် အမန်နားခါး' တဲ့၊ ဒီတော့ ငါ့မြေးဟာ ရွာမှ ဒူဝါဆလန်ဝါများရှေ့မှ ဆင်ဆင်ခြင်ခြင် နေပါ။ သို့မဟုတ်ရင် ဘေးဒုက္ခ များလိမ့်မယ်' ဟူ၍ ပြောလေ့ရှိလေသည်။

သို့ရာတွင် ကုန်ဇက်သည် မိမိမှန်သည် ထင်သည့်အတိုင်း လွတ်လပ်စွာ ဝေဖန်ပြောဆို ပြုမူမြဲပြုလေရာ ရွာမှ ဒူဝါဆလန်ဝါများသည် ကုန်ဇက်အားမုန်းကြသည်သာမက ၎င်း၏သြဇာ ရွာတွင် လွှမ်းမိုးသွားမည့် အရေးကိုပင် တွေးပူလျက် ရှိနေကြလေသည်။

"ရွှယ်အမန် နားပလား ဂျခရိုင် အမန်နားခါး" ဆိုသော အဓိပ္ပာယ်မှာ "လည်လွန်းသော မျောက် မြားတွေ့တတ်သလို လည်လွန်းသော မိဘမဲ့ကလေးသည် ဘေးဒုက္ခတွေ့တတ်သည်" ဟု ဆိုလိုသည်။

ထိုကဲ့သို့ ကုန်ဇက်အား ဒူဝါဆလန်ဝါများ မျက်မုန်းကျိုးနေချိန်၌ မုန်ဂေါင်နယ်ရှင် စော်ဘွားကြီးတွင်လည်း မုန်ဂေါင်နန်း အမည်ရှိ ထက်မြက်သော အစွမ်းရှိသည့် သမီးတော်တစ်ပါး ထွန်းကားလျက် ရှိ၏။ စော်ဘွားကြီး၏ သမီး မုန်ဂေါင်နန်းသည် မိမိ၏ နောင်တော်များထက်ပင် ပညာဉာဏ် စွမ်းအား ထက်မြက်လျက် ရှိရာ နောင်တော်များနှင့် ခမည်းတော် စော်ဘွားကြီးကပင်လျှင် ယောကျ်ားများထက် စွမ်းပကားကြီးလာပုံကို မလိုလားဘဲရှိနေ၏။

တစ်နေ့သောအခါ၌ မုန်ဂေါင်စော်ဘွားကြီးသည် သမီးတော် မုန်ဂေါင်နန်းအား အပါးတော်သို့ ခေါ်ပြီး "သမီးတော်သည် ပညာဉာဏ် စွမ်းထက်မြက်၍ အသက်အရွယ်လည်း ရောက်လာပြီ။ သမီးတော်၏ နောင်တော်ကြီးတွေလည်း အိမ်ထောင်ဖက်နှင့် ရှိနေကြပြီ။ သို့သော် သမီးတော် အဖို့မှာဆိုပါလျှင် သမီးတော်က ယောကျ်ားတကာထက်ပင် စွမ်းပကားကြီးမှုကို ကြောက်လန့်ကြပြီး မည်သူမှ လက်ဆက်ရန် ကမ်းလှမ်းခြင်း မပြုဝံ့ဘဲ ရှိနေကြသည်။ ဒီတော့ ခမည်းတော်အနေနှင့် သမီးတော် လိုလေသေးမရှိအောင် ရွှေ၊ ငွေ၊ ကျေးကျွန် အပြည့်အစုံ ပေးလိုက်ပါမည်။ သမီးတော်နှင့် သင့်လျော်မည့် ခင်ပွန်းလောင်းကို သမီးတော်ပဲ သဘောကျရှာယူပေတော့" ဟု ပြောကြား လိုက်လေ၏။ ထိုအခါ သမီးတော်ကလည်း "မှန်လှပါ ခမည်းတော်၊ သမီးတော်ကလဲ သမီးတော်နှင့် ရာသက်ပန် ပေါင်းသင်းနေထိုင်ရမည့် ခင်ပွန်းလောင်းကို သမီးတော်ထက် အစစအရာရာ သာလွန်သူကိုမှ သမီးတော် စိတ်တိုင်းကျ ရွေးယူလိုရင်း ဆန္ဒရှိပါသည်။ ထို့ကြောင့် ခမည်းတော်က ခွင့်ပြုသည်ကို ကျေးဇူးတင် လက်ခံပါသည်။" ဟုပြန်လည်သံတော်ဦးတင်လေသည်။

မုန်ဂေါင်စော်ဘွားကြီးလည်း သမီးတော်အား သစ်သားဖြင့် အရစ်ထည့်ပြီး ပြုလုပ်ထားသော ကွမ်းအစ်ကို ပေး၍ "ဤကွမ်းအစ်ကို ဖွင့်နိုင်သူသည် သမီးတော်ထက်ဉာဏ်ပညာ ထက်မြက်သူ ဖြစ်လိမ့်မည်၊ ဤကွမ်းအစ်ကို ယူ၍ ခင်ပွန်းလောင်းကိုရှာလေလော့"ဟုဆိုပြီး ကွမ်းအစ်နှင့် အခြား အခြွေအရံများပေးကာ သမီးတော်ကို သွားခွင့် ပြုလိုက်လေသည်။

ထိုကဲ့သို့ မုန်ဂေါင်စော်ဘွားက သမီးတော်ကို လွှတ်လိုက်ချိန်တွင် ကုန်ဇက်သည် ၎င်းရွာမှ ဒူဝါ ဆလန်ဝါများက ဖမ်းပြီး ရေတံခွန်တစ်ခု အနီးရှိ သစ်ကိုင်းပေါ်တွင် ခြင်းကြီးထဲ၌ ထည့်ပြီး ဆွဲချိတ်ထားခြင်း ခံနေရချိန် ဖြစ်လေသည်။ ကုန်ဇက်၏ အဘွားသည် နေ့စဉ်ပင် ကုန်ဇက်ကို ချုပ်ထားသည့် ရေတံခွန်သို့ သူများ အလစ်တွင် သွားပြီး ထမင်းထုပ်များ ပို့ပေးသည်။

ထိုအချိန်တွင် စော်ဘွားသမီး မုန်ဂေါင်နန်းသည် ရွာတကာ လှည့်ပြီး သစ်သား ကွမ်းအစ်ကြီးကို ယူဆောင် ၍ အိုးစည် ဗုံမောင်းများ တီးကာ ခင်ပွန်းလောင်း ရှာထွက်လျက်ရှိရာ ချုပ်နှောင်ထားခြင်း ခံနေရသော ကုန်ဇက် ရှိရာ ရွာသို့ ရောက်ရှိ သွားသည်။

ကုန်ဇက်တို့ ရွာရှိ လုလင်ပျိုတို့သည် စော်ဘွားသမီး၏ ကွမ်းအစ်ကို ကြိုးစား၍ ဖွင့်ကြသော်လည်း ဖွင့်နိုင်စွမ်း မရှိကြပေ။ ရွာရှိ အဘိုးကြီးများပင် မနေ၊ ရလိုရငြား ကွမ်းအစ်ကိုဖွင့်ရန် ကြိုးစားကြသည်။

ထိုသို့ရွာမှ အိုးစည်ဗုံမောင်းသံများကြားရသဖြင့် ကုန်ဇက်သည် ထမင်းလာပို့သော အဘွားအား ရွာတွင် အိုးစည်ဗုံမောင်းများတီး၍ ကျင်းပနေသော ပွဲအကြောင်းကို မေးလေသည်။ အဘွားကလည်း စော်ဘွားသမီး မုန်ဂေါင်နန်း ခင်ပွန်းလောင်း အရှာထွက်ပုံ သစ်သားဖြင့်ပြုလုပ်ထားသော ကွမ်းအစ်ကို ဖွင့်နိုင်သူအား ခင်ပွန်းလောင်း အဖြစ် ရွေးချယ်မည့် အကြောင်းနှင့် ဖွင့်နိုင်သူ မရှိဘဲ ဖြစ်နေပုံတို့ကိုပြောပြလေသည်။

ထိုအခါ ကုန်ဇက်က အဘွားအား ရွာသို့ ပြန်ပြီး ၎င်းကွမ်းအစ်ကို မိမိကလည်း ဖွင့်ကြည့်လိုသည်ဆိုကာ ဒူဝါဆလန်ဝါများထံ ခွင့်တောင်းပေးရန် ပူဆာလေတော့သည်။ အဘွားသည် မြေးကို ဖျောင်းဖျ ပြောဆို၍ မရတော့သည့် အဆုံးတွင် ရွာသို့ပြန်ပြီး ဒူဝါဆလန်ဝါများကို ခွင့်ပန်ရတော့သည်။

ရွာရှိ ဒူဝါဆလန်ဝါတို့ကလည်း ရွာတွင်းရှိ လူပျိုရှိရှိသမျှတို့ ဖွင့်၍မရသည့် ကွမ်းအစ်အား ကုန်ဇက်ကို ဖွင့်ကြည့်စေရန် သဘောတူကြလေသည်။ ထိုသို့ သဘောတူသည့်အတိုင်း ကုန်ဇက်အား ချုပ်နှောင်ထားရာမှ လွှတ်ပြီး ရွာသို့ ခေါ်လာခဲ့ကြကာ ကွမ်းအစ်ကို ဖွင့်ရန် စော်ဘွားသမီးထံ ပို့လိုက်ကြသည်။

စော်ဘွားသမီး ရှေ့မှောက်သို့ ရောက်သောအခါ ကုန်ဇက်သည် ၎င်းအားချုပ်ထားစဉ် ရေတံခွန်အနီးရှိ သစ်ပင် အပေါ်သို့ နေ့စဉ်လာပြီး "ယင်ဖောင် ယင်ဖောင်" ဟု အော်လျက်ရှိသော မျောက်အိုကြီး၏ အသံပြုပုံကို သတိရမိလေသည်။ ထို့ကြောင့် ကုန်ဇက်သည် ၎င်းကွမ်းအစ်ကို လှည့်ပြီး ဖွင့်ရန် စိတ်ကူးမိလေသည်။ စိတ်ကူးမိ သည့်အတိုင်း ကုန်ဇက်သည် စော်ဘွားသမီးကပေးသော ကွမ်းအစ်ကို ဘယ် ညာလှည့်ပြီး ဖွင့်ကြည့်ရာ အရစ် ထည့်လုပ်ထားသော ကွမ်းအစ် ဖြစ်သဖြင့် ပွင့်လာတော့သည်။

(ယင်ဖောင်ဆိုသည်မှာ " လှည့်ဖွင့်" ဟု အဓိပ္ပာယ်ရသည်။)

ကုန်ဇက်က ကွမ်းအစ်ကို ဖွင့်နိုင်သည့်အတွက် စော်ဘွားကြီးသည် မိမိ၏ သမီးတော် မုန်ဂေါင်နန်းနှင့် ကုန်ဇက်ကိုလက်ထပ်ပေးလိုက်သည်။စော်ဘွားသေဆုံးပြီးသည့်နောက်နယ်သူနယ်သားတို့သည်ကုန်ဇက်အား ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသူဖြစ်သဖြင့် အများသဘောတူ "ဂွမ်ဆန်မဆမ်" အဖြစ် ရွေးကောက် တင်မြှောက်လိုက်ကြလေသည်။ "ဂွမ်ဆန်မဆမ်" ကချင်အသံထွက် အဓိပ္ပာယ်မှာ ရွေးကောက်ခြင်းဖြင့် အုပ်ချုပ်သူ၊ မင်းအဖြစ်လျာထားခြင်းခံရသူ သို့မဟုတ် သမ္မတအဖြစ် တင်မြှောက်ခြင်း ခံရသူ ဖြစ်လေသည်။ ထိုအခါမှစ၍ ကချင်အုပ်ချုပ်ရေး အစဉ်အလာတွင် မျိုးရိုးအရ မဟုတ်ဘဲ အများကြိုက်သူကို ရွေးကောက်သည့် စနစ်ပေါ်လာသည်ဟု အဆိုရှိလေသည်။

**ခက်ဆစ်**

၁။ ရှိန်ရာဂါး = ရှေးကချင်လူမျိုးများ ဆင်းသက်လာစဉ်က နေထိုင်ခဲ့သော ဒေသဟောင်း

၂။ ကုန်ဇက် = အလွန် ထက်မြက်သောသူ

## လေ့ကျင့်ရန်မေးခွန်းများ

(၁) ပုံပြင်ဟူသည်အဘယ်နည်း။ ပုံပြင်ဖတ်ခြင်း နားထောင်ခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်နည်း။( ကျောင်းသားတို့၏ ဆန်းသစ်သော စိတ်ကူးကိုလည်းလက်ခံ ပေးပါရန်)

(၂) စာရေးသူ၏ ဘဝဇာတ်ကြောင်း နှင့် သူ၏ စေတနာသည် သူပုံပြင်တွင်ထင်ဟပ်နေပါသလား။

(၃) ပုံပြင်ထဲတွင်ဇာတ်ဆောင်ဘယ်နှဦးပါဝင်သလဲ။ ပဓာနဇာတ်ဆောင် အဓိကဇာတ်ဆောင်၊ အရံ ဇာတ်ဆောင်များမှာ မည်သူတို့နည်း။

(၄) ပုံပြင်တွင် ဇာတ်ကြောင်းပြောသူ (သို့မဟုတ်) ပုံပြောသူသည်အရေးပါပါသလား။

(၅) အဓိကဇာတ်ဆောင် နှစ်ဦးက ဘယ်လိုစိတ်သဘောထားမျိုးရှိသလဲ။ လူကောင်း ဇာတ်ဆောင်လား၊ လူဆိုး ဇာတ်ဆောင်လား။ ဆွေးနွေး ကြည့်ကြရအောင်။

(၆) ပုံပြင်ထဲမှ လူ့သဘာဝစရိုက်တို့ကို ဖော်ပြပါ။

(၇) စာရေးသူက တိုင်းရင်းသားပုံပြင်ရေးသားရခြင်း၏ ရည်ရွယ်ချက်ကို စာရေးသူ ကိုယ်တိုင် မည်သို့ ဖော်ပြခဲ့သနည်း။

(၈) မိဘမဲ့ကလေး ပညာရှိဖြစ်လာပုံ ပုံပြင်၏ ဇာတ်လမ်း ဇာတ်ကွက်တည်ဆောက်ပုံကို ဖော်ပြပါ။

(၉) မိဘမဲ့ကလေး ပညာရှိဖြစ်လာပုံ ပုံပြင်တွင် ဇာတ်လမ်းကို စိတ်ဝင်စားရန်ဖန်တီးရာ၌ အားပြိုင်မှုနှင့် မချင့်မရဲ ဖြစ်စေမှု ပါသလား။ ဆွေးနွေးပါ။

(၁၀) ပုံပြင်၏ ဇာတ်ထွတ်ပိုင်းတွင် ပုံပြင်ဖတ်သူ နားထောင်သူတို့ ရှေ့ဆက်ဘာ ဖြစ်မလဲဟူသော အတွေးခံစားမှု ဖြစ်ပေါ်စေနိုင်သလား။

(၁၁) ပုံပြင်၏ ဇာတ်သိမ်းပိုင်းသည် နောင်အခါတွင် မည်သည့်အုပ်ချုပ်မှုပုံစံသစ် ဖြစ်တည်လာပုံနှင့် အဆုံးသတ်ထားသနည်း။

(၁၂) ပုံပြင်တွင် ကချင်ပုံပြင်တို့၏ ပုံဟန်သဘောသဘာဝ ဖြစ်သည့် တောတိရစ္ဆာန် သစ်ပင် တောတောင် နေလ ပဒေသရာဇ်တို့အနက် မည်သည်တို့ကို ထည့်သွင်းဖော်ပြခဲ့သနည်း။

(၁၃) ပုံပြင်တွင် ကာလ၊ဒေသ နောက်ခံ တို့ကို ဘယ်လို ဖော်ပြထားသလဲ။ စာရေးသူ၏ ကာလ၊ ဒေသ နောက်ခံ တင်ပြပုံသည်ပီပြင်မှုရှိသလား။

(၁၄) ပုံပြင်တွင် ဝါကျတိုနှင့် ဝါကျရှည်တို့မှ သင်နှစ်သက်သော သာဓကဝါကျတစ်ခုစီ ဖော်ပြပါ။

(၁၅) ကချင်လူကြီးသူမများ၏ခံယူချက်၊ ဓလေ့ထုံးစံကို ပုံပြင်၏မည်သည့်နေရာတွင် မည်သို့သုံးစွဲ ဖန်တီးပြထားသနည်း။

(၁၆) ပုံပြင်တွင် စိတ်ဝင်စားစရာသော့ချက်စကားအသုံးအနှုန်းတစ်ခုကိုဖော်ပြပါ။

(၁၇) ပုံပြင်တွင် စာရေးသူ၏ စေတနာနှင့် ဦးတည်ချက် ကိုပေါ်လွင်အောင် ပို့ဆောင်နိုင်ပါသလား။

(၁၈) အုပ်ချုပ်ရေးရာထူး ကချင်အမည်များကို ကချင်ပုံပြင်တွင် ဘယ်လို ထည့်သွင်းဖော်ပြထားသလဲ။

(၁၉) ပုံပြင်၏ စကားအသုံးအနှုန်းတွင် ကချင်ပုံပြင်ဖြစ်သောကြောင့် မည်သည့်နေရာတို့တွင် ကချင် ဝေါဟာရ ကို ဘယ်လိုထည့်သွင်းဖော်ပြထားသနည်း။

(၂၀) ပုံပြင်ကို ဖတ်ရှုခြင်းဖြင့် ရရှိခံစားလာရသည့် ရသများမှာမည်သည့်ရသနည်း။ (မိမိတို့ဖတ်ဖူးသော တိုင်းရင်းသား ပုံပြင်များနှင့် ဆက်စပ်ဆွေးနွေးပါ။)

## (ခ) စည်းလုံးညီညွတ်ခြင်းပြတိုင်းရင်းသားစကားပုံများ

သွေးစည်းညီညွတ်ခြင်းပြ တိုင်းရင်းသားစကားပုံကို သင်ကြားရခြင်းမှာ စကားပုံ၏ သဘောသဘာဝနှင့် တန်ဖိုးကို သိရှိစေရန်၊ အသုံးချဘာသာစကား၏ သဘောသဘာဝကို နားလည်ပြီး လက်တွေ့ အသုံးချ တတ်စေရန် ဖြစ်ပါသည်။ ထို့ပြင် စည်းလုံးညီညွတ်မှုရှိမှသာ မိသားစု လူ့အဖွဲ့အစည်းနှင့် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသား စကားပုံတိုင်းလိုလိုတွင် စည်းလုံးညီညွတ်ခြင်းကို ပြဆိုသော စကားပုံများကို ထည့်သွင်း ပြောဆိုလေ့ရှိသည်။ ဤသင်ခန်းစာကို လေ့လာခြင်းအားဖြင့် တိုင်းရင်းသား အသီးသီး၏ စကားပုံများ ဖန်တီးပြောဆိုပုံ အမျိုးမျိုးကိုသိနိုင်ပြီး၊ စည်းလုံး ညီညွတ်သည့် စိတ်ဓာတ်များ ပို၍ ကိန်းအောင်းလာနိုင်သည့်အပြင် စကားပုံများကို မိမိ ကိုယ်တိုင် ဖန်တီးတတ်စေရန်လည်း ရည်ရွယ်ပါသည်။

စကားပုံဟူသည် အနက်အဓိပ္ပာယ်နှင့် ပြည့်စုံ၍ လူအများ စံပြုပုံခိုင်း ပြောဆိုလေ့ရှိသော စကား၊ ပြောထုံး စကား ဟူ၍ မြန်မာအဘိဓာန် အကျဉ်းချုပ်က ဖွင့်ဆိုထားပါသည်။ မြန်မာ့ စွယ်စုံကျမ်းတွင် စကားပုံ ဟူသည် စကား ပြောဆိုရာတွင် ပိုမိုထိရောက်စေရန် ခိုင်းနှိုင်းပြောဆိုလေ့ရှိသော စကားမျိုးဖြစ်သည်ဟုလည်း ဆိုခဲ့ပါသည်။ ဆရာ မောင်ခင်မင်(ဓနုဖြူ) ကမူ စကားပုံဆိုသည်မှာ ပုံခိုင်းပြီးပြောသော စကားပင် ဖြစ်သည်ဟု ဆိုမိန့်ခဲ့ပါသည်။

စကားပုံသည် စကားပြောရာတွင် မပါမပြီးသော အဆင်တန်ဆာဖြစ်၍ ပညာရှိများသာမက ကလေးသူငယ် များပင်လျှင် ကြားရဖန်များ၍ အတုယူသုံးနှုန်းပြောဆိုတတ်ကြပေသည်။ စကားပုံကြောင့် စကားရှင်၍ အသက်ဝင် သည်။ ရှည်ရှည်ဝေးဝေး ဖွဲ့နွဲ့ပြောဆိုရမည့် စကားကို တိုတိုနှင့် ထိထိမိမိ ပြောနိုင်သည်။

စကားပုံတို့သည် စကားတိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင် ပုံဆောင်၍ ဖွဲ့ပြသော စကားစုလည်း ဖြစ်သည်။ မှတ်သားရာ၌လည်းလွယ်၊ ပြောဆိုရာ၌လည်း ထိရောက်ပြီး နားထောင်ရသူ နားဝင်ပီယံ ဖြစ်စေရန် အချို့ စကားပုံများ၌ ကာရန်ချိတ်၍ ဖွဲ့ထားသည်။ ကာရန်သဘောပါခြင်းက စကားပြေ ရိုးရိုးထက် ပို၍ မှတ်မိလွယ်စေသည်။

ထို့ပြင်စကားပုံ၌ ပြောလိုသော အကြောင်းအရာကို ပုံဆောင်၍ တစ်နည်း ပုံတင်ကာဥပမာကို ထိထိမိမိ ဆောင်ပြသည့် စကားပုံများလည်းရှိသည်။ တိုက်ရိုက်အနက် အပြင် ကွယ်ဝှက်သော အနက်လည်းရှိသည်။

စကားပုံအများစုမှာ နေ့စဉ်ထိတွေ့လုပ်ကိုင်နေသော အဖြစ်အပျက်များကို သာဓကဆောင်ကာ တိုတိုနှင့် ထိထိမိမိ ပြောသည့် စကားပုံများဖြစ်ပါသည်။

အချို့တိုင်းရင်းသားစကားပုံတို့သည် ရေမြေချင်း ဝေးကွာလှသော်လည်း၊ ဓလေ့ထုံးစံ မတူသော်လည်း အတွေးတူသော စကားပုံများဖြစ်နေသည်။ ယဉ်ကျေးမှုအရလည်းကောင်း၊ နိုင်ငံရေးနှင့်စီးပွားရေးအရ ကူးလူး

ဆက်ဆံရာမှ လည်းကောင်း၊ အခြေခံ အတွေးအခေါ် ဘဝအရှုအမြင် ရည်ရွယ်ချက် အယူအဆ တူသောကြောင့် လည်းကောင်း တူညီသော စကားပုံတို့ကို ဖန်တီးပြောဆိုတတ်ကြောင်း တွေ့နိုင်ပေသည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသောတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ဖြစ်သည့် ကချင်(ဂျိန်းဖော၊ မရူ၊ ရဝမ်၊ လရှီ၊ လီဆူး၊ အဇီး)၊ ကယား၊ ကရင်(စကောကရင်၊ ပိုးကရင်)၊ ချင်း(လူရှေ)၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း(ဓနု၊ တောင်ရိုး၊ ပအိုဝ်၊ တအာန်း၊ အင်းသား) စသည့်တိုင်းရင်းသားတို့သည် စကားပုံများကို ဖန်တီးပြောဆိုခဲ့ကြသည်။ တိုင်းရင်းသားအသီးသီးသည် စကားပြောဆိုရာတွင် မိမိပြောလိုသည့် အကြောင်း အရာ ပိုမိုပေါ်လွင် ထင်ရှားစေရန် ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ ရှေးယခင်က မှားယွင်းစွာ ဆောင်ရွက်ခြင်း ရှိခဲ့သည်တို့ကို နှောင်းလူတို့ သိရှိပြီး သတိတရ ရှောင်လွှဲ စေနိုင်ရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အစဉ်အလာ အလေ့အထ ရှိဖူးသည်တို့အား သတိပြု လိုက်နာစေရန် ရည်ရွယ်ချက် ဖြင့်လည်းကောင်း စကားပုံ တို့ကို ပြောဆိုသည့် ဓလေ့ ရှိခဲ့ကြပေသည်။ တိုင်းရင်းသား စကားပုံတို့တွင် ဥပမာပေး ခိုင်းနှိုင်းမှု တို့ပါဝင်သည့် စကားပုံများ ၊ တိုတိုနှင့်ထိမိ ပေါ်လွင်အောင် တန်ဆာဆင် ပြောကြ သည့်စကားပုံများ စသည်တို့ကို ပြောစ မှတ်တွင် နေသော စကားအသုံးများ အဖြစ် တွေ့နိုင်ပေသည်။

နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းစသည်တို့တွင် အရေးကြီးသည်မှာ စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။ စည်းလုံး ညီညွတ်ခြင်းသည် မကွဲပြားခြင်း မခွဲခြားခြင်းပင်ဖြစ်သည်။ မတူကွဲပြားမှုများ တညီတညွတ်တည်းစည်းလုံးလာသည့် အခါ ခွန်အားနှင့် စွမ်းအင်လည်း ပေါ်ထွက်လာသည်။ စည်းလုံးညီညွတ်သည့် အင်အားဖြင့် စိန်ခေါ်မှုများကို တွန်းလှန် နိုင်သည်။ အခက်အခဲများကို ကျော်လွှားနိုင်သည်။ ထို့ကြောင့် စည်းလုံးညီညွတ်မှုရှိမှသာ မိသားစု လူ့အဖွဲ့အစည်း နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်သောကြောင့် စည်းလုံးညီညွတ်မှုသည် အရေးကြီးလှ ပေသည်။

ထိုသို့ အရေးကြီးလှသည့် စည်းလုံးညီညွတ်မှုကို တိုင်းရင်းသား စကားပုံတိုင်းလိုလိုတွင် ထည့်သွင်း ပြောဆိုလေ့ ရှိသည်ကို တွေ့နိုင်ပါသည်။

စည်းလုံးညီညွတ်မှုမရှိခြင်း၏ အပြစ်ကိုပြသည့် စကားပုံများကို အောက်ပါအတိုင်းတွေ့နိုင်သည်။

ကရင်နီတိုင်းရင်းသားစကားပုံတွင် “လူကွဲလျှင် စုန်းဖြစ်မည်”

ချင်း တိုင်းရင်းသားစကားပုံတွင် “နွားနောက်ကွဲ ကျားပါးစပ်ရောက်”

မြန်မာ တိုင်းရင်းသားစကားပုံတွင် “နွားကွဲ ကျားကိုက်၊ နွားကွဲ ကျားဆွဲ”

မွန်တိုင်းရင်းသားစကားပုံတွင် “နွားကွဲ ကျားကိုက် လူကွဲ အထိနာ”

ရခိုင်တိုင်းရင်းသား စကားပုံတွင် “နွားကွဲကေ ကျားဆွဲမေ”

ရှမ်းတိုင်းရင်းသား စကားပုံတွင် “နွားကွဲလျှင် အမဲသားဖြစ်မည်” တို့ကို တွေ့နိုင်သည်။

ကရင်နီတိုင်းရင်းသားစကားပုံရှိ “လူကွဲလျှင် စုန်းဖြစ်မည်” ဟူသော စကားပုံသည် လူအချင်းချင်း သွေးစည်း ညီညွတ်မှု ပြိုကွဲလျှင် ကြောက်စရာကောင်းပုံ လုံးဝ ပျက်စီးသွားနိုင်ပုံကို ဖော်ပြထားသော စကားပုံဖြစ်သည်။

အချင်းချင်းစည်းလုံးညီညွတ်မှု မရှိလျှင် လူအချင်းချင်းစိတ်ဝမ်းကွဲကြ၍ စုန်းကဲ့သို့ဖြစ်မည်။ တစ်နည်း မကောင်းဆိုးဝါးဖြစ်မည် (စုန်းကဲ့သို့ ဖမ်းစား၍ နောက်ဆုံး၌ ပျောက်ကွယ်သွားမည်) ဟု ဆိုလိုရင်းဖြစ်သည်။

အကျိုးသက်ရောက်ပုံမှာ လူအချင်းချင်း သွေးစည်းညီညွတ်မှု မပြိုကွဲအောင် ညီညွတ်ကြစေမည့် စကားပုံ ဖြစ်သည်။

မြန်မာတိုင်းရင်းသားစကားပုံတွင် “နွားကွဲ ကျားကိုက်၊ နွားကွဲ ကျားဆွဲ” ဟူသော စကားပုံသည် အချင်းချင်း စည်းလုံးညီညွတ်မှုမရှိလျှင် ပြင်ပက ဝင်လာပြီး ဒုက္ခပေးနိုင်ကြောင်းကို ဖော်ပြသော စကားပုံ ဖြစ်သည်။

နွားအုပ်သည်တစုတစည်းတည်းရှိလျှင် ရန်သူ ကျားက ရုတ်တရက်ဝင်ဆွဲရန် မလွယ်ပေ။ နွားအုပ်မှာ သင်းကွဲပြီး တစ်ကောင်စီ ဖြစ်နေလျှင် ကျားက အလွယ်တကူ ဝင်ဆွဲနိုင်ပေသည်။ ထိုသာဓကအတိုင်းပင် အချင်းချင်း စည်းလုံး ညီညွတ်နေလျှင် ပြင်ပက မဝင်နိုင်။ အချင်းချင်း မညီညွတ်ဘဲ တစ်ယောက်တစ်မျိုးစီ ဖြစ်နေပါမူ ပြင်ပအန္တရာယ်က ဝင်ရောက် နှောင့်ယှက်နိုင်ပေသည်ဟူ၍ ဖြစ်သည်။

အထက်ပါစကားပုံသည်အောက်ခြေအကျဆုံးဖြစ်သော အိမ်ထောင်တစ်ခုမှသည် အမြင့်ဆုံး ဖြစ်သော တိုင်းပြည် နှင့် လူမျိုးအထိပါ သက်ဆိုင်ပြီး အသုံးပြုနိုင်သည်။တိုင်းပြည် တစ်ပြည်သည် မည်မျှလောက် သေးငယ်နေပါစေ၊ စည်းလုံးညီညွတ်မှုရှိလျှင် ပြင်ပ အင်အားကြီး ရန်သူလည်း မဝင်ရောက် မထိုးဖောက်နိုင်ပေ။ တိုင်းပြည်သည် မည်မျှကြီးနေသော်လည်း စည်းလုံးမှု မရှိလျှင် ပြင်ပ အန္တရာယ်က အချိန်မရွေး ဝင်ရောက် နှောင့်ယှက်နိုင်ပေသည်။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို လေ့လာလျှင် အထက်ပါ သာဓက မှန်ကန်ကြောင်း တွေ့နိုင်ပေသည်။ ခရစ်နှစ် ၁၈၈၅ ပတ်ဝန်းကျင်က တိုင်းပြည်တွင်း၌ စည်းလုံးညီညွတ်မှု အားနည်း ခဲ့သည်။ ထို့ကြောင့် အင်အားကြီး နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ပြည်သူလူထုသည် နိုးကြားသော အသိ၊ နိုင်ငံရေး အတွေးအမြင်များ ရှင်သန်လာပြီး၊ စည်းလုံးညီညွတ်စွာ နိုင်ငံရေးလှုပ်ရှားမှု အဆင့်ဆင့် လုပ်ဆောင်ကြ၍သာ ၁၉၄၈ ခုနှစ်၌ လွတ်လပ်ရေး ရခဲ့ခြင်းဖြစ်ပေသည်။

အကျိုးသက်ရောက်ပုံမှာ စည်းလုံးညီညွတ်ရန် အရေးကြီးပုံကို သဘောပေါက်ကြပြီးလျှင် အချင်းချင်း ညီညွတ်အောင် ကြိုးပမ်းဖို့ လိုကြောင်း သတိပြုစေသည်။

ချင်း တိုင်းရင်းသားစကားပုံဖြစ်သည့် “နွားနောက်ကွဲ ကျားပါးစပ်ရောက်” ဟူသည့် စကားပုံသည်လည်း စည်းလုံးညီညွတ်မှုမရှိခြင်း၏ အပြစ်ကိုဖော်ပြသည့် စကားပုံဖြစ်သည်။ မြန်မာတိုင်းရင်းစကားပုံ ဖြစ်သည့် “ နွားကွဲ ကျားကိုက် ”နှင့်သဘောတူသည်။ချင်းတိုင်းရင်းသားစကားပုံတွင်“နွားနောက်ကွဲကျားပါးစပ်ရောက်” ဟူရာ၌နွားဟူ၍ မဆိုဘဲ၊ ပို၍ နွားနောက် ဟူ၍ နွား အမျိုးအစားကို တိကျစွာ ဖော်ပြ ထား သည်။ ဤသည်မှာ ချင်းလူမျိုးတို့ မွေးမြူသော တိရစ္ဆာန်များတွင် နွားနောက်မှာ အရေးပါသော တိရစ္ဆာန် ဖြစ်သည်။ ချင်း အမျိုးသား တစ်ဦးသည် ကျွဲ၊နွား၊ဝက်၊ကြက် စသော အခြားတိရစ္ဆာန်များစွာကို ပိုင်ဆိုင် ထား စေကာမူ ယင်း၏ ကြွယ်ဝချမ်းသာမှုသည် နွားနောက် မည်ရွေ့ မည်မျှ ပိုင်ဆိုင်သည့် အပေါ်၌သာတည်သည်။ ချင်း အမျိုးသားတို့၏ သာရေး နာရေး ကိစ္စအရပ်ရပ်တွင် နွားနောက်သားနှင့် ဧည့်ခံကျွေးမွေးနိုင်မှ ချင်းလူမျိုးတို့၏ အမွန်မြတ်ဆုံးသောဂုဏ်ကို ရနိုင်သည်။ ထို့ပြင် ကျားပါးစပ်ရောက်ဟူရာ၌ အဓိပ္ပာယ်ကို ပို၍ ထိရောက်ပြီး ဖြစ်စဉ် ပုံပန်းသဏ္ဌာန်ကိုပါ အတိအကျဖော်ပြထားသည်။ ထို့ကြောင့် ချင်းလူမျိုးတို့၏ စကားပုံကို လေ့လာခြင်းဖြင့် ချင်းလူမျိုးတို့၏ တန်ဖိုးထားမှုနှင့် ဓလေ့ထုံးစံတို့ကိုပါ တစ်ပါတည်း သိရှိနိုင်ပါသည်။

မွန်တိုင်းရင်းသားတို့၏ “နွားကွဲ ကျားကိုက် လူကွဲ အထိနာ” ဟူသည့် စကားပုံတွင် နွားကွဲလျှင် ကျားကိုက် တတ်ကြောင်း တင်စားအနက်ကို ဦးစွာဖော်ပြပြီး ဆိုလိုရင်း ဖြစ်သည့် လူအချင်းချင်း စိတ်ဝမ်းကွဲ ပါက အစစအရာရာ နစ်နာတတ်ကြောင်း ဖြစ်တတ်သည့် ဆိုးကျိုး သက်ရောက်မှု ကိုပါ ဖော်ပြထားသည်ကို တွေ့ရပေသည်။

ရခိုင်တိုင်းရင်းသား စကားပုံတွင် “နွားကွဲကေ ကျားဆွဲမေ” နွားကွဲလျှင် ကျားဆွဲမယ် ဟူသော တင်စားအနက် ဖြင့် ရခိုင် ဒေသိယ စကားသံကို ကာရန်တူ ကေနှင့် မေ စကားသုံးဖြင့် တင်စားကာ သုံးနှုန်းခဲ့ကြပေသည်။ ရှမ်းတိုင်းရင်းသား စကားပုံတွင် “နွားကွဲလျှင် အမဲသား ဖြစ်မည်” ဟူရာ၌မြန်မာတို့က ကျားကိုက်ခံရမည့်အဆင့် အထိ ပြောပြီး ရှမ်းတို့ကမူ အမဲသား ဖြစ်သွားမည့် နောက်ဆုံးအဆင့်အထိ တင်စားသုံးနှုန်းထားသည်။

အကျိုးသက်ရောက်ပုံမှာ စည်းလုံးညီညွတ်မှုမရှိလျှင် ပြင်ပအန္တရာယ်ဝင်လာပြီး ဒုက္ခဖြစ်နိုင်ကြောင်း သဘောပေါက်ပြီး အချင်းချင်းညီညွတ်အောင် အစဉ်ကြိုးပမ်းဖို့လိုကြောင်း သတိပြုစေသည့် စကားပုံဖြစ်သည်။

အထက်ပါ စကားပုံတို့ကို လေ့လာကြည့်လျှင် "နွားနောက်ကွဲ ကျားပါးစပ်ရောက်" (ချင်း) "နွားကွဲ ကျားကိုက်၊ နွားကွဲ ကျားဆွဲ"( မြန်မာ) "နွားကွဲ ကျားကိုက် လူကွဲ အထိနာ"(မွန်) "နွားကွဲကေ ကျားဆွဲ မေ" (ရခိုင်) "နွားကွဲလျှင် အမဲသားဖြစ်မည်" (ရှမ်း) စကားပုံတို့မှာ ကွယ်ဝှက်ထားသော အနက်၊ တင်စား အနက်လည်း တူ၍ သက်ရောက်အနက်လည်းတူသော စကားပုံများဖြစ်သည်။

ကချင်(မရူ) တိုင်းရင်းသား စကားပုံတွင် "ဝါးမကွဲဘဲနှင့် ရေမဝင်၊ ဝါးကွဲမှသာ ရေဝင်သည်"

ဆိုလိုရင်းမှာ အချင်းချင်း စည်းလုံးညီညွတ်မှုရှိလျှင် ပြင်ပ ရန်သူများမဝင်နိုင်၊ စည်းလုံးမှု မရှိလျှင် ပြင်ပရန်သူများ ဝင်ရောက်နိုင်မည်။

ကချင်ပြည်နယ်သည် ဝါးပေါသောဒေသဖြစ်ရာ ကချင် (မရူ) တို့က မိမိတို့ ပတ်ဝန်းကျင်ရှိ ဝါးကို ပမာပြု၍ သိမြင်လွယ်အောင် ဖွဲ့ထားသော စကားပုံဖြစ်သည်။ ဝါးအတွင်းဘက်၌ အခေါင်းရှိသော်လည်း ထိပ်နှစ်ဘက်စလုံး ဝါးဆစ်ကသဘာဝအလျောက်ပိတ်ဆို့ထားပြီးဖြစ်ရာအပြင်ကရေဝင်ရန်အပေါက်မရှိပေ။ဝါးကကွဲနေမှသာရေဝင်မည်ဖြစ်သည်။ ထို့အတူပင် တိုင်းပြည်တစ်ပြည်၌ တိုင်းရင်းသားများ စည်းလုံး ညီညွတ်မှုရှိလျှင် အကွဲမရှိသော ဝါးနှင့်တူမည်။ ရေနှင့် တူသော ရန်သူ ဝင်နိုင်မည်မဟုတ်။ တိုင်းရင်းသားများ မစည်းလုံးပါက အကွဲရှိ၍ ရေဝင်နိုင်သောဝါးနှင့်တူမည်။ ထို့ကြောင့် အချင်းချင်း စည်းလုံးမှုရှိပါက ပြင်ပရန်သူများ မဝင်နိုင်။ အချင်းချင်း စိတ်ဝမ်းကွဲနေပါက ပြင်ပရန်သူများ ဝင်နိုင်သည်။ မရူတို့က စည်းလုံးညီညွတ်ရေး အရေးကြီး ပုံကို ဝါးဥပမာ ပြုပြီး ပြောထားသည်မှာ ရိုးရိုးနှင့် နက်နဲသော အဓိပ္ပာယ်ကို ဆောင်နေသည်။ အထက်ပါ စကားပုံ သည် အိမ်ထောင် တစ်အိမ်ထောင်၊ ရွာတစ်ရွာ၊ မြို့တစ်မြို့ စသည်တို့၌လည်း အလားတူ အသုံးပြုနိုင်သည်။

အကျိုးသက်ရောက်ပုံမှာ မိမိတို့အတွင်းဝယ် ပြင်ပအန္တရာယ်များ ဝင်ရောက် နှောင့်ယှက် နေနိုင်ပြီဆိုလျှင် အချင်းချင်း စည်းလုံးမှု အားနည်းနေပြီဟု သိအပ်သည်။ထိုအခါ အချင်းချင်း စည်းလုံးညီညွတ်မှုရအောင် ဆောင်ရွက်အပ်ကြောင်း သတိပြုရာသည်။

ကချင်စကားပုံဖြစ်သည့် "အူကိုဆွဲလျှင် အသည်းကနာသည်" နှင့်

မြန်မာစကားပုံဖြစ်သည့် "လက်သည်းဆိတ် လက်ထိပ်နာ" ဟူသည့်စကားပုံတို့သည် လူမျိုး အားဖြင့်လည်း ကွဲပြား ဥပမာ တင်စားချက်သည် မတူညီသော်လည်း ဆိုလိုရင်း သက်ရောက်အနက်မှာ တူညီ နေသည်ကိုတွေ့ရသည်။ နိုင်ငံတစ်ခုတွင် လူမျိုးချင်းကွဲပြားပါစေ တစ်နိုင်ငံတည်းသားဖြစ်ပြီး မိမိ နိုင်ငံသားကို စော်ကားရန်ပြုလာပါက မခံရပ်နိုင်သည့်သဘော၊ မောင်နှမသားချင်း၊ ဆွေမျိုးသားချင်း ဖြစ်ပါကလည်း တစ်ဦးကို ထိလျှင် တစ်ဦးက မခံမရပ်နိုင် ဖြစ်တတ်သည့်သဘောကို ဆိုလိုရင်း ပင်ဖြစ်သည်။

ကချင်စကားပုံတွင် အူနှင့် အသည်းသည် မတူဟု ဆိုနိုင်သော်လည်း တစ်ဝမ်းတည်း ဖြစ်သောကြောင့် ဆက်စပ်မှုများအရ အူကိုဆွဲလျှင် အသည်းက နာတတ်ပေသည်။ မြန်မာစကားပုံ တွင်လည်း လက်သည်းကို ဆိတ်ပါက ခန္ဓာကိုယ် ဆက်စပ်မှုများအရ လက်ထိပ်ကလည်း နာကြပေသည်။ တစ်မြေတည်းနေ တစ်ရေတည်း သောက်သူများဖြစ်၍ ကိုယ့်မိသားစုအချင်းချင်း အတွင်းတွင်လည်းကောင်း၊ လူမျိုးချင်းမတူသော်လည်း တစ်နိုင်ငံတည်းသား အချင်းချင်းတွင်လည်းကောင်း၊ တစ်ဦးကိုအနိုင်ကျင့်ခံရလျှင် တစ်ဦးက မခံမရပ်နိုင်ဖြစ်ကြရသည့်

သဘောပင်ဖြစ်သည်။

အကျိုးသက်ရောက်ပုံမှာ တစ်ဦးကို အနိုင်ကျင့်လျှင် တစ်ဦးက လက်ပိုက်ကြည့်မနေဘဲ ဝိုင်းဝန်း ကူညီကြမည့် စိတ်ဓာတ်များ တိုးပွားလာစေပါသည်။ထိုစကားပုံနှစ်ခုမှာကွယ်ဝှက်ထားသော တင်စားအနက်များ မတူညီသော်လည်း သက်ရောက်အနက်မှာ တူညီနေသည်ကို တွေ့ရပေသည်။

စည်းလုံးညီညွတ်မှုရှိခြင်း၏ အကျိုးရရှိပုံစကားပုံများအဖြစ် အောက်ပါတို့ကို တွေ့နိုင်ပါသည်။

ကရင်တိုင်းရင်းသား စကားပုံတွင် "ဝါးများလျှင်မြစ်ကူးနိုင်၏။လူများလျှင် အလုပ်ပြီးနိုင်၏" ဟု ဖြစ်သည်။ ဆိုလိုရင်းမှာ စည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးကြီးမားပုံ(တစ်နည်း)စုပေါင်းအား၏ အကျိုးကြီးမား ပုံကို ဆိုလိုရှိသည်။

ဝါးသည် အခေါင်းပါပြီး ပေါ့ပါးသော အရာဝတ္ထု ဖြစ်သောကြောင့် ရေပေါ်တွင် ပေါ်နိုင် သည်။ဝါးအများစုစည်းပြီး ဖောင်ဖွဲ့လျှင် မြစ်ကိုပင် ကူးသွားနိုင်သည်။ထို့အတူ လူတစ်ဦးတစ်ယောက်နှင့် မပြီး သော အလုပ်ကိုလူအများဝိုင်းဝန်း လုပ်ပါကပြီးမြောက်သွားနိုင်သည်။ အထက်ပါ စကားပုံသည် လူများလျှင် အားအင်တိုးပုံသဘောကိုသာမက၊ လူများပြီး စည်းလုံး ညီညွတ်ခြင်းရှိရမည့် သဘောကိုပါ ဆိုလိုပေသည်။

ဤစကားပုံကိုလေ့လာပြီး စည်းလုံးညီညွတ်ခြင်းကြောင့် အကျိုးထူးများရနိုင်ပုံကို နှလုံးသွင်းပြီးလျှင် တစ်အိမ်ထောင်ချင်း၊ တစ်မြို့ရွာချင်းမှစ၍တစ်တိုင်းပြည်လုံးအထိ စည်းလုံးညီညွတ်ကြအောင် ကြိုးပမ်းကြရာသည်။

ကချင်တိုင်းရင်းသားစကားပုံတွင် "သံမီးညှပ်နှင့်ကိုင်လျှင် မပူ မပြုတ်နိုင်၊ အများလက်နှင့် ကိုင်လျှင် မညွတ်နိုင်၊ စုပေါင်းဝိုင်းလုပ်လျှင် အမြန်အောင်မြင်ပြီးစီးနိုင်။" ဟူ၍ဖြစ်သည်။ ဆိုလိုရင်းမှာ လူအများ စုပေါင်းအား၏ အကျိုး ကြီးမားပုံ အောင်မြင်နိုင်ပုံကို ဆိုလိုဟန်ရှိသည်။

မီးဖိုထဲမှ ပစ္စည်းကိုယူပါက လက်ဖြင့်ယူလျှင် ပူ၍ အောက်ကို ပြုတ်ကျနိုင်သည်။ လူအများ၏ စုပေါင်းအားဖြင့် ညီညီညွတ်ညွတ်ဆောင်ရွက်လျှင် ဖြောင့်ဖြောင့်တန်းတန်း ပြီးစီးနိုင်သည်။လူအများ စုပေါင်း ဝိုင်းဝန်းလုပ်ဆောင်သောကြောင့် အလုပ်သည် လျင်မြန်စွာ အောင်မြင်ပြီးစီးနိုင်ပေသည်။

ဤစကားပုံကြောင့် အလုပ်တစ်ခုကို လုပ်ဆောင်မည်ဆိုလျှင်လူအများစုပေါင်း ဆောင်ရွက်လျှင် အချိန်မီပြီးစီး အောင်မြင်နိုင်သကဲ့သို့အလုပ်တစ်ခုသာမကကိစ္စတိုင်းကိုစည်းလုံးညီညွတ်စွာဆောင်ရွက်လျှင်အောင်မြင်ခြင်းဟူသည့် အကျိုးရလဒ်ကိုရရှိနိုင်ပါသည်။

ရှမ်းတိုင်းရင်းသား စကားပုံဖြစ်သည့် "အချောင်းတစ်ရာရှိသောမြား လူအများ မချိုးနိုင်" ဟူသော စကားပုံ၏ ဆိုလိုရင်းမှာစည်းလုံးညီညွတ်မှုအား(တစ်နည်း) စုပေါင်းအား၏ အကျိုးများပုံကိုပြသည့် ဆိုလိုရင်း ဖြစ်သည်။ မြားတစ်ချောင်းတည်းဖြစ်လျှင် လူတစ်ဦးတည်းက လွယ်ကူစွာ ချိုးဖဲ့နိုင်သည်။ မြား အချောင်း တစ်ရာ တစ်စု တစ်စည်း ဖြစ်ပါက၊ လူတစ်ဦးမဆိုထားနှင့် လူအများကလည်း မချိုးနိုင်။ ထိုနည်းတူ တစ်ဦးစီ ကွဲပြားနေပါက ပြင်ပမှ အလွယ်နှင့် ဒုက္ခပေးနိုင်သည်။ တညီတညွတ်တည်း ဖြစ်ပါက ရန်သူမည်မျှ အင်အား ကြီးပါစေ။မထိုးဖောက် မနှောင့် ယှက်နိုင်ချေ။

အကျိုးသက်ရောက်ပုံမှာ စည်းလုံးညီညွတ်ခြင်းသည် အင်အားဖြစ်သဖြင့် အချင်းချင်း စည်းလုံးညီညွတ်ကြရာ သည့် အကျိုးကို ရရှိစေသည်။

မြန်မာတိုင်းရင်းသား စကားပုံတွင် အရေးကြီး သွေးနီးရာဟူသည့် စကားပုံသည် အရေးကိစ္စ ကြုံလာလျှင် သွေးသားရင်းချာတို့သည် သူစိမ်းထက် ပို၍ သံယောဇဉ်ရှိတတ်ကြသည်။ ဆွေမျိုးသားချင်းများသည် သာမန်အချိန်များ

၌ တစ်ဦးနှင့် တစ်ဦး အခေါ် အပြော အဆက်အဆံ နည်းပြီးအမှတ်တမဲ့ နေတတ်ကြသော်လည်း အရေးကိစ္စ တစ်စုံတစ်ရာ ကြုံလာပါက အချင်းချင်း ပေါင်းစည်း ရိုင်းပင်းသွားတတ်ကြသော သဘောရှိသည်။ အထက်ပါ စကားပုံ သည် ဆွေမျိုးသားချင်း အသိုင်းအဝန်းမှ အစပြု၍ မျိုးနွယ်တူတို့ စုဝေး နေထိုင်ရာ တိုင်းနိုင်ငံထိ အသုံးပြုလေ့ ရှိသည်။

အကျိုးသက်ရောက်ပုံမှာ ဆွေမျိုးသားချင်းများ နိုင်ငံအတွင်းရှိ တိုင်းရင်းသားများသည် အရေးကြုံလျှင် ရိုင်းပင်းသွေးစည်းကြခြင်းဖြင့် ရန်အသွယ်သွယ်ကို အောင်မြင်နိုင်သည်။

စည်းလုံးညီညွတ်ရေးအတွက် မည်သို့စိတ်သဘောထားသင့်သည်။ မည်သို့ပြုမူသင့်သည်ကိုကရင် တိုင်းရင်းသား စကားပုံတွင် "ညီအစ်ကိုမောင်နှမအချင်းချင်း မိခင် ဖခင်လို သဘောထား အမေအဖေကို နတ်သိကြားလိုရိုသေ" ဟုတွေ့နိုင်သည်။ ဆိုလိုရင်းမှာ ညီအစ်ကို မောင်နှမ အချင်းချင်း ရိုသေလေးစားရန်၊ မိဘကို ရိုသေလေးစားရန် ဆိုလိုခြင်းဖြစ်သည်။

ညီအစ်ကိုမောင်နှမအချင်းချင်း မိခင် ဖခင်ပမာ ရိုသေလေးစား ချစ်ခင်ရမည်။မိဘကိုမူ နတ်သိကြားကဲ့သို့ ကိုးကွယ်ဆည်းကပ်ရမည်။ အပြန်အလှန် သဘောထား ဆက်ဆံကြခြင်းဖြင့် မိသားစု စည်းလုံးညီညွတ်စေမည်။ မိသားစု ချစ်ခင်စည်းလုံးခြင်းကို လမ်းညွှန်ပြသည့် စကားပုံဟုဆိုရမည်။

အကျိုးသက်ရောက်ပုံမှာ မိသားစုချစ်ခင်စည်းလုံးခြင်းဖြင့် အားလုံး စိတ်ချမ်းမြေ့ သာယာစေမည်။ ကြီးပွား တိုးတက်မှုကို ရရှိစေမည်။

ဂျိန်းဖောတိုင်းရင်းသား စကားပုံတွင် "ညီအစ်ကိုများကို စွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ၊ ဖက်နွမ်းခြောက်များကို စွန့်ပစ်ရန်သာ ချောက်ကမ်းပါးရှိသည်။" ဟု တွေ့ရသည်။

ဤစကားပုံ၏ ဆိုလိုရင်းမှာ ညီအစ်ကိုများသည် သွေးရင်းဖြစ်ကြသည့်အတွက် သံယောဇဉ် မပြတ်နိုင်ကြောင်း၊ အမြဲစည်းလုံးနေစေလိုခြင်းပင် ဖြစ်သည်။

ဖော်ပြပါ စကားပုံသည် ကချင်ဂျိန်းဖောတို့၏ ဖသားစနစ်ကို ဖော်ညွှန်းနေပေသည်။ ကချင်တို့သည် ဖသားစုကို ဦးစားပေးသဖြင့် ဖော်ပြပါ စကားပုံ၌အဆိုပါသဘောကို တွေ့ရသည်။ မြန်မာ၌လည်း "တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးရှိသည်။သားသမီးဆိုး စွန့်ပစ်ရိုး မရှိ" ဟူသော စကားပုံကဲ့သို့ ဖြစ်သည်။ ကချင်ဂျိန်းဖောတို့မှာမူ ညီအစ်ကိုများ သည် မည်သည့် အကြောင်းကြောင့်မှ မစွန့်ပစ်နိုင်ကြောင်းကိုဆိုလိုသည်။ ကချင်ပြည်နယ်ဟူသည် တောင်တန်း ချောက်ကမ်းပါးများ ထူထပ်သဖြင့် ပတ်ဝန်းကျင်ဒေသနှင့် လူနေမှုစနစ်မှ ပေါက်ဖွားလာသော စကားဖြစ်သည်။

အကျိုးသက်ရောက်ပုံမှာ ညီအစ်ကိုများသွေးမကွဲရန်နှင့် ကချင်ဂျိန်းဖောတို့၏ ဖသားစနစ်ကို အစွန့်ရှည်အောင် အထောက်အကူပြုစေသည်။

ဓနုတောင်ရိုး တိုင်းရင်းသား စကားပုံတွင် "ယာနားနီးချင်း ဆွေမျိုးရင်း" ဟုတွေ့ရသည်။ ဆိုလိုရင်းမှာ မိမိ၏ အိမ်နီးချင်းများကို ဆွေမျိုးရင်းချာပမာ သဘောထားသင့်ကြောင်း ဖြစ်ပေသည်။

ဓနု၊ တောင်ရိုးတို့မှာ တောင်ယာ လုပ်ကိုင်စားသောက်သူများဖြစ်ကြ၍ မိမိတို့ ပတ်ဝန်းကျင်ရှိအရာကို သာဓကဆောင်ပြီး "ယာနားနီးချင်း" ဟု သုံးထားခြင်းဖြစ်၏။မိမိ၌ ဆွေမျိုးသားချင်းများရှိသော်လည်း အရပ်ဝေး ၌ နေပါက အရေးအကြောင်း တစ်စုံတစ်ရာ ရှိခဲ့သော် ရုတ်တရက် လာရောက်ရန် လွယ်မည် မဟုတ်။ အိမ်နီးချင်း ကသာ ရုတ်ချည်း ကူညီနိုင်မည်။ ထို့ကြောင့် မိမိအိမ် မိမိပတ်ဝန်းကျင်ရှိ လူများကို ခင်မင် ရင်းနှီးအောင် ဆက်ဆံသင့်ပုံ၊ ဆွေမျိုးရင်းချာပမာ သဘောထားသင့်ပုံကို မှာကြားထားသော စကားပုံဖြစ်သည်။ အထက်ပါ စကားပုံသည် အခြေခံ

အကျဆုံးသော တစ်အိမ်ထောင်ချင်းမှ အကျယ်ပြန့်ဆုံးသော တိုင်းပြည် အဆင့်အထိ အကျုံးဝင် အသုံးပြုနိုင်ပေသည်။

အကျိုးသက်ရောက်ပုံမှာ မိမိ အိမ်နီးနားချင်းများနှင့် လိုက်လျောညီထွေဆက်ဆံပြီး စည်းစည်းရုံးရုံး နေထိုင်သင့်ကြောင်း သတိပြုစေသည်။

ချင်း တိုင်းရင်းသား စကားပုံတွင် "မေတ္တာဖြင့် အရင်းတည်လျှင် မေတ္တာ တုံ့ပြန်တတ်၍ ရန်ဖြင့် အရင်းတည်လျှင် ရန်တုံ့ပြန်တတ်သည်"။

ဆိုလိုရင်းမှာ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေထိုင်လိုပါက မိမိလိုချင်ရာကို မေတ္တာဖြင့် အရင်းတည်လျှင် အလားတူမေတ္တာတုံ့ပြန်ခံရပေမည်။ ရန်ဖြင့် အရင်းတည်လျှင်လည်း ပြန်လည်၍ ရန်တုံ့ပြန် ခံရတတ်ပေသည်။

မေတ္တာအရင်းတည်လျှင် မေတ္တာရပြီး ရန်အရင်းတည်လျှင် ရန်ရနိုင်ပုံကို ဖော်ပြသော အဖိုးတန် စကားပုံဖြစ်သည်။ ရန်စရှိသူနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ရန်စဖြင့်သာ တစ်ပြန်တစ်လှည့် ဆက်ဆံနေပါက မည်သည့် အခါမျှ ရန်မအေးနိုင်။ တစ်ဦးဦးက မေတ္တာဖြင့် ဆက်ဆံပြီး ရန်စဖြတ်မှ ရန်ပြေငြိမ်းနိုင်ပေမည်။ "တစ်ဦးမေတ္တာ တစ်ဦးမှာ" "ကိုယ့်မေတ္တာ သူ့မေတ္တာ" ဟူသော မြန်မာ့ဆိုရိုးစကားများနှင့် အလားတူဖြစ်သည်။

အကျိုးသက်ရောက်ပုံမှာ ဖြူစင်သော မေတ္တာစိတ် အခြေခံဖြင့် ဆက်ဆံပါက မိတ်ကောင်း ဆွေကောင်းများရပြီး ဘဝ၌ စိတ်အေးချမ်းသာရပေမည်။ ရန်ဖြင့် ဆက်ဆံနေပါက လူမုန်းများပြီး စိတ် မချမ်းမသာ ဖြစ်တတ်ပေမည်။ ထို့ကြောင့် မိမိစိတ်ထား အပြောအဆို အပြုအမူကို အစဉ် သုံးသပ်ကြည့်ပြီး ရန်စိတ်မမွေး မေတ္တာစိတ် မွေးမှသာ စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ပေမည်။

တအာင်း(ပလောင်) တိုင်းရင်းသား စကားပုံတွင် "ကျီးလိုဝိုင်းကူညီပြီး ကြက်သွန်ဖြူဥလို စုစည်းပါ။"စကားပုံ၏ ဆိုလိုရင်းမှာမိမိတို့ အချင်းချင်းဝိုင်းဝန်းကူညီပြီး စုစုစည်းစည်း နေထိုင်ကြရန် ဆိုလိုခြင်း ဖြစ်ပေမည်။

တိရစ္ဆာန်လောက၌ အချင်းချင်းရိုင်းပင်းမှုတွင် ကျီးငှက်မှာ ထူးခြားသည်။ ကျီးတစ်ကောင် သေလျှင် သို့မဟုတ် ကျီးတစ်ကောင် အော်မြည်သံကြားလျှင် ရပ်ဝေး ရပ်နီးရှိကြားကြားသမျှ ကျီးများသည် ထိုနေရာသို့ စုပြုံရောက်ရှိလာပြီး ဆူညံနေအောင် ဝိုင်းအာကြပေတော့သည်။ ထို့ကြောင့် ကိုယ့်အမျိုးကိုသိတတ်လွန်းသော၊ အမျိုးထိလျှင် မခံတတ်သော သူများကို မြန်မာ၌ ကျီးမျိုးဟု ဆိုစမှတ် ပြုကြ သည်။ တအာင်းတို့က ကျီးတို့၏ အချင်းချင်းကူညီညာသော သဘာဝကို နှစ်သက်ပြီး ကျီးလိုဝိုင်းကူညီဖို့ စကားပုံ ပြုထားခြင်း ဖြစ် သည်။ ကြက်သွန်ဖြူဥ မှာလည်းအမြွှာတက်လေးများသည် တစ်ခုနှင့် တစ်ခု နီးနီးကပ်ကပ် ပူးတွဲပြီး တစ်ခု တည်း အဖြစ် သိပ်သည်းစွာ တည်ရှိနေပေသည်။ ထို့ကြောင့် မိမိတို့ အချင်းချင်းစုစုစည်းစည်း ရှိဖို့ကိုမူ ကြက်သွန်ဖြူဥကို ပမာပြု၍ ဆုံးမခြင်းဖြစ်သည်။

ဤစကားပုံကြောင့် မိသားစု တစ်စုမှသည် တစ်မြို့၊ တစ်နယ်၊ တစ်ပြည်ထောင်လုံးအထိ အကျိုးသက်ရောက်မှု ရှိနိုင်သည်။ မိသားစုစည်းလုံးညီညွတ်လျှင် အားလုံးမှာ အကျိုးဖြစ်ထွန်း အောင်မြင်မည်။ ပြည်နယ်များ စုစည်းထားသော တိုင်းပြည် တစ်ပြည်သည် ရိုင်းပင်း ကူညီပြီး စည်းလုံးညီညွတ်လျှင် တိုင်းပြည် သေးငယ်သော်လည်း ပြင်ပမှ မည်သည့် အင်အားကြီး ရန်သူမျှ ထိုးဖောက် ဝင်ရောက်ခြင်း မပြုနိုင်။ ထို့ကြောင့် မိသားစု တစ်စုမှသည် တစ်တိုင်းပြည်လုံးအထိ မှတ်သား လိုက်နာသင့်သော စကားပုံဖြစ်သည်။

အထက်ပါ စကားပုံတို့ကို လေ့လာကြည့်လျှင် ရေမြေချင်း ဝေးကွာသော်လည်း ဓလေ့ထုံးစံ မတူသော်လည်း ယဉ်ကျေးမှု နိုင်ငံရေး စီးပွားရေးအရ ကူးလူးဆက်ဆံရာမှလည်းကောင်း၊ အခြေခံ အတွေးအခေါ်ဘဝ အရှုအမြင် ရည်ရွယ်ချက်အယူအဆ တူသော်ကြောင့်လည်းကောင်း တူညီသော စကားပုံများဖြစ်လာသည်၊ တိုင်းရင်းသား စကားပုံတွင်

"နွားနောက်ကွဲ ကျားပါးစပ်ရောက်"( ချင်း) "နွားကွဲ ကျားကိုက်၊ နွားကွဲ ကျားဆွဲ" ( မြန်မာ) "နွားကွဲ ကျားကိုက် လူကွဲ အထိနာ"(မွန်) "နွားကွဲကေ ကျားဆွဲမေ"(ရခိုင်) "နွားကွဲလျှင် အမဲသားဖြစ်မည်"( ရှမ်း) စသည့် စကားပုံတို့ကို တွေ့မြင်နိုင်သည်။ ထိုစကားပုံ တို့တွင် ပြောလိုသော အကြောင်းအရာကို ပုံဆောင်ကာ လူတို့မြင်တွေ့နေကျ ဥပမာကို ထိထိမိမိ ဆောင်ပြသည့် စကားပုံများအဖြစ်လည်းတွေ့မြင်နိုင်သည်။ "နွားနောက်ကွဲ ကျားပါးစပ်ရောက်" ( ချင်း) တွင် နွားနှင့် ကျား၊ နောက်နှင့်ရောက်၊ "နွားကွဲ ကျားကိုက်၊ နွားကွဲ ကျားဆွဲ"( မြန်မာ) တွင် နွားနှင့်ကျား၊ ကွဲနှင့်ဆွဲ၊ "နွားကွဲ ကျားကိုက် လူကွဲ အထိနာ"(မွန်)တွင် နွားနှင့်ကျား၊ "နွားကွဲကေ ကျားဆွဲမေ"(ရခိုင်)တွင် နွားနှင့်ကျား၊ကေနှင့်မေ၊ "နွားကွဲလျှင် အမဲသားဖြစ်မည်(ရှမ်း) တွင် ကွဲနှင့်အမဲ စသည်ဖြင့် ကာရန်များဖြင့် ရေးထားသည်ကို တွေ့ရသည်။ ထို့ကြောင့် တိုင်းရင်းသား စကားပုံအချို့တွင် ကာရန်ပါသောကြောင့် ဆိုရရွတ်ရသည်မှာ ကောင်းမွန်သည့်အပြင် ပို၍ မှတ်မိလွယ်သည်ကို တွေ့နိုင်ပေသည်။

(ကချင်) "ဝါးမကွဲဘဲနှင့် ရေမဝင်၊ ဝါးကွဲမှသာ ရေဝင်သည်"။ (ကရင်) "ဝါးများလျှင် မြစ်ကူးနိုင်၏။ လူများလျှင် အလုပ်ပြီးနိုင်၏"။ (ကချင်) သံမီးညှပ်နှင့်ကိုင်လျှင် မပူ မပြုတ်နိုင်၊ အများလက်နှင့် ကိုင်လျှင် မညွတ်နိုင်၊ စုပေါင်းဝိုင်းလုပ်လျှင် အမြန်အောင်မြင်ပြီးစီးနိုင်။ (ရှမ်း) " အချောင်းတစ်ရာရှိသောမြား လူအများ မချိုးနိုင်" စကားပုံ တို့သည်လည်း မိမိပတ်ဝန်းကျင် ဒေသတွင် ပေါက်ရောက်လေ့ရှိသော သစ်ပင်ကို ပုံဆောင်ခြင်းဖြစ်သည်။ လူအများ ထင်လွယ် မြင်လွယ် သိလွယ်သော သံမီးညှပ်၊ မြား အသုံးအဆောင် နှင့် တင်ပြ ထားခြင်းသည် လောက၏ သဘောကို ပို၍ထင်သာ မြင်သာရှိစေသည်။ မိမိ ပတ်ဝန်းကျင်ရှိ နီးစပ်ရာ အရာဝတ္ထုတို့နှင့် ထင်ဟပ်ကာ ပြဆိုထားခြင်းတို့ကြောင့် လူအများ စုပေါင်းလုပ်လျှင် အလုပ်ပြီးနိုင်ကြောင်း ပို၍ ပေါ်လွင်လာရပါသည်။

အရေးကြီး သွေးနီးရာ (မြန်မာ) ဟူသည့် စကားပုံသည် လူတို့၏ အရေးကိစ္စ တစ်စုံတစ်ရာ ကြုံလာပါက အချင်းချင်း ပေါင်းစည်း ရိုင်းပင်းသွားတတ်သည့် လောကသဘောနှင့် လူတို့၏ စိတ်နေသဘောထားကို စံပြုကာ ဆက်လက်စောင့်ထိန်းသွားကြရန် တိုက်တွန်းထားသည့် စကားပုံပင်ဖြစ်သည်။ ကာလ၊ ဒေသ၊ အခြေအနေ အချိန်အခါ အရ ဖြစ်တည်လာသည့် စကားပုံဖြစ်သည်။

ညီအစ်ကိုမောင်နှမအချင်းချင်း မိခင် ဖခင်ပမာ ရိုသေလေးစား ချစ်ခင်ရမည်။ မိဘကိုမူ နတ်သိကြားကဲ့သို့ ကိုးကွယ်ဆည်းကပ်ရမည်။ (ကရင်) စကားပုံတွင် ညီအစ်ကိုလေးစားရန် မြန်မာဆိုရိုးတွင် အစ်ကိုကြီးတော့ အဖအရာ ဆိုရိုးနှင့် ဆင်တူသည်။ မိဘကို နတ်သိကြား နှင့် ပုံဆောင် ဥပမာပေးကာ ရည်ညွှန်း တိုက်တွန်းထားခြင်းဖြင့် ကရင်လူမျိုး၏ကိုးကွယ်သည့် ဓလေ့ထုံးစံကို သိရှိနိုင်ပေသည်။

ချင်း တိုင်းရင်းသား စကားပုံတွင် "မေတ္တာဖြင့် အရင်းတည်လျှင် မေတ္တာ တုံ့ပြန်တတ်၍ ရန်ဖြင့် အရင်းတည်လျှင် ရန်တုံ့ပြန်တတ်သည်"ဟူသော စကားပုံသည် "တစ်ဦးမေတ္တာ တစ်ဦးမှာ" "ကိုယ့်မေတ္တာ သူ့မေတ္တာ" ဟူသော မြန်မာ့ဆိုရိုးစကားများနှင့် အလားတူဖြစ်သည်။ စည်းလုံးညီညွတ်ရေးတွင် မေတ္တာဖြင့် တည်ဆောက်ဖို့သည် အရေးကြီးကြောင်း ပဓာနကျကြောင်း ညွှန်းပြ ပြဆိုသည့် စကားပုံ ဖြစ်သည်။

"ကျီးလိုဝိုင်းကူညီပြီး ကြက်သွန်ဖြူဥလို စုစည်းပါ။"(တအောင်း ပလောင်) စကားပုံတွင်

မိမိတို့ အချင်းချင်းဝိုင်းဝန်းကူညီပြီး စုစုစည်းစည်း နေထိုင်ကြရန် ဆိုလိုသည်။ မိမိတို့ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုနှင့် ဥပမာပေးကာ ဆိုလိုရင်း ပေါ်လွင်စေသော စကားပုံဖြစ်သည်။ မိမိပတ်ဝန်းကျင်နှင့် နီးနွယ်၍ နေ့စဉ်မြင်တွေ့ရသော ကျီး၊ နေ့စဉ်သုံးရသော ကြက်သွန်ဖြူတို့နှင့်တင်စား ထားသည်ကို တွေ့ရပေသည်။

အချုပ်အားဖြင့်ဆိုရသော် စည်းလုံးညီညွတ်ခြင်းပြ စကားပုံကို လေ့လာခြင်းဖြင့် တိုင်းရင်းသား စကားပုံတို့သည် အသုံးချ ဘာသာစကားအတွက် အဖိုးတန်သော လေ့လာစရာ အမြောက်အများ ပါရှိသည်။ ထို့ပြင် တိုင်းရင်းသား လူမျိုးတို့၏ အတွေးအခေါ် အယူအဆ ၊ ကိုယ်ကျင့်တရား၊ ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု စရိုက်လက္ခဏာ သွင်ပြင်၊ လောကသဘာဝ ရှုမြင်ပုံကိုပါတွေ့နိုင်ပေသည်။ လူမှုဆက်ဆံရေး နယ်ပယ်တွင် စကားပုံကို သုံးလိုက်လျှင် အချိန်တိုတိုနှင့် သိလွယ် မြင်လွယ်နိုင်အောင် ဖန်တီး ပြောဆိုကြမည်ဖြစ်ကြောင်း ဤစကားပုံများကို လေ့လာခြင်းဖြင့် သိမြင်နိုင်ပေသည်။ စကားပုံများသည် နေ့စဉ်ထိတွေ့ လုပ်ကိုင်နေကြသော အဖြစ်ပျက်များမှ သာဓကကိုဆောင်ကာ တိုက်ရိုက်အနက်အပြင် ကွယ်ဝှက်သော အနက်ရှိသော စကားပုံတို့ကိုလည်း တွေ့နိုင်ပေသည်။ ရေမြေချင်း ဝေးကွာလှသော်လည်း ဓလေ့ထုံးစံ မတူသော်လည်း ယဉ်ကျေးမှုအရလည်းကောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးအရ ကူးလူး ဆက်ဆံရာမှ လည်းကောင်း၊ အခြေခံ အတွေးအခေါ် ဘဝအရှုအမြင် ရည်ရွယ်ချက် အယူအဆ တူသောကြောင့်လည်းကောင်း တူညီသော စကားပုံများကို စည်းလုံးညီညွတ်ခြင်းပြ စကားပုံတွင် အများအပြား တွေ့နိုင်ပေသည်။ ကာရန်ချိတ်ပြဆိုသော စကားပုံတို့ကြောင့် ဆိုရွတ်ရသည်မှာ ပိုကောင်းမွန်၍ မှတ်မိလွယ်သည်ကို တွေ့နိုင်ပေသည်။ သွေးစည်းညီညွတ်ခြင်းသည် အရေးကြီးလှသောကြောင့် တိုင်းရင်းသား လူကြီးသူမများ ပညာရှိကြီးများသည် စကားပုံများကို လက်ဆင့်ကမ်း၍ ထိန်းသိမ်းကြသည်ကို အထင်အရှား တွေ့မြင်နိုင်သည်။ ထို့ပြင် စကားပုံအသစ်များကို တီထွင်ခြင်းဖြင့် သားစဉ်မြေးဆက်တိုင် ဘာသာစကား အမွေပေးလျက်ရှိပေသည်။

## လေ့ကျင့်ခန်း

၁။ စည်းလုံးညီညွတ်ရေး၏ အခြေခံမှာ မေတ္တာပင်ဖြစ်ကြောင်းစကားပုံသည် မည်သည့် တိုင်းရင်းသား၏ စကားပုံဖြစ်သနည်း။

၂။ လူမျိုးတို့၏ ယုံကြည်မှုသဘောကို စကားပုံတို့တွင် တွေ့မြင်နိုင်ကြောင်း ပြဆိုသည့် ကရင်နီ တိုင်းရင်းသား စကားပုံကို ဖော်ပြပါ။

၃။ မိမိပတ်ဝန်းကျင်နှင့်နီးနွယ်သော မြင်တွေ့ရသော ဥပမာဖြင့် တင်စားထားသည့် ညီညွတ်ခြင်းပြ တအာင်း (ပလောင်) စကားပုံကို ဖော်ပြပါ။

၄။ ကာရန်ချိတ်ကာပြဆိုသောစကားပုံ တို့ကြောင့် ဆိုရွတ်ရ သည်မှာ ပို၍ ကောင်းမွန်ကာ မှတ်မိလွယ်ပါသလား။ ညီညွတ်ခြင်းပြစကားပုံတို့မှ သာဓကပြ ချိတ်ဆက်ပြပါ။ သင်သိရှိခဲ့သောအခြား စကားပုံ တစ်ခုကို ဖော်ပြပါ။

၅။ စကားပုံတို့တွင် ရေမြေနှင့် ဓလေ့ထုံးစံတို့ ဝေးကွာသော်လည်း ကွယ်ဝှက်ထားသော အနက် တင်စား အနက်လည်း တူ၍ သက်ရောက်အနက်လည်းတူသော စကားပုံများရှိလာရသည်မှာ အဘယ့်ကြောင့် နည်း။ သင်၏ ထင်မြင်ချက်ကို ဖော်ပြပါ။

၆။ စကားပုံကို ထည့်သွင်းပြောဆိုပါက စကားပြောဆိုရာတွင် ပိုမိုထိရောက်စေသည်ဟူသော အဆိုကို သင်ထောက်ခံပါသလား။ အုပ်စု ၃စုဖွဲ့၍ တိုင်ပင်ကာ စကားပြောရာတွင် စကားပုံ တစ်ခုစီ ထည့်သွင်း ပြောပုံနှင့် မပြောပုံ ထွက်ရှိလာသော အနက်အဓိပ္ပာယ် အကျိုးသက်ရောက်မှု ကွာပုံကို ဆွေးနွေးပြပါ။

၇။ စည်းလုံးညီညွတ်ရေးအတွက် မည်သို့ စိတ်သဘော ထားသင့်ပုံ၊ မည်သို့ ပြုမူသင့်ပုံကို တိုင်းရင်းသား စကားပုံများကို ဥပမာပေးကာ ရှင်းလင်းဖြေဆိုပါ။

၈။ (ဂျိန်းဖော)တိုင်းရင်းသားစကားပုံတွင် "ညီအစ်ကိုများကို စွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ၊ ဖက်နွမ်းခြောက်များကို စွန့်ပစ်ရန်သာ ချောက်ကမ်းပါးရှိသည်" ဟူသော စကားပုံသည် မည်သည့်စနစ်မှ ပေါက်ဖွား လာသော စကားပုံဖြစ်သနည်း ဆန်းစစ်တင်ပြပါ။

၉။ ရေမြေချင်း ဝေးကွာလှသော်လည်း ဓလေ့ထုံးစံ မတူသော်လည်း ယဉ်ကျေးမှုအရလည်းကောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးအရ ကူးလူးဆက်ဆံရာမှလည်းကောင်း၊ အခြေခံ အတွေးအခေါ် ဘဝအရှုအမြင် ရည်ရွယ်ချက် အယူအဆတူသောကြောင့် လည်းကောင်း တူညီသော စကားပုံများအဖြစ် ညီညွတ်ခြင်းပြစကားပုံအပြင် အခြားအကြောင်းအရာများမှ သင်သိရှိခဲ့သောစကားပုံများ နှစ်ခုကို ဖော်ပြပါ။

သာဓက - မြန်မာ -ချောင်းရိုး မြောင်းရိုးသာ တိမ်ကောသည်၊ လူမျိုး မတိမ်ကော

ချင်း - ချောင်းရိုးခန်းသလို၊ မျိုးရိုးမခန်း

၁၀။ စည်းလုံးညီညွတ်ခြင်းကိုပြဆိုသော အရာဝတ္ထု သက်ရှိသက်မဲ့တို့ဖြင့် တင်စားထားသော စကားပုံနှင့် သင်ကိုယ်တိုင် စကားပုံအသစ် တစ်ခုကို ဖန်တီးပြပါ။

ပျို့

# ၁။ ပညာရဲရင့်ပွဲလယ်တင့်
# ( အင်းဝခေတ်)

ပညာရဲရင့်ပွဲလယ်တင့်ကဗျာကို အင်းဝခေတ်စာဆိုရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့မှ ကောက်နုတ်ထားပါသည်။ ရှင်မဟာရဋ္ဌသာရကို ပြည်စုန်မင်းလက်ထက် မြန်မာနှစ် ၈၃၀ပြည့်နှစ် (ခရစ်နှစ် ၁၄၆၈) တွင် အင်းဝမြို့၌ မွေးဖွားခဲ့သည်။ ဖခင်မှာဓမ္မပါလအမတ်ကြီးဖြစ်ပြီး မိခင်မှာ သတိုးမင်းဖျား၏ အနွယ်တော်ဖြစ်သည်။ ငယ်မည်မှာ မောင်မောက် ဖြစ်သည်။ မင်းဆွေ စိုးမျိုးဖြစ်၍ နန်းတွင်းတွင် ကြီးပြင်းခဲ့သည်။ ဇရစက္ကပါလမထေရ် (သီဟိုဠ်ရောက် ဆရာတော်ကြီး) ထံတွင် နက္ခတ်၊ ဗေဒင်၊ ဆန်း၊ အလင်္ကာ၊ ပါဠိ၊ သက္ကတ စသည်တို့ကို သင်အံလေ့လာခဲ့သည်။

အသက် ၁၀ နှစ်အရွယ်ကပင် ဒုတိယမင်းခေါင်၏သမီးတော် သုံးပါးကို " အိုဘဲ့ဘယ် အိုဘဲ့ သမီးတော်" ချီ ကဗျာကိုရေးဖွဲ့ခဲ့သည်။ အသက် ၁၆နှစ်အရွယ်တွင် ဘူရိဒတ်လင်္ကာကြီးကို ရေးဖွဲ့ ခဲ့သည်။ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ကိုးခန်းပျို့၊ ဂမ္ဘီသာရပျို့၊ သံဝရပျို့ တို့သည် ရှင်မဟာရဋ္ဌသာရ ၏ ထင်ရှားသော ပျို့များဖြစ်ကြသည်။ တံတားဦးတည်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ ဝတ်ရုံကျောင်း ဘွဲ့မော်ကွန်း ၊ ရွှေစက်တော်သွားတောလား၊ ဆုံးမစာများ၊ ရတုများကိုလည်းရေးဖွဲ့ခဲ့သည်။ သံဝရပျို့သည် ရှင်မဟာရဋ္ဌသာရ၏နောက်ဆုံးစာပေ လက်ရာဖြစ်ပြီး သက္ကရာဇ် ၈၉၂ ခုသက်တော် ၆၂နှစ်တွင် ပြည်မြို့၌ ပျံတော်မူသည်။

ကိုးခန်းပျို့သည် ငါးရာ့ငါးဆယ်နိပါတ်တော်ဝိသတိနိပါတ် တစ်ဆယ့်သုံးခုမြောက်ဖြစ်သော ဟတ္ထိပါလဇာတ်တော်ကို ရေးဖွဲ့ထားသောကြောင့် ဟတ္ထိပါလပျို့၊ အခန်းကိုးခန်းဖြင့် ဖွဲ့ဆိုထားသောကြောင့် ကိုးခန်းပျို့၊ ညီနောင် လေးဦးတို့ ဟောကြားသောတရား အဆီအနှစ်များကို ဖွဲ့နွဲ့ထား သောကြောင့် စတုဓမ္မသာရပျို့ဟူ၍ အမည်သုံးမျိုးဖြင့် ထင်ရှားသည်။

ပျို့ဟူသည် အကြောင်းအရာ၊ ဇာတ်ဝတ္ထု၊ ပုံပြင်တစ်ခုခုကို အသံတန်ဆာ အနက်တန်ဆာတို့ဖြင့် ပြည့်ဝ စုံလင်စွာ နှစ်သက်ဖွယ်၊ နာလိုဖွယ်၊ စိတ်ကြည်နူးဖွယ် ဖြစ်အောင် လေးလုံးတစ်ပဒ ပိုဒ်ရေပေါင်းများစွာ ရေးဖွဲ့သီကုံးထားသော လင်္ကာတစ်မျိုးဖြစ်သည်။ ပညာရဲရင့်ပွဲလယ်တင့် ကဗျာသည် ကိုးခန်းပျို့မှ ကောက်နုတ်ထား၍ လေးလုံးစပ် လင်္ကာအဖွဲ့ပုံစံကို တွေ့ရှိနိုင်သည်။

ပညာရဲရင့်ပွဲလယ်တင့်ကဗျာတွင် ဖခင်ဖြစ်သူကတောထွက်၍ ရဟန်းပြုချင်နေသူ ဟတ္ထိပါလသတို့သားကို ငယ်ရွယ်သေး၍ ရဟန်းမပြုပါနှင့်ဦး။ လူ့ကိစ္စဖြစ်သော တတ်သင့်တတ်အပ်သော ပညာများကိုသင်ယူသင့်ကြောင်း၊ ငယ်စဉ်အခါ ပညာသင်ယူတတ်မြောက်ထားပါက အရွယ်သုံးပါးလုံး အကျိုးရှိပုံကို သာဓကများနှင့်တကွ ကျိုးကြောင်းပြသဆိုဆုံးမထားသောအကြောင်းအရာများကို ဖွဲ့ဆိုထားသည်။

NUG MOE

# ၁။ ပညာရဲရင့်ပွဲလယ်တင့်

ပထမအရွယ် ၊ အငယ်သော်က
သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ
တောသားရန်အောင်၊ ခြသေ့်ယောင်သို့
မရှောင်မညှာ၊တင်းတင်းမာ၍
ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်

ဆိုသင့်ဆိုထိုက်၊ ဆိုလိုက်ဆိုလျော
ဆိုပြောဟောလည်း၊သဘောထိထိ
ဆိုရိုးမိလျက်၊ တိတိမြေပြင်
သိန္ဓောနှင်သို့၊ ရကျင်ပုံထုံး
နှလုံးနှင့်နှုတ်၊ တံသုတ်ငင်နည်း
တကျမ့်တည်းလျှင်၊ လိပ်လည်းမဲ့လျှင်း
မြော်တင်းနောက်ရှေ့၊စေ့မြွေသမ္မန်
ဟုတ်မှန်ကျိုးကြောင်း၊ ကောင်းသားစီလျဉ်
စဉ်သားသဒ္ဒါ ၊သာသည်စကား
နာဖွယ်များ၏။

ရည်သွားယုတ်စိမ့်
အားတိုင်းနှိမ့်လည်း၊ မနိမ့်ကိုယ်ပင်
ကျေးဇူးအင်ကြောင့်၊ ညွန်တွင်စွန့်ပစ်
မဏိစစ်သို့ ၊ မညစ်မညှုး
ဂုဏ်ရောင်မြူးအံ့၊

အထူးပြင်လျာ
မလှပါလည်း ၊ ရသာချိုမြ
ပနသသို့ ၊ တကွရောပြွမ်း
အချင်းစမ်းက၊ ချီးမွမ်းမြောက်စား
သူသနား၏။

ရုပ်အားလျော့ကပ်ပတ်
ဂုဏ်ညီညွတ်မူ၊ ဆင်းမြတ်နံ့ကျော်
ပန်းနှယ်လျှော်ဟု၊ ပေါင်းဖော်ကြချင်
ကျွမ်းဝင်ကြလို၊ ကြည်ညိုကြလင့်
ဘုန်းတန်းပွင့်လျက်၊ ချီးမြှင့်လက်ဝါး၊
ဦးထိပ်ထား၏။

ခစားမင်းထံ
မှူခံမြေစစ်၊ ကြည်းရေကုန်သွယ်
ကြွေးဆယ်မြီချ၊ လုပ်ထလယ်ယာ
ဥစ္စာပြုစု၊ သားပုမြေးကင်း
ဖြည့်တင်းသိမ်းမွေး၊ အိမ်ထောင်ရေးလည်း
စဉ်ရှေးဥပဒေ၊ အထွေထွေလျှင်
ကြွက်သေနှင့်သာ၊ ရင်းစကာလျက်
မကြာတင်းလင်း၊ လေးလတွင်းဝယ်
နှစ်သိန်းကြွယ်သို့၊ နည်းသွယ်ပိုက်ထား
ကြံစိတ်ပြားသော်၊ စီးပွားချမ်းသာ
ကြီးကျယ်ရာသည်၊ အိုခါမစိုးမရိမ်တည်း။

၁၅ ရာစု ရှင်မဟာရဋ္ဌသာရ

**ခက်ဆစ်**

၁။ သိပ္ပ = လေ့ကျင့်သင်ယူရသောအတတ်ပညာ။
၂။ ဆိုရိုး = အစဉ်အလာပြောဆိုခဲ့ကြသောမှတ်သားဖွယ်ရာစကား။
၃။ တိတိမြေပြင် = ညီညာသောမြေပြင်။
၄။ သိန္ဓော = သိန္ဓုမြစ်ဝှမ်း၌ပေါက်ဖွားသောမြင်း။ အလွန်လျင်မြန်သောမြင်းတစ်မျိုး။
၅။ နှလုံး = စိတ် ။ သဘောထား။
၆။ တံသုတ် = စပါးခြင်ရာတွင်ညီအောင်ညှိရသည့်တုတ်။
၇။ တကျမ့် = တညီတည်း။
၈။ လိပ်လည်း = တိမ်းစောင်းချွတ်ချော်သည်။
၉။ သမ္ဗန် = စကားအဆက်အစပ်။
၁၀။ ကျေးဇူး = တစ်ဦးကအခြားတစ်ဦးအပေါ်တွင်ပြုသော အကျိုးဆောင်မှု။ကောင်းကျိုး။
၁၁။ မဏိ = ပတ္တမြား။ ကျောက်မျက်။

၁၂။ ပနသ = ပိန္နဲသီး။
၁၃။ ချီးမွမ်း = ဂုဏ်ကျေးဇူးကိုထုတ်ဖော်ပြောဆိုသည်။
၁၄။ မြှောက်စား = တစ်စုံတစ်ဦးကိုအရေးပေးချီးမြှောက်သည်။
၁၅။ လျောက်ပတ် = သင့်လျော်ညီညွတ်သည်။
၁၆။ ကျွမ်းဝင် = ခင်မင်ရင်းနှီးသည်။
၁၇။ ကြည်ညို = အလေးအမြတ်ပြုသည်။ ရိုသေလေးစားသည်။
၁၈။ ကြွေးဆယ် = ထုတ်ချေးထားသောကြွေးကိုပြန်ယူသည်။
၁၉။ မြီချ = ကြွေးသစ်ချေးငှားသည်။
၂၀။ စိတ်ပြား = ကြံစည်တွေးတောတတ်သည်။ ဆင်ခြင်စိတ်ကူးသည်။
၂၁။ စေ့မြွေ = သေချာကျနသည်။
၂၂။ စီလျဉ် = စနစ်တကျဖြစ်အောင်ပြင်ဆင်သည်။

## သင်ခန်းစာဆိုလိုရင်း

- ပညာရှိတို့၏ ဂုဏ်အရည်အသွေးကိုဖော်ပြခြင်း ပညာတတ်ခြင်းဖြင့် အရွယ်သုံးပါးလုံး အကျိုးများနိုင်ခြင်း
- ငယ်စဉ်အခါပညာသင်ယူတတ်မြောက်ခဲ့သော် ပရိသတ်အလယ်တွင် ရဲရဲဝံ့ဝံ့ တင့်တင့် တယ်တယ် နေထိုင်နိုင်ခြင်း
- ဆိုရေးဆိုခွင့်ရှိ၍ ဟောကြားပြောဆိုရသော် အစီအစဉ်တကျ မဆုတ်မဆိုင်း သွက်လက် ထိမိစွာ ပြောဆိုနိုင်ခြင်း
- ပညာရှိသူကို မည်သို့ပင်နှိမ့်ချပြောဆိုကြသော်လည်း မနိမ့်ကျဘဲ ပညာဂုဏ်ရောင်ကြောင့် ပို၍ထင်ရှားလာနိုင်ခြင်း။

## လေ့ကျင့်ခန်း

၁။ ပညာရဲရင့်ပွဲလယ်တင့်ကဗျာမှ ပညာရှိတို့၏ ဂုဏ်အရည်အသွေးကို ဖော်ထုတ်ဆွေးနွေးပါ။
၂။ ပညာရဲရင့်ပွဲလယ်တင့်ကဗျာကိုလေ့လာ၍ပညာတတ်ခြင်းဖြင့်ရရှိမည့်အကျိုးကျေးဇူးများကိုရေးသားတင်ပြပါ။
၃။ ပညာရဲရင့်ပွဲလယ်တင့်ကဗျာမှ စာဆိုရှင်မဟာရဋ္ဌသာရ၏ အင်းဝခေတ် လူငယ်တို့အပေါ်ထားရှိသောစေတနာကို ဖော်ထုတ်ဆွေးနွေးပါ။
၄။ ပညာရဲရင့်ပွဲလယ်တင့်ကဗျာမှ အင်းဂခေတ် စကားအသုံး အနှုန်းများကို လေ့လာတင်ပြပါ။
၅။ ပညာရဲရင့်ပွဲလယ်တင့်ကဗျာမှ စာဆို၏ အရေးအဖွဲ့စွမ်းရည်ကို ဝေဖန်သုံးသပ်ပါ။
၆။ ပညာရဲရင့်ပွဲလယ်တင့်ကဗျာကို ကိုးကား၍ ပညာရေးအပေါ် သင်၏သဘောထားခံယူချက်ကို တင်ပြပါ။
၇။ "ကြွက်သေနှင့်သာ၊ ရင်းစကာလျက်၊ မကြာတင်းလင်း၊ လေးလတွင်းဂယ်၊နှစ်သိန်းကြွယ်သို့" ဟု ဥပမာပေးထားသည်ကို မည်သို့နားလည်သနည်း။ ဆွေးနွေးပါ။

တေးထပ်

## ၂။ တံခွန်တိုင် သိကြားထင့်
## (ကုန်းဘောင်ခေတ်)

"တံခွန်တိုင် သိကြားထင့်" ကဗျာသည် ကုန်းဘောင်ခေတ်တွင် ရေးဖွဲ့သော တေးထပ်ကဗျာ တစ်ပုဒ်ဖြစ်သည်။ စာဆို စလေဦးပုညက ဖွဲ့ဆိုခဲ့ပါသည်။

စလေဦးပုညကို သက္ကရာဇ် ၁၁၇၄- ခုနှစ်၊ ကဆုန်လဆန်း (၃) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည်။ စလေမြို့၊ တိုက်စုရပ်ဇာတိ ဖြစ်သည်။ အဖမှာ ပုညသမန်းရိုး ခေါ် မြို့စားရွာစားမျိုး ဦးမြတ်စံ၊ အမိ ဒေါ်လှရင်တို့မှ ဖွားမြင်သည်။ သာယာဝတီမင်းကိုယ်တော်တိုင် ချီးမြှင့်သမုတ်တော်မူသော ငယ်မည်မှာ မောင်ပုတ်စည် ဖြစ်သည်။ စလေမြို့မ ခင်ကြီးစ၊ တူမောင်းဆရာတော် ဦးဒီပထံတွင် စာပေ သင်ကြားခဲ့သည်။ ၁၁၈၂- ခုနှစ် ရှစ်နှစ်သားအရွယ်တွင် ရှင်သာမဏေပြုသည်။ "ပုညာဘိဓဇ" ဘွဲ့ ချီးမြှင့်ခြင်း ခံရသည်။ သက္ကရာဇ် ၁၁၉၄- ခုနှစ်တွင် ရဟန်းခံသည်။

ဦးပုညသည် ရဟန်းခံပြီးနောက် ဗန်းမော်ဆရာတော်ထံမှ စာပေကျမ်းဂန်၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဗေဒင်၊ ဆေးကျမ်း စသည့် ကဗျာလင်္ကာတို့ သင်ယူတတ်မြောက်သည်။ သက္ကရာဇ် ၁၂၁၄- ခုနှစ်တွင် မင်းတုန်းမင်းသည် ဦးပုညအား လက်ဖက်ရည်တော် အမှုထမ်းအဖြစ် ထမ်းရွက်စေပြီး "မင်းလှသင်္ခယာဘွဲ့" ချီးမြှင့်သည်။ သက္ကရာဇ် ၁၂၂၈- ခုနှစ် မြင်းကွန်း မြင်းခုံတိုင်မင်းသားတို့၏ ပုန်ကန်မှု အရေးတော်ပုံတွင် ဦးပုညသည် အခါပေးသည်ဆို၍ မြို့ဝန်ဦးသာအိုးထံ၌ အကျယ်ချုပ်ဖြင့် ဖမ်းဆီးချုပ်နှောင်ထားရာမှ ကွပ်မျက်ခံရသည်။ မင်းတုန်းမင်းကြီးက နှမြောလှ ၍ "ဟင်- လူကိုခွေးသတ်လေပြီတကား" ဟု မိန့်ခဲ့သည်။

နောင်လာနောက်သားတို့ မှတ်သားကြစေရန် ရည်ရွယ်၍ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု၊ တေးထပ်၊ မေတ္တာစာ၊ ဒုံးချင်း၊ တရားစာ၊ မော်ကွန်း၊ ဗုံကြီးသံ၊ ဝိုင်ချင်း၊ ဟောစာ၊ တောလား၊ ရကန် စသည်တို့ကို ရေးသားခဲ့သည်။ ထို့ပြင် ပဒုမပြဇာတ်၊ ရေသည်ပြဇာတ်၊ ဝိဇယပြဇာတ်၊ ကောသလပြဇာတ်၊ ဝေဿန္တရာ ပြဇာတ်၊ မဟော်ပြဇာတ်၊ ဝါသုဒေဝ ပြဇာတ်၊ ကုသလပြဇာတ် (တစ်ပိုင်းရေး) တို့သည် စာဆို ဦးပုည၏ ထင်ရှားသော လက်ရာများ ဖြစ်သည်။

တေးထပ်သည် ကုန်းဘောင်ခေတ်တွင် အထူးခေတ်စားခဲ့သည့် လေးချိုးကဗျာတစ်မျိုး ဖြစ်သည်။ မယ်ဘွဲ့၊ မောင်ဘွဲ့၊ သစ္စာတိုင်ဘွဲ့၊ သံဝေဂဘွဲ့၊ နိဗ္ဗန္ဒဘွဲ့၊ ဘုန်းတော်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့၊ ကိုယ်ရည်သွေး တေးထပ်များ၊ ရှစ်ဆယ်ပေါ်တေးထပ်များစသည့် အကြောင်းအရာအမျိုးမျိုးဖွဲ့သည်။ "တံခွန်တိုင် သိကြားထင့်" တေးထပ်သည် မင်းတုန်းမင်းလက်ထက် ဆင်းရဲကျပ်တည်းသော မြန်မာ ပြည်သူ၊ ပြည်သားတို့၏ ဘဝအခြေအနေကို သိကြားမင်းအား တိုင်တည်ပြောကြားသော အကြောင်း ရေးဖွဲ့ထားသည်။

# တံခွန်တိုင် သိကြားထင့်

သည်လူ သည်ဘဝ၊ ရှင်မာဃနေနိုင်
ကောဝိဠ ကြငှန်းမြိုင်မှာ၊
ဝါဂွမ်းဆိုင် မတင်း

သိကြားမင်း ကူမမျှော်တယ်
အယူတော် လွဲရလေခြင်း
ကိုယ်ရေးနှင့် ကိုယ်တာ၊
သွေဖည်ကာ ရှောင်ကွင်း

လူ့ဘုံတစ်ခါ ဆင်းလို့၊ ရှင်းလှည့်ပါ ခုနေ်
လောကဓံ တစ်ဖန် မျှောချည်ပေ့ါ
လံကဓော မောဟိုက်လို့တော်

ထောင်မျက်စိပီပီနေ၊ မှုန်သီတော် မူရော့ထင့်
ဘယ်တော့မှ အိုပိုင်ပိုင် ဘုန်းရှူတော့နိုင်။
သည်လောက်တောင် အပျင်းနိုင်လျှင်၊
တံခွန်တိုင် သိကြားထင့်လေး ။ ။

၁၈ ရာစု ဦးပုည

**ခက်ဆစ်**

၁။ ကောဝိဠ (ပါဠိ) = ပင်လယ်ကသစ်ပင်။ စွယ်တော်ပင်။
၂။ ကြငှန်း = နန်းတော်ရှိ သလွန်တွင် စိုက်ထူထားသော ထီး။ နန်းတော်။
၃။ တံခွန်တိုင် = ဘုရားအနီး၊ ကျောင်းအနီးတွင် တံခွန်အဖြစ် စိုက်ထူထားသော တိုင်။
၄။ မြိုင် = သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်လျက် စိမ်းစိုအုံ့မှိုင်းနေသောတော။
၅။ မှုန် = အမြင်အား လျော့နည်းသော။ သဲကွဲကြည်လင်စွာ မမြင်သာအောင် ဖြစ်သော။
၆။ လောကဓံ = အဆိုးအကောင်း အပြောင်းအလဲရှိသော တရား။
၇။ သွေဖည် = ရှောင်လွှဲသည်။ ဆန့်ကျင်သည်။

**သင်ခန်းစာဆိုလိုရင်း**

- မင်းတုန်းမင်းလက်ထက်၊ ဆင်းရဲ ကျပ်တည်းသော တိုင်းသူပြည်သားတို့၏ ဘဝအခြေအနေကို တင်ပြ
- လူ့ပြည်ကို လျစ်လျူရှုထားသော သိကြားမင်းကို ဝေဖန် ပြစ်တင်လိုသောသဘော
- ကဗျာက ပေးသော အသိအမြင်
- စာဆို ဦးပုည၏ တေးထပ် ကဗျာ အရေးအဖွဲ့

**လေ့ကျင့်ခန်း**

၁။ “တံခွန်တိုင် သိကြားထင့်” ကဗျာကို ဖတ်ရှုပြီး မည်သည့် အသိအမြင် ရရှိသည်ကို သင့်စကား ဖြင့် ရေးပါ။

၂။ “တံခွန်တိုင် သိကြားထင့်” ကဗျာမှ စာဆို၏ အရေးအဖွဲ့ စွမ်းရည်ကို လေ့လာ တင်ပြပါ။

၃။ “တံခွန်တိုင် သိကြားထင့်” ကဗျာသည် ရသနှင့် အသိအမြင်တို့တွင် မည်သည်ကို ပိုမိုပေးနိုင်ကြောင်း အကဲဖြတ်ပါ။

၄။ “တံခွန်တိုင် သိကြားထင့်” ကဗျာမှ သင် နှစ်သက်သော အဖွဲ့အနွဲ့တစ်ခုကို ထုတ်နုတ်၍ အဘယ်ကြောင့် နှစ်သက်ရကြောင်း ရှင်းပြပါ။

၅။ “တံခွန်တိုင် သိကြားထင့်” ကဗျာကို ဖတ်ပြီး စာဆိုဦးပုညသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်ပါသနည်း။ သင့် ထင်မြင်ယူဆချက်ကို တင်ပြပါ။

**လွှမ်းချင်း**

## ၃။ အရသာကြီး ခြံစပ်သီး
## (ကိုလိုနီခေတ်)



ဖိုးဝဇီရကို မြန်မာသက္ကရာဇ် ၁၂၁၀ ပြည့်နှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့တွင် အမရပူရမြို့တော်၊ ပုထိုးတော်ကြီး အရှေ့တောင်ဘက်၊ သရက်သုံးပင် အရပ်တွင် အဘ သေနတ် စာရေးကြီး ‘မင်းလှရာဇာ’ ဘွဲ့ခံ ဦးထွန်း၊ အမိ ဒေါ်ခိုတို့က မွေးဖွားခဲ့ပါသည်။ ငယ်မည်မှာ မောင်လွင် ဖြစ်ပါသည်။

ငယ်စဉ်က နေအိမ်တွင်ပင် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ လောကနီတိတို့ကို ဖခင်ကိုယ်တိုင် သင်ကြားပေးခြင်းခံခဲ့ရပါသည်။ ၁၃ နှစ်သား အရွယ်တွင် အမရပူရမြို့တော် မြောက်ဘက် ခံပင်ကန်တိုက်ရှိ ဦးရီးတော် အရှင်ဇာဂရ ထံတွင် သဒ္ဒါကြီး အစရှိသော ကျမ်းဂန်စာပေများကို သင်ကြားခဲ့ပါသည်။ ၁၆ နှစ်သားအရွယ်တွင် ခင်မကန် တိုက် ဦးပဏ္ဍိတထံတွင် ဆက်လက်ပညာသင်ကြားခဲ့ပါသည်။ ထိုဆရာတော်ထံ၌ပင် ရှင်သာမဏေပြုခဲ့ပါ သည်။ ရှင်သာမဏေဘွဲ့မှာ “ဝဇီရ” ဖြစ်ပါသည်။ ထို့နောက် တတိယညောင်ကန်ဆရာတော်၊ ကဝိလက္ခဏာ ဒီပနီဆရာ နိုင်ငံခြားဝန်ထောက်မင်းဦးမြိမ့် စသူတို့ထံတွင်လည်း ပညာအစုစု ဗဟုသုတ အဖြာဖြာတို့ကို လေ့လာ ဆည်းပူးခဲ့ပါသည်။

အသက် ၂၆ နှစ်အရွယ်တွင် လူထွက်၍ ဦးကြီးအရင်းဖြစ်သူ နံ့သာနန်းခံမင်းဦးနှင်းကို ကူညီကာ ရှေ့ဖတ်စာရေးလုပ်ကိုင်ပေးရင်း ဓမ္မသတ်၊ ရာဇသတ်များကို လေ့လာခွင့်ရခဲ့ပါသည်။ သက္ကရာဇ် ၁၂၃၆ ခုနှစ်တွင် စတင်ထုတ်ဝေသော ‘ရတနာပုံနေပြည်တော်သတင်းစာ’တွင် ကင်းဝန်မင်းကြီး၏ လက်အောက်၌ ဝင်ရောက်လုပ်ကိုင်ရာ မောင်လွင်(ခေါ်) ဖိုးဝဇီရမှာ ပို၍ထင်ရှားလာခဲ့ပါသည်။ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင်

လက်၌ အနာပေါက်၍ ခွင့်ယူခဲ့ပါသည်။ ထို့နောက် နန်းတွင်းရေး ရှုပ်ထွေးလာသောကြောင့် ဖခင်ဖြစ်သူက အလုပ်ထွက်ခိုင်းခဲ့ပါသည်။ ဖိုးဝဇီရလည်း အလုပ်ထွက်ကာ ဖခင်၏ ဇာတိဖြစ်သော ရွှေဘိုနယ် စည်ပုတ္တရာအနီး ရှားတောရွာတွင် ဖခင်နှင့်အတူ သွားရောက်နေ ထိုင်ခဲ့ပါသည်။

ထို့နောက်တွင် မန္တလေးမြို့တွင် တရားကြပ် (ခေါ်) ခုံသမာဓိအလုပ်ကို လေးနှစ်ခန့် လုပ်ကိုင် ခဲ့ပါသည်။ နောက်ပိုင်းတွင် ရဟန်းသံဃာတော်များ၏ ဖိတ်ကြားတောင်းပန်ချက်အရ ဆားတောင်ရွာ၊ မကျည်းပင်ရွာတို့တွင် စာပေပို့ချသင်ကြားပေးခဲ့ပါသည်။ ထိုမကျည်းပင်ရွာ၌ နေထိုင်စဉ် အသက် ၃၆ နှစ် အရွယ်တွင် မကျည်းပင်ရွာသူ မထိန်းနှင့် အကြောင်းပါခဲ့ပါသည်။ ဆားတောင်ရွာ ကျောင်းတကာ၏ ဖိတ်ကြားချက်အရ ဆားတောင်ရွာတွင် နေထိုင်ကာ စာပေပို့ချခဲ့ပါသည်။ သားသမီး ၃ ဦး ထွန်းကားခဲ့ပါသည်။

သားကြီးဖြစ်သူမှာ ရဟန်းဝတ်ရာ ကျောက်ပန်းရွာ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဖြစ် လာခဲ့ ပါသည်။ ထိုသားဘုန်းကြီးက အသက်အရွယ်ကြီးရင့်လာသော ဖခင်ဖြစ်သူကို ကျောင်းသို့ ခေါ် ယူကာ ပြုစု စောင့်ရှောက်ထားခဲ့ပါသည်။ ဆရာကြီးဖိုးဝဇီရလည်း ကျောက်ပန်းရွာဘုန်းကြီးကျောင်းတွင် အေးချမ်းစွာ တရားအားထုတ် နေထိုင်ရင်း သက္ကရာဇ် ၁၂၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့တွင် ကွယ်လွန် အနိစ္စရောက်ခဲ့ပါသည်။

ဖိုးဝဇီရသည် သာမဏေဘဝကပင် ကဗျာစာပေရေးဖွဲ့ခြင်း ဝါသနာထုံခဲ့ပါသည်။ စာဆို ပညာရှင်များ ဖြစ်သည့် ဘကြီးတော် ဦးသံမှို(ဦးကိတ္တိ)၊ ကဝိလက္ခဏာ ဦးခြိမ့်၊ ကင်းဝန်မင်းကြီးတို့ထံတွင် တပည့်ခံကာ ပညာဆည်းပူးခဲ့သဖြင့် ကဗျာစာပေမျိုးစုံကိုလည်း ရေးဖွဲ့နိုင်ခဲ့ပါသည်။ ရတနာပုံ သတင်းစာ အယ်ဒီတာဘဝ၌ လင်္ကာစကားပြေ နှစ်ထွေရောဟန်ဖြင့် စာများရေးသားခဲ့သူဖြစ်ပါသည်။ ဆရာဖြစ်သူ ဦးပဏ္ဍိတက "တစ်ခါ လိုက်ခဲ့တော့၊ စရိုက်ကယ်ဘာသာ"ချီ လွမ်းချင်းရေးသည်ကို၊ ရှင်ဝဇီရကလည်း ဤ"အရောက်ခက် ပါဘိ၊ မြောက်ဘက်ကယ်တို့ရွာ"ချီ လွမ်းချင်းကို ရုတ်ခြည်းဖွဲ့ဆိုလိုက်ကြောင်း မဟာဆွေ၏ "ဖိုးဝဇီရ အတ္ထုပ္ပတ္တိ" တွင် ဆိုထားပါသည်။

လွမ်းချင်းဟူသည် ကြည်နူးလွမ်းဆွတ်ဖွယ်ရာများကို ဖွဲ့ဆိုထားသည့် "လေး"နှင့်ဆုံးသော ကဗျာ တစ်မျိုးပင်ဖြစ်ပါသည်။ အချိုးနှစ်ခု ပါလေ့ရှိပြီး၊ တစ်လုံးချိတ်ကာရန်ကို အသုံးများပါသည်။ လွမ်းချင်းသည် ကုန်းဘောင်ခေတ်ဦးလောက်က စတင်ပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်များက ယုံကြည်ကြသည်။ လွမ်းချင်း အများဆုံး ရေးဖွဲ့ခဲ့သော စာဆိုများမှာ ဦးအေး၊ လှိုင်ထပ်ခေါင်တင်၊ သာဝတ္ထိဦးကြီး တို့ ဖြစ်ကြပါသည်။ သာဝတ္ထိ ဦးကြီး၏ လွမ်းချင်းများမှာ လူကြိုက်အများဆုံးနှင့် အထင်ရှားဆုံးဖြစ် သည်။ ဝေါမှူးကြီး ဦးခြို၏ "ဂနိုင်စဆီက" ချီ လွမ်းချင်းကိုမူ အကောင်းဆုံးလွမ်းချင်းဟု သတ်မှတ် ထားကြပါသည်။

ဤလွမ်းချင်းတွင် မြန်မာ့ဟင်းကောင်းဆိုသည့်အတိုင်း ရတာလေးနှင့် ဝအောင်ချက်ပြုတ်ပြင်ဆင် စားသောက် တတ်ကြသော အရိုးခံတောဓလေ့ကို ဖော်ပြရေးဖွဲ့ထားပါသည်။

## အရသာကြီး ခြံစပ်သီး

အရောက်ခက်ပါဘိ၊ မြောက်ဘက်ကယ်တို့ရွာ
ခုအခါမှာ၊ ရှုစရာ လယ်ညိုဝင်းချိန်မို့
ဆည်လျှိုတွင်း ပြန့်ပြက်ဟာမှာ
ကန့်ပက်ကာ ဆူတဲ့ငါးရယ်နှင့်၊ အနားတွန့်ချဉ်ပေါင်နီကို
ဒေါ်လီကျိုတဲ့ ဟင်းကိုလေး။

တလင်းကျယ်မှာ၊ မင်းဖွယ်စိုးလောက်
နွားရေမခင်း၊ မြေတလင်းမှာ
ခွေထင်းခြောက်နှင့်၊ ခုံလောက်ကယ်ချ
ဆန်နီမကို၊ တောင့်လှအောင်ချက်
ကျွန်းဖက်ထက်မှာ၊ ခူးလျက်ကယ်လျှင်စွာ ပြုပြီးခါမှ၊

အရသာကြီး
ခြံစပ်သီးကို၊ မီးမှာမဖုတ်
ညှာမဖြုတ်ဘဲ၊ ကပျာသုတ်ပေါင်း
ဆုံဆိုးဆိုးမှာ၊ ကျိုးအောင်ထောင်းလို့

စလောင်းငယ်လဘင်၊ အဖုံးအင်နှင့်
ယခင်ချက်ဟင်းလျာကို၊ ခြွင်းမညှာ အကုန်မှောက်ပါလို့
နှစ်ယောက်ပြိုင် မျိုနေကျဟာမို့၊ ဟိုမြေက ငယ်ကျွမ်းဝင်ကို
နယ်မန်းခွင် စံတော်ကွန်းဆီက
လွမ်းလှတယ်လေး။

**၁၉ ရာစု** **ဖိုးဝဇီရ**

**ခက်ဆစ်**

၁။ ကပျာ = အလျင်အမြန်။
၂။ ကန့် = ဆီးတားသည်၊ သီးသန့်ခွဲခြားထားသည်။
၃။ ကွန်း = မင်းတို့ ယာယီစံရာ တဲတော်။
၄။ ခုံလောက် = အခြေသုံးခုဆိုင် လုပ်ထားသော အောက်ခံပစ္စည်း။
၅။ ခြံစပ်သီး = ခြံထွက်ငရုတ်သီး။

| | | |
|---|---|---|
| ၆။ ခွင် | = | သတ်မှတ်ထားသော နေရာအပိုင်းအခြား။ |
| ၇။ ဆည် | = | စီးလာသော ရေကို ကန့်ပေါင်ရိုးဖြင့် တားဆီးသိုလှောင်ထားသည့် နေရာ။ |
| ၈။ ဆန်နီမ | = | နီရဲနေသော ဆန်။ |
| ၉။ ဆုံ | = | ငရုတ်သီး စသည် ထည့်၍ ထောင်းရန်၊ ကြိတ်ရန် လုပ်ထားသောခွက်။ |
| ၁၀။ တလင်း | = | စပါးနယ်ရာ မြေညီကွက်။ ညီညာအောင် ရှင်းလင်းထားသော မြေမျက်နှာပြင်။ |
| ၁၁။ ဒေါ်လီကျို | = | တိုလီမိုလီစားဖွယ်တို့ကို ရောနှောကျိုချက်သည်။ |
| ၁၂။ ပက် | = | ရေကို ခပ်ထုတ်ပစ်သည်။ |
| ၁၃။ ပြန့်ပြက် | = | ကျယ်ဝန်းသော ရေပြင်။ |
| ၁၄။ မျို | = | ခံတွင်းမှ မျှောချသည်။ |
| ၁၅။ လဘင် | = | စလောင်း။ |
| ၁၆။ လျှို | = | တောင်ကြားရှိ ချောက်၊ မြောင်။ |
| ၁၇။ သုတ်ပေါင်း | = | ကသုတ်ကရက် ရောပေါင်းသည်။ |
| ၄။ မြိုင် | = | သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်လျက် စိမ်းစိုအုံ့မှိုင်းနေသောတော။ |
| ၅။ မှုန် | = | အမြင်အား လျော့နည်းသော။ သဲကွဲကြည်လင်စွာ မမြင်သာအောင် ဖြစ်သော။ |
| ၆။ လောကဓံ | = | အဆိုးအကောင်း အပြောင်းအလဲရှိသော တရား။ |
| ၇။ သွေဖည် | = | ရှောင်လွှဲသည်။ ဆန့်ကျင်သည်။ |

**သင်ခန်းစာဆိုလိုရင်း**

- ရွာ့မြောက်ဘက်ရှိ ဆည်ကို ကန့်၍ ပက်ရာမှ အသားပေါသော ငါးများရခဲ့ပုံ
- ထိုငါးကို အနားတွန့်နေသော ချဉ်ပေါင်နီနှင့် ရောချက်ပုံ
- တလင်းပြင်ပေါ်တွင် ခုံလောက်ကိုချကာ ဆန်နီမကို ကော့နေအောင်ချက်ပုံ
- ထမင်းကျက်သောအခါ ကျွန်းရွက်ဖက်ထဲ ခူးထည့်ပုံ
- ခြံထွက်ငရုတ်သီးကို အညှာပါမချန် အစိမ်းလိုက် ရောထောင်းကာ စလောင်းထဲထည့်ပုံ
- ယခင် ချက်ထားသော ဟင်းများကိုလည်း အကုန်မှောက်သွန်ထည့်လိုက်ပုံ
- စားမည်ပြုကာမှ ငယ်ကျွမ်းဆွေကို လွမ်းမိပုံ
- ရှိတာလေးနှင့် ဝအောင်စားတတ်သော တောရွာဓလေ့ကို ပေါ်လွင်အောင် ဖော်ကျူးထားပုံ
- စာဆို၏ စေတနာနှင့် ကဗျာအရေးအဖွဲ့တို့ ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ အရသာကြီး ခြစပ်သီးကဗျာကိုဖတ်ပြီး သင့်စိတ်ထဲ မည်သို့ခံစားရပါသနည်း။ သင့်ခံစားချက်ကို သင့်စကားဖြင့် ရေးသားတင်ပြပါ။

၂။ ကဗျာစာဆိုသည် ရွာခလေ့ထမင်းဝိုင်းတစ်ခု ဖန်တီးပြင်ဆင်ပုံကို မည်သို့သရုပ်ဖော် ရေးဖွဲ့ထားသနည်း။

၃။ ကဗျာစာဆိုသည် ငယ်ကျွမ်းဆွေကို အဘယ်ကြောင့် လွမ်းသွားသနည်း။ သင့်ထင်မြင်ချက်ကို တင်ပြပါ။

၄။ သင်တွေ့ဖူးသော တောခလေ့ထမင်းဝိုင်း အပြင်အဆင်နှင့် ထိုထမင်းဝိုင်းတွင် တွေ့ရသော အမူအရာများကို တင်ပြဆွေးနွေးပါ။

၅။ ရွာခလေ့ထမင်းဝိုင်းသည် မြန်မာမှုမြန်မာ့ခလေ့အတွက် မည်မျှအရေးပါသနည်း။ သင့်ထင်မြင်ယူဆချက်ကို ဆွေးနွေးပါ။

**အချိုးတွဲ**

## ၄။ ပန်းပန်လျက်ပဲ
## (လွတ်လပ်ရေးခေတ်)



ပန်းပန်လျက်ပဲကဗျာသည် လွတ်လပ်ရေးခေတ်တွင် ဆရာဇော်ဂျီ ရေးသားခဲ့သော ကဗျာတစ်ပုဒ်ဖြစ်သည်။ ဆရာဇော်ဂျီကို ၁၉၀၇ခုနှစ် ဧပြီလ ၁၂ ရက်၊ သောကြာနေ့တွင် ဖျာပုံမြို့၌ အဖ ဦးယော၊ အမိဒေါ်စိန်ညွန့်တို့မှ မွေးဖွားခဲ့သည်။ အမည်အရင်းမှာ ဦးသိန်းဟန် ဖြစ်သည်။ ငယ်စဉ်ကဖျာပုံမြို့၌ ဘုန်းတော်ကြီးကျောင်း၊ မြန်မာကျောင်း၊ အင်္ဂလိပ်မြန်မာ အစိုးရအထက်တန်းကျောင်း၊ ရန်ကုန်မြို့ မြို့မအမျိုးသား အထက်တန်းကျောင်းတို့တွင် အဆင့်ဆင့်ပညာ ဆည်းပူးခဲ့သည်။ ဒသမတန်းကို ရန်ကုန်မြို့မြို့မအမျိုးသား အထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်မြို့ မြို့မအမျိုးသား အထက်တန်းကျောင်းတွင် အထက်တန်းပြ ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ မြန်မာစာ မဟာဝိဇ္ဇာဘွဲ့နှင့် အင်္ဂလိပ်စာ မဟာဝိဇ္ဇာဘွဲ့ရခဲ့သည်။ ထို့နောက်ရန်ကုန်တက္ကသိုလ်နှင့် မန္တလေး ဥပစာကောလိပ်တို့၌ မြန်မာစာ နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ လန်ဒန်တက္ကသိုလ်နှင့် ဒဗလင်တက္ကသိုလ်တွင် စာကြည့်တိုက်ပညာ လေ့လာသင်ကြား၍ ဒီပလိုမာဘွဲ့ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟို စာကြည့်တိုက်မှူး တာဝန်များကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ဟံသာဝတီ လက်ရေးစာစောင်၌ “ပိတောက်ပန်း” သံချို ကဗျာကို စတင်ရေးသားခဲ့သည်။ ထိုကဗျာသည် ပထမဆုံး

ခေတ်စမ်းကဗျာဖြစ်သည်။ ဆရာဇော်ဂျီ သည် ခေတ်စမ်းစာပေလှုပ်ရှားမှုကို ဦးဆောင်သူများထဲတွင်တစ်ဦး အပါအဝင်ဖြစ်သည်။ ပိတောက် ရွှေဝါကဗျာများ၊ ဗေဒါလမ်းကဗျာများ၊ ညီသစ်ဆင်းကဗျာများ၊ ရှေးခေတ် ပုဂံကဗျာများနှင့် အခြား ကဗျာများ၊ မဟာဆန်ချင်သူပြဇာတ်နှင့် အခြားပြဇာတ်များ၊ သခင်ကိုယ်တော်မှိုင်း ဋီကာ၊ သိန်းနှင့် ကျားဋီကာ၊ ပလေးတိုးနိဒါန်း၊ ရသစာပေအဖွင့်၊ ရသစာပေနိဒါန်း၊ မိုးကြယ်မို့လားနှင့် နိုဘယ်ဆုရ ဝတ္ထုတိုများ၊ လမ်းသစ်နှင့် အခြားဝတ္ထုတိုများ၊ နင်လားဟဲ့ချစ်ဒုက္ခနှင့်အခြားဝတ္ထုတိုများ စသည့် စာအုပ်များသည်ဆရာဇော်ဂျီ၏ ထင်ရှားသောစာပေလက်ရာများ ဖြစ်သည်။

"သခင်ကိုယ်တော်မှိုင်းဋီကာ" စာအုပ်ဖြင့် ၁၉၅၅ ခုနှစ်အတွက် စာပေဗိမာန်ပဒေသာဆု၊ "နင်လားဟဲ့ ချစ်ဒုက္ခ နှင့်အခြားဝတ္ထုတိုများ" စာအုပ်ဖြင့်၁၉၇၉ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဘာသာပြန်စာပေဆု)၊" ရှေးခေတ် ပုဂံကဗျာများနှင့် အခြားကဗျာများ'' စာအုပ်ဖြင့် ၁၉၈၇ ခုနှစ်အတွက် အမျိုးသားစာပေဆု(ကဗျာဆု)တို့ကို ရရှိခဲ့သည်။ ဆရာဇော်ဂျီသည် ၁၉၉၀ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ပန်းပန်လျက်ပဲကဗျာသည် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာများ စာအုပ်မှ ထုတ်နုတ်ထားသော ကဗျာ တစ်ပုဒ် ဖြစ်ပါသည်။

ဆရာဇော်ဂျီသည် ဖျာပုံမြို့တစ်ဝိုက်ရှိ မြစ်ရိုးချောင်းရိုးများတွင် စုန်ဆန်သွားလာ လှုပ်ရှားနေသော ဗေဒါပင်များကို ဇာတ်ဆောင်အဖြစ် ထားကာပန်းပန်လျက်ပဲကဗျာကို ဖန်တီးခဲ့သည်။ ဗေဒါပန်းကလေးများ ကြုံတွေ့ကြရသောဒီလှိုင်းများ၊ အုန်းလက်ကြွေ၊ ဘဲအုပ်တို့ကိုခြံရံကာ ရသမြောက်အောင်ရေးဖွဲ့ခဲ့သည်။

မဗေဒါသည် ချောင်းရိုးတစ်လျှောက်လှိုင်းတက်ရာပါရသကဲ့သို့ လှိုင်းသက်ရာလည်း ဆင်းခဲ့ရပြန်သည်။ တက်ရာသက်ရာကို သက်သာစွာ ပါခဲ့ရသည်ကားမဟုတ်ပေ၊ အုန်းလက်ကြွေက ဆောင့်လိုက် ဘဲအုပ်များ၏ အယက်အကန်ခံရလိုက်ဖြင့် ဒီလှိုင်းများကြားမြုပ်တစ်ခါ ပေါ်တစ်လှည့်ဖြင့် လိုရာခရီးကို အံခဲကာ အရောက်နှင် ခဲ့ရင်း လောကကို မိမိ၏အပွင့် လှလှများဖြင့် အလှဆင်ခဲ့ပုံကို ဖော်ပြထားသည်။

# ပန်းပန်လျက်ပဲ



ညိုပြာပြာ၊ လတာပြင်ခြေရင်း
လှိုင်းတက်ရာ၊ ဗေဒါတက်၊ လှိုင်းသက်ရာဆင်း ။
ဆင်းရလဲ(လည်း) မသက်သာ
အုန်းလက်ကြွေ ရေပေါလော၊ မျှောစုန်လို့လာ။
အဆင်းနဲ့အလှ၊ ဗေဒါမအထွေး
အုန်းလက်ကြွေသူ့နံဘေး၊ ဆောင့်ခဲ့ရသေး။

ဆောင့်ခဲ့လဲ (လည်း) ၊ မသက်သာ
နောက်တစ်ချီ ဒီတစ်လုံးက၊ ဖုံးလိုက်ပြန်ပါ။
မြုပ်လေပေ့ါပေါ်မလာ၊ မဗေဒါအလှ
တစ်လံကွာလှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။



ပေါ်ပြန်လဲ (လည်း)၊ မသက်သာ
ချောင်းအဆွယ်၊ မြောင်းငယ်ထဲက
ဘဲထွက်လို့လာ။
ဘဲအုပ်က တစ်ရာနှစ်ရာ
ဗေဒါက တစ်ပင်ထဲ(တည်း)
အယက်အကန်ခံလို့
ဗေဒါပျံ့အံကိုခဲ၊ ပန်းပန်လျက်ပဲ။

**၂၀ ရာစု** **ဇော်ဂျီ**

**ခက်ဆစ်**

| | | |
|---|---|---|
| ၁။ လတာ | = | ဒီရေကျချိန်၌တင်ကျန်နေခဲ့သောနုန်းနှစ်မြေ။ |
| ၂။ လှိုင်း | = | လေအရှိန်ကြောင့်ရေပြင်တွင်ကြွတက် လှုပ်ရှားရိုက်ခတ်သောရေစိုင်။ |
| ၃။ ဒီ | = | လ၏ဆွဲငင်မှုကြောင့်ဖြစ်ပေါ်လာသော ပင်လယ်ရေ အတက်အကျ။ |
| ၄။ တစ်လံ | = | တစ်ပြူး၊ တစ်လံ၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုးဟူသော သူငယ်တို့ နှစ်ခုတွဲ ရေတွက်ရာတွင် ၄ သင်္ချာကို ရည်ညွှန်းသောစကား။ |

၅။ ချောင်း = မြစ်လောက်မကြီးသောရေစီးကြောင်း။
၆။ အဆွယ် = ပင်မနှင့်ဆက်သွယ်နေသောအရာ။ ပင်မတစ်စုံတစ်ရာမှ ပေါက်ပွားတိုးပွားလာသော အရာ။
၇။ မြောင်း = သဘာဝအလျောက်ဖြစ်ပေါ်နေသောအလျားရှည်ချိုင့်။ ယင်းသို့ဖြစ်အောင် တူးဖောက်ထားသော ရေစီးလမ်းကြောင်း။
၈။ နံဘေး = ခန္ဓာကိုယ်စသည်၏ ဝဲဘက်ယာဘက် ဘေး။
၉။ ဘဲ = အတောင်ပါ၍ ခြေချောင်းအကြား အရေပြားဆက်ရှိသော ရေကူးတတ်သည့် သတ္တဝါ။

## သင်ခန်းစာဆိုလိုရင်း

လတာပြင်ခြေရင်း၌ ဒီရေအတက်အကျရှိသော ချောင်းရိုးအတွင်းတွင် မဖေဒါသည် လှိုင်းတက်လျှင် သူလည်း တက်၍ လှိုင်းသက်လျှင် သူလည်းဆင်းရသည်။ ဆင်းရသော်လည်း မသက်သာပေ။ ပေါလောမျောလာသော အုန်းလက်ကြွေနှင့် ဆောင့်လိုက်ရသေးသည်။ ဆောင့်ခဲ့လည်း မသက်သာချေ။ နောက်တစ်ချီတွင် ဒီတစ်လုံးက သူ့ကိုဖုံးလိုက်ပြန်၏။ မဖေဒါမှာမြုပ်သွားလေရာ တော်တော်နှင့် ပေါ်မလာ။ ပေါ်ပြန်သော်လည်း မသက်သာသေး။ ချောင်း၏အဆွယ် မြောင်းငယ်ထဲက ဘဲအုပ် ထွက်လာသည်။ ဘဲအုပ်က တစ်ရာ နှစ်ရာ များလွန်းလှ၏။ ဘဲတို့၏ အယက်အကန်ကို မဖေဒါ ခံလိုက်ရသေးသည်။ သို့ရာတွင် မဖေဒါသည် အံကိုခဲ၍ ပန်းပန်နိုင်ခဲ့သည်။

- ဤကဗျာတွင်တွေ့ရသော မဖေဒါသည် လောကလူသားတို့ကို ကိုယ်စားပြုသည်။
- လူတို့၏ ဘဝတွင် အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ရတတ်ပုံ၊
- ထိုသို့ကြုံတွေ့ရချိန်တွင် သတိတရား၊ အသိတရားတို့ဖြင့် ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရန် လိုအပ်ပုံကို ဖော်ပြလိုရင်း ဖြစ်ပါသည်။

## လေ့ကျင့်ခန်း

၁။ ပန်းပန်လျက်ပဲ ကဗျာတွင်တွေ့ရသော ဖေဒါ၏ဘဝသတ္တိကို ပေါ်လွင်အောင်ရေးပါ။

၂။ တစ်ခါတစ်ရံဘဝတွင် အဆိုးလောကဓံဖြစ်သောအခက်အခဲတို့သည် တစ်ခုပြီးတစ်ခု ဆက်တိုက် ဖြစ်ပေါ်လာတတ်ပုံကို ဆရာဇော်ဂျီက မည်သို့သာဓကပြုထားသနည်း၊ ရှင်းပြပါ။

၃။ ပန်းပန်လျက်ပဲကဗျာသည် ဘဝအားမာန်ဖြစ်စေသော ဇာတ်လမ်းကဗျာတစ်ပုဒ်ဟုဆိုလျှင် သင်လက်ခံနိုင်ပါသလား။ ကျိုးကြောင်းပြ ဖြေဆိုပါ။

၄။ ပန်းပန်လျက်ပဲကဗျာကိုဖတ်ရသည့်အချိန်တွင် ဖြစ်ပေါ်သော သင်၏ခံစားချက်ကို သာဓကများဖြင့် ပေါ်လွင်အောင်ရေးပါ။

၅။ ချောသည့်အခါ ချော၊ ကြမ်းသည့်အခါ ကြမ်းသည့် ဖေဒါ၏လမ်းကို အပြုံးမပျက် လိုက်ပါနေသည့် ဖေဒါပန်းလေးကို သင်မည်သို့ ယူဆပါသနည်း။ သုံးသပ်ဖြေဆိုပါ။

လက်ံ့ာ

## ၅။ ဖိုးမောင်လာပြီ (လွတ်လပ်ရေးခေတ်)



"ဖိုးမောင်လာပြီ" ကဗျာသည် မင်းသုဝဏ်၏ ကဗျာတစ်ပုဒ် ဖြစ်သည်။ဆရာ မင်းသုဝဏ်ကို အဖ ဦးလွန်းပင်၊ အမိ ဒေါ်မိတို့က (၁၂၇၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၆ ရက်) ၁၉၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၉) နာရီ တွင် မွေးဖွားသည်။ မွန်မြန်မာ မျိုးရိုးဖြစ်သည်။ ကွမ်းခြံကုန်း မြို့ဇာတိ ဖြစ်သည်။ မွေးချင်း (၇) ယောက်တွင် ဒုတိယမြောက် သား ဖြစ်သည်။ ငယ်မည်မှာ မောင်လှဝံ ဖြစ်သည်။ ၁၉၁၆ ခုနှစ်တွင် ကွမ်းခြံကုန်းမြို့၊ ရွှေကျင်ကျောင်းတိုက်အတွင်း ဦးကြာဖံ၏ ဇရပ်တွင် ဖွင့်လှစ်ထားသော မြန်မာအလယ်တန်းကျောင်းတွင် စတင်ပညာသင်သည်။ ၁၉၂၉ ခုနှစ်တွင် စိန်ဂျွန်းအထက်တန်းကျောင်းက ဒသမတန်း အောင်မြင် ခဲ့သည်။ ၁၉၃၃ ခု နှစ်တွင် ဝိဇ္ဇာ မြန်မာစာ ဂုဏ်ထူးတန်း စာမေးပွဲကို ပထမ အဆင့်နှင့် အောင်မြင်ပြီး ရွှေတံဆိပ် ချီးမြှင့်ခံရသည်။ ရန်ကုန်တက္ကသိုလ်၌ အချိန်ပိုင်း မြန်မာစာနည်းပြဆရာလုပ်ပြီး မဟာဝိဇ္ဇာတန်းတက်ရောက်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် မဟာဝိဇ္ဇာ မြန်မာစာဂုဏ်ထူးတန်း စာမေးပွဲကို ဒုတိယအဆင့်မြင့်ဖြင့်အောင်မြင်သည်။ အချိန်ပြည့်နည်းပြဆရာ ဖြစ်လာသည်။

၁၉၃၆ မှ ၁၉၃၈ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ၊ အောက်စဖို့တက္ကသိုလ်၊ စိန့်ကက်သရင်းကျောင်းတွင် သက္ကတဘာသာ၊ တိဗက်ဘာသာနှင့် အထွေထွေဘာသာဗေဒပညာရပ်များ လေ့လာကာ စာတမ်းရေးသား တင်သွင်းသဖြင့် B.Litt. ခေါ် စာပေဝိဇ္ဇာဘွဲ့ကို ရသည်။ ၁၉၃၈–၁၉၃၉ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းနှင့် အာဖရိကဘာသာရပ်များ လေ့လာရေးကျောင်းတွင် ပါမောက္ခဂျေအေစတူးဝပ်ထံ၌ အဘိဓာန်ပညာကို လက်တွေ့သင်ယူသည်။ ၁၉၃၉ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ် ဆောင်ရွက်သည်။ မြန်မာနိုင်ငံပညာပြန့်ပွားရေး အသင်း ကော်မတီ အဖွဲ့ဝင်၊ ဂန္ထလောကမဂ္ဂဇင်း အယ်ဒီတာနှင့် စာပေဗိမာန်ခေါ် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း တည်ထောင်သူတစ်ဦးဖြစ်သည်။ ၁၉၃၉ – ၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ပညာတံခွန်အသင်း အဘိဓာန် ဌာန၌ စာတည်းမှူး အဖြစ် အဘိဓာန်လုပ်ငန်းကို စတင်ဆောင်ရွက်သည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၊ မဂိုလမ်းတွင် အရေးပေါ်တက္ကသိုလ်သင်တန်းများ ဖွင့်၍ မြန်မာစာ လက်ထောက်ကထိကအဖြစ် အလုပ်ဝင်သည်။ ၁၉၄၆ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ကထိက အဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည်။ စစ်ပြီးခေတ်၌ ရှေးဟောင်း ဂန္ထဝင်ကျမ်းများ၏ အထွေထွေ အယ်ဒီတာနှင့် အသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

ရုပ်ရှင်ကား စစ်ဆေးရေးအဖွဲ့ဝင်၊ သီချင်းကြီးများကို သုတ်သင်တည်းဖြတ် ထုတ်ဝေသော ပန်တျာ မူမှန် ပြုစုရေးအဖွဲ့ဝင်၊ ပါဠိတော် မြန်မာပြန်ကော်မတီအဖွဲ့ဝင်၊ ဥပဒေဘာသာပြန် ကော်မတီအဖွဲ့ဝင်၊ မျက်မမြင်စာ

ရေးနည်းအသစ်ကို ခေါင်းဆောင်တီထွင်သူ၊ အသုံးလုံးကြေ ဖတ်စာနှင့် ဆရာကိုင် စာအုပ်ပြုစုသူလည်း ဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေး ဌာန ကို စတင်တည်ထောင်ကာ စာတည်းမှူးလုပ်သည်။ ၁၉၅၀ ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ ရသည်။ ၁၉၅၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးဟေဗင်မြို့၊ ယေးလ်တက္ကသိုလ်၌ အထွေထွေ ဘာသာဗေဒပညာကို လေ့လာခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် သီရိပျံ့ချီဘွဲ့ ချီးမြှင့်ခြင်းခံရသည်။ ၁၉၇၀ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် မြန်မာနိုင်ငံ သုတေသန အသင်း ဥက္ကဋ္ဌ၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် အထူးတာဝန်ယူအရာရှိ၊ ၁၉၇၅ မှ ၁၉၇၉ ခုနှစ် အထိ ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၊ အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် မြန်မာစာ ဧည့်ပါမောက္ခ အဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာ မင်းသုဝဏ်၏ ကလောင်အမည်များမှာ “မေဃဝန် – ကွမ်းခြံကုန်းမြို့၊ စိန်ဂျွန်းပျော် –ကွမ်းခြံကုန်းမြို့၊ ကွမ်းခြံကုန်းတောင်စုအစွန်က မောင်သုဝဏ်၊ ကွမ်းခြံကုန်း တောင်စုအလွန်က မောင်သုဝဏ်၊ ခင်သိင်္ဂီ (ဟံသာဝတီ၊ စန်းသော်တာ၊ မောင်ဝန်) ကွမ်းခြံကုန်း သုဝဏ် (၁၀) တန်း” စသည်တို့ဖြစ်သည်။ ကလောင် အမည်ခွဲ (၃၀) ခန့်ဖြင့် ကဗျာ၊ ဆောင်းပါး၊ ပုံပြင်၊ ဝတ္ထုတို၊ ရသ စာတမ်း၊ ဝေဖန်ရေးစာပေများ ရေးသား ခဲ့သည်။ ခေတ်စမ်းစာပေလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်သူတစ်ဦး ဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် ခေတ် သစ်ကလေးကဗျာများ ဖြစ်သော “မောင်ခွေးဖို့” ကဗျာများမှ စတင် ၍ “မောင်ခွေးနှင့် မထွေးဖို့” ကဗျာ များ၊ “သပြေသီးကောက်နှင့် အခြားကဗျာများ” ၊ “သပြေညိုနှင့် အခြားကဗျာများ” ၊ “ဗြောသံ” ၊ “ဝါ တွင်းချိန်” ၊ “ရည်းလေလေ့” ၊ “ငှက်ကဗျာများ” လည်း ဖွဲ့ဆိုခဲ့သည်။ Ballad “ဇာတ်လမ်းကဗျာ” ဟု ခေါ်ဆိုနိုင်သော “ဖိုးမောင်လာပြီ (၁၉၆၃)၊ သူ့မှာတမ်း (၁၉၆၃)၊ မင်းရဲကျော်စွာ (၁၉၆၈)၊ အဘိုး ညိုညို (၁၉၆၉)” ကဗျာများကို တွေ့ရပါသည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၁၁:၃၀) နာရီတွင် ရန်ကုန်မြို့၊ အမှတ် (၁၈)၊ ဦးထွန်းလင်းခြံလမ်း၊ “သပြေညို” နေအိမ်၌ ကွယ်လွန်သည်။ ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလတွင် ရေးဖွဲ့သော “ဖိုးမောင်လာပြီ” ကဗျာသည် ထင်ရှားသော ဇာတ်လမ်းကဗျာတစ်ပုဒ် ဖြစ်သည်။ ၁၉၆၃ ခုနှစ် ဝန်းကျင်ကာလကို နောက်ခံပြုထားပြီး မိမိရပ်ရွာအကျိုးကို အသက်စွန့်၍ ကာကွယ်ခဲ့သော ပြည်သူ့သားကောင်းတစ်ဦး အကြောင်းကို ရေးဖွဲ့ထားသည်။

# ဖိုးမောင်လာပြီ

မှိုင်းညိုညဥ့်ရိပ် ၊ လူခြေတိတ်၌
ရေဆိပ်အနား ၊ ရွာတံခါးမှ
ကုပ်ကျားကျယ်လောင် ၊ ဆီးကြိုဟောင်သော်
"ဖိုးမောင်လာပြီ" ဆိုကြသည်။

ဟောင်သံရပ်၍
ထက်ကြပ်ပေါ်လာ ၊ အသံမှာကား
"ညခါ ငါးထောင် ၊ မောင်ဖိုးမောင်သည်
ရွာတောင်ချောင်းက ပြန်ခဲ့ပြီ"။

ဖိုးမောင်သံကြား ၊ ကင်းသမားက
တံခါးကြီးအောက် ၊ မလွယ်ပေါက်ကို
တစ်ယောက်ဝင်သာ ၊ ဖွင့်လိုက်ပါသော်

ယာတွင်အုပ်ဆောင်း ၊ ဝဲတက်ချောင်းနှင့်
ခါးစောင်း ကိုယ်ကိုင်း ၊ ငါးပလိုင်းကို
လွယ်သိုင်းပြီးလျှင် ၊ ရွာကို ဝင်သည်
လူပင် လေလား ၊ တစ္ဆေလား။

တစ္ဆေမကြောက် ၊ မြွေမကြောက်ဘဲ
တစ်ယောက်တည်းပင် ၊ ညဥ့်မှောင်တွင်၌
သူလျှင် ငါးရှာ ၊ မကျွေးပါက
ထိုရွာသူသား ၊ လူအများတို့
ငါးစို ငါးစိမ်း ငတ်ပေလိမ့်။

ဆောင်းတစ်ညဉ့်
ချမ်းမြစိမ့်အေး ၊ လခြမ်းကွေး၍
ရွာဘေးကျီပျက် ၊ မှောင်နက်နက်မှ
ဇီးကွက်က အော် ၊ တောက်တဲ့ကြော်စဉ်
ရွာပေါ် လွှမ်းအောင် ၊ ကုပ်ကျားဟောင်သည်
ဖိုးမောင် လာချိန်ပါတကား။

သို့ဖြစ်သော်ငြား ၊ ခါတစ်ပါးသို့
တံခါးဝင်လို ၊ သူမဆိုဘဲ

"မောင်းကိုထုပါ ၊ လူစုပါဟေ့
ရွာကိုဘေးမှ ၊ ကာကွယ်ကြလော့
ဒမြ ငါ့အား ၊ ဖမ်း၍ထား" ဟု
စကားမဆုံး ၊ ဟစ်အော်တုန်းတွင်
ဒိုင်း ဒုန်း ဒိန်းသံ ၊ ရွာလုံးညံသည်
ချောင်းယံပွဲတင်ထပ်သတည်း။

ဖိုးမောင့် နိဂုံး ၊ ဤတွင်ဆုံးလည်း
ရွာလုံးစိတ်တွင် ၊ ဖိုးမောင်ဝင်၍
ပွဲတင်ထပ်ကာ ၊ ဟည်းလျက်ပါတည့်။

ဘယ်ခါမဆို ၊ ဆီးလင့်ကြိုသို့
မှိုင်းညိုညဉ့်ရိပ် ၊ လူခြေတိတ်၌
ရေဆိပ်အနား ၊ ရွာတံခါးမှ
ကုပ်ကျားကျယ်လောင် ၊ ရမ်းရော်ဟောင်သော်
"ဖိုးမောင်လာပြီ" ဆိုဆဲပင် ။ ။

၂၀ ရာစု မင်းသုဝဏ်

**ခက်ဆစ်**

၁။ ကင်း = ရေ မီး စသော ဘေးမှ ကာကွယ်နိုင်ရန် စောင့်ကြည့်သူ။
၂။ ကျီ = စပါး၊ ပဲ စသည် သိုလှောင်ရာ အဆောက်အအုံ။
၃။ ဆီးကြို = လမ်းခရီးကနေ၍ စောင့်ဆိုင်း ကြိုဆိုသည်။
၄။ ဇီးကွက် = ဇီးကွက်ဟု အော်မြည်တတ်သော ညဥ့်ငှက်။
၅။ ညဥ့် = ညအချိန်။
၆။ တက် = လက်ကိုင်အဖျား၌ ရေယက်စရာ အရွက်ပြားရှိသော လှေလှော်ရခတ် ရသည့် ကိရိယာ။
၇။ တောက်တဲ့ = တောက်တဲ့ဟု အော်မြည်၍ ပြောက်ကျားသော ကိုယ်၊ တွယ်ကပ်နိုင်သော စုပ်ခွက်ရှိသည့် ခြေဖဝါး လက်ဖဝါးရှိ တွားသွားကောင်။
၈။ ဓားပြ (ဒမြ) = လက်နက်ဖြင့် အကြမ်းဖက် ခြိမ်းခြောက်၍ ပစ္စည်း လုယူသူ။
၉။ ပလိုင်း = ကြိုးတပ်၍ လွယ်ရသည့် ထည့်စရာ ခြင်းတောင်းရှည်။

၁၀။ မလွယ်ပေါက် = အရေးအကြောင်းရှိက ဝင်ထွက်နိုင်ရန် ဖောက်ထားသော အပေါက်ငယ်။

၁၁။ မောင်း = ကြေး စသည်ဖြင့် သွန်းလုပ်ထားသော အသံ မြည်ဟည်းအောင် ထုနှက်တီးခတ်ရသော ပစ္စည်း။

၁၂။ မှိုင်း = မှုန်ဝါးသော၊ မှိန်သော။

၁၃။ ယာ = လက်ယာဘက်။ လက်ယာ။

၁၄။ လူခြေတိတ် = ညအခါ လမ်း၌ လူသံသူသံကင်းမဲ့ တိတ်ဆိတ်သည်။ တိတ်ဆိတ်နေသော ညအချိန်။

၁၅။ ဝဲ = ဘယ်လက်။ လက်ဝဲ၏ အတိုကောက် စကားလုံး။

၁၆။ ဟည်း = အသံပဲ့တင်ထပ်၍ မြည်သည်။

**သင်ခန်းစာဆိုလိုရင်း**

- မိမိရွာသူ ရွာသားများအား ငဲ့ရှာကျွေးနေသော ဖိုးမောင်သည် မိမိရပ်ရွာ ဘေးအန္တရာယ်ကင်းရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ဓားပြဘေးရန်မှ အသက်စွန့် ကာကွယ်သွားသည့် ပြည်သူ့သားကောင်းတစ်ဦး၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်စိတ် ကြီးမားပုံ
- ကဗျာက ပေးသော အသိအမြင်
- ပြည်သူ့သားကောင်းတစ်ယောက် ခံယူအပ်သော သဘောထား
- ဆရာမင်းသုဝဏ်၏ ဇာတ်လမ်းကဗျာအရေးအဖွဲ့

**လေ့ကျင့်ခန်း**

၁။ "ဖိုးမောင်လာပြီ" ကဗျာကိုဖတ်ရှုပြီး မည်သည့် အသိအမြင်ရရှိသည်ကို သင့်စကားဖြင့် ရေးပါ။

၂။ "ဖိုးမောင်လာပြီ" ကဗျာမှ သင်နှစ်သက်သော အဖွဲ့တစ်ခုကို ထုတ်နုတ်၍ အဘယ်ကြောင့် နှစ်သက်ရကြောင်း ရှင်းပြပါ။

၃။ "ဖိုးမောင်လာပြီ" ကဗျာကို ဖတ်ရှုပြီးနောက် သင်၏ စိတ်တွင် ဖြစ်ပေါ်လာသော ခံစားချက်တို့ကို သင့်စကားဖြင့် တင်ပြပါ။

၄။ "ဖိုးမောင်လာပြီ" ကဗျာကို ဖတ်ပြီး ဆရာမင်းသုဝဏ်ကို မည်ကဲ့သို့သော ပုဂ္ဂိုလ်ဟု ထင်မြင် ယူဆမိပါသနည်း။ သင့်ထင်မြင်ယူဆချက်ကို တင်ပြပါ။

၅။ "ဖိုးမောင်လာပြီ" ကဗျာမှ စာဆို၏ စေတနာကို သုံးသပ်ပါ။

**လင်္ကာ**

## ၆။ ဝိညာဉ်ခြေရာ
## (လွတ်လပ်ရေးခေတ်)



"ဝိညာဉ်ခြေရာကဗျာသည် လွတ်လပ်ရေးခေတ်တွင် ရေးဖွဲ့ခဲ့ပါသည်။ ရေးဖွဲ့သူမှာ တက္ကသိုလ်မင်းမော် ဖြစ်ပါသည်။

ဆရာတက္ကသိုလ်မင်းမော်ကို အဖရဲဝန်ထောက် ဦးတင်မောင်၊ အမိ ဒေါ်စိန်မြ တို့က ၁၉၃၅ ခုနှစ်၊ ဇူလိုင်လ၊ ၉ ရက်၊ စနေနေ့တွင် မွေးဖွားခဲ့ပါသည်။ ဇာတိမှာ ရန်ကုန်တိုင်း၊ တွံတေးမြို့ဖြစ်ပါသည်။ အမည်အရင်းမှာ ဦးထွန်းမြင့် ဖြစ်ပါသည်။

မူလတန်းပညာကို သန်လျင်စိန့်ဂျိုးဇက်ကျောင်း၊ တွံတေးမူလတန်းကျောင်း၊ သန်လျင်မက်ဒရစ်ကျောင်းတို့တွင် သင်ကြားခဲ့ပါသည်။ အလယ်တန်းနှင့် အထက်တန်း ပညာကိုရန်ကုန်စိန့်ဂျွန်းကျောင်းတွင်သင်ယူခဲ့ပါသည်။တက္ကသိုလ်ဝင်တန်းကို၁၉၅၄ ခုနှစ်တွင် ရန်ကုန်စေးကရက်ဟတ်ကျောင်းမှ အောင်မြင်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာဘာသာတွဲဖြင့် ပညာ ဆက်လက် သင်ယူခဲ့ပါသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရရှိခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ မဟာဝိဇ္ဇာ(ရေးဖြေ)စာမေးပွဲကို အောင်မြင်ခဲ့ပါသည်။ ၁၉၆၈-၇၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်တက္ကသိုလ်၌ ဘာသာဗေဒ၊ သဒ္ဒဗေဒ ပညာရပ်များကို သွားရောက်ဆည်းပူး သင်ယူခဲ့ ပါသည်။ ၁၉၇၂ ခုနှစ်တွင် ထိုတက္ကသိုလ်မှ အမ်ဖီးလ် (M.Phil)ဘွဲ့ ရရှိခဲ့ပါသည်။ ၁၉၇၅ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။

၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်အမှုထမ်းခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ လုပ်သားများကောလိပ်၊ ရန်ကုန် အဝေးသင် တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်တို့တွင် နည်းပြဘဝမှ ပါမောက္ခအထိ လှည့်လည် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂-၉၄ ခုနှစ် တွင် ဂျပန်နိုင်ငံ၊ တိုကျိုနိုင်ငံခြားဘာသာသင်တက္ကသိုလ်၌ ဧည့်ပါမောက္ခအဖြစ် သွားရောက်တာဝန် ထမ်းဆောင် ခဲ့ပါသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဘာသာဗေဒဌာနကို စတင်ပျိုးထောင်ခဲ့ပါသည်။ ၁၉၉၅ မှ ၂၀၀၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါရဂူဘွဲ့သင်တန်း ဦးစီးကော်မတီအဖွဲ့ဝင်၊ စာစစ် အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ပြီး၊ ပါရဂူကြိုသင်တန်း၌ ဘာသာဗေဒပညာရပ်ကို ပို့ချပေးခြင်း၊ ဘာသာဗေဒ ဆိုင်ရာ မဟာကျမ်းများ၊ ပါရဂူကျမ်းများကို ကြီးကြပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

ဦးထွန်းမြင့်အမည်ဖြင့် ဘာသာဗေဒ၊ သဒ္ဒဗေဒဆိုင်ရာ ဆောင်းပါးများ၊ ကချင်၊ ချင်း စသည်တို့နှင့် ပတ်သက် သည့် စာတမ်းများရေးသားခဲ့ပါသည်။ ဘာသာဗေဒ၊ သဒ္ဒဗေဒ စာအုပ်တို့ကိုလည်း ပြုစုထုတ်ဝေ ခဲ့ပါသည်။

၁၉၅၃ ခုနှစ် ရုပ်ရှင်ဗိမာန်မဂ္ဂဇင်းတွင် "မင်းမော်" ကလောင်အမည်ကို စတင်အသုံးပြုခဲ့ ပါသည်။ ၁၉၅၄ ခုနှစ် ရောက်သောအခါ "တက္ကသိုလ်မင်းမော်" ကလောင်အမည်ကို အသုံးပြုခဲ့ပါ သည်။ ဆရာ ရေးဖွဲ့ခဲ့သော ကဗျာများကို စုစည်းကာ ဘဝတေးသံကဗျာများ၊ သူငယ်ချင်းကဗျာစု-၁၊ သူငယ်ချင်းကဗျာစု-၂၊ သူငယ်ချင်း ကဗျာစု-၃၊ သူငယ်ချင်း ကဗျာစု-၄ ကဗျာစာအုပ်များကို ထုတ်ဝေခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် သူငယ်ချင်းကဗျာ

NUG MOE

၄တွဲ ကိုပေါင်းကာ “သူငယ်ချင်း ကဗျာပေါင်းချုပ်” အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။

ငွေခရေပွင့်ကာမှ ခွန်းဆင့်မယ်လေး၊ ထင်ယောင်မြင်မိမှန်း၊ ရွက်ဝါကြွေလေမှာဝေ့စဉ်က စသော ဝတ္ထုတိုများ၊ စေတနာ သို့မဟုတ် ဝေဒနာ၊ ရေမြှုပ်ပမာ စသော ရသစာတမ်းများ၊ စာပေရေး ရာဆောင်းပါးများ၊ စာပေဝေဖန်ရေး ဆောင်းပါးများကိုလည်း ရေးသားခဲ့ပါသည်။

၂၀၀၅ ခုနှစ် မတ်လ ၂၀ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

ဝိညာဉ်ခြေရာကဗျာတွင် ရန်ကုန်တက္ကသိုလ်နှင့် မြန်မာစာအပေါ် အလွန်သံယောဇဉ်ကြီးသော သစ္စာသမာဓိ ရှိလှသည့် ဆရာကြီးဦးဖေမောင်တင်၏ ပုဂံလမ်းက စိန်ပန်းပင်အောက်၊ သထုံလမ်းက ပိတောက်ပင်အောက်၊ စစ်ကိုင်းလမ်းက ကံ့ကော်ပင်အောက်တို့တွင် ရာသီမလပ် လမ်းလျှောက်နေဟန် ပုံရိပ်တို့ကို မြင်ယောင်နေမိကြောင်း ရေးဖွဲ့ထားပါသည်။

## ဝိညာဉ်ခြေရာ



သူငယ်ချင်း
ပုဂံလမ်းက
စိန်ပန်းနီပြာ၊ ပင်အောက်မှာကြည့်။
သထုံလမ်းက
ပန်းပိတောက်ဝါ၊ ပင်အောက်မှာကြည့်။
စစ်ကိုင်းလမ်းက၊ ပန်းကံ့ကော်နံ့
သင်းပျံ့ဝေဆာ၊ ပင်အောက်မှာကြည့်။
သူငယ်ချင်း
ထိုတက္ကသိုလ်၊ လမ်းထိုထိုမှာ
နွေခါကြည့်ကြည့်
မိုးခါကြည့်ကြည့်၊ ဆောင်းခါကြည့်ကြည့်
ပကတိခြေရာ၊ နေရာအနှံ့
သစ္စာသမာဓိ
သံယောဇဉ်ရှိသည့်
ဝိညာဉ်လွှတ်ကာ၊ ဆရာတစ်ယောက်
လမ်းလျှောက်လာသလိုပဲ သူငယ်ချင်း။

၂၀ ရာစု

တက္ကသိုလ်မင်းမော်

**ခက်ဆစ်**

၁။ ပကတိ = ပင်ကိုသဘော။
၂။ သမာဓိ = တည်ကြည်ဖြောင့်မတ်ခြင်း။
၃။ သံယောဇဉ် = နှောင်ဖွဲ့သော သဘော။
၄။ သစ္စာ = အမှန်တရား။
၅။ ဝိညာဉ် = အသက်၊ လိပ်ပြာ။

**သင်ခန်းစာဆိုလိုရင်း**

- မိမိအသက်ရှင်စဉ် သစ္စာတရားကိုကျင့်သုံး၍ သမာဓိရှိရှိဖြင့်လူသားအကျိုး ၊ နိုင်ငံ့အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ကာ ကျန်ရစ်သူများ တန်ဖိုးထား လွမ်းမောရသည့် လူတစ်ဦးဖြစ်အောင် ကြိုးစားသင့်ပုံ
- ဆရာကြီးဦးဖေမောင်တင်ကို ဂုဏ်ပြုရေးဖွဲ့သော ကဗျာဖြစ်
- ကဗျာကပေးသော အသိအမြင်
- နိုင်ငံသားကောင်းတစ်ဦး ထားရှိအပ်သည့် စိတ်ထားများ
- ဆရာတက္ကသိုလ်မင်းမော်၏ စေတနာနှင့် ကဗျာအရေးအဖွဲ့ စွမ်းရည်တို့ဖြစ်ပါသည်။

ဆရာကြီး ဦးဖေမောင်တင်ကို ရန်ကုန်မြို့ ၊ အင်းစိန် ပေါက်တောရပ်၌ အဖ ဦးဖေ၊ အမိ ဒေါ်မြိုင်တို့က ၁၈၈၈ခုနှစ်၊ ဧပြီလ ၂၄ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ အင်းစိန်ပေါက်တောရပ် ဆရာ ကိုရင်ကြီး၏ မြန်မာအလွတ်ပညာသင်ကျောင်း၊ ရန်ကုန်အစိုးရဟိုက်စကူးကျောင်း၊ ရန်ကုန်ကောလိပ်နှင့် အင်္ဂလန် နိုင်ငံ၊ အောက်စဖို့ဒ်တက္ကသိုလ်၊ အိပ်ဇိတာ ကောလိပ်တို့တွင် ပညာသင်ခဲ့ပါသည်။ ရန်ကုန်ကောလိပ် ဝိဇ္ဇာဘွဲ့(၁၉၀၉)၊ ကာလကတ္တားတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (၁၉၁၁)၊ အိပ်ဇိတာကောလိပ်မှ စာပေဝိဇ္ဇာ(ဘီလစ်)ဘွဲ့(၁၉၂၄) များ ရရှိခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (၁၉၅၂)၊ အမေရိကန်ပြည်ထောင်စု ချီကာဂိုတက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့(၁၉၅၈) တို့ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ အသက်၂၄နှစ် အရွယ် (၁၉၁၂ – ၂၀)တွင် ရန်ကုန်ကောလိပ် ပါဠိပါမောက္ခ၊ (၁၉၂၄ – ၃၆)တွင် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းဘာသန္တရပါမောက္ခ၊ (၁၉၃၆ – ၄၅)တွင် ရန်ကုန်တက္ကသိုလ်၏ ပထမဦးဆုံး မြန်မာလူမျိုး ကျောင်းအုပ်ကြီး စသည့် ကြီးလေးသော တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်ဟု အမည်ပေးခဲ့သည်မှာလည်း ဆရာကြီး ဦးဖေမောင်တင် ဖြစ်သည်။

မြန်မာစာဌာန(၁၉၄၁)ကိုစတင်ဖွင့်လှစ်ခဲ့သူမှာလည်း ဆရာကြီးဦးဖေမောင်တင်ဖြစ်သည်။ ဆရာကြီးသည် “ဆရာ့ထက် တပည့် လက်စောင်းထက်ရမည်” ဟူသော ပညာရေးရည်ရွယ်ချက်၊ “သရေခေတ္တရာ ရာဇဝင်ကိုတော့ တုတ်မထမ်းဘဲ တူရွင်းထမ်းပြီးပြောကြပါ”ဟူသော သုတေသနခံယူချက်တို့ဖြင့် တန်ဖိုးဖြတ်မရနိုင်သော တပည့်ပေါင်း များစွာကို မွေးထုတ်နိုင်ခဲ့ပါသည်။

**လေ့ကျင့်ခန်း**

၁။ ဝိညာဉ်ခြေရာကဗျာကို ဖတ်ရှုပြီး မည်သည့်အသိအမြင်ရရှိကြောင်း သင့်စကားဖြင့် ရေးပါ။

၂။ ဝိညာဉ်ခြေရာကဗျာမှ စာဆို၏ အရေးအဖွဲ့စွမ်းရည်ကို လေ့လာတင်ပြပါ။

၃။ ဝိညာဉ်ခြေရာကဗျာသည် ရသနှင့်အသိအမြင်နှစ်ခုအနက် မည်သည်ကိုပို၍ ပေးစွမ်းနိုင်ကြောင်း အကဲဖြတ်ပါ။

၄။ "ကျားသေသားရေကျန်ရမည်။ လူသေနာမည်ချန်ရမည်" ဟူသောအဆိုကို ထောက်ခံပါသလား။ သင့်အမြင်ကို ဆွေးနွေးတင်ပြပါ။

၅။ ဝိညာဉ်ခြေရာကဗျာကို ဖတ်ပြီး ဆရာကြီးဦးဖေမောင်တင်သည် မည်သို့သောပုဂ္ဂိုလ် ဖြစ်ပါသနည်း။ သင့်ထင်မြင်ယူဆချက်ကို တင်ပြပါ။

**လင်္ကာ**

## ၇။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ (လွတ်လပ်ရေးခေတ်)



အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာသည် လွတ်လပ်ရေးခေတ် တွင် ဆရာတင်မိုး ရေးဖွဲ့ခဲ့သော လင်္ကာကဗျာတစ်ပုဒ်ဖြစ်ပါသည်။ ဤ ကဗျာကို လေ့တစ်စင်းနဲ့သီချင်းသည် ကဗျာစာအုပ်မှ ကောက်နုတ် ထားပါသည်။

ဆရာတင်မိုးကို မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကန်မြဲ ကျေးရွာ၌၊ အဖ ဦးဘအို၊ အမိ ဒေါ်စံထယ်တို့က ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မွေးဖွားခဲ့ပါသည်။ အမည်အရင်း မှာ ဦးဘဂျမ်း ဖြစ်ပါ သည်။

အခြေခံပညာကို ဇဂျမ်းရွာတိုင်းရင်းမြန်မာအလယ်တန်းကျောင်း၊ ကန်မြဲမန္တလေး ကျောင်းတိုက် ဆရာတော် ဦးအာစာရကျောင်း၊ မန္တလေး ရွှေရေးဆောင်တိုက်၊ ပုလိပ်မြို့ ရေချမ်းအိုးကျောင်းတိုက်၊ ပခုက္ကူမြို့ ဆရာဦးဘိုနီ၊ ဆရာဦးခင်မောင်ကြီး ကျူရှင်ကျောင်း၊ ရေစကြိုအစိုးရအထက်တန်း ကျောင်းတို့တွင် သင်ယူခဲ့ ပါသည်။ ၁၉၅၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို တစ်နိုင်ငံလုံးတွင် မြန်မာစာ အမှတ်အများဆုံးဖြင့် အောင်မြင် ခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပါသည်။ ၁၉၆၅ ခုနှစ်တွင် မန္တလေး တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပါသည်။

၁၉၅၇ – ၅၈ တွင် မန္တလေးပွဲကုန်းကျောင်း၊ ၁၉၅၈– ၅၉ တွင် မန္တလေး အေးတက္ကသိုလ်ဝင်ကျောင်း၊ ၁၉၅၉ – ၆၀ တွင် မြင်းခြံ အောင်တက္ကသိုလ်ကျောင်း၊ ၁၉၆၀ – ၆၁ တွင် မန္တလေး ရွှေမန်းတက္ကသိုလ်ဝင်ကျောင်း၊ အာအာအိုင်ကျောင်း၊ ၁၉၆၁ – ၆၂ တွင် ရန်ကုန် ဗိုအီးအေ အလွတ်ပညာသင်ကျောင်း၊ ၁၉၆၂ – ၆၇ တွင် မန္တလေး နေပြည်တော်အထက်တန်းကျောင်းတို့တွင် အထက်တန်းပြဆရာအဖြစ် အမှုထမ်းခဲ့ပါသည်။ ၁၉၆၇ မှ ၁၉၈၇

အထိ တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာနတွင် အမှုထမ်းခဲ့ပါသည်။

ကန်မြဲရွာ လူငယ်စာကြည့်တိုက် တည်ထောင်သူနှင့်အတွင်းရေးမှူး၊ ရေစကြိုကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌဖလမှူး၊ ရေစကြိုကလောင်ရှင်အသင်း တည်ထောင်သူနှင့် အတွင်းရေးမှူး၊ ၁၉၅၇ – ၅၉ တွင် မန္တလေးတက္ကသိုလ်ကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌ၊ ၁၉၆၀ – ၆၁ တွင် ထိုအသင်း၏ ဥက္ကဋ္ဌ၊ ၁၉၆၃ – ၁၉၆၇ တွင် အထက်ဗမာနိုင်ငံ စာရေးဆရာများအသင်းအမှုဆောင်တာဝန်များကို ယူခဲ့ပါသည်။

အသက် ၁၄ နှစ်အရွယ်တွင် ကဗျာများ စတင်ရေးဖွဲ့ခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ် သီတင်းကျွတ် အထူးထုတ် ဗဟိုရ်စည်သတင်းစာတွင် ကန်မြဲသက်နှင်း ကလောင်အမည်ဖြင့်ပါသော “ဝါကျွတ်သဘင်” ကဗျာသည် ပထမဦးဆုံး ပုံနှိပ်စာမူဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်အထက်ဗမာနိုင်ငံစာရေးဆရာအသင်း၏စာဆိုတော်မဂ္ဂဇင်းတွင်ကန်မြဲနန်းမြင့်နွယ် ကလောင်အမည်ဖြင့် “လယ်ထဲကတေးသံချို” ကဗျာကို ရေးဖွဲ့ခဲ့ပါသည်။ ၁၉၅၅ ခုနှစ်ထုတ် လူထုဂျာနယ်တွင် ကိုရင်ဂျမ်း ကလောင်အမည်ကို သုံးခဲ့ပါသည်။ စန်းရောင် ကလောင်အမည်ဖြင့်လည်း ကဗျာများရေးခဲ့ပါသည်။ ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလထုတ် သွေးသောက်မဂ္ဂဇင်းပါ “အခိုးခံရသော ကာရန်ကလေး” ကဗျာမှစ၍ တင်မိုး ကလောင်အမည်ကို စတင်အသုံးပြုခဲ့ပါသည်။


ဆရာတင်မိုး၏ ကဗျာစာအုပ်များမှာ ဖန်မီးအိမ်၊ လေ့တစ်စင်းနှင့်သီချင်းသည်၊ အမေ့ကျောင်း၊ ပန်းစျေးခင်း၊ စိမ်းလန်းသောအိပ်မက်၊ ထီးကလေးနဲ့မနီ၊ ပျိုးခင်းတေးသံ၊ နှင်းဆီပွင့်ပေါ်အိပ်ပျော်ခြင်း၊ ပုဂံကျောင်းက ခေါင်းလောင်းသံ၊ ကံ့ကော်ရိပ်မှအိပ်မက်များ၊ ကန္တာရနှစ်များ၊ ဗုဒ္ဓနှင့်တွေ့ဆုံခြင်းနှင့် အခြား ကဗျာများ၊ အညာလမ်းမှတမာတန်း၊ တင်မိုးကဗျာပေါင်းချုပ် ပထမအုပ်၊ တင်မိုးကဗျာပေါင်းချုပ် ဒုတိယအုပ်၊ တင်မိုး ၈၀ ကဗျာ ၈၀၊ ကလေးကဗျာပန်းဥယျာဉ်တို့ဖြစ်ကြပါသည်။

စကားပြေနှင့်ပတ်သက်၍ ဘဝကြေးမုံ၊ ပန်းလက်ဆောင်အစမ်းစာ၊ စာဆိုကြေးမုံ၊ ပိတောက်မှ သရဖီသို့၊ ပွင့်ဦးအစမ်းစာ၊ ခုနစ်စင်ကြယ်၊ ဟိုဘက်ကမ်းကဖန်မီးအိမ်၊ ကဗျာဆရာနှင့်ပန်းပုသူဇာ ဝတ္ထုတို စုစည်းမှုတို့ကိုလည်း ရေးသားထုတ်ဝေခဲ့ပါသည်။

ဖန်မီးအိမ်ကဗျာစာအုပ်ဖြင့် ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန်ကဗျာဆု၊ ပိတောက်မှသရဖီသို့ ကဗျာ စာအုပ်ဖြင့် ၁၉၆၉ ခုနှစ်တွင် အမျိုးသားစာပေဆု၊ ထီးကလေးနှင့်မနီကဗျာစာအုပ်ဖြင့် ၁၉၇၀ ပြည့်နှစ် အမျိုးသားစာပေ ကလေးစာပေဆု၊ ၂၀၀၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်မှုအဖွဲ့က ချီးမြှင့်သောဆုနှင့် ၂၀၀၄ ခုနှစ်တွင် နယ်သာလန်နိုင်ငံမှ ပေးအပ်သော စာပေယဉ်ကျေးမှု အထိမ်းအမှတ်ဆုတို့ကို ရရှိခဲ့ပါသည်။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့တွင် ကွယ်လွန်ခဲ့ပါသည်။

ဤကဗျာတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မြန်မာမှုမြန်မာ့ဝလေ့တို့ကို မြတ်နိုးသောစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နှင့် ဆရာကြီး၏ဂုဏ်ရည်များကို ဖော်ကျူးရေးဖွဲ့ထားပါသည်။

# အဘိုးသခင်ကိုယ်တော်မှိုင်းသို့



ကွမ်းအစ်တစ်လုံး၊ သျှောင်တစ်ထုံးနှင့်
ရင်ဖုံးအင်္ကျီ၊ ဖျင်ပင်နီနှင့်
ယောထည်ပုဆိုး၊ မင်ကြောင်ထိုးနှင့်
အဘိုးကဝိ ပညာရှိ။
ကဝိ၏ဉာဏ်၊ ရဲစွမ်းမှန်လည်း
တော်လှန်ရာ၌ ထက်ခဲ့သည်။
ကဝိ၏ဓား၊ နှုတ်စကားလည်း
ထောင်ထားရာ၌ ထက်ခဲ့၏။
ကဝိ၏သွေး၊ ကျွန်နံ့ဆေး၍
အားမွေးရာ၌ ထက်ခဲ့၏။

သူ့ကျွန်မခံ၊ မျိုးမာန်မချ
မခ သူ့အောက်၊ မမြှောက်သူ့လက်
မမက် ကျွန်ဆု၊ မမှု ကျွန်ဘွဲ့
မငဲ့ ကိုယ်ကျိုး၊ ဤအဘိုးကား
အမျိုးနှင့်တူ၊ အေးတူပူမျှ
သူ့ဘဝကိုသမ ရောမွှေခဲ့လေပြီ။

အဘိုး၏သွေး၊ အမျိုးသွေးတည့်။
အဘိုး၏စိတ်၊ အမျိုးစိတ်တည့်။
အဘိုး၏ဂုဏ်၊ အမျိုးဂုဏ်တည့်။

အဘိုးသေလည်း
ဤမြေ ဤရွာ၊ ဤနေရာကို
မခွာခဲ့ချေ၊ စောင့်ရှောက်လေအံ့။
အဘိုးမသေ၊ ရှိပါချေလည်း
ဤမြေ ဤရွာ၊ ဤနေရာကို
မခွာခဲ့ချေ၊ စောင့်ရှောက်လေအံ့။

မြန်မာပြည်သား၊ လူအများတို့
နွမ်းပါးသောခါ၊ အဘိုးလာ၍
သာမှုနာမှု၊ သူကြည့်ရှုအံ့။

မြန်မာပြည်သား၊ လူအများတို့
ကြီးပွားသောခါ၊ အဘိုးလာ၍
ဝမ်းသာပြုံးတုံ့၊ ကွမ်းယာမြုံ့အံ့။

အဘိုးမေတ္တာ၊ စေတနာနှင့်
သစ္စာဉာဏ်ရောင်၊ နေနှယ်ပြောင်၍
ပြည်ထောင်တစ်လွှား၊ ဝေးမြေခြားတိုင်
ထင်ရှားကျော်စောခဲ့လေပြီ။

အဘိုးမသေ၊ တို့မသေနိုင်
တို့ပြည်မသေ၊ ဘိုးမသေနိုင်
ဂဟေစွဲသို့ မြဲပြီတည်း။

**၂၀ ရာစု** **တင်မိုး**

**ခက်ဆစ်**

၁။ ကဝိ = ပညာရှိ။
၂။ ကွမ်းအစ် = ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး စသည် ထည့်ထားသော အစ်။
၃။ ဂဟေ = သတ္တုများကို အပူပေးပြီး ဆက်ရာတွင် သုံးသည့် ပျော်လွယ်သော သတ္တု။
၄။ နွမ်းပါး = ဆင်းရဲသော။ မပြည့်မစုံဖြစ်သော။
၅။ ပင်နီ = အနုန်းခွံရောင်ရှိသော ဝါချည်ဖြင့် ရက်လုပ်သော အထည်။
၆။ ဖျင် = ချည်ကြမ်းထည်။
၇။ မင်ကြောင် = စုတ်ဖြင့် မင်တို့၍ ကိုယ်ခန္ဓာတွင် ထိုးနှံထားသည့် အရုပ်၊စာလုံး စသည်။
၈။ ယောထည်ပုဆိုး = ယောနယ်မှထွက်သော ချည်ထည်ပုဆိုး။
၉။ရင်ဖုံးအင်္ကျီ = အင်္ကျီရင် အလယ်ပိုင်းမှ တစ်ဖက်ခြမ်းကို ထပ်၍ ဖုံးထားသော အင်္ကျီ။
၁၀။ သမ = မျှတသော။
၁၁။ သျှောင် = ယောက်ျားဆံထုံး။

**သင်ခန်းစာဆိုလိုရင်း**

- ဖျင်ပင်နီ၊ ယောပုဆိုးကို ဝတ်၊ သျှောင်ထုံးသာမက ဆေးမင်ကြောင်ပါထိုးထားသော အဘိုးသခင် ကိုယ်တော်မှိုင်းသည် ကွမ်းအစ်ရှေ့ချကာ ထိုင်နေပုံ
- အဘိုး၏ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောဉာဏ်၊ ဓားသွားကဲ့သို့ထက်မြက်သောစကား၊ ကျွန်နဲ့ ဆေးရာတွင် အသုံးပြုသော သွေးတို့သည် တော်လှန်ရာ၌ ထက်မြက်ခဲ့ပုံ

- အဘိုးသည် သူ့ကျွန်မခံ ဇာတိမာန် ထက်သန်ခဲ့သူ၊ သူ့လက်အောက် မခစား၊ လက်မြှောက် အရှုံး မပေးသူ၊ အင်္ဂလိပ်ပေးသောဆုနှင့် ဘွဲ့တို့ကိုလည်း မယူ၊ ကိုယ်ကျိုးလည်း မငဲ့၊ တိုင်းသူ ပြည်သား များနှင့် တစ်သား တည်းနေထိုင်ခဲ့သူဖြစ်ပုံ
- အဘိုးသွေးသည် အမျိုးသွေးဖြစ်ပုံ၊ အဘိုးစိတ်သည် အမျိုးစိတ်ဖြစ်ပုံ၊ အဘိုးဂုဏ်သည် အမျိုး ဂုဏ်ဖြစ်ပုံ
- အဘိုးသေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ နိုင်ငံတော်ကို အမြဲစောင့်ရှောက်နေမည့်ပုံ
- မြန်မာပြည်သားများနွမ်းပါးလျှင် အဘိုးလာကာ ကြည့်ရှုစောင့်ရှောက်ပုံ၊
- မြန်မာပြည်သားများကြီးပွားလျှင် အဘိုးလာ၍ ကွမ်းယာကလေးတမြုံ့မြုံ့နှင့် ကြည့်ကာ ဝမ်းသာနေမည့်ပုံ
- အဘိုး၏ မေတ္တာ၊ စေတနာ၊ သစ္စာအရောင်တို့၏ ဂုဏ်သတင်းသည် ပြည်တွင်းသာမက၊ ပြည်ပတိုင်အောင် ကျော်ကြားပုံ
- မြန်မာပြည်ကြီးတည်နေသရွေ့ အဘိုး၏နာမည်တည်နေမည့်ပုံ
- ကဗျာကပေးသော အသိအမြင်၊ ခံစားမှုရသ
- စာဆိုတင်မိုး၏ စေတနာနှင့် အရေးအဖွဲ့စွမ်းရည်တို့ ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာကို ဖတ်ရှုပြီး မည်သည့်အသိအမြင် ရရှိသည်ကို သင့် စကားဖြင့် ရေးပါ။

၂။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ ကဗျာမှ စာဆို၏ အရေးအဖွဲ့စွမ်းရည်ကို လေ့လာတင်ပြပါ။

၃။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ ကဗျာသည် ရသနှင့်အသိအမြင် နှစ်ခုအနက် မည်သည်ကို ပို၍ ပေးစွမ်း နိုင်ကြောင်း အကဲဖြတ်ပါ။

၄။ သင်သက်ရှိထင်ရှားရှိစဉ် တိုင်းပြည်နှင့်လူမျိုးအကျိုးကို မည်သို့ဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားပါ သနည်း။ သင့် ဆုံးဖြတ်ချက်ကို တင်ပြဆွေးနွေးပါ။

၅။ အဘိုးသခင်ကိုယ်တော်မှိုင်းသို့ကဗျာကိုဖတ်ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် မည်သို့သော ပုဂ္ဂိုလ်ဟုသင် ထင်မြင်ယူဆပါသနည်း။ သင့်ထင်မြင်ယူဆချက်ကို အကျိုးသင့်အကြောင်းသင့် တင်ပြပါ။

NUG MOE

**ပြဇာတ်**

# အာဇာနည်မိခင်
# (ကိုလိုနီခေတ်)



အာဇာနည်မိခင်ပြဇာတ်ကို ပြဇာတ်ဆရာ စာရေးဆရာ မောင်ထင်က ရေးသား ခဲ့ပါသည်။ စာရေးဆရာ မောင်ထင်၏ အမည်ရင်းမှာ ဦးထင်ဖတ်ဖြစ်သည်။ ၁၉၁ဝ မတ်လ ၂၁ရက်နေ့ တွင် မြောင်းမြခရိုင် လပွတ္တာမြို့၌ အဖ ဦးတရောင် အမိ ဒေါ်စိန်ပွင့် တို့မှ ဖွားမြင်သည်။ လပွတ္တာမြို့ ဦးခန္တီကျောင်း ဦးဘိုးထွန်းကျောင်းနှင့် ရန်ကုန်မြို့မ အမျိုးသား အထက်တန်း ကျောင်းများတွင် ပညာသင်ခဲ့သည်။ ၁၉၃၃ တွင် ရန်ကုန် တက္ကသိုလ် က ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

မောင်ထင်သည် မြောင်းမြမြို့ တိုင်းရင်းသား အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ၊ မြို့ပိုင်၊ နိုင်ငံခြားရေးဌာန လက်ထောက်အတွင်းဝန်၊ သတင်းနှင့် ဝါဒ ဖြန့်ချိရေးဌာန ဒုတိယ အတွင်းဝန်၊ အသံလွှင့်ဌာန ညွှန်ကြားရေးဝန်၊ လူမှုဝန်ထမ်း ဝန်ကြီးဌာန၊ (ခေတ္တ) ရခိုင် တိုင်းမင်းကြီး ၊ ပြန်ကြားရေးဌာန၏ ညွှန်ကြားရေးမှူးအဖြစ် အမှုထမ်းခဲ့ပြီး အစိုးရ အမှုထမ်းဘဝမှ နှုတ်ထွက် ခဲ့သည်။ ထို့နောက် ရန်ကုန်သတင်းစာ အုပ်ချုပ်မှု အယ်ဒီတာ၊ စာပေဗိမာန် စွယ်စုံကျမ်း အတိုင်ပင်ခံ၊ လန်ဒန် တိုင်း သတင်းထောက် နှင့် အလွတ် သတင်းစာဆရာ အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

ဘဝတ္ထုနှင့် စာပေလောကတွင် ထိပ်တန်းက ရပ်တည်ခဲ့သည်။ဖခင် ဦးတရောင်သည် တရုတ်ဖြစ်သော်လည်း သူရိယသတင်းစာတွင် ပါရှိသော မစ္စတာမောင်မှိုင်း၏ ဆောင်းပါးများကို နှစ်သက်ပြီး သားဖြစ်သူကို နှုတ်တက် ကျက်စေသည်။ မောင်ထင်သည် မြန်မာဂန္ထဝင် စာပေတို့ကို ငယ်ကတည်းက လေ့လာခဲ့သကဲ့သို့ တက္ကသိုလ်မှာလည်း အနာတိုဖရန့်၊ ဖော်လတိုင်းယား စသော ပြင်သစ် စာရေးဆရာကြီးများ၏ သရော်စာများကို ဖတ်ရှုခဲ့သည်။ အလုပ်မှ ထွက်ပြီး အလွတ် သတင်းစာ ဆရာအဖြစ် အင်္ဂလိပ် မြန်မာ သတင်းစာများတွင် အစဉ်ရေးသားခဲ့သည်။

မြန်မာမဂ္ဂဇင်းကြီးများတွင် ဝတ္ထုတို၊ ဆောင်းပါးများပြဇာတ်များ ရေးသားခဲ့သည်။ ဆရာမောင်ထင်သည် သရော်စာကို မစ္စတာမောင်မှိုင်း၏ ဋီကာ ဆောင်းပါးများမှ အရသာခံတတ်လာသူဖြစ်သည်။

မောင်ထင်သည် ကိုဒေါင်းဝတ္ထုတို၊ မြို့အုပ်မင်းဆို ဘုံရုံကဗျာ၊ ဘာအရေးကြီးဆုံးလဲနှင့် အာဇာနည် မိခင်ပြဇာတ်၊ ငဘ၊ ရာဇဓမ္မသင်္ဂဟကျမ်းနှင့် ယောမင်းကြီး ဦးဖိုးလှိုင် အတ္ထုပ္ပတ္တိ၊ မျိုးဖျက်ရန်သူ၊ ဗမာ့ နိုင်ငံရေး သုခမိန်၊ ပုရှ်ကင်၏ မုန်တိုင်းထဲက နဖူးစာနှင့် အခြားဝတ္ထုတိုများ၊ မြန်မာ့ လယ်ယာမြေစနစ်၊ မိုပါဆွန်း ဝတ္ထုတို များ၊ လောက အမြင်၊ မောင်ထင်၏ ဝတ္ထုတိုများ၊ ကမ္ဘာ့စာပေအညွှန်း၊ အံ့ဖွယ်ပုံပြင်၊ မြို့အုပ်ပုံပြင်၊ အနာဂတ္တိ ကျမ်း၊ မြင်ဝါတောင်၊ ဂါလီဗာ ခရီးစဉ်၊ဂန္ထဝင်သံခိပ် စသည့် ဝတ္ထု၊ ကဗျာနှင့် ဆောင်းပါးတို့ ရေးသားခဲ့သည်။ ဂါလီဗာ၏ ခရီးစဉ်နှင့် အမျိုးသားစာပေ ဘာသာပြန်စာပေဆုကို(၁၉၈၁)တွင် ဆွတ်ခူးရရှိခဲ့သည်။ ထို့နောက် (၁၉၉၄) တွင်ပခုက္ကူ ဦးအုံးဖေဆု၊ (၁၉၉၆) တွင် မိဘမေတ္တာ စာပေဂုဏ်ရည်ဆု၊ (၂ဝဝ၃) တွင် အမျိုးသားစာပေ တစ်သက်တာစာပေဆု (ဝိဇ္ဇာ ဘာသာရပ်)ကို ရရှိခဲ့သည်။

NUG MOE

၂၀၀၆ ခုနှစ် အသက် ၉၇ နှစ်တွင် အင်းစိန်မြို့နယ် နေအိမ်၌ ကွယ်လွန်ခဲ့သည်။

အာဇာနည်မိခင် ပြဇာတ်သည် ၁၉၃၀ တောင်သူလယ်သမား အရေးတော်ပုံကို အခြေခံကာ ရေးသားခဲ့ခြင်း ဖြစ်သည်။ ပြဇာတ်ရေးသားသောအချိန်သည် ၁၉၄၄ ဖြစ်၍ ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် လမ်းခင်း ပေးသော လူထုစည်းရုံးရေး၊ စိတ်ဓာတ် တက်ကြွရေးကို လှုံ့ဆော်ပေးနိုင်သော ပြဇာတ်ဖြစ်သည်။ စာရေးသူ ကိုယ်တိုင်က ပြဇာတ် စာအုပ် နိဒါန်းတွင် "သူစွန့်လျှင် ငါစားတော့မည်ဟု တကဲကဲမာန်ပြင် နေသော ဤခေတ်၌ မစားဘဲ စွန့်သွားကြရှာသော အာဇာနည်ပုဂ္ဂိုလ်များသို့ " ဟူ၍ သူ၏ညွှန်းဆို ဂုဏ်ပြုချင်သည့် ပုဂ္ဂိုလ်တို့ကို ဂုဏ်ပြုရေးသားထားကြောင်း အတိအလင်း ဖော်ပြထားသည်။

## အာဇာနည်မိခင်ပြဇာတ်

လေးပင်သုံးခန်း အိမ်ခန်းမကြီးကို ခေါင်းရင်းဘက်ကနေကြည့်၍ မြင်သည့်အတိုင်း ခင်းကျင်းထား။ ပွဲကြည့်သူ၏ လက်ယာဘက်၌ ခေါက်တံခါးသုံးချပ်သည် အလယ်တံခါးနှင့် ခေါင်းရင်း တံခါးကို မင်းတုံးထိုး၍ ပိတ်ထားသည်။ ခြေရင်းခေါက်တံခါးမှာ ဇာတ်စင်၏နောက်ကျောဘက် ခပ်ကျကျတွင်ရှိ၍ စေ့ရုံသာ စေ့ထား သည်။ ဇာတ်စင် နောက်ကျောဘက်မှာ မီးဖိုချောင်ကလေးရှိ သည်။ မီးဖိုချောင် တံခါးဝမှာ တံခါးရွက်မရှိ။ သို့သော် မီးဖိုချောင်မှနေ၍ အိမ်ဘေးနွားတင်းကုပ်နှင့် စပါးကျီရှိရာသို့ ဆင်းရန်တံခါးပေါက်မှာ တံခါးရွက် စေ့လျက်သား ရှိသည်။ မီးဖိုချောင်ခန်းဝ၏ လက်ယာဘက်မှာ သောက်ရေအိုးစင်ရှိသည်။

ဇာတ်စင်၏ အလယ်လောက်တွင် ထမင်းစားပွဲခုံဝိုင်း တစ်ခုတည်ခင်း၍ထား။ ထိုစားပွဲအနီး မီးလင်းဖိုတစ်ခု ရှိရမည်။ ဇာတ်စင်၏ရှေ့မျက်နှာ မရောက်တရောက်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံး သုံးလုံး ရှိပါစေ။

(ညိုညိုသည် ခေါက်တံခါး သုံးပေါက်နားသို့ ကပ်၍ စိတ်နှလုံး တုန်လှုပ်ဟန်ဖြင့် ပွဲကြည့်သူများဘက်သို့ မျက်နှာမူ၍ လျှောက်လာ။ နောက်တစ်ဖန် သောက်ရေအိုးစင်ဘက်သို့ လျှောက်သွား။ ဤနည်းအတိုင်း ခေါက်တုံ့ ခေါက်ပြန် လျှောက်နေစေ။)

(အမယ်အိုကြီး ဒွေးတုတ်သည် စားပွဲအနီးရှိ မီးလင်းဖိုနားတွင် ကျုံ့ကျုံ့ထိုင်ရင်း မီးဖိုနေစေ။ ညိုညိုကစေ့ရုံသာ စေ့ထားသော ခေါက်တံခါးရှေ့သို့ရောက်လျှင် တံခါးချပ်ကို အသာဖြဲ၍ ကြည့်ရင်း ရပ်စေ။)

ညိုညို ။ ။ အပြင်ကမိုးသံလေသံ ပြင်းလှချည်ရဲ့ ဒွေးလေးရယ်။

ဒွေးတုတ်။ ။ မိုးက သည်းတုန်းပဲလား လုံမရဲ့။

ညိုညို။ ။ သည်းတုန်းပဲ ဒွေးလေးရေ့၊ မိုးသံရော လေသံရော ဖြိုးဖြိုးဖြင်းဖြင်းနဲ့။ စဲပဲ မစဲနိုင်ဘူး။ မှောင်လိုက်တာကလဲ မည်းလို့၊ လမ်းတောင် မမြင်ရတော့ဘူး။

ဒွေးတုတ်။ ။ အေး....... အေး ဒါမှ ကောင်းတယ်။

(ညိုညို လူးလာခတ်၍လျှောက်စေ။ သူ့အမူအရာမှာ တစ်စုံ တစ်ခုကို စောင့်စား နေရသည်ကို မအောင့်နိုင်သည့် ပမာ ။ ဂနာမငြိမ် ဖြစ်နေစေ။)

ညိုညို။ ။ ဒွေးရေ ကျွန်မတံခါးဖွင့်ပြီး မီးပြ လိုက်ရတော့မလား။

ဒွေးတုတ်။ ။ ဟဲ့– ဟဲ့ နေစမ်းပါဦး လုံမလေးရဲ့။ ညည်းဥစ္စာက လက်ခေါက်မှုတ်သံ ကြားလို့လား။
(ညိုညိုဘက်သို့ မျှော်လင့်ချက်ကြီးစွာဖြင့်) ဟင်– ကြားရ ပလား။

ညိုညို ။ ။ (ခေါင်းခါ၍) ကြားတော့ မကြားရသေးဘူးပေါ့ ဒွေးရဲ့။ နို့ပေမဲ့ – ကျွန်မ မီးပြလိုက်ရင် ဒီမှာအေးအေးချမ်းချမ်းပဲဆိုတာ သူသိရပြီး စိတ်များအေးသွား လေမလားလို့။

ဒွေးတုတ်။ ။ အို – ညည်းနှယ်အေ။ ဒီလိုဆို သူသာပြီး စိတ်ပူသွားမှာပေါ့အေရဲ့။
သူ့အချက်ပေးသံကြားရမှ တို့ကမီးပြရမှာ။

ညို ညို။ ။ နို့ပေမဲ့ ဒွေးရယ်။ ဒီလို ညမျိုးမှာ ၊ ကဲကဲ သူက အချက်ပေးပါပြီတဲ့၊ ကျွန်မတို့က မကြားလိုက်လို့ ရှိရင်ကော။

ဒွေးတုတ်။ ။ ဒီလောက်လဲ စိတ်မပူပါနဲ့ လုံမလေးရယ်။ သူမှာသလိုသာ လုပ်စမ်းပါ။ သြော် ဟောဒီ မီးလင်းဖိုကို ထင်းတစ်ချောင်းလောက်ထိုးပြီး ဟောဒီမှာ ထိုင်စမ်းပါဦး သမီးရယ်။

ညိုညို။ ။ (ပိုမို တုန်လှုပ်ချောက်ချားလာပြီး) အို – ဒွေးရယ်။ ဟင့်အင်း…ကျွန်မတော့ထိုင်မနေနိုင်ဘူး။ တယ် စိတ်လေးတယ်။ ဒီညတော့ တစ်ခုခု ဖြစ်လိမ့်မယ် ထင်ပါရဲ့။ မိုးသံလေသံတွေကလဲ တစ္ဆေသရဲတွေ ဘဝခြားရာက အော်ခေါ်နေ သလိုပဲ။ ပြုသမျှ ကုသိုလ် အဖို့ကို အမျှ ရှင်တို့ …… အမျှ….

ဒွေးတုတ်။ ။ အို……… လုံမကလေးက ဒါတွေ တွေးမနေစမ်းပါနဲ့အေ။ ငါ ပြောသလိုသာ လုပ်စမ်းပါ။ မီးစကလေး ထိုးလိုက်ပါအေ။

ညိုညို။ ။ (မီးစထိုးရင်း) အမေ မွေးကတည်းက ……. အမယ်လေး……. ဘာ…….ပါ…….လိမ့် (နှစ်ဦးသား နားစိုက်ထောင်စေ။)

ဒွေးတုတ်။ ။ လေသံပါ သမီးရယ်။ လေထန်လို့တော့၊ လေထန်လို့ ။ ဒီလို အချိန်မျိုးမှာ လယ်ပြင်ထဲ နေရတဲ့လူတွေတော့ ဒုက္ခပဲ။
(ညိုညို စကားမပြောနိုင်ဘဲ မီးထပ်ထိုးစေ။)

ဒွေးတုတ်။ ။ လုံမကလေး ဒီကနေ့ အင်ပင်ဘက်မှာ လူတွေ လှုပ်လှုပ်ရှားရှား မတွေ့ခဲ့ ဘူးလား။

ညိုညို။ ။ ဟင့်အင်း…….နို့ပေမဲ့ညနေဘက်ရောက်တော့ မြန်အောင်ကလွှတ်လိုက်တယ် ဆိုတဲ့ ဗလူချိစစ်သားတွေတော့ ခြေချင်းလိမ်နေတာပဲ ဒွေးရဲ့။ နေဝင်ခါနီးတော့လဲ ပျောက်သွားကြ ပြန်ရော။ ရောင်တစောင်းထုံး နှုတ်ခမ်းမွှေးနဲ့ အဘိုးကြီး တစ်ယောက်တော့ တုန်တုန်တုန်တုန်နဲ့ ငှက်ကြီးကွင်းဘက် မြင်းနဲ့ ထွက်လာ တာတော့ မြင်လိုက်မိတာပဲ။ လူငယ်ငယ်တစ်ယောက်က သူ့မြင်းဇက် ကြိုးဆွဲ ပြီး လမ်းပြလို့။

ဒွေးတုတ်။ ။ နို့ – ကုလားစစ်သားတွေကကော။

ညိုညို။ ။ (ခေါင်းခါရင်း) အင်ပင်ရှာထဲတော့ တစပြင်လို ခြောက်နေတာပဲ ဒွေးရဲ့။ သူတို့ အစအန လဲတယ် မမြင်ဘူး။ ဒွေး သူ လာမယ်များထင်သလား။

ဒွေးတုတ်။ ။ အို..... ငါက ဗေဒင်ဆရာမှ မဟုတ်ဘဲ။ အတတ်တော့ ဘယ်ဟော နိုင်ပါ့မလဲ လုံမရယ်။ နို့ပေမဲ့ လွန်ခဲ့တဲ့ ငါးရက်လောက်က သူနဲ့ သူ့အဖော်တွေတော့ ဒီကိုလာပြီး စားလား သောက်လား နဲ့ တောခို သွားတာပဲ အေရဲ့။ ငါးနေ့နဲ့ ငါးည ရှိသွားပြီနော်။ ပြန်ထွက်သွား တော့လဲ စားနပ်ရိက္ခာ တယ်ပြီး ပါမသွားလှဘူး။ အော် ပုန်းလျှိုးဝှက်လျှိုး နဲ့ နေရတဲ့ ဒုက္ခတွေ၊ သူတို့ ဒီအရင်က တွေ့ဖူးကြမှာ မဟုတ်ရှာဘူးအေ။ နေထွက်က နေဝင်အထိ ဘာသံမှလဲ မကြားရ။ လှုပ်လှုပ်ရှားရှားကလဲမရှိ။ ငြိမ်ချက်သားကောင်းလှတော့ အင်း ဒွေးလေးဖြင့် စိတ်လေးမိပါရဲ့။

(သောက်နေသောရှမ်းဖက်လိပ်ကြီးမှ ပြာကြွေသည်ကို သပ်ချရင်း )

ပုလိပ်တွေတော့ သိမှာပေ့ါအေ။ ချောင်းများနေသလားလို့ မဆိုနိုင်ဘဲ။

(အသံဗလံများကြား၍ နှစ်ဦးသား တံခါးဝသို့ နားကပ်ပြီး စွင့်စေ။)

ဒွေးတုတ် ။ ။ လုံမလေး၊ မြန်မြန်- မြန်မြန် မီးပြဟဲ့။

ညိုညို ။ ။ နေပါဦးဒွေးရဲ့ ၊ အသံကြားတာက နောက်ဖေးတောတန်းဘက်က ထင်ပါရဲ့။

ဒွေးတုတ် ။ ။ ငါပြောသလို လုပ်စမ်းပါအေရယ်။ တစ်ဖက်က အစောင့်တွေရှိလို့လားမှ မသိဘဲ။

(ညိုညိုက ဖယောင်းတိုင်မီးညှိပြီး စေ့ထားသောတံခါးကို အသာဟလိုက်စေ။ နှစ်ဦးသား တံခါးဝမှာ ရပ်စေ)

ဒွေးတုတ်။ ။ ဟဲ့.....ဟဲ့ – အိမ်တွင်းက မီးရောင် အပြင်အကုန်ထွက်အောင် တံခါးကို သိပ် မဖွင့်နဲ့။ ညည်းဟာကအေ၊ တံခါးကဝင်လာမဲ့သူကို ခပ်ဝေးဝေးကနေပြီး ညည်း မီးရောင်ကြောင့် အကုန်မြင်ကုန်တော့မပေ့ါ---လုံမရယ်။ တော်၊ တော် အမြန် မီးမှုတ်လိုက်။ မီးလင်းဖိုကိုလဲ အုပ်ထားလိုက်။ ဘယ့်နှယ်အေ...... အစောင့် အကြပ်တွေကလဲ ချောင်းနေကြဦးမှာပေ့ါ။

(အခန်းမှာ မမှောင့်တမှောင်ဖြစ်သွားစေ။ ခေါက်တံခါး ကျွီကနဲမြည်၍ ပွင့်စေ။ လူတစ်ယောက် သုတ်သီး သုတ်ပြာဝင်လာစေ။)

ညိုညို ။ ။ အမယ်လေး၊ မောင့်ကိုယ်က အေးစက်စက်ကြီးပါလား။

(နေဝင်းသည် ပင်ပန်းနွမ်းရိစွာ ဝင်လာပြီး ညိုညို ပြောသည့်အတိုင်းဟုတ်ကြောင်း ဝန်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြစေ။)

ညိုညို ။ ။ အော်....... တစ်ကိုယ်လုံးလဲ စိုလို့ ရွှဲလို့။

နေဝင်း ။ ။ မြန်အောင်ဘက်က အစောင့်တွေများလွန်းလို့ ပြဒါးရှင် ချောင်းကနေပြီး ရေကူးလာရ တာကလား ညိုညိုရယ်။ဒီအထဲရောက်ခါနီး မိုးတွေလဲ သည်း လာ တော့........

(ဒွေးတုတ်က မီးတိုင်မှ မီးပြန်ညှိပြီး မီးလင်းဖိုကို အုပ်ထားသော မီးကပ်ပြန်ချစေ။ ညိုညိုက တံခါး မင်းတုပ် ထိုးစေ။)

ဒွေးတုတ် ။ ။ မြန်အောင်မှာ အစောင့်နဲ့ဆိုရင် သူတို့တော့........

နေဝင်း ။ ။ သူတို့ကို မပူပါနဲ့ မေမေရယ်။ငှက်ကြီးကွင်းနားက အင်တောကို သိရဲ့ မဟုတ်လား။

ဒွေးတုတ် ။ ။ ဒါဖြင့် သူလဲ ဟိုမှာပေါ့။

နေဝင်း ။ ။ ဟုတ်ကဲ့ အမေ ။ သူ့အပြင် ဗိုလ်နေဒွန်းလဲပါတယ်။ သူ့ထက် အရေးပါတဲ့ ဆရာကြီးလဲ..........

ဒွေးတုတ်။ ။ (ညိုညိုကို မျက်စပစ်ပြရင်း။ လက်ညှိုးဖြင့် ပါးစပ်ပိတ်၍) ...... ရှူတ်......

နေဝင်း။ ။ သူကြားသွားရော ....မေမေရယ်......

ဒွေးတုတ်။ ။ အေးပါ – အေးပါ– ကဲ–ကဲ .........ငါ့သားကြီး ဆာလှရော့မယ်။ ဟဲ့ ညိုညို ..... ညည်းမောင်ကြီးဖို့ တင်းကုပ်ထဲမှာ ဝှက်ထားတဲ့ စားစရာတွေ သွားယူစမ်း။ သားရယ် ညိုညို ယူခဲ့ပါလိမ့်မယ်။ ဟဲ့.. လုံမလေး သွားလေ။

(ညိုညိုက တင်းကုပ်ထဲသို့ နောက်ဖေးဆောင်တံခါးမှ ဆင်းသွားစေ။)

နေဝင်း ။ ။ မေမေရယ်။ မေမေကလည်း ညိုညိုက ဖော်ပြောမယ့်သူမှ မဟုတ်ဘဲ။

ဒွေးတုတ် ။ ။ အို....... ငါ့သား မသိဘူးနော်၊ ညိုညိုဆိုတာ ရှူးတုန်း မိုက်တုန်းကလေး၊ ကလေးပဲ ရှိသေးတာ။ ဒါမျိုးနဲ့ပတ်သက်ပြီး သူ့သတ္တိက ဘယ်လိုနေမှန်းမှ မသိသေးဘဲ။ ပြီးတော့ သူ့လိုဟာမျိုးကို မဖော်ဖော်အောင် ဘယ်လို ပုလိပ်က ညှဉ်းဦးမယ်ဆိုတာ သားလဲ သိနိုင်တာမဟုတ်ဘူး။

နေဝင်း ။ ။ ကဲလေ – ကိစ္စ မရှိပါဘူး။ ကျွန်တော်ပြောတာက သူတို့ကို တွေ့ချင်ရင် ဘယ်နေရာ မှာ တွေ့နိုင်တယ် ဆိုတာကို ပြောမိတာမှ မဟုတ်ဘဲ။

ဒွေးတုတ် ။ ။ ဒါဖြင့် – သားပြောတဲ့ နေရာမှာ ဆရာကြီးတို့ မရှိဘူးပေါ့။

နေဝင်း ။ ။ ဘယ်ရှိမလဲ မေမေရဲ့။ မနေ့ညကတည်းက ဆရာကြီးတို့ ငှက်ကြီးကွင်း အင်တောက ထွက်သွားပြီ။ကျွန်တော်တို့ရွာဂုံမင်းနားကဖြတ်ပြီး(လေသံဖြင့်)ရေနံတောင်နတ်မီးနားက လှူပြတ်တဲ့ တောင်ခါးပန်းမှာ ခိုနေတယ်။

ဒွေးတုတ် ။ ။ ဒါပဲနော်၊ လူလေး၊ ဘာမှန်းညာမှန်း မသိတတ်သေးတဲ့ လုံမလေးကို ဟိုဒင်း သည်ဒင်း တွေ မပြောနဲ့နော်၊ ကြားလား။ သူ့လို သူငယ်မမျိုးကို အသိပေးလို့ မတော်ဘူး။

နေဝင်း ။ ။ စိတ်ချပါ။ သူဖော်တောင်မှပဲ ဟုတ်တိပတ်တိ နေရာမပြောနိုင်သေးပါဘူး။

(နေဝင်းသည် ထမင်းစားပွဲ ဘေးသို့ ထိုင်ချစေ။ သူ့အမေက သူ့သား စားဖို့ စားဖွယ် သောက်ဖွယ်များပြင်ဆင်စေ။)

နေဝင်း ။ ။ မေမေရယ် စိုစို စိစိ နေတုန်းမှာ မီးဖိုနား ထိုင်လိုက်တော့မှပဲ လူလဲ နွေးပြီး စိတ်လဲ အေးသွားတော့တာပဲ။ ကိုယ့်အိမ် ကိုယ့်ယာ ပြန်ရောက်တော့မှ စည်းစိမ်ကို ရှိသွားတာပဲ မေမေရေ။

ဒွေးတုတ်။ ။ ဒီည ဒီမှာ မအိပ်ဘူးလား။

နေဝင်း ။ ။ အိပ်ဖို့နေနေသာသာ၊ မိုးမလင်းခင် နတ်မီးရောက်အောင် ဒီနေရာက ညတွင်းချင်း ဒုန်းစိုင်း ရဦးမယ် မေမေရဲ့။

(ညိုညို ဝင်လာစေ)

ညိုညို ။ ။ မောင်တော့ဖြင့် လွတ်အောင် မနဲ ရှောင်ခဲ့ရမှာပဲနော်။

နေဝင်း။ ။ လွတ်အောင်လား၊ အေးပေါ့၊ မြန်အောင်က ပဒါးရှင်ချောင်းကို ငါးမိုင် တိတိ ခရီးပြင်းလျှောက်ခဲ့ရတယ်။ အဲဒီကမှ တဲကြီးကုန်း အနောက်ဘက်ရိုးမ တောင်ခြေကနေပြီး မရွေးကုန်းဆင်း အဲဒီကမှ တို့ရွာနား ရောက်တာပေါ့။ မိုးကလေး တဖွဲဖွဲနဲ့ ခြေရာကောက် လိုက်မှာစိုးလို့အိမ်ကြို အိမ်ကြား နောက်ဖေး တင်းကုပ်ကြိုတင်းကုပ်ကြား ပုန်းရင်းလျှိုရင်းနဲ့ အပြေး ဒုန်းစိုင်းခဲ့ရတာပဲ။ ခြေရာကျန်ရစ်ခဲ့ရင် ဘယ်သူ့ခြေရာလဲဆိုတာ သိမဲ့လူတွေက တပြုံကြီး။ ဟော့– ဒါမျိုးကျတော့ စစ်ပုလိပ်ဆိုတာ နောကျေနေတာပဲကွဲ့၊ ညိုရဲ့။

ညို ညို ။ ။ ဒါနဲ့တောင်၊ မောင့်ကို ဘယ်သူမှ မတွေ့ဘူးနော်။

နေဝင်း။ ။ ဒါတော့ ဘယ်ပြောတတ်မလဲ ညိုရယ်၊ တို့ ဂုံမင်းရွာကနေကြည့်ရင် ဟို တောင်တန်းကလေးပေါ်ကို နေမညိုခင်ရောက်တော့ အပေါ်ကနေပြီး ကြည့် လိုက်ပါ။ လား– လား– ညိုညိုရေ့။

ဗလူချိစစ်သားတွေ ချီတက်နေ ကြတာ ကလား။ အပေါ်ကစီးကြည့်တော့ တရှူရှူ နဲ့ပုရွက်ဆိတ်ကလေးတွေ ကျနေတာပဲ။ တကတဲ ရေနံတောင်ဘက်ဆီ လှမ်းကြည့် လိုက်ရင်လဲ သူတို့ပဲ ညို ရေ့။ မြေလျှိုးမိုးပျံနိုင်မှပဲ သူတို့လက်က လွတ်ကြရမှာပဲကွဲ့။ ချောင်းကြိုမြောင်း ကြားမလဲ သူတို့ ၊ လမ်းဆုံလမ်းမ မလဲ သူတို့၊ ရွာတံခါးနားမှာလဲ သူတို့၊ ချောင်းတွေ ဖြတ်ပြီးတံတားကူးထားတဲ့ နင်းကြမ်းတွေမှာလဲ သူတို့ပဲ။ငါတောင် မှ တောင်ပေါ်ကဖြတ်ပြီးတက်အလာ၊ နတ်မီးတောင် စခန်းသွားတဲ့ လမ်းနားက ကျောက်ဖျာကြီး အနားမှာ ခိုပြီး ချောင်းနေတဲ့ စစ်သား အစောင့်တစ်ယောက်နဲ့ ရင်ဆိုင်ဝင်တိုးခဲ့ရသေးသကွဲ့ – ညိုရဲ့၊ နို့ပေမဲ့ သူနဲ့ တွေ့ပြီး တဲ့ နောက်တော့ ချောချောမောမော ချည်းပါပဲကွယ်။

ညိုညို ။ ။ ဟင် – ဘယ့်နှယ့်လုပ် ချောချောမောမောလဲ မောင်။

နေဝင်း။ ။ အို...... ညိုကလဲ သူစီးတဲ့ စစ်သားဖိနပ်ကြီးကို ငါယူစီးလိုက်တော့ ငါ့ခြေရာ ဘယ်သူ လာကောက်နိုင်ဦးတော့မှာလဲ။ ဒီတော့ စိတ်ချ လက်ချ ချောချော မောမောပေါ့။

ညိုညို ။ ။ မောင်က သူ့ဖိနပ်ယူစီးတယ် ဘယ့်နှယ်။

နေဝင်း ။ ။ (ရယ်ရင်း) အေးလေ ယူစီးပါတယ် ဆိုနေမင့်ပဲ၊ ညိုက မရှင်းသေးဘူးလား။ စစ်ဖိနပ်ရအောင် ဘယ်လိုယူရတယ် ထင်သလဲ။ ကဲလေ – တွေး ကြည့် – တွေးကြည့်။ ညိုစဉ်းစားရင်း မောင်ထမင်းစားလိုက်ဦးမယ်။

ညို ညို ။ ။ သြော် …….. သူ့အိပ်နေတုန်း…….

နေဝင်း ။ ။ သူအိပ်နေတုန်း၊ အေးအေး ဟုတ်တယ် – ဟုတ်တယ်၊ ဟား – ဟား – ဒီအကောင်ခုထက်ထိ တစ်တီတူး ခြေနှစ်ချောင်း မိုးထိုးအိပ်သလို အိပ် လျက်သား ကျန်ရစ်တာပဲ။ ဟားဟား…….

(သည်အခါ ဒွေးတုတ်က စားပွဲပေါ်တွင် နေဝင်းအမှုမဲ့ အမှတ်မဲ့ ချထားသော ခါးမြှောင်ကို ဖြတ်ကနဲ ကောက်ကိုင် လိုက်စေ။ ပြီးလျှင် ပြန်ချထားစေ။ ဒွေးတုတ်၏ အမူအရာကို ညိုညို မြင်သည်နှင့်တစ်ပြိုင်နက် စားပွဲပေါ်မှခါးကို မိမိနှင့် ဝေးအောင်ဖယ်လိုက်ရာ ခါးမြှောင်မှာ စားပွဲပေါ်မှ ကြမ်းပေါ်သို့ တလိမ့်လိမ့်နှင့် ကျသွားသည် တွင် ညိုညိုက မကြည့်ဝံ့သည့်အလား မျက်နှာကို လက်ဝါးနှင့် အုပ် စေ။ )

ဒွေးတုတ်။ ။ ညိုညို၊ သမီး၊ မီးဖိုချောင်က ငါးပိဖုတ်ကလေး ယူလိုက်စမ်းပါဦးအေ။ ကဲ ––– ကဲ ညည်းမောင်ကြီးကို ဒီညအတွက် ညည်းပဲကြည့်ပြီး ပြုစုလိုက် ပေဦး – လုံမကလေးရေ့။

(ညိုညို လည်း မီးဖိုချောင်ဘက်သို့ ဝင်သွားစေ)

သြော်……. ညိုညို၊ ညိုညို သူ့ အမေ မသေခင်မှာ မှာသွားတာကလေး သတိရလိုက်တာနော်။ သူ့အမေဆုံးတော့ လေကြီး မိုးကြီး လာတဲ့နှစ်ပေ့ါသားရဲ့။ အဲဒီတုန်းကများ သစ်ပင်ကြီးတွေ ရွာထိပ်က အမြစ်ပါကျွတ်ပြီး လွင့်သွားလိုက်တာ၊ ရွာဖျားကိုရောက်ပါလေရော။ ကျီးကန်းတွေ ဆိုတာ အမွေးတွေ လန်ပြီး နားစရာနေရာမရဘူး။ တောစပ်က ချေတို့ ဒရယ်တို့ ဆိုတာတွေဟာ တို့အိမ်တံခါးဝဆီကိုတောင် တောလွန်ပြီး ရောက်လာတယ်။ အဲဒီနှစ်ပေ့ါ သူ့အမေဆုံးသွားတာ၊ အဲဒါနဲ့ အသက်ထွက်ခါနီး ငါ့ကို ခေါ်ပြီး မှာသွားတာ ကတော့ …..

(တံခါးဝကို ခပ်ပြင်းပြင်းပုတ်သံ ကြားရစေ)

အသံ ။ ။ သခင်ကြီး အမိန့်နဲ့ တံခါးဖွင့်စမ်း။

ဒွေးတုတ် ။ ။ (သတိရကာ) ဟဲ့၊ ဟဲ့ ။ သား၊ သား။ တင်းကုပ်နောက်က ကောက်ရိုးပုံ၊ ကောက်ရိုးပုံ၊ မြန်မြန် မြန်မြန်

အသံ ။ ။ ဟဲ့ ဖွင့်ဆို မဖွင့်သေးဘူးလား။ အစိုးရကိစ္စလဟ။

(နေဝင်းသည် သူ့ပစ္စည်းများ စားပွဲပေါ်တွင် သက်သေခံ မကျန်ရစ်ရအောင် ကောက်ကာငင်ကာ သိမ်းကျုံး၍ တင်းကုပ်ဘက်သို့ ကမန်းကတန်း ပြေးသွားစေ။ ကြမ်းပေါ်မှာ ကျနေရစ်သော သူ့ခါးမြှောင်ကိုမူ မကောက်မိဘဲ ရှိစေ။ ဒွေးတုတ်က အချိန်ဆွဲရင်း တံခါးဆီသို့ ခပ်ဖြည်းဖြည်း လှမ်း၍ မင်းတုပ်ကို ခပ်ဖြည်းဖြည်းဆွဲစေ။)

အသံ ။ ။ ဟဲ့ …….ဖွင့်ဆို ဖွင့်လဟ။

(ဒွေးတုတ်က တံခါးဖွင့်ပေးစေ။ ရာဇဝတ်ဝန်ထောက်မင်း ဦးသက်ကြွင်း ဆိုသူက တပ်ကြပ် ဗိုလ်ကလေး ဗိုလ်ဖြင်း နောက်ကထက်ကြပ် ကပ်ပြီး ဝင်လာစေ။ ဦးသက်ကြွင်းနောက်မှ ရှေ့ဖတ် မောင်ပြန့်က အမှုတွဲများ ပိုက်လျက် ဝင်လာစေ။ နောက်ဘက်၌မူ သေနတ်ကိုင် စစ်သားများ လိုက်ပါ လာစေ။)

ဗိုလ်ဖြင်း။ ။ ဟော မရှိတော့ဘူး ဝန်ထောက်မင်း၊ ကိုယ်ဖျောက် တတ်တယ် ထင်ပါရဲ့။

ဦးသက်ကြွင်း။ ။ (ခြေနှင့်တိုက်မိသော ခားမြှောင်ကို ကောက်ယူရင်း) ကိုယ်ဖျောက်တတ်ပေမဲ့ မင့်အကောင် ခြေရာတော့ မဖျောက်တတ်သေးပါဘူးကွာ။ ဟော – ဒါက ဘာလဲ။

ဗိုလ်ဖြင်း။ ။ အင်း……. ထမင်းစားနေတုန်း ကျွန်တော်တို့ ဝင်လာမိတာနဲ့ တူရဲ့။ ဟေ့ တပည့်တို့ အိမ်ထဲမှာ ရှာကြဟေ့။

ဒွေးတုတ်။ ။ မောင်ရယ်၊ အမေအိုကြီး တစ်ယောက်ထဲ ပါနော်။ ဆာဆာနဲ့ ည ထမင်းစား နေတာပါ။

ဦးသက်ကြွင်း။ ။ (ခားမြှောင်ကို မြှောက်ပြရင်း)အင်း……. အင်း ဟုတ်ပေလိမ့်မယ်၊ ဟုတ်ပေလိမ့်မယ်။ ဒါကတော့ အမယ်အိုကြီး ထမင်းစားပြီးတော့ သွားကြားထိုး ဖို့ ထင်ပါရဲ့။ ဟာ – ဟာ။ ဟေ့– အမယ်ကြီး ကြည့်စမ်း ကျုပ် ကို၊ ကျုပ် အလုပ် ကျုပ် နားလည်တယ်သိလား။ ဘယ်နေရာမှာ ရှာရင် ဘာတွေ့ နိုင်တယ်ဆိုတာ မျိုးတော့ နောလို့။ တွေ့လည်းတွေ့ ပါပြီလေ။ ကျုပ် သေသေချာချာ ပြောရပါတယ်။

(တင်းကုပ်ဆီမှ အသံကြားရစေ၊ စစ်ပုလိပ်များက ညိုညိုကို ဆွဲခေါ် လာ စေ။ ညိုညိုမှာ ကြောက်အား လန့်အား နှင့် ပုန်းနေခြင်းဖြစ်ရာ လက်ထဲ တွင် ငပိဖုတ်စလောင်းကြီး ကိုင်လျက်သားရှိစေ။)

ဗိုလ်ဖြင်း။ ။ ကဲ – ဒါကတော့ ဘာလဲ။

ဦးသက်ကြွင်း။ ။ ကောင်မကလေးပေါ့ကွယ်။

ဒွေးတုတ်။ ။ သူက အမေကြီးရဲ့ သွားလေသူ ကိုရင့် သမီးပါကွယ်။ အမေကြီးအတွက် ငပိဖုတ် ဝင်ယူတာပါ။ ကြည့်ပါလား။ သူ့လက်ထဲမှာ။

ဦးသက်ကြွင်း။ ။ ဟေ့ လူတွေ ထပ်ရှာကြဦးဟေ့။ တို့ တွေ့ချင်တဲ့လူ ဒီအနားမှာပဲ ရှိရမယ်။

(အမေကြီးကို မခံချိ မခံသာဖြစ်အောင် ပြောရင်း)

ဘဲ့နှယ် အမေကြီး… ခေါင်ခေါင်ဘုရားက တစ်ယောက်တည်း ပွဲတော်တည်ရင်း သူက စားတော်ဆက်ရတာပေါ့နော် ဟုတ်စ။ ထွီ ၊ ထိပ်ခေါင်တင် ကမြင်းမကြီး။ သွားလေသူ မောင်တော်ရဲ့ သမီးကို ရန်ကုန်တက်ပြီး ဟော်တယ်စားပွဲထိုး လုပ်ခိုင်း မလို့ သင်ပေးနေတာ ထင်ပါရဲ့။ ထွီ …….

(စစ်ပုလိပ်များက နေဝင်းကို လက်ပြန်ကြိုးတုပ်၍ ခေါ်လာစေ၊)

အစက ငါပြောသားပဲ။ ဘဲ့နှယ့်လဲ အဒေါ်ကြီး။ ဒါကတော့၊ သခင်မရဲ့ – ညီမတော်ရဲ့

သားနဲ့ တူရဲ့။ ဒါမှ မဟုတ်လဲ ခေါင်ခေါင်ဘုရားရဲ့ စားတော်ကဲပဲ။ ဘယ့်နှယ် ဟုတ်စ၊ ဟင်။ ဟေ့ – အဖွားကြီး ဒီမှာ ကြည့်စမ်း၊ပေါရိသာဒက စားတော်ကဲ ဒသကကို ချိုင်သလိုချိုင် ရမှာပဲ။ အဲ – အဲ – ဘုရားလောင်းနဲ့ကျတော့ ပေါရိသာဒက လွှတ်စေတဲ့။ ဒါပေမဲ့ ကျုပ်က သက်ကြွင်းဗျ။ ပေါရိသာဒထုံးကိုမှီးပြီး လွှတ်မယ်လို့များ မထင်လေနဲ့။ ဟင်း၊ ကျုပ်သူ့ကိုတွေ့လို့ ကျုပ်မေးခွန်းထုတ်တာ ကောင်းကောင်းဖြေနိုင်ရင်ဖြေ မဖြေနိုင်ရင် မနက်ကျ လင်းတစာ ပေ့ါ။

(ထိုအခါဦးသက်ကြွင်းသည် ခေါင်းရင်းဘက်ရှိ စားပွဲနှင့် ကုလားထိုင်များဆီသို့ လျှောက်လာစေ။ စစ်ပုလိပ်နှစ်ဦးက နေဝင်းကို ဦးသက်ကြွင်းဆီသို့ ခေါ်ဆောင်သွား၍ အနားက စောင့်နေစေ။ အခြားစစ်ပုလိပ်တစ်ယောက်က ဦးသက်ကြွင်းထိုင်သော ကုလားထိုင်နောက်က ရပ်စေ၊ တစ်ယောက်က ခေါက်တံခါးမှာ စောင့်စေ။ စာရေးက စားပွဲထောင့်တွင် ရပ်စေ။ ဗိုလ်ဗြင်းက မီးဖိုရှေ့တွင် ရပ်နေစေ။)

ဦးသက်ကြွင်း။ ။ (နေဝင်းသို့) ဘဲ့နှယ် ဆရာလေးရဲ့။ သူပုန်ကို သူပုန်မှန်းသိလျက်နဲ့ သတင်းမပေးဘဲ လျှိုပြီး ကာကွယ်ထားရင် ဘာအပြစ်ဖြစ်တယ်ဆိုတာ မသိဘူးလား။ ပြီးတော့လဲ လွန်ခဲ့တဲ့ လေးငါးရက်လောက်က မတရား အသင်းဝင်လို့ ကြေညာထားတဲ့ အကောင်တွေ သူပုန်ခေါင်းဆောင်တစ်ဦးနဲ့ ပေါင်းပြီး ဆရာစံ ရဲ့ သုပဏ္ဏက ဂဠုန်ရာဇာ အဖွဲ့ထဲ ဝင်တယ်ဆိုတာ မင်းသိတယ်။ သေဒဏ်ပေး လောက်တဲ့ အဖွဲ့ဝင် သူပုန် ခေါင်းဆောင် တစ်ဦးကို ဟသ်ာတဂါတ်ကနေပြီး တရားရုံးပို့တော့ ဝင်လုဖို့ ကြံတယ်။ မရတော့ ဟသ်ာတဂါတ် တက်စီးပြီး အကျဉ်းသမား တွေကို လွှတ်လိုက်တယ်။ ဒီလူတွေကိုလဲ မင်းပဲ သိတယ် မဟုတ်လား။ ကဲ – ဘာပြောချင်သေးသလဲ။

(နေဝင်းက အဖြေမပေးလေ)

ဦးသက်ကြွင်း။ ။ တိတ်တိတ်နေရင် ဝန်ခံတယ် ဆိုတဲ့ သဘောလားဟေ့။

(နေဝင်းကား နေမြဲအတိုင်း)

ဦးသက်ကြွင်း။ ။ ကိုင်းလေ ကိုင်းလေ။ မင်းအပြစ် ဘယ်လောက် ကြီးတယ်ဆိုတာ မင်း မသိလို့လား။ သူပုန်မှုဆိုတာ ဘယ့်လောက် အရေးကြီးလို့ ဘယ့်လောက် အစိုးရကို ထိခိုက်တယ် ဆိုတာ မင်းလို ခပ် အ – အ တောသားတွေဟာ နားမလည်ကြဘူး ထင်ပါရဲ့ကွာ။ ပြောလကွာ၊ ဟေ့ – ဟေ့ ၊ ပြော – ပြော။ ပြောရင်တော့ အစိုးရ သက်သေပဲကွ။ မင်းသက်သာမှာ။

(နေဝင်းက ရှေးနည်းတူ ဆိတ်ဆိတ်နေစေ။)

ဦးသက်ကြွင်း။ ။ ဟေ့ ၊ ဒီမှာ ကြည့်စမ်း ။ငါရှင်းရှင်း ပြောလိုက်မယ်။မင်းကို တို့ဒီည လက်ဖျားနဲ့တောင် မတို့ဘူး။ ကဲ ကဲ ကြားကြားသမျှ ကျုပ်ကတိပေးတာ မှတ်ထားလိုက်ကြစမ်းပါ။

ဟေ့–ဖြောင့်ချက်ပေးရင် ဘာမှ မဖြစ်စေရဘူးကွ။ တို့ အာမခံတယ်။

(နေဝင်းကား အထက်ပါအတိုင်း)

ဦးသက်ကြွင်း။ ။ (ဒေါသထောင်းကနဲထွက်၍)

ဟေ့ – ဗိုလ်ဖြင်း၊ ဒီခွေးမသား ကျောကို ဓားပြားရိုက်ပြီး စစ်စမ်းလကွာ။ ခြေသလုံးကို မြင်းလုံးနဲ့ လှိမ့်ရင်လဲ ဒင်းခံနိုင်မှာ မဟုတ်ပါဘူး။

(ဗိုလ်ဖြင်းကလည်း မလှုပ်မယှက် နေစေ။)

နေဝင်း။ ။ ကဲ၊ ဒါဖြင့် ၊ ဝန်မင်းရယ်၊ ခင်ဗျား အလကားနေရင်း မမောအောင် ကျွန်တော်ပြောပြပါတော့မယ်။ ဆရာကြီးနဲ့ ခင်ဗျား မတွေ့မချင်းတော့ ကျွန်တော် ဟုတ်တယ်လဲ မပြောနိုင်သေးဘူး မဟုတ်ဘူးလဲ မပြောနိုင်သေးဘူး။

ဦးသက်ကြွင်း။ ။ (လေဖျော့၍)

သြော် ဒီလို ကြေးလားဟေ့။ ငါသာ မင်းလိုဆိုရင် ဒီလိုလဲ ဘယ်ဟုတ်မလဲကွယ်။ တို့ဆိုတာ၊ ဟေ့ ဟောဒီမှာ ကြည့်စမ်း။

(ပါးစောင်ကို လက်ညှိုးနှင့်ထိုးရင်း)

အံတိုနေပြီကွ။ တို့ ကြုံဖူး တွေ့ဖူးသမျှတော့ အသေကောင်နဲ့ စောက်ရူးတွေသာ စိတ်မပြောင်း ဘဲ နေတတ်တာကလား။

နေဝင်း။ ။ (တိုးတိုးသက်သာနှင့်) ဒါဖြင့်လဲ ဝန်မင်းတို့ ဒီည အဖို့တော့ အတွေ့အမြင် ဗဟုသုတ တစ်မျိုးထူးရဦးမှာပေါ့ခင်ဗျာ။ လောကဆိုတာ ဒီလိုချည်းလဲ မဟုတ်သေးဘူး။ ဟိုလိုလဲ ရှိသေးတယ်ဆိုတာ။

ဦးသက်ကြွင်း။ ။ (လွယ်ထားသော ကွမ်းအစ်မှ ကွမ်းကိုယူ၍ဝါးရင်း)

အေးကွာ၊ မောင်ရာ၊ မောင်ပြောသလို ဟုတ်ချင်လဲ ဟုတ်ပေမပေါ့။ နို့ပေမဲ့၊ ငါ့တူ စဉ်းစားဖို့ ဦး ပြောခဲ့မယ်။ မင်းလူမိုက်အဖြစ်နဲ့ ပါးစပ်ပိတ်ထားနိုင်ခဲ့လို့ရှိရင် မင်းအသက် ထွက်သွားတော့ကော မေးခိုင်ခိုင် စေ့နိုင်ပ့ါမလား။

(ဦးသက်ကြွင်းက နေဝင်းထံမှ စကားပြန်ကို စောင့်မျှော်နေသော်လည်း နေဝင်းက ရေးက ကဲ့သို့ပင် ခပ်မဆိတ် နေစေ။)

ဦးသက်ကြွင်း။ ။ ကြောက်သလားကွ၊ဟား – ဟား မကြောက်ပါနဲ့ ငါ့လူရာ ၊ ဘုရား အဆူဆူ ချွတ်လို့ – မကျွတ်ဘဲ ရှိရစေရဲ့၊ မင့်ကိုလေ.......

နေဝင်း။ ။ ထွီ ....... ကြောက်ဆိုတာ ဘာလဲ။

(ဦးသက်ကြွင်းဘက်သို့ လှည့်၍ ရွံရှာသော မျက်နှာထားနှင့် တံတွေး ထွေးစေ။)

ဦးသက်ကြွင်း။ ။ ဟေ့ ၊ ခေါင်းမာတဲ့ ခွေးမသား။

(ဗိုလ်ဖြင်းဘက်သို့ လှည့်၍)

ဒီအကောင်ကို အပြင်ထုတ်လိုက်စမ်းကွာ၊ ဒီနည်းနဲ့ မရ ဟိုနည်းပေါ့ အကြောင်းသိစေမယ်။

(ဦးသက်ကြွင်း ငေါက်ကနဲ မတ်တပ်ရပ်စေ၊ နေဝင်းကို မီးဖိုချောင် နောက်ဖေးပေါက်ကလှည့်၍ စပါးကျီ ဘက်သို့ ထုတ်သွားစေ။)

ဦးသက်ကြွင်း။ ။ (လူးလာလျှောက်ရင်း) မျိုးချစ်ပုဂ္ဂိုလ်ဆိုတဲ့ စောက်အ, တွေကတော့ ဒါမျိုးကို တိုင်းပြည်သစ္စာ စောင့်သိရိုသေတယ်လို့ ခေါ်မှာပေါ့။ လူအကြောင်းလောက်တော့ကွာ ဖိုးသက်ကြွင်းတို့က အံခွနေပြီဟေ့။ခေါင်းမာတဲ့လူတွေ အင်း.......ခေါင်းမာတဲ့လူတွေ။တိုင်းပြည်ကို အမြတ်မ်း သတိရပါတယ်ဆိုတဲ့ အကောင်မျိုးတွေကို မော်တော်ဘုတ် ပွဲဖျားမှာ ကြိုးချည်ပြီး တစ်ချက် နှစ်ချက် ခုတ်လိုက်ရင် ကိုယ့်မယားတောင် ကိုယ်သတိမရတော့ဘူး။ ခ်ာတ်သိပါကွာ ခ်ာတ်သိပါ။ တိုင်းပြည်အကျိုးကို အစဉ်သတိထားပါတယ်ဆိုတဲ့ ခွေးသားတွေဟာ စောက်ရူး သက်သက်ချည်းပဲ။ သစ္စာမဖောက်ဘူးဆိုတာ သက်သက် မိုက်မိုက်မဲမဲ ခေါင်းမာခြင်း တစ်မျိုးပဲ။ ဟေ့ ဖော်မပြောချင်ဘူးဆိုတဲ့ စကားဟာ သက်သက် ကိုယ် လွတ်ရုန်းချင်လို့ တစ်ကိုယ်ကောင်းကြံ ပြောတာပဲ။ ဒီလို အကောင်မျိုးရဲ့ ဉာဏ်ဆိုတာ အကြောင်းတစ်ကြောင်းဆိုရင် တစ်ကြောင်းလောက်ကိုပဲ မှတ်သားထားနိုင်တာပဲ။ ဒီအကြောင်းက ဆက်လို့ဖြင့် သူတို့မှာ ဘယ်လို အကျိုးများလာမယ်ဆိုတာ မတွေးတတ်တော့ဘူး။

(ကုလားထိုင်ပေါ်မှာ ထိုင်ချရင်း)

ဟေ့ ဟေ့ ဟို အမေအိုကြီးကို သွင်းလိုက်စမ်း။

(ခွေးတုတ်ကို သူ့သားရပ်သွားသော နေရာသို့ ခေါ်သွင်းကြစေ)

ဦးသက်ကြွင်း။ ။ (ကျေးဇူးတင်မှ တင်ပါစေတော့ ဟူသော လေသံဖြင့်)

ကဲ – အမေကြီး။ ခင်ဗျားတော့ အတော် အကျပ်ရိုက်နေပြီပေါ့နော်။ ဟုတ်စ။ ဒါပေမဲ့လေ၊ ကိစ္စမရှိပါဘူး။ ဖွင့်သာချလိုက်ပါတော့။ အင်း.... သားရေး သမီးရေးဆိုတော့ နားပူနားထူဖြစ်မှာပေါ့။ဘာလုပ်လို့ဘာကိုင်ရမှန်းဘယ်သိတော့မလဲ။ဟိုဘက်ကြည့်ကြည့် ဒီဘက် ကြည့်ကြည့် မျှော်ကိုးစရာ တစ်ကွက်ကမှ မရှိတော့ပါကလားလို့။ အဖေမဲ့ သားကလေးမို့ သနားမဲ့လူ တစ်ယောက်မှမရှိတော့ပါကလားလို့၊ ဘယ်သူမှ ငါ့ကိုမသနားကြတော့ဘူးလား အရပ်ကတို့ ဆိုပြီး ဝမ်းနည်းနေမှာပဲနော် ။ နို့ပေမဲ့ အမေကြီးရယ် ကျွန်တော့်ကို အထင်မလွဲလိုက်ပါနဲ့နော်။ ကျွန်တော်ဟာ မိတ်ဆွေကောင်းပီပီ အမေကြီးကိုကယ်မဲ့လူပါနော်။သက်ကြွင်း ကယ်တော့မဟေ့ဆိုရင် စိတ်ချ ယုံကြည်ပြီးသာ.......

ခွေးတုတ်။ ။ ပုလိပ်ဆိုရင် သက်ကြွင်းသော သက်ကြွင်းဘိုးအေသော ဘယ်တော့မှ မယုံနိုင်ဘူး တော်ရေ့။

ဦးသက်ကြွင်း။ ။ ပုလိပ်ဆိုပေမဲ့ဗျာ ကျုပ်က ဒိပြင် ပုလိပ်လို မဟုတ်ပါဘူးဗျာ့။ လူချင်း တူပေမဲ့ အသက်ရှူချင်း ကွဲပါသေးတယ်။ ကျုပ်လို သက်ကြွင်းမျိုးက တစ်ကြွင်းထဲ ရှိတယ် မှတ်လိုက်။ နို့ပေမဲ့ သက်ကြွင်း ဘယ်လို အကောင်စားမျိုးလဲ ဆိုတာ စိစစ်ဖို့ ဘာမှမလိုပါဘူး။ အရေးကြီးတော့လဲ ကြီးတဲ့အလျောက် ဖြောင့်ချက်ကို ညှစ်ယူရမှာပါပဲ။ ကဲ ကဲ ဖွင့်သာ ချလိုက်တော့၊ ဖွင့်သာချလိုက်တော့ ။

(ဒွေးတုတ်သည် မလှုပ်မယှက် နေစေ။)

ဦးသက်ကြွင်း ။ ။ (ပထမ ရှုတည်တည်ထား၍ အမေကြီးကို အံ့သြသည့် အမူအရာမှ သနားကရုဏာသက်လေဟန်၊ ကရုဏာသက်ရာမှ မြင်ပြင်းကပ်လေဟန် အမေကြီး၏ သားအတွက်မှာမှု အကယ် ကြင်နာသည့် လက္ခဏာ ယူကျုံးမရ ဝမ်းနည်းသည့်အယောင်၊ နောက်ဆုံး၌ ဝမ်းနည်း ပက်လက်ဖြစ်သကဲ့သို့ စကား ကို တစ်လုံးချင်း တစ်လုံးချင်း ဆွဲ၍ ပြော) အင်း....... ခင်ဗျားကလဲ လာ လာချည်သေး၊ နို့ပေမဲ့ ခင်ဗျား သားတော်မောင်ရဲ့ ဒုက္ခကို ခင်ဗျား နားလည်လောက်ပါပြီဗျာ။

(သူ့ရှေ့ဘက်သို့ လှည့်၍)

ဟော့၊ မောင်ပြန့်။ ဟောဒီ အမယ်ကြီးဟာ မင်းအမေလို့ဆိုရင် မင်းယုံနိုင်ပ့ါမလား။ မိခင် ကရုဏာဆိုတာ အင်မတန်ကြီးတယ်ကွဲ့။ သားကလေးတစ်ယောက်ရဲ့ အသက်များ ကယ်ရဖို့ဆိုရင် သြော် ....... ဖဝါးလက်နှလုံး ပခုံးလက်နှသစ်ကထဲက ကျွေးမွေးလာတဲ့ ငါ့သားကို ဘယ်နည်းနဲ့ ကယ်ရ ကယ်ရ ကယ်မှာပဲလို့ အောက်မေ့လိုက်တာပဲ။ ဒီအမယ်ကြီး ကျတော့ ကြည့်စမ်းကွာ၊ သားသမီး မဟုတ်သလိုဘဲ။ သူ့ထိုက်နဲ့ သူ့ကံ ပစ်ထား ရက်သကွာ မောင်ပြန့်ရာ မိခင်မေတ္တာတဲ့ကွာ။ ဟင်၊ ဟား ဟား.......

(ဦးသက်ကြွင်း ရယ်လိုက်စေ။ မောင်ပြန့်က သံယောင်လိုက်၍ ခစ်ခစ် မြည်စေ။ ဦးသက်ကြွင်းက သူ့အမူအရာများ ချက်ကောင်းထိမထိ အကဲခတ်ကြည့်စေ။)

မောင်ပြန့်ရယ်။ သူလိုငါလိုမိခင်သာဖြစ်ရင် ခုနေအခါ ဘယ်လိုတွေးနေမလဲ၊ သိလား။ သားကလေး ငယ်ငယ်ရွယ်ရွယ်မှာ မှောင်ထဲ မသွားဝံ့တာနဲ့ ကြောက်ဒူး တုန်နေတာကို ပြေးမြင်မိမှာပဲ။ ကြောက်တတ်လွန်းလို့ သူ့အမေအိုကို အားကိုးရာကြီးပဲ ဟဲ့လို့ ပြေးဖက်ပြီး သူ့အမေ ထဘီကြားမှာ ခေါင်းကလေးဝှက် မျက်နှာကလေး လက်ဝါးနဲ့ ပိတ်ပြီး နေပုံကလေးကို စဉ်းစားကြည့်မိမှာပဲ။ ဟော့ ကလေးဆိုတော့ မှောင်မှောင် မည်းမည်းကို တယ်ကြောက်တတ်တာကလား၊ မောင်ပြန့်ရဲ့။ သြော်....... ညကလဲ မှောင်လိုက်တာမည်းလို့၊ သူငယ်ကလေးကလဲ ဘယ်သောင် ဘယ်ကမ်း ဆိုက်ရဦးမယ် မသိဘူး။

(ဦးသက်ကြွင်းစကားပြော ခေတ္တနားစေ။)

မောင်ပြန့်ရေ။ အမယ်ကြီးတော့ သားကလေးကို မှက်၊ ခြင် မသန်းရအောင် ပြုစုခဲ့ရတာတွေ ချမ်းချမ်းစီးစီးထဲမှာနွေးအောင် ကိုယ်ငွေ့ပေးခဲ့ရတာတွေ တောက်တောက်နဲ့ ပြေးတတ်တဲ့ အရွယ်ရောက်ပြန်တော့လဲ သားရဲတိရစ္ဆာန်တွေရဲ့ ဘေးကို တွေးပြီး ပူရ၊ ရေထဲ လိမ့်ကျမှာစိုးရ၊ အဲဒါတွေ တွေးပြီး ကရုဏာ သက်နေရှာမှာပဲနော်။ အင်း.......ဒီကလောက် မိခင်မေတ္တာနဲ့ ကြီးပြင်းအောင် သုတ်သင် ကျွေးမွေးလာပြီးမှ လည်ပင်းကြိုးတပ်ခံရပြီး တွဲလောင်း တွဲလောင်း နဲ့ သေရမှာကို မြင်ရရင် ချစ်လှစွာသော သားကလေး လင်းတစာ ဖြစ်ဖို့လောက်သာမွေးထားရရင် ဗိုက်ကြောပြတ်ရတာ အလကား ပေါ့ကွယ်။ သြော်...... သားကလေး – သားကလေး။

ခွေးတုတ်။ ။ (ညင်သာစွာဖြင့်) သြော်....... ငါ့သားလေး၊ ဟဲ့၊ ငါ့ သားလေး။
အို ....... (ခပ်ကျယ်ကျယ်) ကျုပ်သားက ဘာအပြစ်များလွန်ကျူးခဲ့လို့လဲတော့။

ဦးသက်ကြွင်း။ ။ ဘာအပြစ်ကျူးလွန်ခဲ့သလဲဆိုတာ ၊ အမေကြီးက ကျုပ်ပြောရင် ယုံမှာမဟုတ်ဘူး။ ကဲ မောင်ပြန့်သာမေးကြည့်ပါဗျာ။ ဘာအပြစ်လဲလို့ ။
ဟေ့ မောင်ပြန့်၊ ပြောလိုက်စမ်းကွာ။

မောင်ပြန့်။ ။ သူပုန်တွေကို သူပုန်မှန်းသိလျက်နဲ့ကူညီအားပေးတဲ့အနေနဲ့ ကာကွယ်ထားတဲ့ အမှုက တစ်မှုပါ ကိုယ်တော်။ ပြီးတော့လဲ ဓားမြောင် ကိုင်ဆောင်မှုက တစ်မှု၊ နှစ်မှုစလုံး အင်မတန် ကြီးလေးတဲ့ အပြစ်တွေပါပဲ ကိုယ်တော်။

ဦးသက်ကြွင်း။ ။ မောင်ပြန့်ပြောတာ အချက်ကျလိုက်လေကွယ်။ ပြီးတော့ ကျုပ်ပြောလိုက်ဦးမယ် အမေကြီးရဲ့။ ဒီအကောင်ကလေးမှာ အင်မတန်ကြီးတဲ့ အပြစ်တစ်ခု ရှိသေးတယ်။ အဲဒါက အရိပ်သုံးပါး နားမလည်တဲ့ အပြစ်ပဲ။ အဲဒါကြောင့် ကျားစာ ဖြစ်ရတော့မယ်။ ကဲလေ.......ကဲ...ကဲ

ခွေးတုတ်။ ။ အို့ မင်းတို့ငါ့သားကို သတ်ဖို့မပြောနဲ့။ လက်ညှိုးနဲ့တောင် ထိုးထုံ့မဲ့ အကောင်တွေ မဟုတ်ဘူး။

မောင်ပြန့်။ ။ သခင်ကြီးတို့ သတ်ချင်လျှင် ခင်ဗျားသားလို အကောင်မျိုးကို ဘာလို့မသတ်ဘဲ နေရမှာလဲ။

(ဦးသက်ကြွင်း ကွမ်းတစ်ယာ ထပ်ယာစေ)

ခွေးတုတ်။ ။ (မာန်ပါပါနှင့်)
ဟေ့ – ရာဇဝတ် ဝန်ထောက်မင်းရဲ့ ငါ့သား သူတော်ကောင်းကလေးကိုများ လက်ညှိုးနဲ့ ထိုးကြည့်စမ်းဟေ့၊ ထိုးတဲ့ လက်ညှိုး ပုပ်ပါစေတော်။ ငါ့သားကိုများ ရန်ရှာရင်လေ ဘုရားအဆူဆူချွတ်လို့ မကျွတ်ပါစေနဲ့တော်။ သွေးစိမ်းရှင်ရှင် ပွက်ပါစေ။ ရေသွားရေဘေး ကုန်းသွား ကုန်းဘေး မြွေဆိုး မြွေဟောက်ပေါက်လို့ သေပါစေ။ အိမ်ရော ယာရော

တစ်မျိုးလုံး တစ်ဆွေလုံး မီးလောင်တိုက် အသွင်းခံရပါစေ။ အမျိုးပြုတ်ပါစေဟဲ့။ ငရဲသစ်ငုတ် ဖြစ်ပါစေဟဲ့။ ငါ့ကျိန်စာတော့ သင့်မှာပဲဟဲ့။

ဦးသက်ကြွင်း။ ။ (လန့်ပြီး၊ ကွမ်းယာ လက်မှလွတ်ကျစေ။)

အဟွတ်....... အဟွတ်....... ခင်ဗျားကြီး၊ ခင်ဗျားကြီး၊

ဟယ် ဒီသေချင်းဆိုးမကြီးဟာ စုန်းမကြီးဆိုပြီး ပယောဂဆရာ ရိုက်သလိုသာ ရိုက်လိုက်ချင်တော့တာပဲ။ ဒီလောက်တောင် ခေါင်းမာလှတဲ့ နွားမကြီး ။

(ဗိုလ်ဖြင်းဘက်သို့)

ဟေ့ ဗိုလ်ဖြင်း မင်းစောစောကတည်းက ဟောဒီ သေနာကောင်မကြီးရဲ့ အိမ်နားက ကပ်ပြီး ချောင်းနားထောင်ဖို့ ကောင်းတယ်။

ဗိုလ်ဖြင်း။ ။ (အေးအေးဆေးဆေး သံပြတ်ဖြင့် ခပ်သွက်သွက်ပြော)

ချောင်းနားထောင်ဖို့ကောင်းတယ်။ ဟင်၊ ဒါမျိုးတော့ ဘယ်တော့မှ ဝါသနာမပါဘူး။ တွေးလည်း မတွေးမိဘူး။

ဦးသက်ကြွင်း။ ။ မတွေးမိဘူး ဟုတ်စ။ ဟေ့ လောကကြီးမှာ မင်းတွေးမိတာ မတွေးမိတာကိုသာ စောင့်ပြီး လက်ခံနေဖို့ ဘာမှ မလိုပါဘူးကွ။ မင်းမကြိုက်တာလဲ ရှိမပေါ့လေ။ ကဲ ဆိုစမ်းလကွာ၊ မင်းကဘာကြောင့် ဝါသနာမပါသလဲ ဆိုတာ။

ဗိုလ်ဖြင်း။ ။ ခင်ဗျားသိလိုရင်တော့ အကြောင်းက နှကြောင်းရှိသဗျာ့။

ဦးသက်ကြွင်း။ ။ အေး ဆိုလကွာ။

ဗိုလ်ဖြင်း။ ။ ပထမအချက်ကတော့ ကျွန်တော်တို့ ဒီအိမ်ကို စောစောရောက်နိုင်ဖို့က မြေလျှိုးမိုးပျံပြီး လာနိုင်တာ မဟုတ်ဘူး။ ပြီးတော့လဲ ရွှံ့ပျော့ပျော့ပေါ်တင်နေတဲ့ ခြေရာလဲ ကောက်လိုက်ရဦးမယ်။ ဒုတိယအချက်က ချောင်းနားထောင်တာ အမယ်ကြီး မိသွားရင် သူ့သားကို အပြေးခိုင်းမှာပေါ့ဗျ။

ဦးသက်ကြွင်း။ ။ အို ငါ့ကို ဒီလိုလုပ်လို့ ဘာရမလဲကွ။

ဒွေးတုတ်။ ။ (အမြင်ကတ်သော မျက်နှာထားနှင့်)

အို ထောင်မကလို့ တန်းချနိုင်တဲ့ အာဏာပဲရှိရှိ ငါကတော့နေမှာ မဟုတ်ဘူးဟေ့။ ပြေးခိုင်းမှာပဲ။

ဦးသက်ကြွင်း။ ။ ဟေ့ ဟေ့ ၊ဒီလောက်တောင် မြင်ပြင်းကတ်အောင် အူနေတဲ့ ခွေးမကြီးကို ဆွဲထုတ်ကြစမ်းကွာ။ ကဲ ဗိုလ်ဖြင်း။ ဒီလောက်တောင် ဖြစ်လှတယ်။ ခပ်သုတ်သုတ် စီရင်မှ တော်မယ်။

(စစ်သားများလည်း ဒွေးတုတ်ကို စပါးကျီနောက်သို့ ခပ်သုတ်သုတ် ခေါ်ဆောင်သွားစေ။)

ဟေ့ – ဟေ့၊ ဒီနေရာကို မဟုတ်သေးဘူး။ ဟေ့၊အပြင်ထွက်ပြီး မိုးရေထဲ ပစ်ထားလိုက်စမ်း။

ဒွေးတုတ်။ ။ (အပြင် တရွတ်တရွတ်နှင့် ပါသွားရင်း)

ဟော့ – ရာဇဝတ်ဝန်ကြီးရေ၊ ဆရာစံကိုတော့ မင်းဘယ်တော့မှမိမှာ မဟုတ်ဘူး။

ဦးသက်ကြွင်း။ ။ အံမာ၊ သေရွာရောက်နေပေ့စေ၊ တွေ့အောင်ရှာမပေ့။ စကြာဝဠာတံတိုင်း ရောက်တောင် မလွတ်ဘူးမှတ်။

(ဒွေးတုတ်နှင့် စစ်သားတို့သည် ဦးသက်ကြွင်း၊ မောင်ပြန့်၊ ဗိုလ်ဖြင်းနှင့် ညိုညိုတို့ကို ထားခဲ့၍ အပြင်ထွက်သွားစေ၊ ညိုညိုမှာ ခုံကလေး တစ်ခုပေါ်တွင် ပုံ၍ နေစေ။)

ကဲ – ကဲ ၊ ဗိုလ်ဖြင်း၊ မင်းနဲ့ ငါ စကားလေးတစ်ခွန်း နှစ်ခွန်းလောက်တော့ ပြောရ ဦးမယ်။ မင်းလို လူမျိုးကပေမဲ့ ချောင်းနားထောင်ရတဲ့ အလုပ်မျိုးကို ညစ်ပတ်ယုတ်မာတယ် ထင်တာပေ့ါလေ။ မင်းက ငယ်သေးသကိုးကွဲ့။ လူငယ်အတွေးနဲ့ ဆိုတော့လဲ ဘဝင်ကိုမြှင့်ပြီး ထားလေတော့ စက်ဆုပ်စရာလို့ ထင်ရတာပေ့ါ။ တို့ ငယ်ငယ်ကလဲ ဒီလိုပေ့ါကွယ်။ နို့ပေမဲ့၊ မင်းတို့ကရုံးကြီးတွေမှာ ငါ့လို ကျကျနနထိုင်ပြီး လူကြီးလုပ်ဖူးတဲ့ အခါ ကျရင်တော့ လောကအကြောင်း ကောင်းကောင်း သိမှာပေ့ါ။ အဲဒီ အခါမျိုးကျရင် အသုံးမကျတဲ့ အယူအဆတွေကို မင်းလဲ ငါ့လိုပဲ စွန့်ပစ်နိုင်မှာပဲ။ အလုပ်လုပ်တဲ့ နေရာမှာ အူကြောင်ကြောင် တွေးလို့ မဖြစ်ဘူးကွဲ့။

ဗိုလ်ဖြင်း။ ။ ကျွန်တော် တစ်ခု အစီရင်ခံပါရစေ။

ဦးသက်ကြွင်း။ ။ နေစမ်းပါဦး၊ပြောတာကို ဆုံးအောင် နားထောင်စမ်းပါ။မင်းကို ငါတွေ့ရသလောက်က မင်းပြောပုံ နေပုံထိုင်ပုံ တစ်ချက်မှ အချိုးမကျသေးဘူး။ ဝမ်းနည်းသကွာ။မောင့်ကို သတိပေးချင်တာကတော့ မောင့်လို ဆောင့်ကြွား ကြွားကလေးတွေဟာ အစိုးရ အလုပ်မှာ ကြီးပွားဖို့ ခဲယဉ်းပါသေးသကွာ။

ဗိုလ်ဖြင်း။ ။ (အတန်ကြာမှ တစ်ဦးကို တစ်ဦး စောင်နေကြရင်း) ဝန်မင်းရဲ့ ကျွန်တော် ပြောပါဦးမယ်။ ကျွန်တော်ကစစ်သားဆိုတော့ တုံးတိတိပဲ ပြောတတ်တယ်ဗျ။ စိတ်လည်းမရှိပါနဲ့ ခင်ဗျာ။ ကျွန်တော် လုပ်နေရတဲ့ အလုပ်ကို တယ်ကြီး နှစ်သက်တာတော့ မဟုတ်ဘူး။ နို့ပေမဲ့ ခင်ဗျားရဲ့ လုပ်ပုံ လုပ်နည်းတွေတော့ ရွံသဗျာ။

ဦးသက်ကြွင်း။ ။ ငါ့ လုပ်နည်းကိုင်နည်းတွေကို မင်းကြိုက် မကြိုက်ဆိုတာ ဘာမှပြောဖို့ မရှိဘူး။ မင်းအလုပ်က ခိုင်းတာလုပ်ဖို့ပဲ ရှိတယ်။ လုပ်နည်းအတွက်က ငါ တာဝန်ခံကွ။ အမှန်အတိုင်း အပိုအလိုမရှိအတိအကျ ပြောရရင် မင်းနဲ့ ငါနဲ့ ဒီ ရောက်လာတဲ့အကြောင်းက အရှင် အစိုးရမင်းတို့ရဲ့ ဥပဒေအတိုင်း သူပုန်ရန်ကို နှိမ်နင်းရဖို့ လာရင်းဖြစ်တယ်။ ဒါဘယ်ကလောက် အရေးပါ အရာရောက်သလဲဆိုတာ ဗိုလ်ဖြင်းစဉ်းစား ကြည့်စမ်းဟေ့။ အင်မတန့်

အင်မတန် အဆောက်အအုံ ကြီးမားတဲ့ ဘေးရန်ကြီးကို သုတ်သင်ဖို့ပဲ။ ကဲ – အဲဒီလို အလုပ်မှာ မင်းတာဝန်က ဘာတဲ့လဲ။ မင်းနဲ့ မင်းလူတွေဟာ ငါတို့ ရာဇဝတ်ဘက်က အမှုထမ်း အရာထမ်းတွေကို အကူအညီပေးဖို့ အတွက် လုံးဝထားရာမှာ နေရမှာပဲ။ ဟေ့ ဒီနေရာမျိုးမှာ ရှင်းရှင်း ပြောရရင် ငါက အမိန့်ပေးတာ၊ မင်းကလိုက်နာရမယ်။

(စပါးကျီဘက် လက်ညှိုးထိုးပြရင်း)

ကဲ ပြောနေကြာရောလကွာ။ ငါ အခု အမိန့်ပေးပြီ၊ မင်းကနာခံ။

ဗိုလ်ဖြင်း။ ။ ဝန်ထောက်မင်း၊ ဘာစိတ်ကူးရလာပြန်တာလဲ။ ကိုယ့်ဟာကိုယ်လဲ ပြန်စဉ်းစားမှ ကောင်းမယ်နော်။

ဦးသက်ကြွင်း။ ။ ဟေ့ ဟေ့ ၊ စိတ်ကူးတာတို့ စဉ်းစားတာတို့ဆိုတာ မင်းတို့စစ်သားတွေနဲ့ ဘာမှ ဆိုင်တာ မဟုတ်ဘူးကွ။ဟေ့ ၊ အစိုးရ အမိန့်ဆိုတာ နာခံရဖို့ပဲကွ။ မင်းလူတွေနဲ့ ထွက်ပြီး ကောင်ကလေးကို လက်ပြန်ကြိုးတုပ်ပြီး စပါးကျီဘေးမှာ ကပ်ထား လိုက်စမ်း။

ဗိုလ်ဖြင်း။ ။ စဉ်းစဉ်းစားစား လုပ်ပါခင်ဗျာ။ ဒါဟာ သက်သက် လူသတ်တာ။

ဦးသက်ကြွင်း။ ။ ဟေ့ ဒါဟာမင်းအရေးမဟုတ်ဘူး။ လူသတ်တဲ့ ကိစ္စဟာ ဘာမျှ ထူးခြားတာ မဟုတ်ပါဘူးကွ။

ဗိုလ်ဖြင်း။ ။ အို ဘယ့်နှယ် မထူးခြားရမှာလဲဗျာ့၊ခင်ဗျားသူ့ကို သတ်ချင်တိုင်း သတ်နိုင်တာ လိုက်လို့။

ဦးသက်ကြွင်း။ ။ ဟေ့ ဒီအဖွဲ့မှာ ငါကလူကြီး။ ငါ အမိန့်ပေးရင် မင်းနဲ့ အလွတ်ကြီးပဲ။ လူသတ်တာ ခက်တာလိုက်လို့ကွာ။ သူပုန်နေဝင်းခုခံလို့ စစ်သားတွေကို ရာဇဝတ်ဝန်ထောက်က မတတ်သာလို့ ပစ်ဖို့ အမိန့်ပေးရတယ်ဆိုပြီး နောက်ဆုံး အစီရင်ခံစာ ရေးလိုက်ရင် ပြီးတာပဲ။ မင်းတာဝန် ဘာမျှမရှိဘူး။

ဗိုလ်ဖြင်း။ ။ ဒါပေမဲ့ မရဘူးဗျ၊ ကျွန်တော် တာဝန်ကင်းအောင် စာနဲ့ အမိန့်ပေးမှ။

ဦးသက်ကြွင်း။ ။ အမလေးကွာ၊ မောင်ပြန့်ရာ၊ ရေးပေးစမ်း ခပ်မြန်မြန်။

(ဗိုလ်ဖြင်းက သူ့စစ်သားများကို နေဝင်းအား အပြင်ထုတ်ရန် အမိန့်ပေးဆဲ၊ ရှေ့ဖတ် မောင်ပြန့်က အမိန့်စာရေး ပေးစေ။ ဦးသက်ကြွင်းမှာ နက်နဲစွာ စဉ်းစားရင်း။ ငြိမ်သက်နေစေ။ ရှေ့ဖတ်စာရေးက စာရေးပြီး ဦးသက်ကြွင်း လက်မှတ်ထိုးရန် ချထားစေ။)

မောင်ပြန့်။ ။ ဒီနေရာမှာ လက်မှတ်ထိုးဖို့ ကိုယ်တော်။

ဦးသက်ကြွင်း။ ။ (သတိရဟန် ဆတ်ကနဲ မော့၍) အေးဟေ့၊ ငါကမေ့သွားတယ်။

မောင်ပြန့်။ ။ ကိုယ်တော်တို့များ တယ်တန်ခိုးကြီးသနော်။ မျက်စတစ်ချက် ပစ်လိုက်ရင် လူ့အသက် တစ်ချောင်း ထွက်သွားတာပဲနော်။

ဦးသက်ကြွင်း။ ။ (ကလောင်တံကို ကိုင်၍ ကုလားထိုင်နောက်ပစ်၍ ထိုင်ရင်း)
တယ်တန်ခိုးကြီးပါလိမ့်မဗျာ။ ငါအခု အရှုံးပေးနေရတာ မင်းမမြင်ဘူးလား။ ဦးသက်ကြွင်းနဲ့တကွ သူ့နောက်လိုက် နောက်ပါ ခွေရုံသင်းပင်း ပစ္စည်းပစ္စယ ငွေစတွေဟာ သူပုန်တွေအဖို့ တံတွေးတစ်စက်လောက်မှ အကဲမရောက်ဘူး ဆိုတာ မင်းမရိပ်မိဘူးလားကွ။

မောင်ပြန့်။ ။ အင်း၊ ဒါဖြင့် တော်တော့ကို ထူးဆန်းတဲ့အဖြစ် ရောက်နေကြရပြီပေါ့ ကိုယ်တော်။

ဦးသက်ကြွင်း။ ။ (ကလောင်တံကို စားပွဲပေါ် ပစ်ချရင်း မတ်တတ်ရပ်ကာ)
ထူးဆန်းရုံတွင် ဘယ်ကမလဲ တပည့်ရယ်။ လောကကြီးမှာ မဖြစ်နိုင်တာမရှိဘူးလို့ ယူဆလာတဲ့ ငါ့အတွက် အခက်ကြီးကျ နေပါပကောကွဲ့။ စောစောက ငါပြောနေတယ် မဟုတ်လား။ ဒီအလုပ်မျိုးလောက် လွယ်တာမရှိဘူးလို့။

မောင်ပြန့်။ ။ ဖြောင့်ချက်ရဖို့ ကိစ္စလား ကိုယ်တော်။

ဦးသက်ကြွင်း။ ။ ဒါပေါ့ကွဲ့၊ သူတို့ဆီက ဖြောင့်ချက်ရဖို့လောက် လွယ်တာဘာရှိဦးမှာလဲလို့၊ နို့ပေမဲ့ ဟိုကောင်ကလေးပြောတာ မင်းကြားရဲ့ မဟုတ်လား။ "ဝန်မင်းတို့ ဒီည အဖို့တော့ အတွေ့အမြင် ဗဟုသုတတစ်မျိုးထူးရဦးမှာပေါ့တဲ့" " လောကကြီး မှာ ဒီလိုချည်းလဲ မဟုတ်သေးဘူး။ ဟိုလိုလဲ ရှိသေးတယ်ဆိုတာ" ဟာလေ။

(လက်နောက်ပစ်၍ ထိုမှ ဤမှလျှောက်ရင်း)
အင်း၊ ငါတော့ မကြိုက်ပေမဲ့ အတွေ့တော့ဖြင့် ထူးပြီ။

(လက်နှစ်ဖက်မြှောက်၍ မောင်ပြန့်ဘက်သို့လှည့်ပြီး)
အဲဒါ ဘာလဲသိရဲ့လား၊ မောင်ပြန့်။ စိတ်ဓာတ်ခိုင်မာတဲ့လူဟာ လက်နက်ကိုင် စစ်သားထက်တောင် အင်အားရှိတယ် ဆိုတာပေါ့လကွဲ့။ အစအနလေးနဲနဲ ကျန်ရစ်ပေ့စေ။ မသင်္ကာစရာ အရိပ်အငွေ့ကလေးပဲ မြင်ရပေ့စေ။ တို့လို မျက်စိနဲ့ဆိုရင် ချက်ချင်း မြင်နိုင်မပေါ့။ နို့ပေမဲ့ ဟေ့-ဟောဒီ အမယ်ကြီးနဲ့ လူမမယ် ကောင်ကလေးရဲ့ဘူးဆိုရင် ဖရုံမသီးတဲ့ တစ်ဖက်သတ် သတ္တိကြောင့် ငါ့မှာဖြင့် တန်ခိုးတို့ အာဏာတို့ အစွမ်းတို့ မရှိတော့ပါဘူးကွယ်။

မောင်ပြန့်။ ။ (လက်မှတ်ထိုးပြီး စာရွက်ကို လှမ်းယူရန် စောင့်ရင်း)
အစွမ်းတော့ မကုန်သေးပါဘူး ကိုယ်တော်။ သူ့ပါးစပ်ကို ဖွင့်ပြောအောင် မလုပ်နိုင်တောင်မှ တစ်ခါတည်း ပိတ်သွားအောင်တော့ လုပ်နိုင်သေးတာပဲ။ ဒီလောက်နဲ့ပဲ တော်တော် ကျေနပ်စရာကြီးပေါ့။

ဦးသက်ကြွင်း။ ။ (လက်မှတ်ထိုးရန် ပြန်ထိုင်ရင်း) ဘာကျေနပ်စရာလဲ တပည့်ရာ။
ဟင့်အင် - ဟင့်အင်

(လက်မှတ်ထိုးပြီးစာရွက်ကို ထွက်သွားရန်ဟန်ပြင်နေသော မောင်ပြန့်အား လှမ်းပေးရင်း)

ငါတော့ အတော်ကို အရှုံးပေးရပြီဟော့။ ဒင်းတို့ နှစ်ယောက် ငါ့ကို အနိုင်ယူလိုက် ကြပါပကော။ ဒါပေမဲ့ ကွမ်းတစ်ယာညက် မကြာပါဘူး။ ဒင်းတို့ နှစ်ယောက် တစ်ယောက်ယောက်တော့ သေရပြီးသားပေါ့လကွာ။

ညို ညို။ ။ (အသံတဖြည်းဖြည်းရလာပြီး ဦးသက်ကြွင်းကို စေ့စေ့ကြည့်နိုင်ရန် ကုလားထိုင်ပေါ် တည့်မတ်စွာထိုင်၍ ဦးသက်ကြွင်း နောက်ဆုံးပြောသော စကားသံကို အမီလိုက်ကာ အသံခပ်စူးစူးဖြင့်)

အမယ်လေး သေကုန်ပါပြီ ။

ဦးသက်ကြွင်း။ ။ (လန့်ပြီး) ဟဲ့ ၊ ဒါက ဘယ်သူလဲ။

ညိုညို ။ ။ (ခပ်တိုးတိုး) မောင်ကြီး သေပြီလား။

ဦးသက်ကြွင်း။ ။ (ခပ်ကျယ်ကျယ်)အော် – လက်စသတ်တော့ မင်းပါကလား။ ငါ မင်းရှိနေတာတောင် မေ့သွားသကွယ်။

ညိုညို ။ ။ (ရှေးက လေသံကဲ့သို့ ခပ်ပျော့ပျော့နှင့်) မောင်ကြီးကို သတ်ပြီးကြပြီလား။

ဦးသက်ကြွင်း။ ။ (မျက်နှာထားခပ်တင်းတင်းနှင့်) သူငယ်မရယ်၊ မသတ်ရသေးပါဘူးကွယ်။ နို့ပေမဲ့ ဟော တော်ကြာ မင်းဒီတံခါးပေါက်က ချောင်းကြည့်ရင် သူ အသက်ငင်နေတာ မြင်ချင်မြင်ရဦးမှာပေါ့။

(ဦးသက်ကြွင်းလည်း စားပွဲပေါ်ရှိ သူ့အင်္ကျီ တုတ်ကောက် ဦးထုပ် အစရှိသည်တို့ကို ကောက်ယူရင်း ထွက်သွားရန် ဟန်ပြင်စေ)

ညိုညို ။ ။ (ခပ်ဆိုင်းဆိုင်း – ပြတ်တောင်း ပြတ်တောင်းနှင့်) ဒါဖြင့် ကျွန်မ ဖော် ဖော်ပါ့မယ်။

ဦးသက်ကြွင်း။ ။ (အံ့အားသင့်စွာနှင့်) ဟေ.......

ညိုညို။ ။ ရှင်တို့ သိချင်တာတွေ အကုန် ပြောမယ်လေ ........

ဦးသက်ကြွင်း။ ။ (မျက်လုံးပြူး မျက်ဆံပြူး၍ အသံတိုးတိုးဖြင့်)

ဘုရား သိကြားမလို့ဟော့။ ဒါနဲ့တောင် စောစော ငါတော့အရှုံး ....... ဒီတစ်ခါ တော့ လုံးလုံးကြီး အရှုံး....... ( သတိရပြီး) ကဲ၊ ကဲ ၊ ပြောပြစမ်းဟာ။

ညိုညို ။ ။ ကျွန်မ ဖော်ရင် ရှင်တို့ မောင့်ကို လွှတ်မယ်လား။

ဦးသက်ကြွင်း။ ။ မိုးကြိုးပစ်ရစေရဲ့ ဒီလိုဆို မသတ်ဘူး။

ညိုညို ။ ။ မောင့်ကို ကျွန်မဆီ ပြန်အပ်ရမယ်နော်။

ဦးသက်ကြွင်း။ ။ အို – လုံမလေး စိတ်ချ စိတ်ချ။ မသတ်ဘဲ မင်းဆီ ပြန်ပို့မယ်။

ညိုညို။ ။ ဒါဖြင့်.......

(ဦးသက်ကြွင်း အနီးသို့တိုး၍)

ဟို......ငှက်ကြီးကွင်းတစ်ဖက်က.......အင်တောထဲမှာ.......ဘုရား.......ဘုရား.......။

ဦးသက်ကြွင်း။ ။ (အားရဝမ်းသာစွာနှင့်) ပေါ်ပဟ၊ ပေါ် ပြီ၊ ပေါ် ပြီ။ ဘုရားရေ
(ငယ်ထိပ်ပေါ် လက်ယှက်တင်၍ ဘုရားကို အာရုံပြုဟန်နှင့်)
ဘုရားတပည့်တော်ကိုနတ်ကောင်းနတ်မြတ်များစောင့်ရှောက်တယ်ဆိုတာယုံကြည်ပါတယ်ဘုရား။

(သူ့အင်္ကျီ၊ တုတ်ကောက်၊ ဦးထုပ်တို့ကို စားပွဲပေါ်မှ ပြန်ကောက်ရင်း)

အမယ် ဒါနဲ့တောင်မှအရှုံးပေးရတဲ့ ခွေးကြီးလို။ လင်းတမှိုင်မှိုင်ပြီးပြန်သွားတော့မလို့။

ညိုညို။ ။ သူ့ကို မသတ်တော့ဘူးပေါ့နော်။

ဦးသက်ကြွင်း။ ။ (ပါးစပ်မှ ဗလုံးဗထွေးနှင့် ရေရွတ်ရင်း ညိုညိုကို အဖြေမပေးမီ တံခါးဘက်သို့ ကြည့်၍ ညိုညိုနှင့် စကားစပြောသောအခါမှ တံခါးဝသို့ ရောက်လျက်ရှိစေ။)
သတ်ကြတော့မလို့ပဲ။ ဟဲ့ – နားထောင်စမ်း။

(ဦးသက်ကြွင်းက သတ်ရန် အချက်ပေးစေ။ သေနတ်သံများ ကြားရစေ။ ဦးသက်ကြွင်းလည်း တံခါး ဟင်းလင်းဖွင့်၍ထွက်သွားစေ။ အသံစဲ၍ တအောင့်လောက်ကြာလျှင် ဒွေးတုတ် ဝင်လာပြီး သေနတ်သံကြား၍ ပုံလျက်လဲသွားသော ညိုညို အနီးသို့ ကပ်လာစေ။)

ဒွေးတုတ်။ ။ ညည်း ကြားလိုက်သလား။ လုံမလေးရေ၊ ကြားလိုက်သလား။
(ညိုညို မှာမျက်နှာကို လက်ဝါးနှင့် အုပ်ရင်း တရှုပ်ရှုပ် ငိုစေ)

ဒွေးတုတ်။ ။ အို၊ တိတ်၊ တိတ်၊ သမီး – လုံမလေး။ အမယ်လေးဒီမှာ ကြည့်စမ်း။သမီးရယ်။ ဒီလို သေနတ်သံ မပြောနဲ့၊ အမြောက်ခုနစ်လက်နဲ့ ငါ့သား အသက်ခွင်းတဲ့ အသံမျိုး ဖြစ်ပေစေ။ တကတဲ ရေနံတောင်ကျော်ပြီး စကြဝဠာတစ်တိုင်းလုံးပဲ ပဲ့တင်ထပ်သွား ထပ်သွား၊ ကျုပ်တော့ နားဝင်ချို နေဦးမှာပဲ သမီးရေ့။ ဘာလို့ ငိုရဦးမှာလဲ လုံမလေးရယ်။ ညည်းကတော့ ကလေးအရွယ်မို့ မျက်ရည်လွယ် ပေမဲ့ ကြည့်ကောင်းတာပေါ့။ ဒီမှာ ကြည့်စမ်း။ ညို လုံမလေး၊ နေဝင်း သေလို့ ဟောဒီ အမယ်အို ကြီးက မျက်ရည်တောင် မစို့ဘူးကွဲ့။ မနေ့ကတော့ ငါဟာ နွားကျောင်းသား နေဝင်းရဲ့အမေပဲ၊ ဒီနေ့တော့ တိုင်းပြည်အတွက်အသက်စွန့်ခဲ့တဲ့ပုဂ္ဂိုလ်တွေ စာရင်းထဲ အဝင်အပါဖြစ်တဲ့ အာဇာနည် ယောကျ်ားမြတ်ရဲ့ မိခင်ဖြစ်ပဟေ့။ ဟော နေဝင်းရဲ့ နာမည်ဟာ ကမ္ဘာသူ ကမ္ဘာသား တို့ရဲ့ နှုတ်ဖျားမှာ ကျက်စားပြီး ကျန်ရစ်တော့မယ်။ အာဇာနည် မိခင်လောင်းတွေက သူတို့ သားသမီးတွေကို "ဟော့ နေဝင်းရဲ့ နမူနာကို ကြည့်ဟဲ့။ ယူဟဲ့" လို့ ဆုံးမကြ ရတော့မယ်။ နေဝင်း နာမည်ဟာ ကမ္ဘာမှာ မော်ကွန်း တင်ရစ်ကရောပေါ့ ကွယ်။ အာဇာနည်တွေဆိုတာ သူ့ခေတ်နဲ့သူတော့ မှိုလိုပေါက်လို့ပေါ့ သမီးရယ်။ တစ်ခေတ် တစ်ခေတ်မှာ မုန်တိုင်းဆင်သလို ဖြုန်းခနဲ ဒိုင်းခနဲ ပေါ်ပေါက်လာတတ်ပါရဲ့။ နို့ပေမဲ့

သူတို့က အထက်တန်းစားထဲကမို့လို့ ဂုဏ်တွေ ပကာသနတွေ လိမ္မာပါးနပ်တာတွေနဲ့ မို့လို့ မိုးမမြင်လေမမြင် ဖြစ်တတ်သကွဲ့။ ဒါပေမဲ့ ဒီမှာလေ သမီး လုံမလေး တစ်နေ့ကျတော့ ဒင်းတို့လဲ မြေကြီးသြဇာ ဖြစ်ရမှာပါပဲကွယ်။ ဟော ငါ့သား လူကလေး နေဝင်းကတော့ ငယ်ငယ်ရွယ်ရွယ်မို့ ရှေ့ကို လူလုပ်စရာရက်တွေ အများကြီး ကျန်ပါသေးတယ်။ လောက အရသာကြီး ခံစားဖို့ရက်တွေ ရှိပါတယ်။ ဒါပေမဲ့ သမီးရဲ့ ၊ ငါ့သားကလေးက ဒါမျိုးတွေကိုဗိတ်ဗိတ်သား မလိုချင်ဘူး။ကြည့်လေ သူတို့က ပြောသားပဲ။ "ဖော်ပြောပါကွာ ဖော်ရင် အသက်နှင့်ခန္ဓာတွဲပြီး လောကစည်းစိမ် ထင်သလို ခံစားခွင့်ရမယ်" တဲ့။ ဒါပေမဲ့ ငါ့သားဖော်သလား၊ ဝေးလိုက်လေ လုံမလေးရယ်။ ဘာရမလဲ။ တကတဲ၊ ဟိုကောင်တွေသာ ပါးစပ်က အမြှုပ်တစီစီ ထွက်နေတာပေ့ါ။ ညို ညို ညိုညို သမီး ဒါတွေ စဉ်းစားကြည့်လိုက်တော့ ငါ့သမီး စိတ်ထဲမှာ အားရစရာကြီးဖြစ်မသွားဘူးလား။ ဝမ်းသာပစ်လိုက်စမ်းပါ အေရယ်၊ ညည်းမောင်ကြီး လဲတဲ့နေရာမှာလေ သွေးတွေဟာ အိုင်ထွန်းရုံမကဘူး ပွက်တောင် ထနေတာပဲ၊ နို့ပေမဲ့ သမီးရေ သေတာဟာ အဆန်းမဟုတ်ပါဘူး။ သေတာထက်ကြီးကျယ်မြင့်မြတ်တာတွေ ရှိသေးသကွဲ့။ ညိုညို လုံမကလေးအလိမ်မာသားနဲ့ တိတ်လိုက်စမ်းပါ အေရယ်။ ငိုတယ်ဆိုတာ ကလေး ကလေးမှ

(ရှေ့သို့တိုး၍ ညိုညို ပခုံးကို ယုယစွာ လက်နှင့်ပုတ်နေစေ။)

သမီး ၊ ထ – ထ၊ ညည်းမောင်ကြီးကို အပြင်မှာ ဒီအတိုင်း ပစ်ထားတော့မလား။ မတော်ပါဘူး သမီးရယ်။ သူ့ကို အထဲသွင်း လိုက်ကြရအောင်။

……………….. (ကားလိပ်ချ) ………………..

၂၀ ရာစု **မောင်ထင်**

**ခက်ဆစ်**

၁။ ကျိန်စာ = မည်သို့ပြုလျှင် မည်သို့ ဖြစ်ပါစေဟု ကျိန်ထားသည့် စကား၊စာ။
၂။ ခပ်ဆိုင်းဆိုင်း = သွက်သွက်လက်လက်မရှိ၊ ဖြည်းညင်းစွာ။
၃။ စလောင်း = လက်ကိုင်စရာ အထွတ်ပါသော မြေအိုးဖုံး။
၄။စုန်း = ပြုစားတတ်သည်ဆိုသော လောကီ အတတ်ပညာသည်။
၅။ တောခို = တောတွင်းပုန်း၍ ပုန်ကန် သောင်းကျန်းသည်။
၆။ ဒုန်းစိုင်း = အလျင်အမြန်ပြုမူသည့် သဘော။
၇။ ဓာတ်သိ = အခြေအနေ၊ အတွင်းစိတ် စသည်ကို သိထားသောသူ။
၈။ ပယောဂ = စုန်းအတတ်။
၉။ ဗလူချီစစ်သား = ၁၉၂၂ မှ ၁၉၄၇ ခုနှစ်အထိ တာဝန်



(https://en.wikipedia.org/wiki/Baloch_Regiment/2023)

ထမ်းဆောင်ခဲ့သော ဗြိတိသျှ အိန္ဒိယ စစ်တပ်၏ တပ်ရင်းမှ စစ်သားများ။

၁၀။ ဗိတ်ဗိတ်သား = အလျှင်း။လုံး၀။

၁၁။ မင်းတုပ် = တံခါးပိတ်ရာတွင်တံခါးပေါင်ရှိ ကွင်းသို့မဟုတ် တွင်းချိုင့်၌ သွင်းလျှိုသော အချောင်း အတံ။

၁၂။ သုပဏ္ဏကဂဠုန်ရာဇာ = စနေနံ(နဂါး) ဖြစ်သော အင်္ဂလိပ်ကို အောင်နိုင်စေခြင်းငှာ ဆရာစံသည် သုပဏ္ဏကဂဠုန်ရာဇာ (ဂဠုန်မင်း) ဘွဲ့ကို ခံယူခဲ့သည်။ မြစိမ်းတောင်ညို ဘုရားတွင် ဆရာစံသည် လက်ပံပင်မှ ဂဠုန်ငှက်မင်း ဟူသော အဓိပ္ပာယ်ဖြင့် သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ကို ခံယူ၍ ဥပုသ်ကြီး ဝင်ခဲ့သည်။

၁၃။ အရိပ်သုံးပါး = ၁။ မြင်ရသည့် အဆင်းရိပ်၊ ၂။ ကြားရသည့် အသံရိပ်၊ ၃။ နံ စား ထိ ရသည့် အနံ့ ရိပ်၊ အရသာရိပ်၊ အတွေ့ရိပ် (သံသယဖြစ်လောက်တဲ့အရိပ်အခြေကြောင့်)

၁၄။ အသက်ငင် = အသက်ထွက်လုဆဲဆဲ ဖြစ်သည်။

## အာဇာနည်မိခင်ပြဇာတ် ဇာတ်လမ်းအကျဉ်း

အာဇာနည်မိခင်ပြဇာတ်ကို စာရေးသူက မြန်အောင်မြို့နယ် ငှက်ကြီးကွင်း ကျေးရွာအုပ်စု၌ ဆရာစံအင်အား စုဆောင်းသည့်အချိန်ကို နောက်ခံ၍ တကယ့်ဖြစ်ရပ်မှန်အားမှီးကာ စိတ်ကူးဖြင့် ထိုးဇာတ်အဖြစ် ဖန်တီးရေးသား ထားသော တစ်ခန်းရပ် ပြဇာတ် ဖြစ်သည်။

ပြဇာတ်တွင် ဆရာစံအရေးတော်ပုံ နယ်ချဲ့တော်လှန်ရေးသမားနေဝင်းတို့သည် ငှက်ကြီးကွင်း အင်တောအရပ် ရေနံတောင် နတ်မီးနားတွင် စခန်းချကာ ပုန်ကန်ခြားနားနေသည်။ နယ်ချဲ့အလိုတော်ရိ ရာဇဝတ်ဝန်ထောက် ဦးသက်ကြွင်း၊ တပ်ကြပ်ဗိုလ်ဖြင်း၊ အမှုတွဲကိုင်လိုက်သူ မောင်ပြန့် နှင့် စစ်ပုလိပ်တို့က သတင်းရရန် မြန်အောင်မြို့နယ် ဂုံမင်းရွာရှိနေဝင်းတို့၏ နေအိမ်သို့ လာရောက် ရှာဖွေခဲ့ကြသည်။

နယ်ချဲ့အလိုတော်ရိတို့ ဝင်ရောက်မရှာဖွေမီ မောင်နေဝင်းက မိမိ၏ မိခင် ဒွေးတုတ်၊ ဇနီး ညိုညိုတို့ရှိရာသို့ လာရောက်တွေ့ဆုံခဲ့သည်။ ထို့နောက် ထမင်းစားခိုက်တွင် နယ်ချဲ့ အလိုတော်ရိတို့ လာရောက်ရှာဖွေစဉ်နှင့် ဆုံခိုက်ဖြစ်၍ နေဝင်းက ပုန်းအောင်း နေသော်လည်း ရှာဖွေတွေ့မိ သွားသည်။

နေဝင်းသည် မတရားအသင်းကြေညာထားသောသုပဏ္ဏကဂဠုန်ရာဇာ အဖွဲ့ဝင်ဆိုသည့် ဖြောင့်ချက်ဖြင့် ဆရာစံ အဖွဲ့မှ သေဒဏ်ပေးထားသော သူပုန်ခေါင်းဆောင်တစ်ဦးကို ဟသ်ာတဂါတ်မှနေ၍ တရားရုံးသို့ပို့ရန် စီစဉ် ခေါ်ဆောင် လာသည်ကို လုရန်နှင့် ဟသ်ာတဂါတ် ကို တက်စီး၍ အကျဉ်းသမားတို့ကို လွတ်စေရန် ကြံစည်သည့် ဆရာစံအဖွဲ့၏ နေရာကို ဖော်ထုတ်စေခဲ့သည်။

မောင်နေဝင်းက ဂဠုန်ဆရာစံတို့အဖွဲ့ပုန်းအောင်းနေရာကို လုံးဝမဖော်ထုတ်ဘဲ အသက်အသေခံခဲ့သည်။ မောင်နေဝင်း၏ မိခင်ကလည်း မဖော်ထုတ်ဘဲ ကြံ့ကြံ့ခံရင်ဆိုင်ခဲ့သည်။ ညိုညိုက သူပုန်စခန်းကို ဖော်ထုတ်လျှင် မောင်နေဝင်းကိုမသတ်ဟု ထင်ကာ ဖော်ထုတ်ခဲ့သည်။ သို့သော် ညိုညိုက သူပုန်စခန်းကို ဖော်ထုတ်ပြီးသောအခါ မောင်နေဝင်းကို သတ်ခဲ့ပေသည်။ မောင်နေဝင်း သေဆုံးသွားသောအခါ ဇနီးညိုညိုက ငိုသော်လည်း မိခင်မှာ မငိုဘဲ သေတာထက် ကြီးကျယ် မြင့်မြတ်တာရှိတယ်။ မနေ့ကတော့ နွားကျောင်းသား နေဝင်း၏ အမေက ယခုတိုင်းပြည်အတွက် အသက်စွန့်ခဲ့သည့် ပုဂ္ဂိုလ်စာရင်းထဲ အဝင်အပါဖြစ်တဲ့ အာဇာနည် ယောကျာ်းမြတ်၏ မိခင်ဖြစ်ပဟေ့ ဟူ၍ဆိုကာ သားအာဇာနည်မောင်နေဝင်းအတွက် ဂုဏ်ယူခဲ့သော အာဇာနည်မိခင်တစ်ဦး၏ ဖြစ်ရပ်ကို ကြောင်းကျိုးဆက်စပ်ကာ ပြဇာတ်ပုံစံဖြင့်တင်ပြခဲ့သည်။

ထို့ကြောင့် အာဇာနည်မိခင်ပြဇာတ်သည် ၁၈၈၆ခုတွင် မြန်မာပြည်သည် အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့သောအခါ မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော ဆရာစံ ခေါင်းဆောင်သည့် တောင်သူလယ်သမား အရေးတော်ပုံ ဖြစ်ရပ်နှင့် ဒိဋ္ဌဓမ္မလူ့လောကရှိ တောင်သူလယ်သမားတို့၏ သရုပ်မှန်ဖြစ်ရပ် ပေါ်တွင် အခြေတည်ကာ ဇာတ်လမ်းဆင် ထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၁၉၃၀တွင် တော်လှန်ရေး စိတ်ဓာတ်လွှမ်းမိုးလာပြီး မစားဘဲ စွန့်ခဲ့သည့် အာဇာနည်တို့ ဖြစ်တည်ခဲ့ပုံ၊ မစွန့်ဘဲ စားခဲ့ကြသည့် လူတန်းစားတို့လည်း တည်ရှိခဲ့ကြပုံ၊ အာဇာနည်နှင့် အာဇာနည်မိခင်များ ပေါ်ထွက်စေလိုသော ရည်ရွယ်ချက်ဖြင့် တကယ့် အဖြစ်အပျက်ကို မှီးကာ ထိုးဇာတ် အဖြစ် ဖန်တီးထားခြင်းဖြစ်သည်။ မောင်ထင်၏ အရေးအသား ဖန်တီးရေးဖွဲ့ပုံ ကောင်းမွန်သောကြောင့်လည်းကောင်း စကားလုံးရွေးချယ်သုံးနှုန်းမှု ကောင်းမွန်သောကြောင့်လည်းကောင်း ယခုခေတ်အထိ လူကြိုက်များသော ဂန္ထဝင် ပြဇာတ် အဖြစ် တည်ရှိနေပါသည်။

ရန်ကုန် နေပြည်တော်ရုပ်ရှင်ရုံ၌ ၁၄-၁-၄၅ မှစ၍ စင်တင်ပြသခဲ့ပါသည်။

## လေ့ကျင့်ခန်း

၁။ အာဇာနည်မိခင်ပြဇာတ်တွင်ပါသော ဇာတ်ဆောင် ပြောစကားများကို ကျောင်းသား ကျောင်းသူများထဲမှ ရွေးချယ်ပြီး ကိုယ်တိုင် ပါဝင်ပြောဆို လေ့ကျင့်ပါ။ ထို့နောက် အဓိက ဇာတ်ဆောင်၊ အရံ ဇာတ်ဆောင်နှင့် ဇာတ်ဖြည့် ဇာတ်ဆောင်တို့ကို ဖော်ပြပြီး လူကောင်း ဇာတ်ဆောင်နှင့် ဆန့်ကျင်ဘက် (လူဆိုး) ဇာတ်ဆောင်တို့ကို အမည်နှင့်တကွ ဖော်ပြပါ။

၂။ အာဇာနည်မိခင်ပြဇာတ်၏ အခြေတည်ရာ အချိန်ကာလကို အတိအကျ ဖော်ပြထားပါသလား။ ပြဇာတ်၏ နောက်ခံနေရာ၊ ဒေသတို့ကို ဖော်ပြပါ။

၃။ အာဇာနည် မိခင်ပြဇာတ်သည် ထိုးဇာတ်လော။ တကယ့်ဖြစ်ရပ်ဇာတ်လမ်းလော။

၄။ အာဇာနည် မိခင်ပြဇာတ်၏ ရည်ရွယ်ချက် ကိုဖော်ပြပါ။

၅။ ဒွေးတုတ်ကို အာဇာနည်မိခင်ဟု အဘယ်ကြောင့် ခေါ်ဆိုသင့်သနည်း။ ဆွေးနွေးတင်ပြပါ။

၆။ အာဇာနည် မိခင်ပြဇာတ်တွင် သင်သည် မည်သည့် ဇာတ်ဆောင်ကို အနှစ်သက်ဆုံးနည်း။ အဘယ့်ကြောင့် နှစ်သက်ရကြောင်း ရှင်းလင်းဖြေဆိုပါ။

၇။ အာဇာနည် မိခင်ပြဇာတ်၏ ဇာတ်ခုံညွှန်းစကားကို ဇာတ်လမ်း၏ မည်သည့်နေရာ၌ စတင်ထားသနည်း။ မည်သည့် အကြောင်းအရာကို တင်ပြထားနည်း။ သာဓကပြ၍ ဖြေဆိုပါ။

၈။ ပြဇာတ်တွင် အချီအချစကားပြောခန်းမှ သင်နှစ်သက်သော သော့ချက်စကားလုံးတို့ကို ထုတ်နုတ် တင်ပြပါ။


၉။ အာဇာနည် မိခင်ပြဇာတ်၏ ဇာတ်လမ်းကို ဖန်တီးရာတွင် မချင့်မရဲဖြစ်မှု၊ အားပြိုင်မှု၊ အပြ ၊ အပြော ဇာတ်အချီအတက်တို့သည် စာဖတ်သူကို စိတ်ဝင်စားစေရန် ဖန်တီးနိုင်ပါသလား။ သာဓက တစ်ခုစီနှင့် အကြောင်းပြ ဖြေဆိုပါ။

၁၀။ အာဇာနည် မိခင်ပြဇာတ်၏ ဇာတ်သိမ်းပိုင်းသည် ဇာတ်လမ်း၏ ဦးတည်ချက်ကို အထောက်အကူ ပြုပါသလား။ ဇာတ်လမ်း အဆုံးသတ်သည် ပျော်ရွှင်မှု (သို့) ဝမ်းနည်းမှု (သို့) အတွေး အမြင် ဆင်ခြင် သတိတို့တွင် မည်သည်ကို ပေးစွမ်းနိုင်ပါသနည်း။ သင်၏ အယူအဆကို တင်ပြပါ။



ဗလူချီစစ်သားများ

(https://en.wikipedia.org/wiki/Baloch_Regiment/2023)



ဗလူချီစစ်သားများ

(https://en.wikipedia.org/wiki/Baloch_Regiment/2023)

**ဂုံမင်းရွာ၊ ငှက်ကြီးကွင်း**

**ဂုံမင်း**





ဂုံမင်း တည်နေရာ၊ မြန်မာ။

အဓိကဇာတ်ဆောင် ဒေါ်ဒွေးတုတ်နှင့် မောင်နေဝင်းတို့ နေထိုင်ရာ နေအိမ်တည်ရှိရာ၊ ဇာတ် အခြေတည်ရာဒေသနောက်ခံ မြန်အောင်မြို့နယ်၊ ဂုံမင်းရွာ၊ငှက်ကြီးကွင်း ကျေးရွာအုပ်စု

NUG MOE

| | |
|---|---|
| နိုင်ငံ |  မြန်မာ |
| တိုင်းဒေသကြီး | ဧရာဝတီတိုင်းဒေသကြီး |
| ခရိုင် | ဟသ်ာတခရိုင် |
| မြို့နယ် | မြန်အောင်မြို့နယ် |
| ကျေးရွာအုပ်စု | ငှက်ကြီးကွင်း[၁] |

ဧရာဝတီတိုင်းဒေသကြီး၊ဟသ်ာတခရိုင်၊မြန်အောင်မြို့နယ်
ကျေးရွာအုပ်စုအညွှန်းပြမြေပုံ



# အပိုင်း ၃

# အရေးသင်ခန်းစာ

NUG MOE

# ၁။ ပြောတဲ့အခါနဲ့ ရေးတဲ့အခါ

စကားပြောတဲ့အခါနဲ့ စာရေးတဲ့အခါ ကွာခြားချက်တွေအများကြီးပေါ့။ ဒါပေမဲ့ ဒီမှာ ကွာခြားချက်မျိုးစုံကို စဉ်းစားနေဖို့ မဟုတ်ဘူး။ ပြောသူနဲ့ နားထောင်သူ၊ ရေးသူနဲ့ဖတ်သူကြားက ဆက်သွယ်ရေးလမ်းကြောင်း အနေ အထားကိုပဲ စဉ်းစားကြမှာ။ ဒီအနေအထားကို မစဉ်းစားခင် စကားပြောပုံ စာရေးပုံ သဘောကို ကြည့်ကြရအောင်။

စကားနဲ့ပြောပြော စာနဲ့ရေးရေး ဘာသာစကားကို သုံးပြီဆိုရင် လူတွေမှာ ပြောစရာအချက် ရေးစရာ အချက်ရှိနေတာပဲ။ အဲဒီအချက်ကို အရေးအသားပညာရပ်စကားနဲ့ဆိုရင် "အဆို" လို့ ခေါ်ကြတာပေါ့။ "ဒီနေ့ သိပ်ပျော်စရာ ကောင်းတာပဲ" "စာအုပ်က ဖတ်လို့ကောင်းလိုက်တာ" ဆိုတာတွေက ကိုယ်ရေးကိုယ်တာနဲ့ပဲ ပတ်သက်တဲ့အချက်၊ နောက်တစ်နည်းပြောရရင် အဆိုပေါ့။ "ကိုယ်ကျန်းမာမှ စိတ်ချမ်းသာတာပေါ့"တို့ "စာအုပ်စာပေ လူ့မိတ်ဆွေ"တို့ ဆိုတာက ကိုယ်ရေးကိုယ်တာထက် ပိုပြီးလေးနက်၊ ပိုပြီးကျယ်ဝန်းတဲ့ အဆိုတွေပေါ့။

အဲဒီအချက်အလက် အဆိုတစ်ခုကို ကိုယ်ကပြောလိုက်တဲ့အခါ ကြားရတဲ့သူတွေ လက်ခံပုံက အမျိုးမျိုး ကွဲပြား နိုင်တာပေါ့။ "အင်း ဟုတ်လား" "အော် အော်" လောက်နဲ့ သာမန်ကာလျှံကာ ပြီးချင်ပြီး သွားမဲ့သူလဲရှိမယ်။ ပြောတဲ့ အဆိုကို သဘောပေါက်ပြီးသားမို့ ဖြစ်ချင် ဖြစ်မယ်။ ဒါမှမဟုတ် အကျယ်အကျယ် ငြင်းခုံ မနေချင်လို့ ဖြစ်ချင်ဖြစ်မယ်။ ကိုယ့်ကို ပြန်မေးချင်လို့ကတော့ ကြားရတဲ့သူမှာ မေးဖို့အခွင့်အရေးက ရှိနေတာပဲ။

အချက်အလက်တစ်ခုကို ကိုယ်က ရေးလိုက်တဲ့အခါမှာတော့ ပြောတုန်းကနဲ့ အနေအထားချင်း မတူတော့ဘူး။ ဖတ်တဲ့သူက ကိုယ်သိတဲ့သူ၊ ကိုယ့်ကိုသိတဲ့သူ ဟုတ်ချင်မှ ဟုတ်တာ။ ကိုယ်ပြောတာကို သဘောတူချင်မှတူတာ။ ကိုယ့်ကို အားနာစရာအကြောင်း ရှိချင်မှရှိမှာ။ ဒီတော့ မရှင်းတာ၊ သဘောမတူတာရှိရင် ကိုယ့်ကို မေးချင် ဆွေးနွေး ချင်မှာပေါ့။ ဒါပေမဲ့ ကိုယ်ရေးတဲ့စာကို ဖတ်နေသူက ကိုယ့်ရှေ့မှာ ကိုယ့်နားမှာ ရှိနေတတ်တာ မဟုတ်ဘူး။ များသောအားဖြင့် ကိုယ်နဲ့ အဝေးကြီးမှာ ရှိနေတတ်တာ။ ဒီတော့ စကားနဲ့မဟုတ်ဘဲ စာဖတ်သူကို စာနဲ့ ဆက်သွယ်ရတဲ့အခါ စာဖတ်သူနဲ့ ကိုယ့်ကြားမှာ ဆက်သွယ်ရေး လမ်းကြောင်း ချောပြေနေဖို့ စာရေး ကတည်းက စဉ်းစားရပြီပေါ့။ ချောပြေနေဖို့ဆိုတော့ အကြောင်းနဲ့အကျိုး ခိုင်ခိုင်မာမာဆက်စပ်ပြဖို့ လိုအပ်ပြီပေါ့။ စာဖတ်သူက ကိုယ့်ကို ပြန်မေးဖို့ မလိုတဲ့အထိ ကိုယ့်ဘက် က အပြည့်အစုံ ရှင်းလင်းပြထားဖို့ လိုပြီပေါ့။

ပြောသူနဲ့ နားထောင်သူကြား၊ ရေးသူနဲ့ ဖတ်သူကြား ဆက်သွယ်တာချင်းတူပေမဲ့ ကွာခြားတဲ့ အခြေအနေက အဲဒါပါပဲ။ အသံလွှင့်ပြောတာမျိုး၊ ပရိသတ်ထောင်သောင်းရှေ့မှာ ပြောတာမျိုးတွေက လွဲရင် သာမန် ပြောတဲ့အခါ ကိုယ့်စကားကို နားထောင်သူက ကိုယ့်အနားမှာတင် ရှိနေတော့ အကြောင်းပြချက်တွေက အများကြီး လိုကောင်းမှလိုမယ်။ စာနဲ့ရေးပြီး ဆက်သွယ်တဲ့အခါကျ စာဖတ်သူက ကိုယ့်အနီးအနားမှာ ရှိမနေတတ်တော့ ဖတ်ပြီးပြီးချင်း မရှင်းလင်းတာကြုံရင် ကိုယ့်ကို ပြန်မေးလို့ရတာ မဟုတ်ဘူး။ ဒီတော့ စာရေးပြီဆိုရင် ကိုယ်တင် လိုက်တဲ့ အဆိုတစ်ခုကို စာဖတ်သူ တွေဝေမနေဘဲ လက်ခံချင်လာအောင် အထောက်အထား စေ့စေ့စုံစုံ ခိုင်ခိုင်မာမာနဲ့ ရေးဖို့လိုလာပြီပေါ့။

ကိုယ့်စာဖတ်သူတွေကိုကြောင်းကျိုးမြော်မြင်ဆင်ခြင်တတ်သူတွေအဖြစ်အမြဲတလေးတစားထားရပါလိမ့်မယ်။ ကိုယ်တင်ပြတာကို ဖတ်သူက မျက်စိမှိတ်ယုံမှာမဟုတ်ဘဲ ထောက်ကူပြောဆိုတဲ့ အချက်ခိုင်မာရင် ကိုယ်ပိုင်ဉာဏ်နဲ့ သုံးသပ်စဉ်းစားကြလိမ့်မယ်ဆိုတာ သဘောပေါက်ထားရပါမယ်။ ကိုယ့်အဆို ရေရာ သွားအောင် ထောက်ကူပံ့ပိုးပေးမဲ့ အချက်အလက်တွေအစုံအစေ့ထည့်ဖို့ ဘယ်တော့မှ မပျက်ကွက်ပါလေနဲ့။

အဆိုနဲ့အထောက်အပင့်အချက်ကို ဆက်ဆွေးနွေးပါမယ်။ မိတ်ဆွေတစ်ယောက်နဲ့ အလုပ်အကြောင်း ပြောကြပြီဆိုပါတော့။ "အိုး လုပ်ဖူးသမျှအလုပ်တွေထဲမှာတော့ ဒီအလုပ်က စိတ်ပျက်စရာ အကောင်းဆုံးပါပဲ။ လုပ်လိုက်ရတာ ဖပ်ဖပ်မောပဲ။ ရတာက နှစ်ပဲတစ်ပြားနဲ့"။ ဒီလောက်ဆို နားထောင်နေတဲ့ မိတ်ဆွေတွေအတွက် လုံလောက်နိုင်ပါပြီ။ ပြောချင်တာပြည့်စုံသွားပြီဆိုတော့ ဘာမှ ဆက်မရှင်းလဲ ရနိုင်ပါတယ်။ မိတ်ဆွေက ဒီထက် ပိုပြီးရှင်းရှင်းလင်းလင်း သိချင်သေးတယ် ဆိုရင်တော့ စီကာ ပတ်ကုံး ထပ်ပြီးပြောပြပေါ့။ ဒီအကြောင်းကိုပဲ ရေးတဲ့အခါကျ အဲဒီလောက်နဲ့ မပြည့်စုံတော့ဘူး။ ဖတ်တဲ့သူ စိတ်တိုင်းကျ ရှင်းရှင်းလင်းလင်း သိသွားအောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြရတော့တာ။

နမူနာ စာပိုဒ်တစ်ပိုဒ် ကြည့်ရအောင်။ စာပိုဒ်အစမှာ အဆိုဝါကျနဲ့ စပြီး အဲဒီအဆို ရှင်းလင်းသွားအောင် အထောက်အပင့် အချက်အလက်တွေ ပေးထားတာကို သတိထားကြည့်စေချင်ပါတယ်။

## မင်္ဂလာထမင်းဆိုင် အလုပ်

မင်္ဂလာထမင်းဆိုင်တွင် အလုပ်လုပ်ရသည်မှာ ကျွန်တော့်အတွက် စိတ်ပျက်စရာအကောင်းဆုံး ဖြစ်ပါ သည်။ စိတ်ပျက်ရသည့် ပထမအကြောင်းမှာ အလွန်ပင်ပန်းခြင်းဖြစ်ပါသည်။ နံနက် ၇ နာရီတွင် အလုပ်စဝင်ရပြီး ညပိုင်း ၈ နာရီဆိုင်ပိတ်ချိန်မှ နားရပါသည်။ နေ့လယ်ပိုင်းနှင့်ညနေပိုင်း ဧည့်ကျချိန်တွင် ခဏတစ်ဖြုတ် နားခွင့်လောက်ပင်မရပါ။ စိတ်ပျက်စရာကောင်းသည့် နောက်တစ်ချက်မှာရသည့် လုပ်ခဖြစ်ပါသည်။ တစ်နေ့လုံး မအားမလပ် အလုပ်လုပ်ရသော်လည်း ရသည့်လခမှာ တစ်နေ့မှ တစ်ထောင်သာ ဖြစ်ပါသည်။ ဆိုင်တွင်စားခွင့်ရှိသည့်အတွက် ကျွန်တော့်အတွက် ပြဿနာမကြီးလှသော်လည်း အိမ်တွင်ရှိသည့် ကျွန်တော့်ဇနီးနှင့် ကလေးနှစ်ယောက်အတွက် ထိုဝင်ငွေမှာ မလောက်ပါ။ နောက်ဆုံးပြောရလျှင် အလုပ်ခွင် အခြေအနေမှာလည်း ပျော်စရာမကောင်းပါ။ ဆိုင်ရှင်သည် စိတ်အလွန်ဆတ်သူ ဖြစ်ပါသည်။ အသေးအမွှား အမှားလေးတစ်ခု ဖြစ်သွားလျှင်ပင် ဆူပူတတ်ပါသည်။ အလုပ်ခွင်တွင် ကြိမ်းမောင်းသံများ ညံနေတတ်ပါသည်။

ဒီစာပိုဒ်ကို ဖတ်ကြည့်ရင် အဆိုကို ထောက်ကူတဲ့အချက်အလက်တွေ ဘယ်လောက် အရေးပါတယ် ဆိုတာ သတိထားမိပါလိမ့်မယ်။ သူ့အလုပ် စိတ်ပျက်စရာကောင်းတယ်လို့ ပြောတာ ဘာကြောင့်ပါလိမ့်လို့ စာဖတ်သူ အတွေးပွားနေစရာ ခေါင်းရှုပ်နေစရာ မလိုတော့ပါဘူး။ သေသေချာချာ ရှင်းရှင်းလင်းလင်း ရေးပြ ထားတာမို့ စာဖတ်သူ ကောင်းကောင်း နားလည်သွားပါပြီ။

စာပိုဒ်အစမှာပါတဲ့ အဆိုကို ရှင်းရှင်းလင်းလင်းဖြစ်အောင် အထောက်အကူအကြောင်းတွေ ဖော်ပြ တဲ့အခါ အကြောင်းပြချက်တွေ တသီကြီး ဆက်ကာဆက်ကာ လာတတ်တယ်ဆိုတာ ဒီစာပိုဒ်ကို ကြည့်ရင်

သဘောပေါက်နိုင်ပါတယ်။ အကြောင်းပြချက်သုံးခု ပေးထားပြီး အကြောင်းပြချက်တစ်ခုစီကို ခိုင်မာတဲ့ သာဓကတွေ၊ အသေးစိတ်အချက်အလက်တွေနဲ့ ထောက်ပင့်ထားပါတယ်။ အထောက်အပင့် အချက်အလက်ဆိုရာမှာ ကိုယ်တွေ့တွေ၊ အဖြစ်မှန်တွေ၊ ပညာရှင်တွေရဲ့ အယူအဆ အဆိုအမိန့်တွေ ပါနိုင်ပါတယ်။

နမူနာပေးထားတဲ့ စာပိုဒ်မှာ စာကိုထိရောက်အောင်ရေးတဲ့အခါ မပါမဖြစ်တဲ့ အင်္ဂါသုံးခု ပါပါတယ်။ အဆိုရယ်၊ အဲဒီအဆိုကို ရှင်းရှင်းလင်းလင်း ဖြစ်သွားအောင်လုပ်ပေးတဲ့ အထောက်အပင့်ရယ်။ အထောက်အပင့် အချက်ကို စာဖတ်သူလက်ခံသွားအောင် ရှင်းလင်းပေးတဲ့ သာဓကရယ်။ မင်္ဂလာ ထမင်းဆိုင် စာပိုဒ်ဖွဲ့စည်းထားပုံကို ခွဲခြမ်းစိတ်ဖြာကြည့်ရင် အဲဒီအခြေခံသုံးချက်ကို ထင်ထင်ရှားရှား မြင်လာပါလိမ့်မယ်။ တိုတိုပြန်ပြောရရင် အဆို၊ အထောက်အပင့်၊ သာဓက အင်္ဂါသုံးရပ်ကို သတိထား ရပါမယ်။

စာတစ်ပိုဒ်ကို အဆိုနဲ့စဖို့ ပြောခဲ့ပြီ။ ဒါပေမဲ့ မလုံလောက်သေး။ ဒါကြောင့် အခု အဆိုနဲ့ စပုံ အကြောင်းအပြင် ဘယ်လိုအဆိုက အဆိုကောင်းမည်ထိုက်တယ်ဆိုတာ ဆက်ပြောကြမယ်။

## အဆိုနဲ့စပုံ

စာရေးတော့မဲ့အခါ ဘာပြောမလဲဆိုတာ ပထမပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး အဲဒီအဆိုကို ဝါကျတစ်ခုတည်းနဲ့ ရေးရပါမယ်။ အဲဒီဝါကျကို အဆိုဝါကျ၊ ခေါင်းစဉ်ဝါကျ၊ ဦးဆောင် ဝါကျရယ်လို့ အမျိုးမျိုး ခေါ်ကြတယ်။ ကြိုက်သလို ခေါ်ပါ။ အရေးကြီးတာက အဲဒီဝါကျမှာ ကိုယ့်အဆို ပါဖို့ပါပဲ။ စာရေးတဲ့အခါ ကိုယ့်ကိုယ်ကိုယ်ရော၊ စာဖတ်သူကိုရော ပဲ့ကိုင်ပေးမဲ့ ဝါကျမို့ အစမှာရေးတာ ပိုအဆင်ပြေပါတယ်။ အဆိုဝါကျကို တခြားနေရာတွေမှာ မရေးရဘူးလို့ ပြဋ္ဌာန်းဖို့ ဘယ်သူ့မှာမှ ပြဋ္ဌာန်းခွင့် မရှိသလို၊ ပြဋ္ဌာန်းလိုက်တာ မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း သိပါလေ။ နောက်ပြီး အဆိုဝါကျနောက် စာပိုဒ်ထဲမှာ ဖော်ပြမဲ့ တခြား အချက်အလက်တွေဟာ ဒီအဆိုကို ဝိုင်းဝန်း ထောက်ပင့်ပေးနေရမယ်ဆိုတာ သတိချပ်စေချင်ပါတယ်။

## အဆိုဝါကျရေးတဲ့အခါ

အဆိုဝါကျရေးတဲ့အခါ သတိထားစရာတွေ ရှိပါတယ်။ အဆိုဝါကျမှာ ဘယ်လို အင်္ဂါရပ်တွေ ပါသလဲ၊ ဘယ်လိုအဆို ဝါကျတွေကို ရွေးမလဲ ဆိုတာ ကြိုတင်သိထားဖို့လိုပါတယ်။

## အဆိုဝါကျမှာ သတိထားစရာ

အဆိုတစ်ခုတင်လိုက်တဲ့အခါ အဆိုဝါကျက အံချော်သွားရင် စာတစ်ပိုဒ်လုံးက ထိထိရောက်ရောက်မရှိဘဲ ဖြစ်တတ်တယ်။ အများတစ်ခုက တကယ့်အဆိုဝါကျကို မရေးဘဲ ကိုယ် ဘာရေးမယ် ဆိုတာ ကြေညာမိတတ်တာပဲ။ နောက်ပြီးအဆိုတွေက ကျယ်လွန်းရင် ကျယ်လွန်း၊ မကျယ်လွန်းရင် ကျဉ်းလွန်း

နေတတ်ပါတယ်။ အဆိုဝါကျရေးတဲ့အခါ အံချော်သွားတတ်ပုံနဲ့ လက်ခံနိုင်လောက်အောင် ရေးပုံသဘော သိသာအောင် နမူနာတွေ ပြလိုက်ပါတယ်။

ဟောဒီမှာ ပေးထားတဲ့ ဝါကျတွေကို ကြည့်ပါ။ ရည်ညွှန်းခံကို မျဉ်းသားထားပြီး ရေးသူ့ သဘောထား ဖော်ပြတဲ့ သေ့ချက်စကားလုံး/စိတ်ကူးစကားလုံးကို စာလုံးမည်းနဲ့ ပြထားပါတယ်။

သူ့ရည်းစားက သိပ်စွာပါတယ်။

ယာဉ်မောင်းများ၏ ပေါ့ဆမှုကြောင့် ကားအန္တရာယ် မကြာခဏ ကြုံတတ်ကြပါသည်။

ကျွန်တော့်အိမ်မှာ အသုံးအများဆုံးနေရာက မီးဖိုချောင် ဖြစ်ပါသည်။

ဆေးရုံနားမှာ ဟွန်းမတီးရ စည်းကမ်းသတ်မှတ်သင့်တယ်။

ဖတ်ဖူးသမျှ စာအုပ်များတွင် ရွှေဥဒေါင်း၏ "ရတနာပုံဝတ္ထု" ကို အကြိုက်ဆုံး ဖြစ်ပါသည်။

ပထမဝါကျမှာ ရည်ညွှန်းခံက ရည်းစား၊ စာရေးသူဖော်ပြချင်တဲ့ စိတ်ကူးက သူ့ရည်းစား စွာတဲ့ အကြောင်း ပါ။ ဒုတိယဝါကျမှာ ရည်ညွှန်းခံက ကားအန္တရာယ်၊ စာပိုဒ်မှာ ဘာကို အလေးထားဖော်ပြ သွားမယ် ဆိုတာကို အရိပ်ပြတဲ့သေ့ချက်စကားလုံးကယာဉ်မောင်းတွေ၏ပေါ့ဆမှုပါ။အခြားဝါကျသုံးခုမှာဘယ်ဟာကရည်ညွှန်းခံ၊ ဘယ်ဟာက စာရေးသူရဲ့စိတ်ကူး ဘာကြောင့် သတ်မှတ်တယ်ဆိုတာ ကိုယ်တိုင် ဆင်ခြင်သုံးသပ်ကြည့်ပါ။

## အဆိုဝါကျရွေးကြရအောင်

စာပိုဒ်တစ်ပိုဒ်မှာ အဆိုဝါကျနဲ့ အဆိုဝါကျကို ထောက်ပင့် ရှင်းလင်းပေးတဲ့ဝါကျတွေပါတယ် ဆိုတာ ထပ်သတိပေးပါရစေဦး။ အဆိုဝါကျဆိုတဲ့အတိုင်း အဆိုတစ်ခုခုပြုဖို့ဝါကျဆိုတာကိုလဲ မမေ့ပါနဲ့။ အဲဒီအဆို ဝါကျတွေကို အရေးကြီးတဲ့ အသေးစိတ် အချက်အလက်တွေနဲ့ ထောက်ပင့် ရေးကြရတာပါ။ ဒီသဘောကို မမေ့ မသွားအောင် ဟောဒီမှာ လေ့ကျင့်ကြပါမယ်။

အောက်မှာပေးထားတဲ့ ဝါကျစုတွေနဲ့ စာပိုဒ်တိုလေးတွေ ဖွဲ့လို့ရပါတယ်။ အဲဒီဝါကျစုတွေထဲက အဆို ဝါကျဖြစ်သင့်တဲ့ ဝါကျကို ခဲနဲ့အမှန်ခြစ်ပေးပါ။ အဆိုဝါကျသတ်မှတ်တဲ့အခါ ဘယ်ဝါကျက အဆိုတစ်ရပ် ဖော်ပြ ထားပြီး ကျန်ဝါကျသုံးခုက အဲဒီအဆိုကို ဘယ်လို အသေးစိတ် ရှင်းလင်း ထောက်ပင့် ပေးနိုင်တယ်ဆိုတာကိုလဲ ဆင်ခြင်ပါ။ ဟောဒီနမူနာကိုကြည့်ပါ။

က။ မီးခြစ်ဆောင်တတ်သည့်အကျင့်ကို ဖျောက်လိုက်လျှင် ဆေးလိပ်သောက်ချင်စိတ် လျော့သွား နိုင်ပါသည်။

ခ။ ဆေးလိပ်သောက်သည့်နေရာတွေမှာ ကြာကြာနေလျှင်လည်း ဆေးလိပ်အသောက်လျော့သွား နိုင်ပါသည်။

ဂ။ ဆေးလိပ်အသောက်လျော့သွားအောင်လုပ်ဖို့ နည်းလမ်းအမျိုးမျိုးရှိပါသည်။

ဃ။ မည်သည့်အချိန် မည်သည့်အရပ်မှာ သောက်မိတတ်သည်ကို မှတ်သားထားလျှင် ဆေးလိပ်သောက် မိတတ်သည့် အခြေအနေများကို သတိထားမိပြီး ရှောင်တတ်လာပါလိမ့်မည်။

ရှင်းလင်းချက်။ ။ ပေးထားတဲ့ နမူနာဝါကျတွေမှာ ဝါကျ “က” က ဆေးလိပ် သောက်လျော့သွားဖို့ နည်းတစ်နည်း ဖော်ပြထားတယ်။ ဝါကျ “ခ” နဲ့ “ဃ” မှာလဲ ဆေးလိပ် အသောက်လျော့သွားနိုင်တဲ့ နည်းတစ်နည်းစီ ဖော်ပြထားတယ်။

ဝါကျ “ဂ” မှာတော့ အသောက်လျှော့ပုံ နည်းတစ်နည်းမှ ပြောမထားဘူး။ “အသောက်လျော့ သွားအောင်လုပ်ဖို့ နည်းအမျိုးမျိုးရှိ”တဲ့အကြောင်း အဆိုပြုထားပါတယ်။ တခြား ဝါကျတွေမှာ ပြောထားတဲ့ နည်းအမျိုးမျိုးကို ရည်ညွှန်းထားပါတယ်။ ဒါကြောင့် ဝါကျ “ဂ” က စာရေးသူရဲ့ ပဓာနစိတ်ကိုပြတဲ့ အဆိုဝါကျ။ တခြားဝါကျတွေက အဲဒီပဓာနစိတ်ကူးကို ထောက်ပင့်ပေးနေတဲ့ ဝါကျတွေ။

## အဆိုဝါကျရေးပုံ

အဆိုဝါကျနဲ့အထောက်အပင့်ဝါကျ ခွဲခွဲခြားခြားသိရအောင် အဆိုဝါကျရွေးပုံ လေ့ကျင့်ပြီးတဲ့နောက် ကိုယ်တိုင်အဆိုဝါကျရေးဖို့ လေ့ကျင့်ကြမယ်။ ဒီတစ်ခါတော့ အထောက်အပင့်ဝါကျတွေ ပေးထားမယ်။ ပေးထားတဲ့ အထောက်အပင့်ဝါကျတွေကြည့်ပြီး မကျယ်လွန်း မကျဉ်းလွန်းတဲ့ အဆိုတစ်ခု ရေးရမှာပါ။ တစ်ခါတလေ ကျတော့လဲ ကိုယ်ရေးချင်တဲ့အသိုင်းအဝိုင်းအချက်အလက်တွေကိုအသေးစိတ်စဉ်းစားပြီးမှအဆိုဝါကျကိုဘယ်လိုရေးမယ်ဆိုတာ ဆုံးဖြတ်နိုင်မှာပါ။ ကိုယ်စိတ်ကူးထားတဲ့ အသေးစိတ် အချက်အလက်တွေနဲ့ တကယ်အပ်စပ်တဲ့ အဆိုမျိုး ရေးချတတ်တဲ့ အရည်အသွေး ဒီလေ့ကျင့်ခန်း အပြီးမှာ ရလာမယ်လို့ မှန်းဆ ပါတယ်။ ပေးထားတဲ့ အထောက်အပင့် အချက်တွေနဲ့ ဆီလျော်မယ့် အဆိုဝါကျတစ်ခု ရေးကြည့်ရအောင်။

**(၁) အထောက်အပင့်အချက်များ**

(က) ကျွန်တော်က မုန့်ဝယ်ကျွေးသော်လည်း ကိုမောင်မောင်သည် ကျေးဇူးတင်ဖော်မရပါ။

(ခ) ကျောင်းသန့်ရှင်းရေးလုပ်ရာတွင်လည်း ကိုမောင်မောင်ကို မည်သည့်အခါမျှ မတွေ့ရပါ။

(ဂ) ကိုမောင်မောင်သည် အခြားကျောင်းသားများနှင့် အတူတူ မကစားပါ။

(ဃ) အခြားကျောင်းသားများက ဖော်ဖော်ရွေရွေ ဆက်ဆံသော်လည်း ကိုမောင်မောင်က စကားမပြောပါ။

**အဆိုဝါကျ**

ကျွန်တော့်သူငယ်ချင်းများတွင် ကိုမောင်မောင်သည် ပေါင်းရသင်းရအလွန်ခက်သောသူဖြစ်သည်။

(ရည်ညွှန်းခံစကား) (စာရေးသူ၏သဘောထား)

**စောလူ ၊ “စကားပြေအရေးအသား ကကြီးခခွေး” စာအုပ်မှကောက်နုတ်၊ ၂၀၁၅၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

**သင်ခန်းစာဆိုလိုရင်း**

- ရေးသူ….. စောလူ
- စာအမျိုးအစား…. လေ့ကျင့်စာ
- ရည်မှန်းပရိသတ်…အခြေခံပညာအဆင့်မြင့်တန်း၊ တက္ကသိုလ် ပထမနှစ်ကျောင်းသား ကျောင်းသူများ
- ရည်မှန်းချက်….. (၁) ကိုယ်ဖတ်ရတဲ့စာတွေမှာ အဆိုတွေ၊ အထောက်အပင့်တွေ၊ သာဓကတွေနဲ့ စနစ်တကျ စည်းစည်းရုံးရုံး ရေးထားမထား စိစစ်ပြတတ်တဲ့ အရည်အသွေး
- (၂) ကိုယ်တိုင်ရေးတဲ့အခါ အဆိုတွေ၊ အထောက်အပင့်တွေ၊ သာဓကတွေနဲ့ စနစ်တကျ စည်းစည်းရုံးရုံး ရေးတတ်တဲ့ အရည်အသွေးနှစ်ရပ်တိုးပွားရန်
- ပြောသူနဲ့ နားထောင်သူ၊ ရေးသူနဲ့ဖတ်သူကြားက ဆက်သွယ်ရေးလမ်းကြောင်း အနေအထား
- ဆက်သွယ်ရေးချောပြေဖို့ အကြောင်းနဲ့အကျိုး ခိုင်ခိုင်မာမာဆက်စပ်ပြဖို့ လိုအပ်
- ပြောရင် နားထောင်သူက အနားရှိ၊ ရေးရင် ဖတ်သူကအနားမရှိ (မေးဖို့မလိုအောင် ရှင်းရှင်းလင်းလင်း ရေးသင့်)
- စာဖတ်သူတို့က ကြောင်းကျိုးဆင်ခြင်တတ်သူတွေမို့ အလေးထားသင့်
- "မင်္ဂလာထမင်းဆိုင်" နမူနာစာပိုဒ်ပြ
- စာပိုဒ်တစ်ခုမှာ ပါသင့် အင်္ဂါသုံးရပ် (၁) အဆို၊ (၂) အထောက်အပင့်၊ (၃)သာဓက

**လေ့ကျင့်ခန်း**

၁။ (က) အောက်ပါကွက်လပ်တွေမှာ လိုအပ်တဲ့စကားတွေဖြည့်ပေးပါ။

(၁) အရေးနှင့်အပြော ကွာခြားချက်တစ်ရပ်မှာ စာရေးသည့်အခါ ရေးသူ၏အဆိုကို …………သည့် အကြောင်းပြစကားများ မဖြစ်မနေ ထည့်ရေးပေးရခြင်းဖြစ်သည်။

(၂) ………… တွင် အဆိုတစ်ရပ်နှင့် ထိုအဆိုကိုထောက်ကူသည့် အချက်များ ပါဝင်နေ တတ်သည်။

၁။ (ခ) စားသောက်ဆိုင်မှာ စိတ်ပျက်စရာကောင်းတဲ့ အကြောင်းအဆိုကို စာဖတ်သူ ရှင်းရှင်းလင်းလင်း သိသွားအောင် ဘယ်လိုအကြောင်းပြချက်တွေ၊ သာဓကတွေ ပေးသလဲ။ ကွက်လပ်မှာ လိုအပ်တဲ့ စကားတွေ ဖြည့်ပေးပါ။

အဆို။ ။ မင်္ဂလာထမင်းဆိုင်တွင် အလုပ်လုပ်ရသည်မှာ ကျွန်တော့်အတွက် စိတ်ပျက်စရာ အကောင်းဆုံး ဖြစ်ပါသည်။

ပဓာနအကြောင်းပြချက် ၁။ ……………………………………………………………………

သာဓက က။ မနက် ၇နာရီက ည ၈နာရီထိ အလုပ်လုပ်ရသည်။

သာဓက ခ။ …………………………………………………………………

ပဓာနအကြောင်းပြချက် ၂။ ………………………………………………………

သာဓက က။ ……………………………………………………………

သာဓက ခ။ မိသားစု စားဝတ်နေရေးအတွက်မလုံလောက်

ပဓာနအကြောင်းပြချက် ၃။ ………………………………………………..

သာဓက က။ ဆိုင်ရှင်သည် စိတ်အလွန်ဆတ်သည်။

သာဓက ခ။ ……………………………………………………………

၂။ **အောက်က အဆိုတွေကို ဖတ်ကြည့်ပြီး ကြေညာချက် သက်သက်လောက်ဖြစ်နေတဲ့ ဝါကျကို (ကည)၊ ဆက်ရေးလို့ကောင်းမဲ့ လက်ခံနိုင်လောက်တဲ့ဝါကျကို (လခ) လို့ရေးပါ။**

(၁) (က) ဤစာတမ်းတွင် ကျွန်တော် သင်္ချာကျသည့်အကြောင်း ပြောပြပါမည်။

(ခ) ကျွန်တော်သင်္ချာကျရသည်မှာ အကြောင်းအမျိုးမျိုးရှိပါသည်။

(၂) (က) ကျွန်တော်ညစောင့်အလုပ်သမားဘဝအကြောင်း ရေးပြပါမည်။

(ခ) ညစောင့်အလုပ်မှာ သက်သောင့် သက်သာအလုပ်မဟုတ်ပါ။

(၃) (က) ယခု ရေးပြမည့်အကြောင်းအရာမှာ ကျေးလက်ဘဝဖြစ်ပါသည်။

(ခ) ကျေးလက်ဘဝသည် ဆင်းရဲလှသည်။

(၄) (က) စာကြည့်တိုက်ကို အသုံးချရာမှာ ကျွန်တော်တို့ အခက်အခဲ အမျိုးမျိုး ကြုံရသည်။

(ခ) ဤစာပိုဒ်တွင် စာကြည့်တိုက်အကြောင်း ရေးပါမည်။

(၅) (က) ကျွန်တော်၏စာတွင် အစာကြေဆေးအမျိုးအမျိုးအကြောင်းရေးပါမည်။

(ခ) ဈေးထဲတွင် အစာကြေဆေးအမျိုးမျိုးတွေ့နိုင်ပါသည်။

၃။ **အောက်ကအဆိုအစုံတွေမှာ အဆိုတစ်ခုက ဆက်ရေးဖို့ကျဉ်းလွန်းတဲ့အဆို၊ နောက်တစ်ခုက လက်ခံနိုင်လောက် တဲ့ အဆိုပါ။ ကျဉ်းလွန်းတဲ့အဆိုရှေ့မှာ (ကလ)၊ လက်ခံနိုင် လောက်တဲ့ အဆိုရှေ့မှာ (လခ) လို့ရေးပါ။**

(၁) (က) နံနက်တိုင်း ထိုင်ထလေ့ကျင့်ခန်းကို ကျွန်တော်မှန်မှန်လုပ်ပါသည်။

(ခ) နံနက်တိုင်းကာယလေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်းသည် ကျွန်တော့်ကျန်းမာရေးအတွက် အရေးကြီးပါသည်။

(၂) (က) ကျွန်တော့်ဖခင်သည် နေ့စဉ် ၅ နာရီ တရားအားထုတ်၍ ၂ နာရီ စာဖတ်ပါသည်။

(ခ) ကျွန်တော့်ဖခင်သည် အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်ပါသည်။

(၃) (က) ကျောင်းနှင့် ခုနစ်နှစ်လောက် ဝေးနေပြီးမှ ကျွန်တော်ကျောင်းပြန်တက်ပါသည်။

(ခ) ကျောင်းပြန်တက်ဖို့ ကျွန်တော် ဟိုတွေး ဒီတွေး ကြောက်နေခဲ့သည်မှာ အခြေအမြစ် မရှိမှန်း သိလာပါပြီ၊

(၄) (က) ဟားငါးကောင် အငြိမ့်ကို ကြည့်ရသည်မှာ ရယ်စရာကောင်းလှပါသည်။

(ခ) ညက ဟားငါးကောင် အငြိမ့်ကို ကြည့်ဖြစ်ပါသည်။

(၅) (က) ကျွန်တော့်အစ်ကို အကြောင်းအမျိုးမျိုးကြောင့် မနေ့က စိတ်ညစ်နေပါသည်။

(ခ) ကျွန်တော့်အစ်ကို မနေ့က ပိုက်ဆံငါးဆယ် ကျပျောက်ပါသည်။

**၄။ အောက်က အဆိုအစုံတွေမှာ အဆိုတစ်ခုက ဆက်ရေးဖို့ ကျယ်လွန်းနေပြီး တစ်ခုကတော့ လက်ခံနိုင်တဲ့ အဆိုပါ။ ကျယ်လွန်းတဲ့ အဆိုရှေ့မှာ (ကလ) လို့ရေးပြီး လက်ခံနိုင်လောက်တဲ့ အဆိုရှေ့မှာ (လခ) လို့ရေးပါ။**

(၁) (က) လက်ငှေ့ကစားနည်းမှာ အလွန်အန္တရာယ်များပါသည်။

(ခ) ကြေးစားကစားနည်းများမှာ ကြမ်းတမ်းလွန်းပါသည်။

(၂) (က) အက်စပရင်မှာ ဘေးထွက်ဆိုးကျိုး အတော်အတန် ရှိပါသည်။

(ခ) အနောက်တိုင်းဆေးဝါးများသည် အန္တရာယ်ရှိပါသည်။

(၃) (က) ကျောင်းမှာ ကျွန်တော်အမြဲညံ့ပါသည်။

(ခ) ကျွန်တော်အကြောင်းအမျိုးမျိုးကြောင့် သင်္ချာကျဖူးပါသည်။

(၄) (က) ကွန်ပျူတာတွေကြောင့် ကမ္ဘာ့လူ့အဖွဲ့အစည်း ပြောင်းလဲနေပြီ။

(ခ) ကလေးငယ်လေးများအား ကွန်ပျူတာသင်ပေးသည်မှာ မသင့်တော်ပါ။

(၅) (က) လူ့လောကကြီးတွင် ဘူးတစ်လုံးဆောင်လျှင် အောင်မြင်နိုင်ပါသည်။

(ခ) ဘူးတစ်လုံးဆောင် အိုအောင်မဆင်းရဲ ဟူသော စကားမှာ မမှန်ပါ။

**၅။ အောက်က ဝါကျတွေကို ဖတ်ပါ။ ရည်ညွှန်းခံစကားအောက်မှာ မျဉ်းတစ်ကြောင်း၊ ရည်ညွှန်းခံနဲ့ ပတ်သက်ပြီး စာရေးသူပြောချင်တဲ့ စိတ်ကူးအောက်မှာ မျဉ်းနှစ်ကြောင်းသားပါ။**

(၁) ကြော်ငြာဆိုင်းဘုတ်ကြီးတွေ ပိတ်သင့်ပြီ။

(၂) ကျွန်တော့်အလုပ်ရှင် အလွန်ဖွဲကောင်းပါသည်။

(၃) နိုင်ငံရေးသမားတချို့က ကိုယ်ကျိုးကြည့်တတ်ပါသည်။

(၄) ကျွန်တော့်အိမ် ပြင်ဖို့လိုနေပါပြီ။

(၅) ရုပ်မြင်သံကြားကြော်ငြာတချို့က စိတ်ပျက်စရာကောင်းပါသည်။

(၆) ကျွန်တော့်မိဘတွေက ဒေသစွဲကြီးပါသည်။

(၇) စိတ်ညစ်စရာများကို ခပ်မြန်မြန် မေ့ဖျောက်ပစ်သင့်ပါသည်။

(၈) မြန်မာဝတ္ထုများတွင် တစ်နေ့တခြား အရေးအသား ညံ့ဖျင်းလာနေပါသည်။

(၉) ဆရာဝန်အချို့သည် လူနာအပေါ် အညှာတာကင်းကြပါသည်။

(၁၀) မြန်မာများသည် ခွေတာတတ်လာပါပြီ။

(၁၁) ကျွန်တော့်ဆရာမ စိတ်ဆိုးလွယ်ပါသည်။

(၁၂) မန္တလေးမြို့သည် များစွာ ပြောင်းလဲနေပြီ။

(၁၃) အလုပ်ရှာရသည်မှာ အောက်ကျနောက်ကျနိုင်လှပါသည်။

(၁၄) ကျောင်းဆရာအလုပ်မှာ မလွယ်ပါ။

(၁၅) ရန်ကုန်မန္တလေးကားလမ်း ယခုထက် ချဲ့သင့်သည်။

(၁၆) ပြီးခဲ့သည့် ကျောင်းပိတ်ရက်မှာ ပျင်းစရာကောင်းလှသည်။

(၁၇) ကျွန်တော့်အစ်ကိုသည် အလွန်ရှေးဆန်ပါသည်။

(၁၈) အနောက်တိုင်းအစားအစာများကို ကျွန်တော်မကြိုက်ပါ။

(၁၉) မြန်မာရုပ်ရှင်အခြေအနေ အလားအလာကောင်းပါသည်။

(၂၀) ကျွန်တော်ရသောလစာမှာ လောက်လောက်ငငရှိပါသည်။

**၆။ အောက်ပါ ဝါကျစုတွေမှာ အဆိုဝါကျနှင့် အထောက်အပင့်ဝါကျများပါဝင်သည်။ အဆိုဝါကျကို ရွေးကြည့်စမ်းပါ။ အဆိုဝါကျနောက်မှာ "အဆို" လို့ရေးပါ။**

(၁) (က) စာအုပ်တွေ ပျောက်နေလို့ စာမဖတ်နိုင်ပါ။

(ခ) အဘွားဆုံးသွားလို့ စာမေးပွဲမဖြေနိုင်ပါ။

(ဂ) ဆရာ့ကို ကျောင်းသားတွေက ဆင်ခြေအမျိုးမျိုးပေးတတ်ပါသည်။

(ဃ) ခေါင်းကိုက်နေလို့ ကျောင်းမလာနိုင်ပါ။

(၂) (က) ဘရိတ်တွေ ပျက်စီးနေပြီ။

(ခ) ကျွန်တော့်ကားကို အလကားသာ ပေးပစ်ချင်ပါတော့သည်။

(ဂ) ကြမ်းက အပေါက်တွေဗရပွနှင့်မို့ ရေစပ်စပ်မှာမောင်းသွားလျှင် ခြေထောက်ရေစိုရသည်။

(ဃ) ကျွန်တော့် ကားပြင်ဆရာကလည်း ကားကိုပြင်ဖို့ လက်လျှော့လိုက်ပါပြီ။

(၃) (က) ဆေးလိပ်သည်အလွန်စွဲလွယ်ပါသည်။

(ခ) ဆေးလိပ်သောက်ခြင်းကို ဥပဒေနှင့်တားမြစ်သင့်ပါသည်။

(ဂ) ဆေးလိပ်သောက်သူကြောင့် ဆေးလိပ်မသောက်သူများမှာ အန္တရာယ်ရှိပါသည်။

(ဃ) ဆေးလိပ်ကြောင့် သေဆုံးသူဦးရေမှာ မနည်းတော့ပါ။

(၄) (က) လမ်းပေါ်တွင် ယာဉ်တိုက်မှုနှုန်း တစ်နေ့ထက်တစ်နေ့များလျက်ရှိသည်။

(ခ) ယာဉ်မောင်းလိုင်စင်မရှိသူများ ကားမောင်းလျက်ရှိသည်။

(ဂ) ယာဉ်စည်းကမ်းများ ယခုထက်တင်းကျပ်သင့်သည်။

(ဃ) မူးမူးရူးရူးယာဉ်မောင်းသူများကို မကြာမကြာတွေ့ရသည်။

(၅) (က) စားသောက်ဆိုင်တွင် စားပြီးနောက် ကျွန်တော် ဝမ်းကိုက်ရောဂါရသည်။

(ခ) စားသောက်ဆိုင်နောက်ဘက်ခန်းမှာ ကြွက်ကလေးများ ပြေးနေသည်ကို တွေ့ရသည်။

(ဂ) စားသောက်ဆိုင်ဘေးက အိမ်သာသည် ယင်လုံအိမ်သာ မဟုတ်ပါ။

(ဃ) ကျန်းမာရေးနှင့် မညီညွတ်သည့် "ရတနာ" စားသောက်ဆိုင်ကို ပိတ်ပစ်ဖို့ကောင်းသည်။

၇။ ပေးထားတဲ့ အထောက်အပင့်အချက်အလက်တွေနဲ့ ဆီလျော်မဲ့ အဆိုဝါကျတစ်ခုရေးပါ။

(၁)

| အဆိုဝါကျ... |
|---|
| (က) ကျွန်တော်က မုန့်ဝယ်ကျွေးသော်လည်း ကိုမောင်မောင်သည် ကျေးဇူးတင်ဖော်မရပါ။<br>(ခ) ကျောင်းသန့်ရှင်းရေးလုပ်ရာတွင်လည်း ကိုမောင်မောင်ကို မည်သည့်အခါမျှ မတွေ့ရပါ။<br>(ဂ) ကိုမောင်မောင်သည် အခြားကျောင်းသားများနှင့် အတူတူ မကစားပါ။<br>(ဃ) အခြားကျောင်းသားများက ဖော်ဖော်ရွေရွေ ဆက်ဆံသော်လည်း ကိုမောင်မောင်က စကား မပြောပါ။ |

(၂)

| အဆိုဝါကျ... |
|---|
| (က) လာစားသူ လေးငါးယောက်သာ တွေ့ရတတ်ပါသည်။<br>(ခ) မိုးရွာထားသဖြင့် စားသောက်ဆိုင်သို့ လာရာလမ်းမှာ ရွှံ့ဗွက်များ ထူနေပါသည်။<br>(ဂ) ဆိုင်တွင် ထွန်းထားသော လျှပ်စစ်မီးမှာ မှိန်မှိန်သာ လင်းပါသည်။<br>(ဃ) ဆိုင်သည် မြို့ထဲနှင့် လေးမိုင်လောက် ဝေးပါသည်။ |

(၃)

| အဆိုဝါကျ... |
|---|
| (က) မှာပြီးနောက် နာရီဝက်ကျော်ကြာမှ စားစရာတွေက ရောက်လာပါသည်။<br>(ခ) မှာထားသည့်ဟင်းနှင့် ယူလာသည့်ဟင်းက တလွဲစီ ဖြစ်နေတတ်ပါသည်။<br>(ဂ) ဖွန်း ခက်ရင်းလိုနေသေး၍ တောင်းသည့်အခါမှာလည်း ဆယ်မိနစ်ကျော် ကြာမှ ရတတ်ပါသည်။<br>(ဃ) သွားကြားထိုးတံကိုလည်း ဘယ်မှာမှ မတွေ့ရပါ။ |

(၄)

| အဆိုဝါကျ... |
|---|
| (က) တစ်နေ့တွင် အမှန်သည် ပေါ်ပေါက်လာမြဲဖြစ်ပါသည်။<br>(ခ) မိမိညာပြောသည့်အချက် ဘယ်အခါ ပေါ်သွားမလဲဟု အစဉ်စိုးရိမ်နေရပါသည်။<br>(ဂ) မိမိကို မည်သူကမျှ ယုံကြည်လေးစားတော့မည် မဟုတ်ပါ။<br>(ဃ) မိမိကိုယ်မိမိလည်း ယုံကြည်လေးစားတော့မည် မဟုတ်ပါ။ |

| (၅) | အဆိုဝါကျ… |
|---|---|
| | (က) မူလတန်းတုန်းက စာလုံးပေါင်းမှား၍ လက်ဝါးကို ပေတံနှင့် ခဏခဏ အရိုက်ခံရပါသည်။<br>(ခ) အလယ်တန်းတွင် သဒ္ဒါသင်ချိန်၌ အိပ်ပျော်ပျော်သွား၍ ထိုင်ထလုပ်ရသည်မှာ အခါခါပါ။<br>(ဂ) အထက်တန်းတွင် မြန်မာကဗျာများသင်ရသည့်အခါ အဓိပ္ပာယ်နားမလည်၍ စိတ်ရှုပ်ရပါသည်။<br>(ဃ) ကျွန်တော်ရေးထားသည့် စာစီစာကုံးများ ဆရာ့ဆီက ပြန်ရလျှင် နီရဲနေတတ်ပါသည်။ |

**၈။ အပျော်ဆုံးနေ့ အကြောင်း စာတစ်ပိုဒ် လက်တွေ့ရေးကြည့်စမ်းပါ။ အပျော်ဆုံးနေ့ကို ကိုယ်ဘာကြောင့် သဘောထားတယ်ဆိုတာ အကြောင်းသုံးမျိုးပြပါ။ အကြောင်းသုံးမျိုး ခိုင်မာလာအောင် အကြောင်းပြချက် အသီးသီးနောက်က ရှင်းချက်တွေမှာ သာဓကတွေ ထည့်နိုင်သမျှ ထည့်ပေးပါ။**

## ၂။ နည်းလမ်းငါးသွယ်

စာစရေးမယ်ဆိုတာနဲ့ ဘယ်လိုစရပ့်မလဲဆိုတဲ့အတွေးနဲ့ တချို့မှာ ခေါင်းခဲတတ်ပါတယ်။ စာရွက်အလွတ်ကြီး ရှေ့ချပြီး ကြံရာမရ ဖြစ်နေတတ်ပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ ဘယ်လို ခေါင်းစဉ်တပ် ရပ့်မလဲ။ ဘယ်လို အဆိုကို တင်ရပ့်မလဲ စဉ်းစားလို့မရ ဖြစ်နေတတ်ပါတယ်။ အဆိုကို စဉ်းစားလို့ ရပြန်တော့ ဘယ်လိုသာဓကတွေ အကြောင်းပြချက်တွေ ထည့်ရပ့်မလဲဆိုပြီး စဉ်းစားရပြန်ရော။ စာစရေးမိတဲ့အခါ မှာတောင် "ဘာထပ်ဖြည့်ရကောင်းမလဲ" စဉ်းစားရင်း တုံ့တုံ့သွားတတ်ပြန်ရော။

အဲဒီလို အခက်အခဲတွေကို ရှောင်နိုင်ဖို့အရေး နည်းလမ်းအမျိုးမျိုး ရှိနိုင်တဲ့အထဲက နည်းငါးသွယ်ကို ဒီမှာ ပြောပြပါမယ်။ အဲဒီနည်းလမ်းတွေက (၁) လွတ်လွတ်လပ်လပ်ရေးချ (၂) ကိုယ့်ကိုယ်ကိုယ် မေးခွန်း ထုတ် ကြည့် (၃) စာရင်းချကြည့် (၄) တွဲစပ်ကြည့် (၅) ပုံကြမ်းလောင်းကြည့် ဆိုတဲ့နည်းတွေပါ။ စာရေးဖို့ စဉ်းစားတဲ့အခါ ဒီနည်းလမ်းငါးသွယ်က အထောက်အကူပြုပါလိမ့်မယ်။

### နည်းလမ်း ၁။ လွတ်လွတ်လပ်လပ်ရေးချ

စောစောကပြောသလို ဘာရေးရမှန်းမသိ၊ ဘယ်လိုရေးရမှန်းမသိဖြစ်နေရင် ခေါင်းထဲပေါ်လာသမျှ လွတ်လွတ်လပ်လပ် ရေးချလိုက်တာက တစ်ခါတလေ အကျိုးရှိတတ်ပါတယ်။ ဒီလိုရေးချတဲ့အခါ စာလုံးပေါင်းတွေ စာအဖြတ်အတောက်တွေ အမှားပြင်ဖို့ ဂရုစိုက်နေစရာ မလိုပါဘူး။ ရေးချင်တာတွေကို ဆယ်မိနစ် လောက် ရေးလိုက်ဖို့ပဲ လိုပါတယ်။ ရေးစရာ စကားလုံးရှာမရဘဲ တုံ့ခနဲ ရပ်သွားပြီဆိုရင် စကားလုံး ပေါ်လာတဲ့ အထိ နှုတ်က အထပ်ထပ်ရွတ်ကြည့်ရင်းက စကားလုံး ရှာတွေ့နိုင်တယ်လို့ ဆိုကြပါတယ်။ ပေါ်လာသမျှကိုသာ ရေးချပါ။

အဲဒီလို ခေါင်းထဲပေါ်လာသမျှ လျှောက်ရေးတာနဲ့ စာရေးတဲ့အခါ လှုပ်ကြ ရှားကြတဲ့ ကြွက်သားတွေက လူးလွန့်လာတတ်တယ်လို့ ဆိုကြပါတယ်။ ဘာရေးရမှန်းမသိအောင် စောစောက ပိန်းပိတ်နေတဲ့ ဦးနှောက်မှာလဲ ဉာဏ်အလင်းလက်စပြုလာတတ်ပါသတဲ့။ ဘာမှားသွားမလဲ စိုးရိမ်မနေရတော့ အကြောင်းအရာ တစ်ရပ်နဲ့ ပတ်သက်လို့ ကိုယ်ဘာပြောရကောင်းမလဲဆိုတာ စဉ်းစားရာမှာ အာရုံစူးစိုက်နိုင်လာပါပြီ။ စာရွက်ပေါ်မှာ ချရေးလိုက်တာနဲ့ စောစောက မှုန်ဝါးဝါး စိတ်ကူးတွေက ပိုရှင်းရှင်းလင်းလင်း ဖြစ်သွားပါပြီ။ အဲဒီလို ရှင်းလင်းလာတာနဲ့ တခြား စိတ်ကူးသစ်တွေ ဆက်တိုက်ဆက်တိုက် ပွားလာနိုင်ပါတယ်။ ခေါင်းထဲပေါ်လာတာကို လွတ်လွတ်လပ်လပ် ချရေးဖန်များလာတဲ့အခါ ရေးရင်းစဉ်းစားတဲ့ အလေ့အကျင့် ရလာတော့တာပေါ့။ ဒီနည်းဟာ စာစရေးဖြစ်ဖို့ နည်းတစ်သွယ်ပါ။

## နည်းလမ်း ၂။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်

ကိုယ်ရေးချင်တဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ စိတ်ကူးထုတ်တဲ့အခါ ကိုယ့်ဟာကိုယ် မေးခွန်းတွေ များနိုင်သမျှ များများထုတ်နိုင်လေ ကောင်းလေပါ။ ဘာဖြစ်လို့လဲ၊ ဘယ်တော့လဲ၊ ဘယ်တုန်းကလဲ၊ ဘယ်သူလဲ၊ ဘယ်လိုလဲ၊ ဘယ်နည်းနဲ့လဲစတဲ့ မေးခွန်းမျိုးတွေပေါ့။ ဖတ်ဖူးပြီးသား မင်္ဂလာထမင်းဆိုင်အလုပ်ကို မကြိုက်တဲ့ အကြောင်း ရေးတဲ့အခါ ကိုယ့်ဟာကိုယ် မေးခွန်းထုတ်ပုံ သဘောကို နမူနာကြည့်ရအောင်။

| မေးခွန်း | အဖြေ |
|---|---|
| ဘာကိုမကြိုက်တာလဲ။ | ပင်ပန်းတာ<br>လုပ်ခနည်းတာ<br>အလုပ်ရှင်ဆိုးတာ |
| ဘယ်လိုပင်ပန်းတာလဲ။ | တစ်နေ့လုံးလုပ်ရ<br>မနားရ |
| ဘယ်လောက်ထိ လုပ်ခနည်းသလဲ။ | တစ်နေ့ ၁၀၀၀<br>မိသားစုအတွက် မလောက် |
| အလုပ်ရှင် ဘယ်လိုဆိုးတာလဲ။ | စိတ်ဆတ်<br>ဆူဆူပူပူလုပ် |

## နည်းလမ်း ၃။ စာရင်းချကြည့်

စာရင်းချတယ်ဆိုတာက ရေးမယ့်အကြောင်းအရာနဲ့ ပတ်သက်တဲ့ ကိုယ့်စိတ်ကူးတွေ အသေးစိတ် အချက်အလက်တွေကို ရေးချကြည့်တာပါ။ ရေးချကြည့်တဲ့အခါ အချက်အလက်တွေ စီကာစဉ်ကာ ဖြစ်နေဖို့ မလိုပါဘူး။ စိတ်ကူးပေါ်သလို ရေးချ၊ ကိုယ့်ဟာကိုယ် မေးခွန်းတွေထုတ်ပြီး ရလာတဲ့ စိတ်ကူးတွေကို ရေးချကြည့်ဖို့ပါ။ မင်္ဂလာထမင်းဆိုင်မှာ မပျော်ပုံနဲ့ ပတ်သက်လို့ အချက်အလက်တွေရေးချနိုင်ပုံကို ကြည့်ပါ။

**စာရင်းချုပ် နမူနာ**

အလုပ်ရှင်ကဆိုး

ဆိုင်က အခြေအနေမကောင်း

မနက် ၇ နာရီက ည ၈ နာရီထိ အလုပ်လုပ်ရ

ရတဲ့ပိုက်ဆံက ၁၀၀၀

နားချိန်မရှိ

ဆူသံကြိမ်းသံတွေညံ

အလုပ်ခွင်အခြေအနေမကောင်း

## နည်းလမ်း ၄။ တွဲစပ်ကြည့်

နောက်တစ်နည်းက ရေးမဲ့အကြောင်းအရာတွေကို တွဲစပ်ကြည့်တာပါ။ ဒါပေမဲ့ စိတ်ကူးနဲ့ တွဲစပ်ကြည့်တာထက် မျက်စိနဲ့ ကြည့်လို့ရအောင် ချရေးပြီး အချက်အလက်တွေကို တွဲစပ်ကြည့်တာက ပိုထိရောက်တာပေ့ါ။ တွဲစပ်တဲ့အခါ ကိုယ်ကြိုက်တဲ့ နည်းကိုသာ သုံးပါ။ နံပါတ်စဉ်ထိုးပြီး တွဲမလား၊ မြားတွေ မျဉ်းတွေ သုံးပြီးတွဲမလား။

လုပ်တတ်တဲ့ နည်းတစ်နည်းက ဒီလို။ ကိုယ်ရေးမယ့်အဆိုကို စာရွက်လွတ်တစ်ရွက်အလယ်မှာ ပထမရေးချထားလိုက်တယ်။ အဲဒါကို အဝိုင်းနဲ့ဖြစ်ဖြစ် လေးထောင့်နဲ့ဖြစ်ဖြစ် ဘောင်ခတ်ထားလိုက်။ နောက်ပေါ်လာတဲ့စိတ်ကူးတွေ အသေးစိတ်အချက်လက်တွေကို ထက်အောက် ဝဲယာမှာ ရေးချ၊ အဝိုင်းတွေ လေးထောင့်တွေနဲ့ ဘောင်ခတ်ထားလိုက်။ ပဓာနအကြောင်းပြချက်တွေကို ဘောင်ကြီးကြီး၊ အထောက်အပင့် သာဓကအချက်တွေကို ဘောင်သေးသေးခတ်ပေးပေ့ါ။ ချရေးပြီးတဲ့ စိတ်ကူးတွေမှာ ဘယ်ဟာနဲ့ ဘယ်ဟာ ဆက်စပ်တယ် ဆိုတာကို မြားတွေ မျဉ်းတွေဆွဲပြီး ပြထားလိုက်နိုင်တာပေ့ါ။

ဒီလိုတွဲစပ်တဲ့နေရာမှာ ဘယ်လိုတွဲစပ်ပုံက မှားတယ်၊ ဘယ်လိုက မှန်တယ် မရှိပါဘူး။ အဆိုတင်တဲ့အချက်နဲ့ အထောက်အပင့်အချက်တွေ ဆက်စပ်ပုံကို စာရွက်ပေါ်ချပြီး စိတ်ကူးကြည့်တာ သက်သက်ပဲ။ တွဲစပ်ကြည့်တဲ့နည်းကို သုံးရင် စိတ်ကူးတွေ ပေါ်လာနိုင်ရုံတင် မဟုတ်ဘူး။ စိတ်ကူးတွေကို ဘယ်လိုနေရာတကျစည်းစည်းရုံးရုံး စီကာစဉ်ကာ ရေးရမလဲဆိုတဲ့ အကြံဉာဏ်ပွင့်လာနိုင်ပါတယ်။

## နည်းလမ်း ၅။ ပုံကြမ်းလောင်းကြည့်

ပုံကြမ်းလောင်းတာက စာကောင်းတစ်ပုဒ်ဖြစ်ဖို့အရေးမှာ အားထားရပါတယ်။ စောစောက ပြောခဲ့တဲ့နည်းတွေနဲ့ အစပျိုးပြီးမှဖြစ်ဖြစ်၊ အဲဒီနည်းတွေအတိုင်း စမ်းရေးကြည့်နေဆဲမှာဖြစ်ဖြစ် ပုံကြမ်းလောင်းကြည့်လို့ရပါတယ်။ ပုံကြမ်းလောင်းကြည့်လို့ ရပြီဆိုရင် စောစောက နည်းတွေ သုံးနေဖို့တောင် မလိုတော့ ပါဘူး။ ပုံကြမ်းလောင်းကြည့်လို့ မရသေးဘူးဆိုရင်သာ စောစောက နည်းတွေ အတိုင်း လုပ်ဖို့လိုမှာပါ။

ပုံကြမ်းမှာက ကိုယ်ပြောပြမဲ့အဆိုရော၊ အဲဒီအဆိုကို ရှင်းပြမဲ့၊ ထောက်ပင့်မဲ့ အချက်အလက်တွေကိုရော၊ နောက်ပြီး အဲဒီအချက်အလက်တွေ တစ်ခုပြီးတစ်ခု ဘယ်လိုစီစဉ်မလဲ ဆိုတာရော သေသေချာချာ စဉ်းစားရပါပြီ။ ပုံကြမ်းလောင်းသဘောကို သိနိုင်အောင် မင်္ဂလာထမင်းဆိုင်နဲ့ ပတ်သက်တဲ့ ဟောဒီ နမူနာကို ကြည့်နိုင်ပါတယ်။

| |
|---|
| မင်္ဂလာထမင်းဆိုင် အလုပ်က စိတ်ပျက်စရာ အကောင်းဆုံးပဲ။<br>၁။ ပင်ပန်းတယ်<br>၂။ လစာနည်းတယ်<br>၃။ အလုပ်ခွင် အခြေအနေက မကောင်းဘူး |

အကြမ်းရေးပြီးတဲ့အခါ မွမ်းမံဖို့။ မွမ်းမံတာကလဲ မရေးခင် ပြင်ဆင်တာတို့ ပုံကြမ်းလောင်းတာတို့၊ ပထမအကြိမ် ရေးတာတို့လောက် အရေးကြီးတာပါပဲ။ "မွမ်းမံတယ်ဆိုတာ ရေးပြီးသား စာတစ်ပိုဒ်ကို ကောင်းသထက်ကောင်း၊ သန့်သထက်သန့်အောင် အားထုတ်တာပါ။ အိမ်ထဲက အမှိုက် တွေကို ရှင်းပစ်ပြီး ပစ္စည်းတွေ သူ့နေရာနဲ့သူ သေသေသပ်သပ်ထားပုံမျိုးပဲ" လို့ စာရေးဆရာ တစ်ယောက်က ပြောဖူးသတဲ့။ ရွှံ့နေတာလေး တည့်ပေးရုံ၊ နငယ်လေး အမြီးတပ်ရုံမဟုတ်ဘူးနော။ စာကောင်းတစ်ပုဒ်ဖြစ်လာအောင် လိုအပ်တာမှန်သမျှကို ခါးတောင်းကနားကျိုက်ပြီး လုပ်သင့်ရင်လုပ်ရမယ့်ဟာမျိုး။ စာရေးသူတော်တော်များများက ပထမစာကြမ်းလောက်ရေးပြီးရင်ကိုပဲ စာကပြီးသွားပြီ ထင်ကြတာ။ ဘယ်ဟုတ်မလဲ။ စာရေးတဲ့အခါ သုံးလေးခါလောက် ပြန်စစ်ဖို့လိုတယ် ဆိုတာကို သဘောပေါက်လာတော့မှ တကယ်စာရေးတတ်သူလို့ ဆိုရမှာ။

ပြန်မွမ်းမံတာနဲ့ ပတ်သက်လို့ ပထမအချက်က အကြမ်းရေးပြီးတာနဲ့ စာကို ခဏဘေးချ ထားဖို့။ အဲဒီလို လုပ်တော့ မွမ်းမံဖို့ နောက်တစ်ခါ ပြန်ကြည့်တဲ့အခါ ကိုယ့်ဉာဏ်က အရင်ကထက် ပွင့်နေပြီ။ စဉ်းစားရာမှာ ပိုပြီး ဓမ္မဓိဋ္ဌာန်ကျလာပြီပေါ့။ နောက်တစ်ချက်ကတော့ ကိုယ့်စာကိုယ် အသံထုတ်ဖတ် ကြည့်ရပါမယ်။ ဒီလို ဖတ်တော့ ကိုယ်ရေးထားတဲ့ဟန်မှာ ဘာတွေလိုနေလဲ၊ ဘာတွေ ထပ်ဖြည့်ရကောင်းမလဲ စိတ်ကူး ပေါ်လာနိုင်တာပေါ့။ ဟန် တင်မဟုတ်ပါဘူး။ အစိပ္ပာယ်အလေးအပေါ့ကိုလဲ သတိထားမိဖို့ အကြောင်းရှိပါတယ်။ နောက်ဆုံးတစ်ချက်က ကိုယ့်စိတ်ကူးအသစ်တွေ ပြင်ချင်တဲ့အချက်တွေကို ရှိပြီးစာကြောင်းပေါ်မှာ ရေးမလား။ ဘယ်မှာ ရေးမလဲဆိုတာ တိတိကျကျ သတ်မှတ်ထားဖို့ လိုပါတယ်။

မွမ်းမံရမှာက ကိုယ်ရေးထားတဲ့ အကြောင်းအရာနဲ့ ဝါကျတွေပါပဲ။

ကိုယ်ရေးတဲ့ အကြောင်းအရာတွေကို မွမ်းမံမယ်ဆိုရင် အကြောင်းအရာတွေ ဆက်စပ်မှု၊ ခိုင်မာမှု၊ စည်းရုံးမှုတွေကို စစ်ဆေးရပါမယ်။

ဝါကျတွေကို မွမ်းမံတဲ့အခါ ဟောဒီလိုမေးခွန်းတွေ မေးသင့်ပါတယ်။

၁။ စိတ်ကူးနဲ့ ဟပ်စပ်အောင်သုံးပြီး ဟန်ချက်ညီရဲ့လား။

၂။ ရှုထောင့်က တစ်သမတ်တည်း ရှိရဲ့လား။

၃။ အနုစိတ်ရဲ့လား။

၄။ ဗန်းစကားတွေ၊ စကားနွမ်းတွေ၊ ဖတ်ကောင်းရုံသာရှိပြီး အနက်အဓိပ္ပာယ်အနှစ်မပါတဲ့ အပေါ်ယံ စကားတွေ၊ ဖောင်းဖောင်းပွပွ စကားတွေမပါဘဲ ကိုယ့်စာက ထိထိမိမိရှိပြီး အသုံးအနှုန်း ကျစ်လျစ် ရဲ့ လား။

၅။ သုံးထားတဲ့ဝါကျတွေက အတိုအရှည်စုံရဲ့လား။အထားအသိုမှန်ကန်ပြီး လိုရာအဓိပ္ပာယ်ကိုရှင်းရှင်းလင်းလင်း ဖော်နိုင်ရဲ့လား။

## ဟန်ချက်ညီဖို့

စကားစုတွေမှာ အတွဲလိုက်ဖြစ်ဖြစ် အစဉ်လိုက်ဖြစ်ဖြစ် သုံးထားတဲ့ စကားတွေဟာ ဟန်ချက် ညီနေရပါတယ်။ ဟန်ချက်ညီအောင် ညှိထားရင် ဝါကျက ဖတ်ရတာ ပိုလွယ် ပိုရှင်းလာတာပေ့ါ။ အသုံးအနှုန်း ဟန်ချက်ညီအောင် ညှိထားတဲ့ဝါကျနဲ့ ညှိမထားတဲ့ဝါကျ အချောအပြေ ဘယ်လောက် ကွာတယ်ဆိုတာ ဟောဒီမှာ တွေ့ရပါလိမ့်မယ်။

သာဓက ၁။ ကိုယ်အလေးချိန်လျှော့ချရန်၊ စာများများဖတ်ရန်နှင့် တီဗီလျှော့ကြည့်ခြင်းတို့ကို လုပ်ဖို့ သန္နိဋ္ဌာန်ချထားပါသည်။ (ညှိမထားတဲ့ဝါကျ)

သာဓက ၂။ ကိုယ်အလေးချိန်လျှော့ချရန်၊ စာများများဖတ်ရန်နှင့် တီဗီလျှော့ကြည့်ရန် သန္နိဋ္ဌာန်ချ ထားပါ သည်။ (ညှိထားတဲ့ဝါကျ)

အကြမ်းရေးနေတုန်းမှာ ဟန်ချက်မညီတဲ့ဝါကျတွေ သုံးမိကောင်း သုံးမိပါလိမ့်မယ်။ ပြန်စစ်ဆေး ပြင်ဆင်တဲ့ အခါ အဲဒီအချက်ကို သတိထားပြီး လိုသလို ပြန်ညှိရပါမယ်။

## ရှုထောင့်တစ်သမတ်တည်းဖြစ်ဖို့

ဟန်ချက်ညီဖို့အရေးမှာ နောက်ထပ် ဂရုစိုက်ရမှာက စာရေးသူရဲ့ ရှုထောင့်က တစ်သမတ်တည်း ဖြစ်ဖို့ပါ။ စာရေးတဲ့အခါ တစ်ခါတစ်ရံ ကိုယ့်ရှုထောင့်က ပြောလိုက်၊ သူ့ရှုထောင့်က ပြောလိုက် လုပ်တတ်တော့ ရှုပ်ထွေး ကုန်တတ်ပါတယ်။ ဟောဒီစာပိုဒ်ကို ကြည့်ပါ။ ရေးတာက အကြောင်းအရာ တစ်မျိုးတည်းပါပဲ။ ဒါပေမဲ့ ဝါကျတိုင်းမှာလိုလို ရှုထောင့်က ပြောင်းပြောင်းသွားတယ်။ ဒီတော့ အတိုင်အဖောက်မညီ မဆက်မစပ် ဖြစ်သွား တတ်ပါတယ်။

"ကျွန်တော့်ဖခင် ခြံသမားလုပ်သည့်အခါ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ လုပ်ကိုင်တတ်ပါသည်။ ပထမ စိုက်မည့်မြေက မြေသြဇာကောင်းဖို့ လိုပါသည်။ နောက်တော့ ခြံစိုက်ပေးမည့်သူ ဘာ ကြိုက်မည်ကို စဉ်းစားရပါသည်။ တစ်ခါတစ်ရံ ခြံရှင်ကိုယ်တိုင်က သူ့ဟာသူ ဘာစိုက်ချင်မှန်း မသိတတ်ပါ။ အိမ်ထောင်ဖက်က ဝင်ပြီး စွက်ချင်စွက်လာနိုင်ပါသေးသည်။ အစစပြည့်စုံသည်နှင့် ခြံထဲသို့ ပေါက်တူးတွေ တူရွင်းတွေ တံစဉ်တွေ သယ်သွားရပါမည်။ ကျွန်တော့်ဖခင်က ပေါင်းသင်စိုက်ပျိုး မြေသြဇာဖြည့် ရေလောင်းပါတော့မည်။"

အထက်ပါစာပိုဒ်က ဝါကျတွေမှာ ရှုထောင့်ပြောင်းသွားပုံကို သတိထားပါ။ ပထမဝါကျမှာ ကတ္တားက ဖခင်၊ ဒုတိယဝါကျမှာ ကတ္တားက မြေ၊ နောက်ဝါကျမှာ ဖခင်၊ နောက်တော့ ခြံရှင်၊ နောက်တော့ ခြံရှင့်ဇနီး၊ နောက်ဆုံးဝါကျနှစ်ခုမှာ ဖခင်က ပြန်လာ။ ကတ္တားတစ်မျိုးမျိုးပြောင်းသွားတာနဲ့အမျှ ရှုထောင့်က ပြောင်းနေပါတယ်။

**အနုစိတ်ရေးဖို့**

စာရေးကောင်းတစ်ယောက်ဖြစ်ချင်ရင် ခပ်ဖြန်းဖြန်း ယေဘုယျရေးမဲ့အစား အနုစိတ်ရေးဖွဲ့ ရပါတယ်။ အနုစိတ် ရေးပြမှ စာဖတ်သူက မြင်ယောင် ကြားယောင်လာပြီး သရုပ်ပေါ်မှာကိုး။ ဟောဒီ ဝါကျတွေ ယှဉ်ကြည့်ပါ။

| ယေဘုယျ | အနုစိတ် |
|---|---|
| ၁။ ကောင်လေးတစ်ယောက်လာသည်။ | ၁။ မောင်မောင် ကားနဲ့ လာသည်။ |
| ၂။ ငှက်ကလေး မြက်ခင်းပေါ်မှာ နားသည်။ | ၂။ စာကလေး မြက်ခင်းစိမ်းပေါ်မှာ နားသည်။ |
| ၃။ သူ ကားရပ်လိုက်သည်။ | ၃။ မိမိခိုင်သည် ကားဘရိတ်ကို ဆောင့်အုပ် လိုက်သည်။ |

အနုစိတ်ရေးထားတဲ့ ဝါကျတွေမှာ ပြောချင်တဲ့အကြောင်းအရာတွေ ပေါ်ပေါ်လွင်လွင်ရှိနေတာကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် အနုစိတ်ရေးတဲ့အခါ ဟောဒီအချက်တွေကို ထည့်စဉ်းစားဖို့လိုပါတယ်။

(က) လိုအပ်တဲ့အခါ နာမည်အတိအကျ ဖော်ပြပါ။

သာဓက။ ။ မင်းသားသည် အလှကြိုက်သည်။

သာဓက။ ။ ရုပ်ရှင်မင်းသား ဝင်းဖေသည် အလှကြိုက်သည်။

(ခ) ကြိယာဝိသေသနတွေကို သုံးပါ။

သာဓက။ ။ အမှိုက်ကားကြီး ရွှေဘုံသာလမ်းထဲ ဝင်လာသည်။

သာဓက။ ။ အမှိုက်ကားကြီး ရွှေဘုံသာလမ်းထဲသို့ တဝုန်းဝုန်း တဒိုင်းဒိုင်းဝင်လာသည်။

(ဂ) နာမဝိသေသနတွေ သုံးပါ။

သာဓက။ ။ မိန်းကလေး ဈေးထဲသို့လာသည်။

သာဓက။ ။ ဆယ်နှစ်အရွယ် ဝတုတ်တုတ်မိန်းကလေး ဖုန်တသောသောထနေသော ဈေးထဲသို့ ဝင်လာသည်။

(ဃ) အာရုံငါးပါးနဲ့ဆိုင်တဲ့ စကားတွေကို သုံးပါ။

သာဓက ၁။ ထိုအမျိုးသမီးသည် မူလတန်းဆရာမ ဖြစ်သည်။

သာဓက ၁၊ ၁။ ထိုဖြူဖြူသေးသေးအမျိုးသမီးသည် မူလတန်းဆရာမဖြစ်သည်။ (အမြင်)

သာဓက ၂။ မိုးရွာပြီ။

သာဓက ၂၊ ၁။ မိုးတဝေါဝေါရွာနေပြီ။ (အကြား)

သာဓက ၃။ မမက ကျွန်တော့်ကို လိမ္မော်သီးတစ်စိတ်ပေးပါသည်။

သာဓက ၃၊ ၁။ မမက ကျွန်တော့်ကို အလွန်ချိုသော လိမ္မော်သီးတစ်စိတ်ပေးပါသည်။ (အရသာ)

သာဓက ၄။ မသီတာဝင်လာသည်နှင့် တစ်ခန်းလုံး မွှေးကြိုင်သွားသည်။

သာဓက ၄၊ ၁။ မသီတာ ဝင်လာသည်နှင့် စံပယ်ပန်းရနံ့များ တစ်ခန်းလုံး မွှေးကြိုင်သွားသည်။ (အနံ့)

သာဓက ၅။ အိပ်ရာပေါ်တွင် လှဲအိပ်လိုက်သည်။

သာဓက ၅၊၁။ ကြမ်းပြင်ရှိအိပ်ရာပေါ်တွင် လှဲအိပ်လိုက်သည်။ (အထိအတွေ့)

## ကျစ်လျစ်ဖို့

စကားပြောတဲ့အခါ စာရေးတဲ့အခါ အသုံးအနှုန်းရော ဝါကျဖွဲ့ပုံရော ကျစ်ကျစ်လျစ်လျစ်ရှိဖို့ ရှေးကတည်းက မြန်မာတွေသတိထားမိပါတယ်။ အသုံးအနှုန်းကျစ်လျစ်ရင် ဩဇာဂုဏ်မြောက်ဖို့ အကြောင်းတစ်ခုလို့ နားလည် လက်ခံခဲ့ကြပါတယ်။ ဒါပေမဲ့ အခုထိ စကားခပ်ဖွာဖွာ ပြောနေတတ်ကြတုန်းပါပဲ။ အထူးသဖြင့် ခမ်းနားအောင် ပြောတဲ့အခါ မလိုတဲ့စကားတွေ ဆောင်းပြောတတ်ပါတယ်။

သာဓက ၁။ အခုဥက္ကဋ္ဌကြီးက ပြောဆိုဆွေးနွေးမှာ ဖြစ်ပါတယ်။

သာဓက ၁၊ ၁။ အခုဥက္ကဋ္ဌကြီးက ဆွေးနွေးပါမယ်။

သာဓက ၂။ ရန်ကုန်မြို့ကို ရောက်ရှိပါတော့မယ်။

သာဓက ၂၊ ၁။ ရန်ကုန်မြို့ကို ရောက်ပါတော့မယ်။

သာဓက ၃။ ပြီးစီးမည့်အနေအထားရှိသည်။

သာဓက ၃၊ ၁။ ပြီးတော့မည်။

သာဓက ၄။ ရေးသားတင်ပြလိုက်ပါသည်။

သာဓက ၄၊၁။ တင်ပြလိုက်ပါသည်။

## ဝါကျတိုရှည်စုံဖို့

စာပိုဒ်တစ်ပိုဒ်မှာ ဝါကျတွေက တစ်ပုံစံတည်း ဖြစ်နေရင် ငြီးငွေ့စရာကောင်းသွားနိုင်ပါတယ်။ "ကျွန်တော်သည် ကျောင်းလာသည်။ စာသင်ခန်းမှာ ထိုင်သည်။ စာဖတ်သည်။ အိမ်စာလုပ်သည်။" စသည်ဖြင့် တစ်လျှောက်လုံး ဒီပုံစံအတိုင်းရေးရင် အလှည့်အပြောင်း မပါတော့ဘူးနော်။ ဒီတော့ ဖတ်ရတဲ့သူ ငြီးငွေ့နိုင်တာပေါ့။ ဒီလိုပဲ စာတစ်ပုဒ်လုံးမှာ ဝါကျတွေကို "လေသည်" တွေ၊ "ပေသည်" တွေ၊ "၏" တွေ၊ " ဖြစ်ပါသည်" တွေနဲ့ချည်း အဆုံးသတ်ထားရင် စာက လန်းလန်းဆန်းဆန်းရှိလှမယ် မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလို ဝါကျအဆုံးသတ်ပုံတစ်မျိုးထဲ သုံးပြီး အောင်မြင်ကျော်ကြားနေတဲ့ မြန်မာစာရေးဆရာတွေလဲ ရှိနေတာကို သတိထားမိပါလိမ့်မယ်။ ဝါကျပုံစံစုံဖို့ဆိုတာ မြန်မာစာအရေးအသားမှာ အရေးကြီးချင်မှ ကြီးပါလိမ့်မယ်။

ဒါပေမဲ့ ဝါကျတိုတွေကို ဝါကျရှည်တွေအဖြစ် ပြောင်းဖွဲ့ပြီး စကားတစ်လုံးတည်းကို အထပ်ထပ်ဆိုနေမိတဲ့ အဖြစ်က ရှောင်နိုင်ပါတယ်။ နမူနာအဖြစ် အောက်ပါဝါကျတွေကိုကြည့်ပါ။

"ကျွန်တော့်အဘိုးက အသက်၈၀ ရှိပြီ။

သူ နံနက်တိုင်း လမ်းမှန်မှန်လျှောက်သည်။

ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေသည်။”

အဘိုးအကြောင်းကို ဝါကျတို သုံးခုနဲ့ ရေးထားတာတွေ့ပါလိမ့်မယ်။ သူ့အသုံးတွေ ထပ်နေတာကလွဲရင် သုံးခုခွဲ ရေးထားလို့ ပြဿနာက ကြီးလှတယ်မဆိုသာပါဘူး။ သူကို ဖြုတ်ထားပြီး

“ ကျွန်တော့်အဘိုးက အသက် ၈၀ ရှိပြီ။

နံနက်တိုင်း လမ်းမှန်မှန်လျှောက်သည်။

ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေသည်။”

လို့ရေးလိုက်လဲ မြန်မာဘာသာစကားမှာ ကတ္တားမြုပ်ရေးနိုင်တာက ပင်ကိုသဘောတစ်ရပ်ဆိုတော့ ဖြစ်တာပါပဲ။ နောက်ပြီး သွက်သွက်လက်လက်ရေးဖို့လိုတဲ့ အကြောင်းအရာဆိုရင် အဲဒီလိုရေးတာကမှ ကောင်းပါလိမ့်မယ်။ ဒါပေမဲ့ တည်တည်ငြိမ်ငြိမ်ရေးဖို့လိုလို့ ဒါမှမဟုတ် ကိုယ့်စာမှာ ဝါကျတိုတွေ များလွန်းနေတာ ကြောင့် အပြောင်းအလဲဖြစ်အောင် ရေးချင်လို့ ဆိုရင်တော့ ဝါကျတိုတွေကို ဆက်ပစ်နိုင်ပါတယ်။

“ကျွန်တော့်အဘိုးက အသက် ၈၀ ရှိပြီ ဖြစ်သော်လည်း နံနက်တိုင်း လမ်းမှန်မှန်လျှောက်သဖြင့် ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေသည်။” လို့ ရေးနိုင်ပါတယ်။ စာရေးတဲ့အခါ နောက်ဆုံးအဆင့်က တည်းဖြတ်တာပါပဲ။ သဒ္ဒါတွေ၊ ပုဒ်ဖြတ် ပုဒ်ရပ်တွေ၊ အသုံးအနှုန်းတွေ၊ စာလုံးပေါင်းတွေ မတော်မသင့်တာတွေ ပြင်ရတဲ့ အလုပ်ပါ။

**စောလူ ၊ “စကားပြေအရေးအသား ကကြီးခခွေး” စာအုပ်မှကောက်နုတ်၊ ၂၀၁၅၊**
**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

**သင်ခန်းစာဆိုလိုရင်း**

- သဒ္ဒါတွေ စာလုံးပေါင်းသတ်ပုံ အဖြတ်အတောက်တွေကို ဂရုမစိုက်ဘဲ စိတ်ထဲရှိသမျှ ပေါ်လာသမျှ လွတ်လွတ်လပ်လပ် ရေးချရန်
- ကိုယ်ရေးချင်တဲ့အကြောင်းအရာနှင့်ပတ်သက်ပြီး မေးခွန်းများများထုတ်ရန်
- စိတ်ကူးတွေကို စာရင်းချကြည့်ရန်
- ရေးမယ့်အကြောင်းအရာနဲ့ ဆက်စပ်တဲ့ အချက်တွေကို မျဉ်းတွေ မြားတွေ သုံးပြီး တွဲစပ်ကြည့်ရန်
- ကိုယ်ရေးချင်တဲ့ အကြောင်းအရာနဲ့ သူ့ကို ထောက်ပင့်မဲ့အချက်တွေကို ပုံကြမ်း လောင်း ကြည့်ရန်
- အကြောင်းအရာနဲ့ ဝါကျတွေကို ပြန်မွမ်းမံရန် နှင့် တည်းဖြတ်ရန် တို့ကို လက်တွေ့ ရေးသားပြရန်

## လေ့ကျင့်ခန်း

### ၁။ ကွက်လပ်ဖြည့်ပါ။

(၁) စာရေးတဲ့အခါ အရင်ဆုံး …… ရေးချသင့်သည်။

(၂) အကြောင်းအရာတစ်ခုကို ထောင့်အမျိုးမျိုးက စဉ်းစားတဲ့အခါ ……. ဖို့ အလွန်အရေးကြီး ပါတယ်။

(၃) ရေးမဲ့အကြောင်းအရာနဲ့ ပတ်သက်တဲ့ စိတ်ကူးတွေ အသေးစိတ် အချက်အလက်တွေကို ရေးချ ကြည့်တာကို …… လို့ခေါ်တယ်။

(၄) စာကောင်းတစ်ခုဖြစ်ဖို့ အရေးမှာ ….. က အရေးကြီးပါတယ်။

(၅) စာတစ်ပုဒ်ရေးပြီး ပြန်မွမ်းမံပြင်ဆင်ဖို့ လိုတာက …… နဲ့ …… တို့ဖြစ်တယ်။

### ၂။ အောက်ပါဝါကျများကို ဟန်ချက်ညီအောင် မွမ်းမံပါ။

(၁) ကိုယ်အလေးချိန်လျှော့ရန် စာများများဖတ်ရန်နှင့် တီဗီလျှော့ကြည့်ခြင်းတို့ကို လုပ်ဖို့သန္နိဋ္ဌာန်ချထားပါသည်။

(၂) ကျန်းမာရေး၊ ပညာရေး၊ ကြီးပွားခြင်းတို့သည် လူ့ဘဝတွင် အရေးပါသော ကိစ္စများဖြစ်သည်။

(၃) လှလှသည် ကိုယ်ဟန်ပြမယ်ဖြစ်ဖို့၊ ရှေ့နေဖြစ်ဖို့ ဒါမှမဟုတ် သူနာပြုသင်တန်းတက်ရန် စိတ်ကူးနေပါသည်။

(၄) ကျွန်တော်သိသောအချက်သည် သူပြောခြင်းနှင့် ကွဲလွဲနေပါသည်။

(၅) မောင်မောင်သည် စာဖတ်တာ စာရေးတာအပြင် ကစားခြင်းကိုလည်း ခုံမင်သည်။

(၆) ကျွန်မသည် အပြောအဆိုတွင်သာမဟုတ် နေရာထိုင်ရာတွင်လည်း ယဉ်ကျေးအောင် ကြိုးစားသည်။

(၇) ကျောင်း၏ လက်ဝဲဘက်ရှိ မြေကွက်ကလေးကို မိမိတို့ပါလာသော ပေါက်တူး ပေါက်ပြားများ၊ ဓားများဖြင့် ရှင်းလင်းတူးဆွကြပါသည်။ (ကျောင်းဥယျာဉ်၊ စတုတ္ထတန်း စာ ၁၁)

(၈) ကျန်းကျန်းမာမာ ပျော်ရွှင်စွာ ငြိမ်းချမ်းစွာ နေနိုင်ပါစေ။

(၉) ငယ်ငယ်က စာဖတ်လျှင် ဖတ်သလောက် မှတ်မိသော်လည်း ကြီးလာသည့်အခါ ဖတ်ထားသမျှ မမှတ်မိတော့ပါ။

(၁၀) မေမေက ရုပ်လဲချော၊ သဘောလဲကောင်း၊ ဟင်းချက်တာကောင်းပါတယ်။

(၁၁) အိမ်စာလည်းရ၊ ပျော်ကလည်းပျော်၊ အိပ်ချိန်ပင်မရောက်သေးသောကြောင့် ရုပ်ရှင်ရုံသို့ ထွက်လာပါသည်။

(၁၂) လန်ဒန်မြို့၊ ရန်ကုန်မြို့၊ ဘန်ကောက်မြို့တို့သည် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့၏ မြို့တော်များဖြစ်သည်။

၃။ အလုပ် ၁၊ ၁။ အကြမ်းရေးတဲ့ သဘောကို လက်တွေ့သိသွားအောင် စာရွက်တစ်ရွက်ဆွဲပြီး ကိုယ်ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်အကြောင်း ရေးလိုက်စမ်းပါ။ ဘာတွေကြိုက်တယ်၊ ဘာတွေ မကြိုက်ဘူး ပြောဖို့ ကြိုးစားကြည့်ပါ။ ဆယ်မိနစ် ဆယ့်ငါးမိနစ်အတွင်း ဘယ်လောက်ချရေးနိုင်လဲ စမ်းကြည့်ပါ။ စာလုံးပေါင်းအမှားအယွင်းတွေ အစီအစဉ်မကျမှာတွေ အတွက်မပူပါနဲ့။

၄။ အလုပ် ၂၊ ၁။ ကိုယ့်ကိုယ်ကိုယ်မေးခွန်းထုတ်တာကို ကိုယ်တိုင်သဘောပေါက်ပြီး အလေ့အကျင့်ရအောင် စာရွက်ပေါ်မှာ အကြိုက်ဆုံးစာအုပ်အကြောင်း မေးခွန်းထုတ်ကြည့်စမ်းပါ။ မေးခွန်းတိုင်းအတွက် အဖြေတွေလဲ ပါပါစေ။ ဆယ်မိနစ်အတွင်း အဖြေဘယ်နှမျိုး ရေးချနိုင်လဲ ကြည့်ကြရအောင်။

၅။ အလုပ် ၃၊ ၁။ စာရင်းချရေးတာကို ကိုယ်တိုင်သဘောပေါက်အောင် ကိုယ်ကြိုက်တဲ့ စာအုပ်တစ်အုပ်အကြောင်း အချက်အလက်တွေ စာရင်းချကြည့်စမ်းပါ။ ဘယ်အချက်က ပိုအရေးပါလဲ၊ ဘယ်အချက်က နဲနဲပဲ အရေးပါလဲ ဆိုတာတွေ စဉ်းစားမနေပါနဲ့။ ဆယ်မိနစ်အတွင်း ဘယ်နှချက် စာရင်းချလို့ရသလဲဆိုတာပဲ ကြည့်ရအောင်။

၆။ အလုပ် ၄၊ ၁။ တွဲစပ်ကြည့်နည်းကို ကိုယ်တိုင် သဘောပေါက်အောင် ကိုယ့်မိခင်ရဲ့ ချစ်ခင်လေးစား ဖွယ်ရာအကြောင်း အချက်အလက်တွေချပြီး တွဲစပ်ကြည့်စမ်းပါ။

၇။ အလုပ် ၅၊၁။ "မင်္ဂလာရှိတဲ့ နေ့တစ်နေ့" အကြောင်းရေးမယ်ဆိုပါတော့။ ဘယ်လို ပုံကြမ်းလောင်းမလဲ။ ကိုယ်တိုင် ပုံကြမ်းလောင်းကြည့်ပါ။

**၈။ (က) အောက်ပါစာပိုဒ်ကို ရှုထောင့်တစ်မျိုးတည်းက ပြန်ရေးပါ။**

"ကျွန်တော့်ဖခင် ခြံသမားလုပ်သည့်အခါ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ လုပ်ကိုင်တတ်ပါသည်။ ပထမ စိုက်မည့်မြေက မြေသြဇာကောင်းဖို့ လိုပါသည်။ နောက်တော့ ခြံစိုက်ပေးမည့်သူ ဘာကြိုက်မည်ကို စဉ်းစားရပါသည်။ တစ်ခါတစ်ရံ ခြံရှင်ကိုယ်တိုင်က သူ့ဟာသူ ဘာ စိုက်ချင်မှန်း မသိတတ်ပါ။ အိမ်ထောင်ဖက်ကဝင်ပြီး စွက်ချင်စွက်လာနိုင်ပါသေးသည်။ အစစ ပြည့်စုံသည်နှင့် ခြံထဲသို့ ပေါက်တူးတွေ တူရွင်းတွေ တံစဉ်တွေ သယ်သွားရပါမည်။ ကျွန်တော့်ဖခင်က ပေါင်းသင်စိုက်ပျိုး မြေသြဇာဖြည့်ရေလောင်းပါတော့မည်။"

**၈။ (ခ) ပေးထားသောစာပိုဒ်၏ ဝါကျတစ်ခုချင်းမှာ ရှုထောင့်ပြောင်းနေပုံကို စိစစ်ပါ။**

(၁) ရံဖန်ရံခါ နာကျင်စေနိုင်သောအရာများ မျက်စိထဲသို့ ဝင်လေ့ရှိသည်။ (၂) ထိုအခါ မျက်စိကို လက်နှင့် မပွတ်မိစေရန် သတိပြုရမည်။ (၃) မျက်စိကိုပွတ်လျှင် မျက်ကြည်လွှာတွင် အနာ ဖြစ်တတ်သည်။ (၄) လက်မှ ရောဂါပိုးများ မျက်စိထဲသို့ ဝင်တတ်သည်။ (၅) ညစ်ပေသောလက်များကို ဆေးကြောပြီးမှ မျက်စိကို ကိုင်ရသည်။ (၆) မျက်နှာသုတ် ပဝါတစ်ခု တည်းကို လူအများသုတ်ခြင်းဖြင့် မျက်ခမ်းစပ်ရောဂါ၊ မျက်စိရောဂါတို့ ကူးစက်ပြန့်ပွားလွယ်သည်။ (စတုတ္ထတန်း စာ ၂၆)

ဝါကျ (၁) ကတ္တားပုဒ်..................

ဝါကျ (၂) ကတ္တားပုဒ်..................

ဝါကျ (၃) ကတ္တားပုဒ်..................

ဝါကျ (၄) ကတ္တားပုဒ်..................

ဝါကျ (၅) ကတ္တားပုဒ်..................

၉။ (က) အောက်ပါဝါကျတွေမှာ မျဉ်းသားထားတဲ့ စကားတွေကို အနက်ဖွင့်ပြပေးပါ။

(၁) အိမ်မှာ စားစရာတွေ ရှိပါသည်။

(၂) စာကြည့်တိုက်မှာ စာအုပ်ဖတ်ချင်ပါသည်။

(၃) ကျောင်းဆရာလုပ်လိုပါက အရည်အချင်းရှိဖို့ လိုအပ်ပါသည်။

(၄) ဆရာဦးလှမောင်သည် အားကစားတွင် ထူးချွန်ပါသည်။

(၅) ကျန်းမာအောင် အစာစားဖို့ လိုပါသည်။

၉။ (ခ) အောက်ပါဝါကျတွေကို ကျစ်လျစ်အောင် ပြန်ရေးကြည့်ပါ။

(၁) အကြောင်းအရာအလုံးစုံကို အကုန်အစင် မချန်မချွင်း တင်လျှောက်သည်။

(၂) ကျွန်တော်၏အဘိုးသည် အလုပ်မလုပ်တော့သည့် အငြိမ်းစား ကျောင်းဆရာတစ်ဦးဖြစ်သည်။

(၃) ထိုကျောင်းတွင် စာသင်ပေးနေသော ဆရာများသည် စာရေးစရာ မြေဖြူခဲမရှိ၍ မပျော်ကြပါ။

(၄) မြန်မာနိုင်ငံတွင် ပြောဆိုနေသော မြန်မာစကားကို မလေးရှားနိုင်ငံတွင် နားလည်သူ နည်းပါးသည်။

(၅)ကျွန်တော်တို့ကျောင်းရှိ ဥယျာဉ်လေးသည် ကျွန်တော်တို့ကျောင်းရှိ ဆရာ ဆရာမလေးများနှင့် ကျောင်းသူ ကျောင်းသားတို့၏ စုပေါင်းအင်အားမှ ပေါ်ထွန်းလာသော ဥယျာဉ်လေး ဖြစ်ပါသည်။

၁၀။ (က) ပေးထားတဲ့ ဝါကျတိုတွေကို ဝါကျတစ်ခုတည်းဖြစ်အောင် ပြောင်းရေးပါ။

(၁) ကျွန်တော်မနေ့ညက ရုပ်ရှင်ကြည့်သည်။ ဇာတ်လမ်းက ညံ့သည်။ ရုံထဲမှာ ကျွန်တော် တရေးအိပ်ပျော်ခဲ့သည်။

(၂) သူသည် ပြောတိုင်းယုံသည်။ သူ့ကို ဝိုင်းညာကြသည်။ သူသည် နောင်တမရချေ။

(၃) သူ ချောင်းနားထောင်တတ်သည်။ သူ့အလုပ်သမားနှစ်ယောက် သူ့အတင်းပြောသံ ကြားရသည်။ သူစိတ်ဆိုးသည်။

(၄) ကိုဘမောင် အပြောကြီးသည်။ ကိုဘမောင် အစားကြီးသည်။ ကိုဘမောင် အသောက်လွန်တတ်သည်။

(၅) မခင်ခင်သည် ကပ်စေးနှဲသည်။ မခင်ခင်သည် တစ်ပြားကို တစ်ကျပ်ထင်တတ်သည်။ မခင်ခင်သည် မိမိဝမ်းကိုပင် မိမိ မသဒ္ဓါသူဖြစ်သည်။

# ၃။ ခွန်အားရှိသောစာ

ဤလက်ထက်၌ များစွာသော စာရေးဆရာတို့သည် “ခွန်အားရှိသောစာ” “Forceful Language” ဟူသည်မှာ ဘာကိုဆိုလိုသည်ဟု နားလည်ရှာကြပုံ မရချေ။ “ခွန်အားရှိသောစာ” မျိုး ရေးတတ်ဖို့မှာ

(၁) ရေးလိုသည့်အကြောင်းအရာကိုကောင်းစွာ နားလည်ခြင်း

(၂) အချက်ကျကျရေးတတ်ခြင်း

(၃) ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးတည်ဆောက်ခြင်း တို့ရှိဖို့ လိုအပ်ပေသည်။

(၁) အချို့လူများသည် အကြောင်းအရာတစ်ခုကို ကောင်းစွာနားမလည်ပါဘဲလျက် ကိုယ့်ဟာကိုယ် နားလည်ပြီ အထင်နှင့် ရေးချင်ပြောချင်တတ်ကြ၏။ သာမန်ကာလျှံကာမျှလောက် သိထားခြင်းကို တကယ်သိ ထင်ကြ၍ ဖြန်းသန်းကာ ရေးတတ်ပြောတတ်ကြ၏။ မိမိတို့ကိုယ်၌က ဝိုးတိုးဝါးတား ဖြစ်နေသေးသော အသိ မျိုးကိုပင် အဟုတ်သိထင်ပြီး မပိုင်နိုင်ဘဲလျက်နှင့် ပိုင်နိုင်လေဟန် ရေးတတ်ပြောတတ်ကြ၏။ ထိုအခြေမျှ လောက်နှင့် ရေးထားသည့် စာမျိုးသည် “ခွန်အားရှိသောစာ” သို့မဟုတ် စဉ်းစားတတ်သော စာဖတ်ပရိသတ်အား ကျေနပ်စေလောက်သည့် စာမျိုး ဖြစ်မလာနိုင်ချေ။ ထိုသူတို့သည် အမှုအကြောင်းကို တကယ်သိသည်မဟုတ်ဘဲ ကြေးစားလိုက်သော သက်သေအား ကျင်လည်သောရှေ့နေက စစ်ကြောမေးမြန်းလိုက်သည့်အခါ ယောင်ချာချာနှင့် ဖရိုဖရဲဖြစ်ကုန်တတ်သကဲ့သို့ စဉ်းစားတတ်သော စာဖတ်ပရိသတ်မျိုးက (သိပ်တော့ မများလှ) ဉာဏ်ဖြင့် မွှေနှောက် ဆင်ခြင်လိုက်သည့်အခါ ဖြန်းသန်းရေးသားထားသော လူ၏စာသည် အလကား ဖြစ်သွားတတ်လေသည်။

(၂) သူ့နေရာနှင့်သူ တိကျမှန်ကန်သော စကားလုံးရွေးချယ်သုံးနှုန်းတတ်ခြင်းသည် အချက်ကျအောင် ရေးတတ်ခြင်းပင်ဖြစ်၍ “ခွန်အားရှိသောစာ” မျိုးဖြစ်လာနိုင်၏။ ဤပညာမှာ လွယ်ကူသည် မဟုတ်။ စာကောင်း များများကြီးဖတ်ထားပြီး စကားလုံးတော်တော်များများတတ်ထားသည့်ပြင် ရွေးချယ်တတ်သော အသိဉာဏ်မျိုး လည်း ရှိဖို့လို၏။ အဘိဓာန်ကဲ့သို့ စကားလုံးတွေ တတ်ထား သော်လည်း အရွေးမတတ်လျှင် ခွန်အားရှိသော စာမျိုး ရေးတတ်သေးသည် မဟုတ်ချေ။ အချို့သော ပုဂ္ဂိုလ်များမှာမူ စကားလုံးများများကြီးမတတ်ဘဲလျက် နှင့် တတ်သရွေ့စကားလုံးများအနက်မှ အထိရောက်ဆုံးသောအလုံးကို ရွေးချယ်သုံးနှုန်းတတ်သည်ဟူ၍ ရှိပါ၏။ သို့ရာတွင် ထိုသူတို့ကား ပါရမီထူးသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ ကျွန်ုပ်ကိုယ်တိုင် ကြုံရဖူးသည်မှာ ၁၀ နှစ်သား ကျော်ကျော်မျှ ရှိ၍ “ထမင်းစားရေသောက်” စကားလုံးမျှသာ တတ်သေးသည် ဖြစ်ပါလျက် သူတတ်သော စကားလုံးများအနက်မှ ကျွန်ုပ်ကိုယ်တိုင် တအံ့တသြဖြစ်ရလောက်အောင် ထိရောက်သော စကားလုံးများကို ရွေးချယ်သုံးနှုန်းတတ်သော လူငယ်လေးကို တွေ့ရဖူးလေသည်။ ဤသူငယ်ကား ကြီးပြင်းလာသောအခါ၌ အပြောကောင်းသော်လည်းကောင်း၊ အရေးကောင်းသော်လည်းကောင်း ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ရာ အရွယ်မရောက်မီ သေဆုံးသွားသဖြင့် ကျွန်ုပ် နှမြောမိပါသည်။ သာ၍ အံ့သြဖို့ ကောင်းသည်မှာ ထိုသူငယ်သည် မြို့ကြီးသားမဟုတ် ရွာသားလေးတစ်ယောက်မျှသာ ဖြစ်လေသည်။

(၃) ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးတည်ဆောက်တတ်ခြင်းသည် “ခွန်အားရှိသောစာ” မျိုးအတွက်

နံပါတ်(၃) နေရာ၌ ဖော်ပြထားသော်လည်း အရေးကြီးရာ၌မူ နံပါတ် (၃) မဟုတ်။ (၁) နှင့် (၂) တို့ကဲ့သို့ပင် တန်းတူထားထိုက်သည်ထင်၏။ စကားလုံးပြောင်လျှင် "ခွန်အားရှိသောစာ"မျိုး ဖြစ်လာတတ်သော်လည်း ဝါကျ တည်ဆောက်ပုံက ပွစိစိချည့်နဲ့နဲ့ လျော့ရဲရဲ ခနော်ခနဲ့ ဖြစ်နေသည်ဆိုလျှင် စကားလုံး 'ပြောင်' ခြင်းကြောင့် 'နား' ကို ထိခိုက်သော်လည်း စာဖတ်သူ၏ ဦးနှောက်နှင့် နှလုံးသို့ မထိခိုက်ဘဲ ရှိနေတတ်သည်။ (ကျွန်ုပ်ဆိုလိုသော အဓိပ္ပာယ်ကို နားလည်စေခြင်းငှာ အခြားလူများ ရေးကြသည့် စာကောင်းနှင့် စာဆိုးများမှ ဥဒါဟရုဏ်များ ရှာဖွေ စုဆောင်းပြီးသီးသန့်စာအုပ်တစ်အုပ်အဖြစ်နှင့် တင်ပြရလျှင် သာ၍ပေါ်လွင်ထင်ရှားမည်ဖြစ် သော်လည်း မကောင်းသောစာကို နမူနာအဖြစ် တင်ပြရလျှင် ကာယကံရှင်များ၏ ရန်သူကြီးဖြစ်လာနိုင်သည် တစ်ကြောင်း၊ ကြီးပြင်းလာပြီဖြစ်သော ဤအရွယ်၌ ကျန်ရှိသော တစ်သက်တာကလေးကို ထို့ထက်အရေးကြီးသော အလုပ်များ တွင် အသုံးချရမည် ဖြစ်သည်တစ်ကြောင်းကြောင့် တသီးတခြားစာအုပ်ရေးသားဘို့ ကြံရွယ်ချက် မရှိတော့ပါ။)

ဝါကျလက်သမား၏ အလုပ်မှာ စကားလုံးများကို သူ့နေရာနှင့်သူ အစီအစဉ်ပြုလုပ်ရခြင်းပင် ဖြစ်၏။ ဤအလုပ်ကို နားလည်ရန်မှာ ဆရာနှင့်သင်ပြ၍ ဖြစ်သည်မဟုတ်။ လက်သမားကောင်းများ၏ စာပေတို့ကို ကြိုက်တတ်အောင်လေ့လာပြီး ပီတိနှင့်တကွ အထပ်ထပ်ဖတ်ရှုရခြင်းပင် ဖြစ်လေသည်။

စာချောအောင်ရေးတတ်ချင်လျှင် ဝိဘတ်များကိုလည်း တစ်လုည့်စီသုံးတတ်ဖို့ အလေ့အကျင့် ပြုလုပ် သင့်၏။ ယခုတလော၌ 'ကို' ဟူသော ဝိဘတ်အစား 'အား' ဟူသော ဝိဘတ်ကို ထပ်ခါထပ်ခါ သုံး ကြသော အလေ့အကျင့်တစ်ခု ဖြစ်ပေါ်လာ၏။ တစ်လုံးစီကြည့်လိုက်လျှင် 'ကို' ဟူသော ဝိဘတ် သည် 'အား' ဟူသော ဝိဘတ်ထက် အဓိပ္ပာယ်ထိရောက်၍ တိုက်ရိုက်သဘောမျိုးလည်း ပါရှိရာ၏။ သို့နှင့်လည်း 'ကို' ကို ဖယ် ထားပြီး 'အား' ကို သဘောကျသည့် လက္ခဏာနှင့် အထပ်ထပ်သုံးကြ ခြင်းကို တွေ့ရ၏။ ဝိဘတ်နှစ်ခုသည် အဓိပ္ပာယ်တူသယောင် ထင်ကြသော်လည်း ခြားနားခြင်းရှိ၏။ ဥဒါဟရုဏ်ကား ' မောင်ဘသည် စာတစ်အုပ်ကို ကျွန်ုပ်အား ပေး၏" ဟုရေးသင့်ပါလျက် "မောင်ဘ သည် စာတစ်အုပ်အား ကျွန်ုပ်ကိုပေး၏' ဟုရေးပါမူ မှားသည် ဟုဆိုသင့်သည်။ 'မောင်ဘသည် စာ တစ်အုပ်အား ကျွန်ုပ်အားပေးသည်' ဟုရေးပါမူကား မှားရုံ သာမက (ကျွန်ုပ်အဖို့) နားကလောလှသည်။ သို့နှင့်လည်း 'အား' နှစ်လုံးထပ်ရေးကြသူ အတော်များလာ၍ အထူးသဖြင့် 'မြန်မာ့အသံ' သည် ကျွန်ုပ်၏ နားကို ခဏခဏ နှိပ်စက်တတ်လေသည်။ မြန်မာဘာသာ၌ အဓိပ္ပာယ် ခပ်ဆင်ဆင်ရှိသည့် ဝိဘတ်မျိုးရှိလေရာ (အထက်ပါဥဒါဟရုဏ်ကဲ့သို့) '၌' 'မှာ' 'တွင်' 'ဝယ်' တည်း ဟူသော ဝိဘတ်များကို ထပ်လည်းမထပ် အသုံးလည်းတတ်အောင် လေ့ကျင့်ထားခြင်းသည် အဆင်ပြေသော စာမျိုး ရေးလိုသူများအဖို့ လိုအပ်လှပေသည်။

'နာမဝိသေသနနှင့် နာမ်ကို လည်းကောင်း၊ ကြိယာဝိသေသနနှင့် ကြိယာကိုလည်းကောင်း နီးကပ်စွာ ထားခြင်းသည် အဓိပ္ပာယ်ရှင်းစေဖို့ အထောက်အပံ့ပြု၏။ 'လှပသော မောင်ဖြူ၏ အိမ်' ဟုရေးခြင်းထက် 'မောင်ဖြူ၏ လှပသောအိမ်' ဟုရေးခြင်းသည်လည်းကောင်း၊ 'လျင်မြန်စွာ တိုက်ပေါ်သို့တက်သွားသည်' ဟု ရေး ခြင်းထက် 'တိုက်ပေါ်သို့ လျင်မြန်စွာ တက်သွားသည်' ဟု ရေးခြင်းသည်လည်းကောင်း အဓိပ္ပာယ်ရှင်းခြင်းကို နားလည်သင့်ပါလျက် ဤစည်းကမ်းကို ချိုးဖောက်သူ အတော်များလျက်ရှိခြင်းကို တွေ့ရ၏။ ကျွန်ုပ်အဖို့မှာ

ဤမြေလောက် လူသိများသော စည်းကမ်းကိုသာမက ဝါကျတစ်ခုအတွင်း မည်သည့်စကားလုံးကို မည်သည့်နေရာတွင် ထားသင့်သည်ဟု ချက်ချင်းသိမြင်ဖို့ အလေ့အကျင့်ပြုထားသည့် ကျေးဇူးကြောင့် ကျွန်ုပ်၏ ခက်ခဲနက်နဲသော လောကုတ္တရာဆောင်းပါးမျိုးသည်ပင် ရှင်းပါပေသည်ဟု ပြောကြရခြင်းဖြစ်ပါသည်။

**ရွှေဥဒေါင်း၊ "တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များ" စာအုပ်မှကောက်နုတ်၊ ၂၀၂၁၊**

**စိတ်ကူးချိုချိုအနုပညာ**

**သင်ခန်းစာဆိုလိုရင်း**

- စကားပြေအရေးအသားကောင်း၏လက္ခဏာများကိုဖော်ပြထားခြင်း
- ခွန်အားရှိသောစာသည် မည်သို့သော စာမျိုးဖြစ်ကြောင်း လမ်းညွှန်ထားခြင်း

**လေ့ကျင့်ခန်း**

**၁။ အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။**

(က) ခွန်အားရှိသောစာဖြစ်စေရန် ရေးလိုသော ………… ကို ကောင်းစွာနားလည်ရမည်။

(ခ) သူ့နေရာနှင့်သူ တိကျမှန်ကန်သော စကားလုံးများ ရွေးချယ်သုံးနှုန်းတတ်ခြင်းသည် ……… ရေးတတ်ခြင်း ဖြစ်သည်။

(ဂ) ခွန်အားရှိသောစာဖြစ်စေရန် …………… တည်ဆောက်တတ်ရပါမည်။

(ဃ) ဝါကျလက်သမား၏ အလုပ်မှာ စကားလုံးများကို ………… အစီအစဉ်ပြုလုပ်ရခြင်း ဖြစ်သည်။

(င) စာချောအောင် ရေးတတ်ချင်လျှင် ……. များကို တစ်လှည့်စီသုံးတတ်ရမည်။

**၂။ (က) အောက်တွင်ပေးထားသည့် အထားအသို မမှန်သော ဝါကျများကို ပြင်ရေးပါ။**

(၁) ပေ ၃၀ မြင့်သော လိမ္မော်ပင်များ စိုက်ပျိုးရန် သက်ဆိုင်ရာက တောင်တန်းတစ်ခုကို ရှာဖွေနေသည်။

(၂) သပ်သပ်ရပ်ရပ် ညှော်ခံပွဲတက်မည့်သူတိုင်း ဝတ်စားပြင်ဆင်လာကြသည်။

(၃) သူသူ့ကို စိတ်ရှည်သည်းခံတတ်သော လူတိုင်း သဘောကျကြသည်။

(၄) သူသည် လျင်မြန်စွာ အိမ်ပေါ်တက်ပြီး အဝတ်လဲကာ ကျောင်းသို့သွားသည်။

(၅) ခွေးကလေးကို စားပွဲအောက်က အစာကျွေးလိုက်ပါ။

(၆) လတ်ဆတ်သော ဟင်းပွဲတို့ကို အသီးအရွက် အသားငါးတို့ဖြင့် ပြင်ဆင်ထားသည်။

(၇) အမျိုးသမီး ကစားကွင်းတစ်ပတ် မီတာ ၁၀၀ အပြေးပြိုင်ပွဲကို သောကြာနေ့တွင် ကျင်းပမည်။

(၈) သေသေချာချာ အဖေမှာသော စကားများကို လုပ်ဆောင်ပါမည်။

(၉) တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့ကို ရိုးသားဖြူစင်သော မုသားစကားများ မပြောဆိုသင့်ပါ။

(၁၀) အိမ်သစ်ကလေးရှေ့တွင် နှင်းဆီပန်း၊ စကားဝါပန်း၊ စံပယ်ပန်းတို့ကို လှလှပပ စိုက်ပျိုးထားသည်။

(၁၁) စစ်ဘေးရှောင်များကို အလှူငွေ ၁၀ သိန်းအား ပေးအပ်လှူဒါန်းခဲ့သည်။

(၁၂) မိဘမဲ့ကလေးများအတွက် စာရေးကိရိယာပစ္စည်းများအား တာဝန်ရှိသူများကို ပေးအပ်ခဲ့သည်။

(၁၃) သံဃာတော်များကို ဆွမ်းခဲဖွယ်ဘောဇဉ်များအား ရိုသေစွာ ကပ်လှူပါသည်။

(၁၄) မောင်သူရကို လူ့အခွင့်အရေးနေ့ စာစီစာကုံးပြိုင်ပွဲ ပထမဆုအား ချီးမြှင့်သည်။

(၁၅) ရှေးမြန်မာကြီးများသည် ဘာသာစကားနှင့် စာပေတို့အား အနာဂတ်နိုင်ငံသားတို့ကို သမိုင်း အမွေ ပေးခဲ့သည်။

၂။ (ခ) အောက်ပါဝါကျတို့တွင် သင့်လျော်သောဝိဘတ်(နောက်ဆက်)ကို ဖြည့်ပါ။

(၁) ကလေးများ မုန့်စားဆင်းချိန်...... ကစားကွင်းသွားကြသည်။

(၂) ကိုကိုသည် ည (၁၀) နာရီ......... ကော်ဖီသောက်လေ့ရှိသည်။

(၃) မေမေ..... ဘိုးဘွားပိုင် ပတ္တမြားလက်စွပ်တစ်ကွင်းရှိသည်။

(၄) နံနက် (၄) နာရီ ...... ထ၍ ဆွမ်းချက်ဖို့ပြင်ကြပါ။

(၅) ပန်းဥယျာဉ်ထဲ ...... လိပ်ပြာလေးများ ပျံဝဲနေကြသည်။

၂။ (ဂ) ကွက်လပ်တွင် သင့်လျော်သော ဝိဘတ် (နာမ်နောက်ဆက်/ ကြိယာနောက်ဆက်)ကို ထည့်ပါ။

(၁) တစ်နေ့သ..... မဟော်သဓာသတို့သား......... ဖွားဖက်တော် တစ်ထောင် ခြံရံလျက် ကစားရာ ဇရပ်အတွင်းမြေတလင်း....သွားလေ....ရှိသော်၊ စွန်ရဲတစ်ကောင် ........ ဈေး......... အမဲသားတစ် တစ်ခု........ချီလျက်ပျံလာသည်.....မြင်ကြလေလျှင်၊ ဖွားဖက် ရွှေဘော် တစ်ထောင်တို့.......... ထို သားတစ် ........ ချစိမ့်သောငှာ လိုက်ကြကုန်.......။

(၂) ဗာရာဏသီပြည်....အဆွေခင်ပွန်းဖြစ်သော ပုဏ္ဏားသူကြွယ် လေးယောက်တို့ ......ကာမဂုဏ် ..... အပြစ်.....မြင်၍ များစွာသော စည်းစိမ်....စွန့်ပစ်လျက် ဟိမဝန္တာ...သွား၍ ရသေ့ရဟန်းပြု..... အဘိညာဉ်သမာပတ်....ဖြစ်စေ၍၊ တောသစ်မြစ်သစ်သီးသာလျှင် အစာရှိကုန်လျက် ဟိမဝန္တာ.... ကာလအရှည်နေကြကုန်ပြီး....... ချဉ်ဆား မှီဝဲလိုသောငှာ မြို့ဇနပုဒ်....... လှည့်လည်သွားကြသော် အင်္ဂတိုင်းစမ္ပာနဂိုရ်ပြည်.....ရောက်လေ၍၊ မင်း........ ဥယျာဉ်....... နေကြကုန်.......။

၃။ အောက်ပါတို့ကို အပြီးသတ်ပါ။

(၁) သူခိုးကြောင့်..........................

(၂) အစာမစားရသဖြင့်..................................

(၃) နတ်ကောင်းတို့ စောင့်ရှောက်သောအားဖြင့်.........................................

(၄) ခွေးဟောင်သောကြောင့်..................................................

(၅) တံခါးကို လက်ဖြင့်.......................................

(၆) ခွေးဟောင်သည်ကို..................................

(၇) လူဆိုးတို့ဖျက်ဆီးသောကြောင့်..................................

(၈) သူခိုးထွက်ပြေးသည်ကို............................................

(၉) ပြင်းအား ၄.၈ ရှိသောငလျင်သည် ည ၈ နာရီတွင်..........................................

(၁၀) အပင်များကို ရေမှန်မှန်လောင်းလျှင်.....................

၄။ **ပေးထားသော အချက်များကို ဖတ်ပါ။ မည်သည့် အကြောင်းအရာကို ရေးသားထားပါသနည်း။ ထိုအကြောင်းအရာကို ဖော်ပြနိုင်သည့် ခေါင်းစဉ်တစ်ခု တပ်ပါ။**

(၁) မြန်မာပြည်တစ်ခွင်ကား လယ်ယာပြင်မြကတ္တီပါ လွှမ်းခြုံရာပြည်နန်းဖြစ်သည်။ ရောက်လေရာရာ အရပ်တကာတွင် စိမ်းမြမြကမ္ဗလာနှယ် လယ်ကွင်းလယ်ယာ အသွယ်သွယ်ကို မငြီးဖွယ် ရှုမဆုံးနှလုံးညွတ်မျှ မြင်တွေ့ကြရပေမည်။ (တင်မိုး၊ ပန်းလက်ဆောင်စာအုပ် မှ ကောက်နုတ်)

(၂) အကယ်၍ ရောဂါဖိစီး ဒုက္ခကြီးနေရှာသော လူမမာတစ်ဦးအား 'အသင်လိုရာဆုကို တောင်းပါဘိ ငါ ပေးအံ့' ဟု နတ်သိကြားက ဆိုလာငြားအံ့။ 'စိန်ကိုတည်း မလို။ မြကိုတည်းမလို။ ငါ့ရောဂါသည် ပိန်းကြာဖက်တွင် ရေမတင်သည့်နှယ် စင်စင်ရှင်းရှင်း ပျောက်ကင်းစေမူ ဤ ဆုကိုသာ ငါလိုသည်' ဟု ဆိုလတ္တံ့ မည်မချွတ်ပေတည်း။ (တင်မိုး၊ ပန်းလက်ဆောင်စာအုပ် မှ ကောက်နုတ်)

(၃) နံနက်ခင်း အမှောင်ရည်မစင့်တစင်တွင် အရှေ့ကောင်းကင်မှ စဉ်းငယ်နီပြေသော အရုဏ်သည် အမှောင်ကို ဖြိုခွဲ၍ လာခဲ့၏။ မိုးကောင်းကင်သည် စီးကြောင်းထ၍ အက်ကွဲကာ ပတ္တမြားရည် တဖိတ်ဖိတ် ယိုစီးလာချေပြီ။ ရောင်နီပျို့အန် ဖိတ်စင်လေပြီ။ **(တင်မိုး၊ ပန်းလက်ဆောင်စာအုပ် မှ ကောက်နုတ်)**

၅။ **အောက်ပါဝါကျများသည် မလိုသောစကားများဖြင့် ပွစိစိချည့်နဲ့နဲ့ လျော့ရဲရဲ ခနော်ခနဲ့ ဖြစ်နေသည်။ ပြင်ဆင်ရေးသားပါ။**

(၁) အငြိမ့်မင်းသမီးမထွေးလေးသည် ထဘီအနားကို ခြေဖြင့် ခတ်လျက် ခတ်လျက် ကလေ့ရှိသည်။

(၂) ဈေးတွင် အရောင်းအဝယ်လုပ်နေသော ဈေးသည်အများစုသည် အစောကြီး ဆိုင်ခင်း တတ်ကြသည်။

(၃) ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်ကြားပေးသော ဆရာ၊ ဆရာမများ အပေါ် လေးစားကြသည်။

(၄) ဦးကြီးတို့သည် အသီးအနှံများကို ခြင်းတောင်းများတွင် ထည့်၍ ပခုံးဖြင့် ထမ်းလာကြသည်။

(၅) ပြည်သူ့ဝန်ကို ထမ်းနေသော ပြည်သူ့ဝန်ထမ်းတို့သည် တာဝန်ယူထားသော ကိစ္စအရပ်ရပ်ကို ကျေကျေပွန်ပွန် လုပ်ဆောင်ကြရမည်။

# ၄။ စာရေးနည်း နှစ်မျိုး

စာရေးကျင့်လိုသူ တစ်စုံတစ်ယောက်သည် မိမိတကယ်မြင်၊ တကယ်တွေ့၊ တကယ်သိသော အကြောင်းအရာတို့မှ မိမိခံစားလိုက်ရသည်တို့ကို စာဖတ်သူတိုင်းအား မိမိခံစားရသကဲ့သို့ ခံစားနိုင်အောင် တင်ပြရေးသားသင့်သည်။ စာရေးကျင့်သူတိုင်းသည်

(၁) မိမိစာကို ဖတ်၍ကောင်းရန်

(၂) မိမိရင်၌ ခံစားရသကဲ့သို့ ဖတ်သူတို့ ခံစားသိရှိရန် ရေးသားကြသည်။

သတိပြုရန်မှာ စာရေးသူတို့သည် မိမိစာကို ဖတ်၍ကောင်းစေရန် စကားလုံးလှလှကလေးတွေကို ရွေးချယ်လျက်အားမရနိုင်သော လောဘဖြင့် အမြောက်အမြား သုံးနှုန်းဖွဲ့သီလျက် ရေးလေ့ရှိကြသည်။ ထိုအခါ စာရေးသူတို့ ခက်ခက်ခဲခဲ စုဆောင်း၍ တန်းစီရေးပြထားသော ရွှေ၊ ပျို့၊ လင်္ကာ၊ ရတု၊ အဲ၊ အန် တို့မှ စကားလုံးလှလှလေးများကို ဖတ်ရှုကြပြီးနောက် ထိုစာပြီးဆုံးသွားသည်နှင့် စာဖတ်သူတို့သည် စာရေးသူက ထိုစာနှင့် ဘာကို ရေးသားဖော်ပြထားကြောင်း မသိနိုင်ဘဲ ဖြစ်နေတတ်သည်။ ဤတွင် မိမိစာကို ဖတ်ကောင်းစေရန် စကားလုံးအလှတွေ အမြောက်အမြားတန်းစီသုံးစွဲထားခြင်းကြောင့် မိမိသိစေလိုသည့် အကြောင်းအရာကို စာဖတ်သူတို့ မသိနိုင်အောင် မိမိဘာသာဖျက်ခြင်းဖြစ်လေသည်။ နောက်တစ်ဖန် စာဖတ်သူတို့ ကွင်းခနဲ ကွက်ခနဲ သိစေရန် လိုရင်းကို ကွက်၍ ရေးသားဖော်ပြသောအခါ စကားလုံးလှလှများကို ရှာဖွေ၍ မရနိုင် ဖြစ်တတ်သည်။ ထိုအခါ ဖတ်မကောင်းဘဲ စာခပ်ကြမ်းကြမ်းဖြစ်နေတတ်သည်။

နောက်ထပ်သတိပြုရန် အချက်တစ်ချက် ရှိသေးသည်။ စာအရေးကျင့်ခါစ သူတို့သည် မိမိတို့ ရေးလိုက်သည့်အကြောင်းအရာကို မိမိခံစားရသကဲ့သို့ စာဖတ်သူတို့ မသိမည်ကို စိုးရိမ်တတ်သည်။ ထို့ကြောင့် စာဖတ်သူတို့ သိနိုင်ရန်ထပ်တလဲလဲ ရှင်းပြနေတတ်သည်။ စာဖတ်သူကမူ ရှေ့၌ ဘာဆက်ဖြစ်မလဲဟု ဆက်၍ သိချင်နေပြီဖြစ်သည်။သို့သော်စာရေးသူက ဖြစ်ရပ်သစ်ကို မပြောဘဲ ဖြစ်ရပ်ဟောင်းကြီးကိုသာ နောက်တစ်နည်းဖြင့် ရှင်းပြနေသည်။ ထိုအခါစာဖတ်သူသည် ပျင်းလာလျက် စာရွက်များကို ခုန်ကျော်၍ ဖတ်တော့သည်။ ထို့ကြောင့် ဝတ္ထုရေးရာတွင်အကြောင်းခြင်းရာ အမျိုးမျိုးတို့ဖြင့် ထပ်ခါထပ်ခါရှင်းပြနေခြင်းကို ရှောင်ကြဉ်အပ်သည်။

စာရေးကျင့်သူတို့အဖို့ ဖတ်၍ကောင်းသော စာမျိုးရေးရန် စကားလုံးလှလှရွေးခြင်းထက် မိမိ ပြောလိုသော အကြောင်းအရာကို စာဖတ်သူတို့ အလွယ်တကူ ရှင်းခနဲ ကွက်ခနဲ သိနိုင်စေရန် အလေးပေး၍ရေးသင့်ကြသည်။ စကားလုံးလည်းလှ ဖော်ပြပုံလည်း ကွင်းခနဲ ကွက်ခနဲရှိပါမူ အကောင်းဆုံးဖြစ်သည်။ ဤတွင်မိမိဖော်ပြလိုသော အကြောင်း၊ ဖြစ်ရပ်၊ ပုံပန်းသဏ္ဌာန် တို့ကို ကွင်းခနဲ ကွက်ခနဲ ရေးသားဖော်ပြနိုင်ရန် စာရေးနည်းအတတ်ရှိပါသည်။ ထိုစာရေးနည်းအတတ်သည် တိုက်ရိုက်ရေးဖွဲ့နည်းနှင့် သွယ်ဝိုက်ရေးဖွဲ့နည်းပေါင်းနှစ်မျိုးသာ ဖြစ်သည်။ စာရေးကျင့်သူတို့အတွက် တိုက်ရိုက်ရေးဖွဲ့နည်းသည် လုံလောက်သော ရေးဖွဲ့နည်းဖြစ်၍ ကောင်းမွန် ရှင်းလင်းသော ရေးဖွဲ့နည်း၊ လွယ်ကူသော ရေးဖွဲ့နည်းလည်းဖြစ်ပါသည်။

အမည်၊ အမျိုးအစား၊ ပုံသဏ္ဌာန်၊ ဂုဏ်အရည်အချင်းနှင့် လှုပ်ရှားမှုတို့ကို တိုက်ရိုက်ရေးဖွဲ့ရာတွင်

အစီအစဉ်ကောင်းကောင်းဖြင့် ပေါ်လွင်လာအောင်ရေးဖွဲ့ပြခြင်း ဖြစ်သည်။

ဥပမာ... "မြင်းပန်းထိမ်ဟု ခေါ်တွင်ရခြင်းအကြောင်းရင်းကား ပန်းထိမ်လုပ်ရင်း မြင်းမွေးသောကြောင့်တည်း။ ပိန်ချုံးချည့်နဲ့သောမြင်းကို ညနေတိုင်း ကွင်းတန်းနှင့် ကမ်းနားလမ်း တစ်လျှောက်ပတ်၍ တက်စီးမောင်းနှင်တတ်သော အလေ့အထကြောင့်လည်းကောင်း၊ နေ့ကျွက်စီ ညကျွက်စီ လင်မယား ရန်ဖြစ်တမ်း အချစ်စမ်းကြသော အမူအကျင့်ကြောင့်လည်းကောင်း မြင်းပန်းထိမ်ဟုဆိုလျှင် နပ်စင်အောင် မသုတ် တတ်သေးသော ငခွေးကအစ သိသည်။" (မောင်ထင်၊ "ထားဝယ်လုံချည်")

ဤပုံစံတွင် နာမည်တွင်လာပုံကို အကြောင်းပြု၍ စာရေးသူက မိမိဇာတ်ကောင်ကို စာဖတ်သူတို့၏ မျက်စိထဲ မြင်ယောင်လာအောင် တိုက်ရိုက်ရေးဖွဲ့ပြခြင်းဖြစ်သည်။

ထို့ပြင် အမည်ကို ဖော်ပြပြီးမှ အမည်၏ အကြောင်းကို (သို့မဟုတ်) အမည်ရှင်ကို ရေးဖွဲ့ပြရင်း စာဖတ်သူတို့၏ မျက်လုံးထဲ၌ ဇာတ်ကောင်ကို ထင်မြင်လာအောင် တိုက်ရိုက်ရေးဖွဲ့နိုင်သည်။

ဥပမာ... "ပခုက္ကူလှေထိုးသား ကိုနက်ပု နှင့် မြင်းခြံရေတွင်းမှ မအိမ်ကောင်း တို့၏ တစ်ဦးတည်းသော အဖေရော အမေရောတူသည့် သမီးချောကား ယခုရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီး၌ မြင့်မားသော ဆံထုံးကြီးရှင်ဖြစ်လျက် "ကက်သလိန်း ဂေါက်တေးပု၊ ကက်သလိန်း ဂေါက်တေးပု" ဟူသောအမည်ဖြင့် ကျောင်းသားတို့ ပါးစပ်ဖျားတွင် ရေပန်းစားလျက်ရှိသည်။ ကက်သလိန်း ဂေါက်တေးပု ကား စင်စစ် ပုလှသူ မဟုတ်။ အဖေနာမည် ကိုနက်ပု မှ 'ပု' ကို ငယ်နာမည် 'ဂေါက်တေး' နောက်မှ ဆက်ထားသောကြောင့်သာ 'ဂေါက်တေးပု' ဖြစ်နေရခြင်း ဖြစ်သည်။ ကက်သလိန်း ကား မယ်သီလရှင်ကျောင်းမှ ပေးလိုက်သည့် နာမည် တည်း။ သို့သော်နာမည်နှင့် လိုက်သည်ဆိုရမည်။ ကောက်ချိတ်ချိတ်ခပ်မွဲမွဲ အသားအရေ ရှိသော်လည်း ဗိုလ် ဆန်ဆန်နေတတ်၏။ သွား တတ်၏။ ပေါင်းတတ်သင်းတတ်၏။ ခပ်ပြာပြာနှုတ်ခမ်းလေးကို တွန့်ကာ လိမ်ကာ ဗိုလ်စကားကိုလည်း အများကြီး ပြောတတ်ပါသေးသည်။" (ရန်ကုန်ဘဆွေ၊ "ကက်သလိန်း ဂေါက်တေးပု")

အထက်ပါပုံစံ၌ နာမည်ကို ဖော်ပြလိုက်သည်နှင့် မိဘတို့နှင့် ခြားနားသည့် အဆင်အပြင် ရှိနေသော ဇာတ်ဆောင်မိန်းကလေး၏ ပုံပန်းသွင်ပြင်နှင့် စိတ်နေစိတ်ထားတို့ ပေါ်လွင်စေသည်။ တိုက်ရိုက်ရေးဖွဲ့နည်း ဖြင့် အမည်၊အမျိုးအစား၊ ဂုဏ်အရည်အချင်း နှင့် လူကိုသာမဟုတ်၊ အရာဝတ္ထု ပစ္စည်းတို့၏ ပုံသဏ္ဌာန်ကိုလည်း ဖော်ပြနိုင်သည်။

ဥပမာ... "ဂေါက်သီးကား ဂေါက်ပင်ကသီးသော အသီးမဟုတ်ပါ။ လက်ကိုင်တုတ်ကဲ့သို့သော အဖျားကောက်ကောက် တုတ်ဖြင့်ရိုက်ကာ တွင်းစိမ် ကစားရသည့် ကွမ်းသီးလုံးခန့်ရှိ ဘောလုံး ကလေးကို ဆိုသည်။" (သိပ္ပံမောင်ဝ၊ "ဂေါက်သီး")

အထက်ပါပုံစံတွင် ဂေါက်သီး၏ ဇာတိ ဇာစ်မြစ်(ဝါ) ဂေါက်သီး ဘယ်လိုဖြစ်လာသလဲ ဟု ဖော်ပြထားခြင်း မဟုတ်သော်လည်း ဂေါက်သီးဟူသည် မည်သို့သော အရာဖြစ်သည်ကို ရှင်းလင်းစွာ ဖော်ပြ ထားခြင်းဖြစ်သည်။

တိုက်ရိုက်ရေးဖွဲ့နည်းဖြင့် ဂုဏ်အရည်အချင်းကို ပေါ်လွင်အောင်ဖော်ပြနိုင်သည်။ ဂုဏ် ဟူသည်ကား များပြားလှသည်။ အကြောင်း အဖြစ်၊ အရာဝတ္ထုနှင့် သက်ရှိသတ္တဝါ အားလုံးတို့၏ ထူးခြားသော အရည်အချင်း၊

အမူအကျင့်၊ အဆိုးအကောင်းအားလုံးတို့သည် 'ဂုဏ်' ဟူသော စကားတွင် ပါဝင်သည်။

အိမ်သူအိမ်သားတို့ထဲ၌ ငမောင်သည် ဘောလုံးကန်၍ ခြေထောက်နာနေသည်။ ထိုအခါ ဖခင်က သူ့ကို မတွေ့သဖြင့် "ဟို အကျိုး ဘယ်သွားလဲ" ဟုမေးလိုက်သည်နှင့် တစ်အိမ်လုံးက ငမောင် ကို ပြောသည်ဟု သိကြ၏။ ငမောင်၏ ပုံပန်းကို မျက်စိထဲ မြင်လာကြ၏။

စာရေးသူတို့သည် ဂုဏ်ကို ဖော်ပြရာ၌ မိမိတို့ ဇာတ်ကောင်အား ဤသဘောအတိုင်း ဖော်ပြနိုင်၏။ ဇာတ်ကောင်ကိုသာမဟုတ်၊ အကြောင်းအဖြစ်ကို ဖော်ပြရာ၌လည်း ဤအတိုင်းပင် ဖော်ပြနိုင်၏။ ဆရာဇေယျ သည် မြန်မာတို့၏အဖြစ်နှင့် မြန်မာတို့၏ စရိုက်ကို အောက်ပါအတိုင်း ဖော်ပြသွား၏။

"လူ၏စိတ်ကား ရာသီဥတုကဲ့သို့ ရှိ၏။ ခုတစ်မျိုး၊ ခုတစ်မျိုး ပြောင်းတတ်ပေသည်။ မြန်မာ့စိတ်သည် မြန်မာပြည်အောက်အရပ် ရာသီဥတုနှင့် အလွန်တူသည်။ မိုးတွင်းအခါ ကမ္ဘာကြီး အရည်ပျော်ကျမည်လောက် တစ်ရက်မစဲ တသဲသဲ ရွာသွန်းလျက် နွေရာသီသို့ ရောက်သောအခါတွင်လည်း လမ်းပေါ်တွင် ခြေမချနိုင် လောက်အောင် နေ့ ညဥ့်မခြား ပူပြင်းတတ်ပေသည်။ သို့သော် ဆီးနှင်းများ ပိတ်ဆို့လျက် ကြာရှည်လေးမြင့် အုံ့ဆိုင်းနေခြင်းကား မရှိပေ။ နိုင်ငံခြားသားတို့ကား မြန်မာ့ရာသီဥတုနှင့်တူသော မြန်မာ့စိတ်ကို တွေ့မြင်ကြ ရခြင်းဖြစ်ပေသည်။

သို့သော် အရင်းခံဖြစ်သော မြန်မာ့စိတ်ဓာတ်ကား မည်သို့ရှိလေသနည်း။ အဆုံးစွန် အပြင်းထန်ဆုံး မှတ်ကျောက်တင်ကြည့်မှ သိနိုင်ပေသည်။ စိတ်နှင့် ပတ်သက်လျှင် သေမင်းနှင့် မျက်နှာချင်းဆိုင် တွေ့ကြုံရ သည့်အခိုက် နောက်ဆုံးမှတ်ကျောက် ဖြစ်ပေသည်။ ထိုသို့သော မှတ်ကျောက်နှင့် စစ်သည့်အခါ မြန်မာ့ စိတ်ဓာတ်သည် မည်သို့ရှိသနည်း။

ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကို မြန်မာတို့ သုံးနှစ်တိတိ နှစ်ကြိမ်တိုင်တိုင် အပြင်းအပြ ခံခဲ့ရပေသည်။ မြေပြင်တွင် ဂျပန်တို့က မြန်မာတို့အား ၎င်းတို့၏ စစ်တပ်တည်း ဟူသော လမ်းကြိတ်စက်ကြီး နှင့် ပြားပြားဝပ် အောင် သုံးနှစ်တိတိ ဖိ၍ လှိမ့်ခဲ့ကြလေသည်။

မဟာမိတ်တို့ကလည်း သုံးနှစ်လုံးလုံး တစ်ရက်မနား ကောင်းကင်မှ နေ၍ လက်နက်မိုးများ ရွာချ ခဲ့လေသည်။ ဤကဲ့သို့ အထက်ကလည်း မသက်သာ၊ အောက်ကလည်း မသက်သာ၊ နှစ်ဖက်ညှပ်၍ ဖိစီး နေသည့်အထဲတွင် မြန်မာတို့သည် ဒူးမထောက် ကုပ်မကျိုးဘဲ နေခဲ့ကြသည်။ ဂျပန်တို့ စစ်ရေးနိမ့်၍ မဟာမိတ် တို့ အောင်စည်အောင်မောင်း ဆော်ရွမ်း တီးမှုတ်ကာ မြန်မာပြည် အတွင်းသို့ ခြေသံပြင်းပြင်းနှင့် ဝင်လာကြ သောအခါ မြန်မာများမှာ ကျောပေါ်တွင် အကျီအစုတ်စုတ်အပြဲပြဲနှင့် မျက်နှာညှိုးငယ်လျက် တွေ့ရလိမ့်မည်ဟု အထင်ကြီးထင်လျက် လာခဲ့ကြလေသည်။ သို့သော် မြန်မာ့ မျက်နှာမူကား ထိုအစုတ်စုတ်အပြဲပြဲကြားမှပင် ပြုံးရွှင်လျက်ရှိသဖြင့် အံ့အားသင့်သွားကြရပေသည်။

အနောက်နိုင်ငံသားတို့သည် နှစ်ပေါင်းတစ်ရာကျော်မျှ မြန်မာတို့၏ စိတ်ဓာတ်ကို ချိုးနှိမ်ခဲ့၏။ သို့သော် မြန်မာများ၏ ပြုံးသော မျက်နှာကို မြင်၍သာ သွားကြရ၏။ ဂျပန်တို့သည် သုံးနှစ်တိုင်တိုင် မြန်မာ့ကုပ်ပေါ်တွင် ခုံးတင်၍ ထားကြ၏။ သို့သော် "ဝါး..... ဟား..... ဟား" ဟု မြို့ပြကျေးရွာ တောအုံတောင်ကြားများမှ မကျန်

မြန်မာ့ရယ်မောသံကို နာခံ၍ ပြေးကြရ၏။" (ဆရာဇော်ဂျီ၏ "မြန်မာ့ရယ်သံ")

ဤပုံစံ၌ မြန်မာတို့၏ အမြဲပြုံးရွှင်နေနိုင်သော ဂုဏ်ကို ရေးဖွဲ့၍ မြန်မာလူမျိုးကို သရုပ်ဖော်ပြထားခြင်း ဖြစ်၏။ ထို့ကြောင့် တိုက်ရိုက်ရေးဖွဲ့နည်းဖြင့် ဂုဏ်ကိုဖော်ပြရာ၌ အများကိုလည်းကောင်း၊ တစ်ယောက်ချင်း တစ်ဦးချင်းကို လည်းကောင်း၊ အရာဝတ္ထုကို လည်းကောင်း ကြိုက်နှစ်သက်ရာ တိုက်ဆိုင်သလို ဖော်ပြနိုင်ကြသည်။

ထိုသို့ အမည်၊ အမျိုးအစား၊ ဂုဏ်အရည်အချင်း နှင့် ပုံသဏ္ဌာန်တို့ကိုသာမက အပြုအမူ အဖြစ်အပျက်တို့ကို လည်း တိုက်ရိုက်ရေးဖွဲ့နိုင်သည်။ ထိုသို့ရေးဖွဲ့ရာတွင် မိမိဖော်ပြလိုသည့် အဖြစ်အပျက်တို့၏ လှုပ်ရှားနေသော အခိုက် အတန့်ကလေးကိုသော်လည်းကောင်း၊ ဖြစ်ပျက်လှုပ်ရှားပြီး အခိုက်အတန့်ကလေးကို သော်လည်းကောင်း၊ ဖြစ်ပျက် လှုပ်ရှားလတ္တံ့သော အခိုက်အတန့်ကလေးကိုသော်လည်းကောင်း ရေးဖွဲ့ပြခြင်းဖြစ်သည်။ အသံတွေကြားလာအောင်၊ အနံ့တွေ နံလာအောင်၊ အကောင်အထည်ကြီးကို မြင်လာအောင်၊ ထိတွေ့ ခံစားမှုတွေကို မိမိကိုယ်တိုင်ခံစားရသည်ဟု ထင်လာအောင် ပြုမူလှုပ်ရှားမှုတို့ဖြင့် ရေးဖွဲ့ပြနိုင်ကြ သည်။ အောက်ပါပုံစံကို ကြည့်ပါ။

"ပွဲထွက်ပြီ။ ကိုချိပ်သည်စိတ်မကောင်း၊ နောက်တစ်ချီ ထွက်ရာချင်သေး၏။ .... 'မရွှေပွင့်နဲ့တော့ တူတာပဲ။... ဟယ်၊ ဟုတ်နိုင်မယ်မထင်ပါဘူးလေ' ဟု စိတ်ထဲက အောက်မေ့ကာ ကိုချိပ်သည် လင်းကွင်းကို တီးမြဲ တီးနေလေသည်။ ထို့နောက် နတ်ကတော် အကသည် ကရိုးကစဉ် အတိုင်း တဖြည်းဖြည်း သွက်လာ၍ ဆိုင်းကလည်း သွက်သွက်တီးပေးရသည်။ နောက်ထိုင်များထဲမှ သံတိုင် တစ်ယောက်က 'သက်ကယ့် သက်ကယ့် ခေါ် ခေါ် တော်ပါပေရဲ့လေး' ဟု တိုင်ပေးရာ ကျန် နောက်ထိုင်များက 'အပျိုတော် မဂ္ဂါအေး ဆီးကြိုနှင့်လေး'ဟု ဆိုကြသည်။ ထို့နောက် ဆိုင်းက ဗုံပတ် ဗုံပတ်နှင့် ပို၍ သွက်လာလေသည်။ နတ်ကတော် ကလည်း ညာခြေတစ်ဖက်ကို ယမ်းကာ လွှဲကာ ညာလက်ဝါးကို မုန့်လေပွေကင်သကဲ့သို့ မှောက်ချည် လှန်ချည်... ကရလေသည်။

ကရင်း ဆိုင်းဝိုင်းဆီသို့ ရောက်သွားရာ ' ဟိုလူဟာ ကိုချိပ်များဖြစ်နေမလား' ဟူသော အတွေး သည် လေထဲတွင် အမှျင်တန်းနေသကဲ့သို့ ဖြစ်လာလေသည်။ ထို့နောက် ဆိုင်းက ပလို့ထိ၊ ပလို့ထိနှင့် ဆင့်၍ ဆင့်၍ တီးပြန်သဖြင့် နတ်ကတော်သည် ဆိုင်းချက်နှင့် ကိုက်အောင် မျက်စပစ်လိုက်၊ မေးထိုး လိုက် ကရပြန်သည်။ ပရိသတ်၏ ဝဲဘက် ယာဘက်အတွက် ကိစ္စပြီးသွား၍ မျက်နှာတူရူဘက်သို့ မျက်စပစ်၊ မေးထိုးလိုက်သောအခါ ကိုချိပ်၏ မျက်နှာတည့်တည့်ကိုမှ မေးထိုး လိုက်မိလေသည်။

ကိုချိပ်မျက်နှာ ပျက်သွားလေ၏။ လင်းကွင်းကြီးကိုသာ တအားကုန် မဲ၍ တီးလေတော့သည်။ နတ်ကတော်သည် လည်း တစ်ခါတစ်ရံ ခုန်ဆွ ခုန်ဆွ တစ်ခါတစ်ရံ ပတ်ချာလှည့်ကာ သားပျောက်ရှာသော ကြက်မကြီးကဲ့သို့ တရကြမ်း ကလေ၏။" (ဇော်ဂျီ၊ "သော့တွဲနှင့် နတ်ရုပ်")

အချို့စာရေးလိုသောသူနှင့် စာရေးနေသောသူတို့သည် လှုပ်ရှားမှုဖြင့် ဖော်ပြခြင်းကို လုံးဝ မနှစ်သက်၊ ခံစားမှုကို ဖော်ပြ၍ မရဟု ဆိုကြ၏။ သို့သော် လှုပ်ရှားမှုဖြင့် ခံစားမှုတို့ကို တစ်ပြိုင်နက် တည်းဖော်ဆောင်နိုင် ပေသည်။

အထက်ပါအရေးအဖွဲ့၌ ကိုချိုပ်သည် နောက်တစ်ချီပြေးထွက်ပြီး မရွှေပွင့်ကို ရှာလိုက်ချင်ပါလျက် မိမိတာဝန်ဝတ္တရားကြောင့်မရှာနိုင်ဘဲ လင်းကွင်းကြီးကို အောင့်အောင့်အည်းအည်း ဝင်တီးနေရပုံပေါ်လွင်လျက် ရှိ၏။ အသံကြားသဖြင့် မရွှေပွင့်လေလားဟု ကိုချိုပ်၏ စိတ်ထဲ၌ လှုပ်ရှားသွားရသည့် ခံစားမှုကို ဆိုင်းထဲမှ 'ဟေး' သုံး ဟေး လိုက်အော်ကြရမည့်အနက် ဆိုင်းတီးဖော်က တံတောင်နှင့် တွက်လိုက်မှ နောက်ဆုံး တစ်ဟေးသာ မီလိုက်သည် ဟူသော ဖြစ်ပျက်နေပုံဖြင့် ပေါ်လွင်အောင် ဖော်ပြနိုင်ခဲ့၏။

ကိုချိုပ်စိတ်ထဲ၌ မရွှေပွင့် ဟုတ်လေသလား၊ မဟုတ်လေသလား မဝေခွဲနိုင်ဘဲ မိမိ၏ လင်းကွင်းကြီးကို တီးမြဲအတိုင်း မှန်မှန်တီးနေပုံကို ဖော်ပြလိုက်ခြင်းသည်လည်း ကိုချိုပ်၏ ရင်ထဲရှိ တကယ့်အဖြစ်ကို အတိအကျ ဖော်ပြနိုင်ခြင်းဖြစ်၏။ ဤခံစားချက်သည် ထုတ်ဖော်ရေးပြလိုသူတို့ အတွက် ထုတ်ဖော်ရေးပြရန်လွယ်ကူသော ခံစားချက်မျိုးမဟုတ်။ ပို သွားနိုင်၏၊ လို နေနိုင်၏။

"ဟယ်.... ဟုတ်မယ် မထင်ပါဘူးလေ" ဟု မိမိစိတ်ကို မိမိဖြေသိမ့်ရင်း လင်းကွင်းကြီးကို တီးမြဲတီးနေသည်ဟု လှုပ်ရှားမှုကို ဖော်ပြလိုက်ခြင်းဖြင့် ကိုချိုပ်သည် အလုပ်လုပ်နေသော်လည်း မိမိစိတ်ကို အတင်းထိန်းနေရကြောင်း ပေါ်လွင်စေ၏။ မရွှေပွင့်အား တွေ့လိုသည့် ဆန္ဒကို အားလျှော့လိုက်ကာ အလုပ်လုပ် နေရသော်လည်း စိတ်မသက်မသာဖြစ်နေသော ခံစားချက်ကို တိကျမှန်ကန်စွာ ပေါ်လွင်စေ၏။

ထို့နောက် ကိုချိုပ်နှင့် မရွှေပွင့်တို့ မျက်နှာချင်းဆိုင် ဆုံမိကြသည်နှင့် ကိုချိုပ် မျက်နှာပျက်သွားပြီး လင်းကွင်းကြီးကို မဲ၍ တီးနေသည်မှာလည်း ကိုချိုပ်၏ စိတ်လှုပ်ရှားမှု (ကိုချိုပ်စိတ်ထဲမှ ခံစားရချက်) တို့ကို အတိအကျ ဖော်ပြထားသလို ရှိလှ၏။ ကိုချိုပ်သည် မယားဟောင်း မရွှေပွင့်ကို တွေ့ချင်နေသည်။ သို့သော်ဤသို့ လင်းကွင်းကြီးတီးနေရသူအဖြစ်နှင့် တွေ့ရမည်ကိုလည်း ရှက်သည်။ ကိုချိုပ်ရင်ထဲ၌ ဝမ်းသာမှုနှင့် ရှက်သွေးဖြာမှု တို့ လုံးထွေးနေကြပေမည်။ ထိုအခါ ကိုချိုပ်သည် မျက်နှာ ပူပူနှင့် လင်းကွင်းကြီးကို မဲ၍ တီးနေပေလိမ့်မည်။ ဤသို့ဖြင့် ကိုချိုပ်၏ စိတ်လှုပ်ရှားမှုကို တိတိကျကျ ဖော်ပြနိုင်ခဲ့သည်။

ထို့ကြောင့်လှုပ်ရှားမှုကို တိုက်ရိုက်ရေးဖွဲ့ ဖော်ပြနိုင်ခြင်း၊ ဖော်ပြတတ်ခြင်းတို့သည် စာရေးသူတို့ ပြောလိုသည့် အကြောင်းအရာကို စာဖတ်သူတို့ ကွင်းကွင်းကွက်ကွက် မြင်လာကြ ရုံမျှမက ဇာတ်ဆောင်တို့၏ ခံစားချက်ကို စာဖတ်သူက ထပ်တူ ခံစားနိုင်သည်။

စာရေးလေ့ကျင့်သူတို့သည် မိမိရေးဖွဲ့လိုသည့်အကြောင်း၏ လှုပ်ရှားနေသော ဖြစ်ရပ်ကို ထိုအခိုက် အတန့်အတွင်း၌ မည်သို့ဖြစ်ပေါ်နေပါသည်ဟု စာဖတ်သူတို့၏ မျက်လုံးထဲ၌ ထင်မြင်လာအောင် ရေးကျင့်ရလာကြပြီဆိုပါက စာဖတ်သူတို့ကို ဆွဲဆောင်နိုင်သည့် စာရေးသူတစ်ယောက် ဖြစ်လာနိုင်ပေပြီ။

သွယ်ဝိုက်ရေးဖွဲ့နည်း ဆိုသည်မှာလည်း စာရေးသူပြောလိုသော အကြောင်းအရာနှင့် အဖြစ်အပျက်တို့ကို စာဖတ်သူတို့၏ စိတ်မျက်စိထဲတွင် ထင်မြင်လာအောင် ထိုထိုသောနည်းတို့ဖြင့် သွယ်ဝိုက်ရေးဖွဲ့ပြခြင်းဖြစ်သည်။ သွယ်ဝိုက်ရေးဖွဲ့နည်းတို့သည် တကယ်ရှိ၊ တကယ်မြင် နေကြရ သော လောကသဘာဝ (ဝါ) ဖြစ်ရိုးဖြစ်မြဲ ဖြစ်နေကြသော လူသားတို့၏ မျက်မှောက်၌ ရှိသည့် အဖြစ် များထက် ပိုမိုလှပအောင် တန်ဆာဆင်ရေးဖွဲ့နည်း ဖြစ်သည်။ ဤသဘောကို "ဘုရားဖူးသွားခြင်း" ဟူသော ဦးဖိုးကျား၏ စာ၌ " ဟဲ့ ... မယ်တုတ်ကဲ့ အခုဒီမောင်ရင်က သူ့သူငယ်ချင်းပါဆိုလို့သာ နေလိုက်ရတယ်။ ငါတော့ ကေန္တ နတ်သိကြားပဲလို့ စွဲလမ်းနေတုန်းပဲ"

ဟု အဓိကဇာတ်ကောင်၏ ဂုဏ်အရည်အချင်းကို နတ်သိကြားနှင့် တူကြောင်း သွယ်ဝိုက်ရေးဖွဲ့သည်။

စာရေးသူတို့သည် ပြောချင်သည့်အရာကို တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်ပြောပြီး စာဖတ်သူတို့ ထင်သာမြင်သာဖြစ်လာအောင် တန်ဆာဆင်ရေးဖွဲ့ကြောင်း အောက်ပါ ပုံစံတို့တွင် တွေ့နိုင်သည်။

“မောင်လူအေး၏ အမိန့်ကို ခွေးများသာ ကြားသိကြမည်ဆိုလျှင် မည်မျှ ဝမ်းမြောက်ကြမည်နည်း၊ ခွေးလောကကြီးမှာ သတင်းစာ၊ မဂ္ဂဇင်းများ ထွန်းကားနေပါမူ ထို သတင်းစာတို့က မောင်လူအေးအား ခြေမ လောက်ရှိသော စာလုံးကြီးများဖြင့် ချီးမွမ်းသော စကားတို့ကို ရေးသားကြမည် မလွဲပေ။” (သိပ္ပံမောင်ဝ၊ “မောင်ငယ်နှင့်ခွေး”)

“…ရုပါရုံတည်း ဟူသော ခြံကြီး၌ မိမိစိတ်တည်းဟူသော နွားပေါက်ကလေးကို မြက်နုစားရန် လွှတ်လပ်ခွင့် ပေး” (ပီမိုးနင်း “နေညိုညို”)

“ရေကြည့်နန်းအဆောင်ကွယ်လေးတွင် တစ်ကိုယ်လုံးကို စုံးစုံးမြုပ်အောင် ပုန်းရှောင် ထွက်ခွာခဲ့ ပြီးနောက် မင်းနှစ်ပါးတို့ စကားလုစ်ကြူ ကြည်ဖြူစွာ ရှိမရှိကို တစေ့တစောင်းမှ ချောင်းမြောင်း အကဲခတ် နေသော အထိန်းတော်ကြီး ခင်ဘွားသစ်မှာ မျက်နှာများ တဖြည်းဖြည်း လန်း၍ ဝမ်းမြောက်သော အသွင်ကို ဆောင်ကာ မိမိရည်မှန်းထားရာ အောင်မြေတွင် အောင်သေအောင်သား စားရသော စစ်သူကြီးပမာ အားရ ရွှင်ပြုံးစွာ” (ဒဂုန်ခင်ခင်လေး၊ “ စာဆိုတော်”)

“သဘာဝအလှက ကျောက်စက်ရေနှင့်တူ၏။ ပညာရှိကဝိတို့ကား ဖန်ပြာခွက်နှင့်တူ၏။ ကျောက်စက် ရေကို ဖန်ပြာခွက်နှင့်သောက်ရသော် ပို၍အေးမြကြည်လင်သော အရသာရှိသကဲ့သို့ ကဝိတို့ ဖမ်းယူထားသော သဘာဝအလှကား ကျွန်ုပ်တို့အတွက် အထူးမွေ့လျော်ချမ်းမြေ့ဖွယ်ရာ ဖြစ်လေသည်။” (ဇေယျ၊ “ဖန်ပြာခွက်နှင့် ကျောက်စက်ရေ”)

အထက်ပါအတိုင်း ဆန်းစစ်လိုက်လျှင် စာရေးခြင်းအတတ်ဟူသည် မိမိမြင်ရ၊ တွေ့ရ၊ သိရသော အရာကို နားထောင်ကောင်းအောင် တစ်ဆင့် ပြောပြခြင်းမျှ ဖြစ်သည်။ ထိုသို့ပြောရာ၌ နားထောင်သူတို့ နားထောင်ချင်လာစေရန် တန်ဆာဆင်မှုပြုခြင်းမှတစ်ပါး အမှန်အတိုင်းဖြစ်ရန် လို၏။ သစ္စာရှိရန် လို၏။ လုပ်ကြံ၍ ပြောဆိုပါက လိမ်လည်ခြင်းသာ ဖြစ်မည်။ သစ္စာပျက်မည်၊ စာပေပါရာဇိကကံ ကျမည်။ ထို့ကြောင့် စာရေးကျင့်သူတို့သည် မိမိတို့၏ ပတ်ဝန်းကျင်၌ မြင်တွေ့နေကြရသော လောကကြီးအတွင်းရှိ ရယ်ဖွယ် ဟားဖွယ်များ၊ လွမ်းဖွယ် ငိုဖွယ်များ၊ ဒေါသဖြစ်ဖွယ်၊ သနားဖွယ်များ၊ ကြည်နူးဖွယ် အံ့ဩဖွယ်များ စသည် စသည်တို့ကို မိမိသိရ မြင်ရသလို စာဖတ်သူတို့ ဖတ်လာချင်အောင် တန်ဆာဆင်လျက် သစ္စာရှိစွာ ရေးသား ဖော်ပြနိုင်ရမည်။

**ရန်ကုန်ဘဆွေ၊ “စာရေးခြင်းအတတ်” စာအုပ်မှကောက်နုတ်၊ ၂၀၁၇၊**
**စိတ်ကူးချိုချိုအနုပညာ**

**သင်ခန်းစာဆိုလိုရင်း**

- စာရေးကျင့်သူတိုင်းသည် မိမိစာကို ဖတ်၍ကောင်းရန်နှင့် မိမိရင်၌ ခံစားရသကဲ့သို့ ဖတ်သူတို့ ခံစားသိရှိရန် ရေးသားကြကြောင်း
- စာရေးကျင့်သူတို့အတွက် တိုက်ရိုက်ရေးဖွဲ့နည်းသည် လုံလောက်သော ရေးဖွဲ့နည်းဖြစ်၍ ကောင်းမွန်ရှင်းလင်းသော ရေးဖွဲ့နည်း၊ လွယ်ကူသော ရေးဖွဲ့နည်းလည်းဖြစ်ကြောင်း
- စာရေးသူတို့သည် တကယ်ရှိ၊ တကယ်မြင်နေကြရသော လောကသဘာဝ၊ အဖြစ်အပျက်များကို မျက်မှောက်၌ရှိသည့် လောကသဘာဝ၊ အဖြစ်အပျက်များထက် ပိုမိုလှပအောင် သွယ်ဝိုက် ရေးဖွဲ့နည်းဖြင့် တန်ဆာဆင်ရေးဖွဲ့တတ်ကြောင်း

**လေ့ကျင့်ခန်း**

**၁။ ကွက်လပ်ဖြည့်ပါ။**

(က) စာရေးနည်း …… ရှိသည်။

(ခ) တိုက်ရိုက်ရေးဖွဲ့နည်းဖြင့် အမည်၊ မျိုးရိုး၊ ပုံသဏ္ဌာန်၊ ဂုဏ်အရည်အသွေးနှင့် …… တို့ကို ဖော်ပြနိုင်သည်။

(ဂ) သက်ရှိ သက်မဲ့ တို့၏ အကြောင်း အဖြစ်အပျက်၊ အမူအကျင့်၊ အဆိုး အကောင်း အားလုံးတို့သည် ….. ထဲတွင် ပါဝင်သည်။

(ဃ) စာရေးကျင့်သူတို့အတွက် အလွယ်ဆုံးနှင့် အထိရောက်ဆုံးစာရေးနည်းမှာ ………… ရေးနည်း ဖြစ် သည်။

(င) လှုပ်ရှားမှုကို တိုက်ရိုက်ရေးဖွဲ့ရာတွင် …… အတွင်းဖြစ်ပျက်နေသော၊ ဖြစ်ပျက်ခဲ့သော၊ ဖြစ်ပျက်လတ္တံ့သော အကြောင်းတို့ကို စီကာစဉ်ကာ ရေးမှ ပေါ်လွင်ပါမည်။

**၂။ အောက်ပါတို့မှ အဖြေမှန်ရွေးပါ။**

(က) စာရေးကျင့်သူတို့သည် မိမိစာကို ဖတ်ကောင်းစေရန်…… ကို ရွေးချယ်သုံးနှုန်း ရေးသားတတ်ကြသည်။

(၁) သဒ္ဒါစကားလုံးများ

(၂) စကားလုံးလှလှပပလေးများ

(၃) အထူးပြုစကားလုံးများ

(ခ) စာရေးကျင့်သူတို့သည် ……… ရေးသားတတ်ကြသည်။

(၁) မိမိရင်၌ခံစားရသည့်အတိုင်း ဖတ်သူတို့ ခံစားနိုင်အောင်

(၂) မိမိအတွေ့အကြုံကို

(၃) မိမိစိတ်ကူးကို



NUG MOE NUG MOE NUG MOE NUG MOE

(ဂ) ………… သည် မိမိသိစေလိုသည့်အကြောင်းအရာကို စာဖတ်သူတို့ မသိနိုင်အောင် မိမိဘာသာ ဖျက်ခြင်းဖြစ်လေသည်။

(၁) တန်ခိုးရှင်များထည့်သွင်းရေးသားခြင်း

(၂) ခက်ခဲသော ဇာတ်လမ်း ဖန်တီးခြင်း

(၃) စကားလုံးလှလှပပ လေးများ ရှာဖွေရေးသားခြင်း

(ဃ) ဝတ္ထုရေးရာ၌ ……. သည် ရှောင်ကြဉ်အပ်သော ရေးသားနည်း ဖြစ်သည်။

(၁) ဖြစ်ရပ်သစ်များ တစ်ခုပြီးတစ်ခုဖန်တီးခြင်း

(၂) ဖြစ်ရပ်ဟောင်းကို ထပ်တလဲလဲ ရှင်းပြနေခြင်း

(၃) အနက်နှစ်ခွ ဖြစ်သော စကားလုံးများသုံးခြင်း

(င) ဇာတ်ဆောင်တို့ ၏ ခံစားချက်ကို စာဖတ်သူက ထပ်တူ ခံစားနိုင်ရန်……. သည်။

(၁) လှုပ်ရှားမှုကို တိုက်ရိုက်ရေးဖွဲ့ပြနိုင်

(၂) အမည်ကို သွယ်ဝိုက်ရေးဖွဲ့ပြနိုင်

(၃) ဂုဏ်အရည်အချင်းကို တိုက်ရိုက်ရေးဖွဲ့ပြနိုင်

၃။ စာရေးကျင့်သူတို့သည် မည်သည့်အချက်နှစ်ချက်ကို ရှောင်ကြဉ်သင့်သနည်း။ ထိုသို့ ရှောင်သင့်သည့် အချက်များပါဝင်နေသည့် အရေးအသားမျိုးကို တွေ့ဖူးပါသလား။ မိမိ စကားဖြင့် ဖြေဆိုပါ။

၄။ တိုက်ရိုက်ရေးဖွဲ့နည်းဖြင့် မည်သည့်အကြောင်းခြင်းရာတို့ကို ဖော်ပြနိုင်သနည်း။ ၎င်းတို့အနက် နှစ်သက်ရာ တစ်ခုကို တိုက်ရိုက်ရေးဖွဲ့နည်းသုံး၍ ရေးသားပါ။

၅။ တိုက်ရိုက်ရေးဖွဲ့နည်းဖြင့် လှုပ်ရှားမှုကို ရေးသားခြင်းသည် ခံစားမှုကို ဖော်ပြနိုင်သည်ဟု ထင်ပါသလား။ သာဓက တစ်ခုပြ၍ သုံးသပ်ဖြေဆိုပါ။

၆။ “တစ်နေ့တာအလွဲလေးတစ်ခု” အကြောင်းကို တိုက်ရိုက်ရေးဖွဲ့နည်းဖြင့် တင်ပြရေးသားပါ။

၇။ အောက်ပါအဖွဲ့အသီးသီးသည် မည်သည့်ရေးဖွဲ့နည်းကို သုံး၍ ရေးသားထားကြောင်း စာတစ်ပိုဒ်ဖြင့် ဆွေးနွေးပါ။

အလုပ် ၇၊ ၁။ “တုပ်ကွေး ကွေးခြင်း၏ အရသာကို ဤဆောင်းပါး ဖတ်ဖူးသူအပေါင်းတို့ ခံစားကောင်း ခံစားဖူးကြပေလိမ့်မည်။ ကုသိုလ်ကံမကောင်းသောကြောင့် တုပ်ကွေး၏ အရသာကို မခံစား ရဖူးသော သူတို့လည်း ရှိချင်ရှိပေလိမ့်မည်။ ထိုသူတို့၏ အကျိုးငှာ တုပ်ကွေး၏ အရသာ မည်သို့ နေကြောင်းကို ရေးသား ဖော်ပြလိုက်ပါမည်။ ကျေးဇူးတင်လိုက တင်ကြပါကုန်၊ ကျေးဇူးမတင်လို

ကလည်း နေနိုင်ပါသည်။

ရာသီဥတုအပြောင်းအလဲတွင် တုပ်ကွေးနတ် ဖမ်းစားလေ့ရှိသည့်အတိုင်း မိုးအကုန်ဆောင်းအကူး တွင် မောင်လူအေးအား တုပ်ကွေးနတ်ဝင်၍ ပူးလေသည်။

လက်ဦးတွင်ချောင်းအနည်းငယ်ဆိုး၏။ ထို့နောက်မျက်စိပူ၏။ ထို့နောက်တစ်ကိုယ်လုံး ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်း နေ၏။ ထမင်းမစားချင်၊ ဆေးလိပ်မသောက်ချင် ဖြစ်၍လာ၏။ အတန်ကြာလျှင် အိပ်ရာထဲတွင် ဝင်ကွေးချင်သောစိတ် ပေါ်၍ လာတော့သည်။ ထိုအခါ အိပ်ရာထဲသို့ ရောက်၍ သွား လေသည်။

အိပ်ရာထဲသို့ ရောက်သောအခါ တစ်မျိုး ဆန်းကြယ်လာပြန်၏။ တစ်ကိုယ်လုံး ချမ်းစိမ့်စိမ့်ဖြစ်လာ ရုံမက ကိုယ်လက် တွေလည်း ကိုက်လာလေ၏။ ထိုအခါ စောင်ထူထူ သုံးလေးခု ထပ်ကာ ခြုံပြီးလျှင် ကွေးနေမိလေ၏။ ဤအခါတုပ်ကွေး၏အရသာပေါ်၍လာလေသည်။ အလွန်စည်းစိမ်ရှိ၊ အလွန် နှစ်သက်ဖွယ်ကောင်းသော အရသာပေတည်း။" **(သိပ္ပံမောင်ဝ "တုပ်ကွေး")**

အလုပ် ၇၊ ၂။ "ကဗျာဆိုတာဟာ စကားလုံးတွေရဲ့ အသံအလှ အနက်အလှ နှစ်ပါးလုံးကို ရအောင် ဖန်တီး ထားတဲ့ ဘာသာစကား အလှပစ္စည်းတစ်မျိုးပဲ။" **(အောင်သင်း၊ စာပေလူကြမ်းမင်းသား အောင်သင်း နှင့် တွေ့ဆုံခြင်း)**

အလုပ် ၇၊ ၃။ "တစ်ခါတုန်းက ကျွန်တော်တို့ရွာတွင် ဖြူဒုတ်ဆိုသော ခွေးတစ်ကောင်ရှိပါသည်။ ဖြူဒုတ်သည် အလွန်ပျင်းပါသည်။ ပျင်းသဖြင့် အလွန်လည်း ဖျင်းပါသည်။ တစ်နေ့လုံး ခွေးကတက်မှာ တဟားဟား နှင့် သမ်းကာ အိပ်၍သာနေပါသည်။ လမ်းလျှောက်ရမှန်းမသိ။ သူခိုးလာ၍ ဟောင်ရမှန်း မသိ။" (မင်းသုဝဏ်၊ ပုံပြင်များ)

အလုပ် ၇၊ ၄။ "အိမ်နောက်ဖေး ဘူးစင်အောက်တွင် ' ဟဲ့…နွား၊ ဒီနွားဟာ အရိုက်ခံရ တော့မယ်နော်' ဟူသော အသံသည် ခဏခဏ မြည်နေသော်လည်း စင်စစ် ထိုဘူးစင်အောက်တွင် နွားတစ်ကောင်မျှ မရှိချေ။ နွားနှင့်တူသော သတ္တဝါပင် မရှိချေ။ ဘူးစင်အောက်သို့ သွားကြည့်လျှင်မူကား ဝါးခြမ်းပြား ကို ကိုင်မြှောက်နေသော အသံရှင်အောင်ဘော်နှင့် အုန်းလက် ဖင်ပိုင်းတိုတစ်ခုကို တွေ့ရပေ လိမ့်မည်။ အုန်းလက်ဖင်ပိုင်းသည်ကား အောင်ဘော်၏ နွားပင် ဖြစ်လေသည်။ **(ဇော်ဂျီ"အောင်ဘော် နှင့် လေးလုံး")**

အလုပ် ၇၊ ၅။ " ဗြောအတီးတွင် ကိုထွန်းကျော်သည် အိမ့်နောက်ဖေးသို့ထွက်သွားကာ ရှိုက်ကြီးတငင် ပူပင် လှိုက်ဖိုကျိတ်၍ ငိုရှာလေတော့သည်။ သားငယ် ငပုသည် အဖနောက်သို့ လိုက်ကာ အဖ၏လက်ကို မှီတွယ်၍ ဘယ်ဆီဘယ်လမ်း ဘယ်စခန်း ဟု မျှော်မှန်း၍ မရနိုင်သော အမိကို တမ်းတလျက် သားအဖ နှစ်ယောက် ငိုပွဲဆင်ကြလေသတည်း။ ဤ လေးလုံးလေးဖက် ယောကျ်ားကြီးသည် ဖွဲ့နွဲ့ချွဲပျစ် အော်ဟစ် ငိုသည်မဟုတ်ဘဲ လှိုင်းထသော ရင်အုံဖြင့် အတွင်းက ဆူလှိုက်၍ ကျိတ်ကာ

ငိုကြွေး နေသည်ကို မြင်ကြရသောအခါ မည်သူမျှ စိတ်မတင်းနိုင်ကြတော့ချေ။ ကျွန်ုပ်၏ မိတ်ဆွေ ဦးစံရွှေမှာ မျက်ရည်စမ်းစမ်းနှင့် တစ်ဖက်သို့ လှည့်နေ၏။ ကွဲခြံသူကြီးလည်း ခပ်လှမ်းလှမ်းသို့ လျှောက်သွားကာ မကြာမကြာ နှပ်ညှစ်ရလေ၏။ ကြည့်နေသော မိန်းမကြီးငယ်တို့လည်း အင်္ကျီလက်၊ တဘက် စသည် တို့ဖြင့် မကြာမကြာ မျက်ရည်သုတ်ကြ၏။ အဘိုးကြီးများပင် ဟိုလိုလို သည်လိုလို လုပ်ကာ ရှောင်ခွာ သွားကြရကုန်၏။" **(ဦးဖိုးကျား "မိတဆိုးရှင်ပြု")**

အလုပ် ၇၊၆။ "လေပွေသည် ဟိုသည်အနှံ့ ရောက်တတ်၏။ အလွန်ဝေးသော နေရာမျိုးမှပင် လာတတ်လေသည်။ သူနှင့်အတူ အမှိုက်တို့ကို သယ်ဆောင်လာတတ်ချေသည်။ လေပွေ ရောက်လာသောအခါ မူလ အလှဟူသမျှ ပြယ်တတ်၏။ သူ၏ မတည်ငြိမ်သော မြတ်နိုးဖွယ်မရှိသော သို့သော် တဒင်္ဂလှလေ ဟန်ဆောင် တတ်သော အလှမျိုးသည် နေရာအနှံ့ ပျံ့ကြဲလာတတ်၏။ လေပွေကျလျှင် အမှိုက်တို့ ရှုပ်ထွေးကြပေဦးမည်။" **(မင်းကျော်၊ "အမှိုက်လေပွေ")**

အလုပ် ၇၊ ၇။ "ငါ့အား ဖုံးလွှမ်းထားသော လကွယ်ညသန်းခေါင် ဤမှောင်မိုက်တွင်းမှနေ၍ အနိုင်မခံအရှုံးမပေး တတ်သော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါကျေးဇူးစကား ဆိုပါ၏။ လောကဓံတရားတို့၏ ရက်စက်ကြမ်းကြုတ်သော လက်ဆုပ်တွင်းသို့ ကျရောက်နေရသော်လည်း ငါကားမတုန်လှုပ်၊ မငိုကြွေး၊ ကံတရား၏ ရိုက်ပုတ်ခြင်းဒဏ်ချက်တို့ကြောင့် ငါ့ဦးခေါင်းသည် သွေးသံ တို့ဖြင့် ရဲရဲနီ၏။ ညွတ်ကားမညွတ်။

ဤဒေါသ မောဟတို့ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား သေခြင်းတရားသည် ကြောက်မက်ဖွယ် ငံ့လင့် လျက်ရှိ၏။ သို့သော် ငါ့အား မတုန်လှုပ်သည်ကိုသာတွေ့ရအံ့။ နောင်ကိုလည်း ဘယ်တော့မှ မကြောက်သည်ကိုသာ တွေ့ရအံ့။

သုဂတိသို့ သွားရာ တံခါးဝသည် မည်မျှ ကျဉ်းမြောင်းသည်ဖြစ်စေ၊ ယမမင်း၏ ခွေးရေပုရပိုက်၌ ငါ့ အပြစ်တို့ကို မည်မျှပင် များစွာ မှတ်သားထားသည်ဖြစ်စေ ငါကား ဂရုမပြု၊ ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်၍ ငါ့စိတ်၏ အကြီးအကဲဖြစ်လေသည်။" (**"အနိုင်မခံ"၊ အိုးဝေမဂ္ဂဇင်း၊ အတွဲ၆၊ အမှတ် ၁၊ ၁၉၃၆ ခေါင်းကြီးပိုင်း)**

# ၅။ ရသဖန်တီးသူ ရသနှင့် ရသခံစားသူ

ရသဖန်တီးသူသည် ရသဖြစ်ပေါ်မှု၏ အကြောင်းတရားဖြစ်သည်။ ရသခံစားသူသည် ရသ၏ အကျိုးတရားကို ရရှိသူဖြစ်သည်။ ၎င်းတို့၏ ဆက်သွယ်မှုတွင် ရသဖန်တီးသူသည် အခရာ ဖြစ်သည်။ ရသ ဖန်တီးသူကြောင့် ရသဖြစ်ပေါ်ရသည်။ ရသဖြစ်ပေါ်သည့်အတွက် ရသခံစားရသည်။ ရသဖန်တီးသူ၏ အရည်အသွေး၊ အဆင့်အတန်းကို အကြောင်းပြု၍ ရသအာနိသင် အနုအရင့် ကွဲပြားသကဲ့သို့ ရသ ခံစားသူအတွက် အကျိုးသက်ရောက်မှု အတိုင်းအတာလည်း ကွဲပြားသည်။

ရသဖန်တီးသူ၏ အရည်အသွေး ဟူရာ၌ ရသဖန်တီးသည့် စိတ်ကူးဉာဏ် အရည်အသွေးသည် ပဓာနဖြစ်သည်။ စိတ်ကူးဉာဏ်သည် ရသဖန်တီးသူ၏ ဗီဇဓာတ်ခံနှင့်လည်း ဆိုင်၍ ပတ်ဝန်းကျင် လောကနှင့် ထိတွေ့လှုပ်ရှားမှုနှင့်လည်း ဆိုင်သည်ဟု ဆရာဇော်ဂျီ က မိန့်ဆိုသည်။ ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ် ဆိုသည်မှာ တောရောက် တောင်ရောက်လွင့်တတ်သော စိတ်မျိုးမဟုတ်။ ဘဝအတွေ့အကြုံ၊ စိတ်လှုပ်ရှားခံစားမှု ဘဝအသိဘဝသတိတည်းဟူသော အထိန်းအမဖြင့် လှုပ်ရှားတတ်သော ဉာဏ်မျိုးသာ ဖြစ်သည်ဟု ယူဆအပ်သည်။ အထိန်းအမ ကောင်းလျှင် ကောင်းသလောက် စိတ်ကူးဉာဏ် ထက်မြက်နိုင်သည်။ အထိန်းအမ ညံ့လျှင် ညံ့သလောက် ယုံတမ်းဉာဏ်ဘက်သို့ ယိုင်သွားနိုင်၍ စိတ်ကူးယဉ် အခြေသို့ တန်းလျှောသွားနိုင်သည်ဟု ထင်ပါသည် ဟူ၍ ဆရာဇော်ဂျီက စိတ်ကူးဉာဏ် အရည်အသွေးကွာခြားပုံကို သုံးသပ်မိန့်ဆိုထားသည်။

ရသဖန်တီးသူသည် စိတ်ကူးဉာဏ် ရှိရုံနှင့်မပြီး။ စိတ်ကူးဉာဏ်ကို ပုံဖော်ရန် ဖွဲ့နွဲ့ပုံ နည်းနာများကို ကျွမ်းကျင်ရန်လည်း လိုအပ်သည်။ ဆရာဇော်ဂျီက ထိုနည်းနာများကို အနက်မှန် အောင်ဖော်ပေးသည့် သဒ္ဒါနည်း၊ ဝါကျဖွဲ့နည်း၊ ကဗျာစပ်နည်း၊ အနက်ပြေပြစ်အောင် ဖော်နိုင်သည့် သဒ္ဒါလင်္ကာရ (ဒေါသဂုဏ်) နည်းများ၊ အနက်ဆန်းကြယ်အောင် ဖော်နိုင်သည့် ဥပမာ၊ ရူပက စသည့် အတ္ထာ လင်္ကာရ နည်းများ ဟူ၍ ခွဲခြားပြသည်။ ထိုနည်းများကို လေ့ကျင့်ထားလျှင် စိတ်ကူးဉာဏ်ကို ပုံဖော်ရန် အဆင်သင့်ပြင်ထားရာ ရောက်ပါသည်။

စိတ်ကူးဉာဏ်နှင့် ဖွဲ့နွဲ့ပုံနည်းနာတို့၏ အရင်းခံဖြစ်သော ခံစားမှုကို ပဲ့ကိုင်ပေးသူမှာ စာရေးသူ၏ စေတနာ ဖြစ်သည်ဟု ယူဆကြောင်း ဆရာဇော်ဂျီက မိန့်ဆိုသည်။ ' စေတနာ ဆိုသည်မှာ စာရေးသူ ၏ မေတ္တာကရုဏာ စေတနာ၊ အကျိုးလိုလားခြင်း စေတနာ၊ အမှန်လိုလားခြင်း စေတနာ၊ အမှား မလိုလားခြင်း စေတနာ၊ တရားသည်ကို လိုလားခြင်းစေတနာ၊ မတရားသည်ကို မလိုလားခြင်း စေတနာ စသည်ဖြင့် ထိုကဲ့သို့သော စိတ်ဓာတ်မျိုးကို ဆိုလိုပါသည်' ဟု ဖွင့်ဆိုသည်။ ရသဖန်တီးသည့် စာရေးဆရာတွင် စေတနာက ပဲ့ကိုင်ဖြစ်သည့်အတွက် စိတ်ကောင်းရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် စိတ်ကောင်းမွေးရမည်ဖြစ်ကြောင်း ဆရာက ဆွေးနွေးလမ်းညွှန်ထားပါသည်။

ရသဖန်တီးသူ၏ စေတနာက ပဲ့ကိုင်ပေးသော စိတ်ကူးဉာဏ်နှင့် အရေးအဖွဲ့နည်းနာ ကျွမ်းကျင်မှုကို လိုက်၍ ဖန်တီးလိုက်သော ရသအာနိသင် တို့ အနုအရင့် ကွဲပြားမည် ဖြစ်သည်။ အကယ်၍ ရသဖန်တီးသူသည် စေတနာလည်းမှန်၍ လေးနက်သော ဘဝအတွေ့အကြုံကို အခြေခံ သည့် စိတ်ကူးဉာဏ်လည်းရှိလျှင် ဖန်တီးလိုက်သော ရသသည် ပတ်ဝန်းကျင်လောကကို သတိပြုမိပြီး ဘဝအသိအမြင် ပေါ်ပေါက်စေသည့် အဆင့်

အတန်း ရှိသော ရသမျိုးဖြစ်လာမည်။ ထိုရသကို ဆရာ ဇော်ဂျီက 'ဘဝအာနိသင်နှစ်သက်ခြင်း' ဟု နာမည်ပေး ပါသည်။

အကယ်၍ ရသဖန်တီးသူသည် စေတနာလည်းမမှန်၊ ဘဝအတွေ့အကြုံလည်း မလေးနက်လျှင် သူ့ စိတ်ကူးဉာဏ်သည်လည်း မလေးနက်ဘဲ၊ စိတ်ကူးယဉ်အဆင့်သို့ ရောက်နိုင်ဖွယ်ရှိသည်။ ဖန်တီးလိုက်သော ရသမှာလည်း ခုပေါ် ခုပျောက်သော အာနိသင်မပါသော ရသမျိုး ဖြစ်လာမည်။ ထိုရသကို ဆရာဇော်ဂျီက 'ရသ နှစ်သက်ခြင်းသက်သက်' ဟု နာမည်ပေးသည်။ သာဓကဆောင်ရာတွင် ဦးလတ်၏ "ရွှေပြည်စိုး" ဝတ္ထုမှ မောင်သောင်းဖေ၏ ဂါရဝ နိဝါတ ပျက်ယွင်းသော အမူအရာ ကို ဖတ်ရ၍ ပြုံးရသည့်အရသာသည် ရင်ထဲတွင် ကျန်ခဲ့ပြီး၊ ထိုသို့သောလူမျိုးကို မြင်ရသည့်အခါတိုင်း ပြန်သတိရစေသည့်အတွက် 'ဘဝအာနိသင်ဟာသရသ' ဖြစ်သည်။ ပဋ္ဌာစာရီဇာတ်မှ မထွေးလေး ဆိုသော အရူးသီချင်းကို နားထောင်ပြီး ရယ်လိုက်ရသော အရသာ သည် ပြီးပြီးပျောက်ပျောက် အရသာမျိုးဖြစ်သည့်အတွက် ဘဝအာနိသင်မပါသော ဟာသရသ သက်သက် ဖြစ်သည်ဟု သုံးသပ်ပြသည်။

ရသခံစားသူဘက်က ကြည့်လျှင်လည်း ရသခံစားရသည့် အကျိုးသက်ရောက်မှုချင်း ခြားနားပါသည်။ ရသနှစ်သက်ခြင်းသက်သက်သည် ရသခံစားသူကို တစ်ခဏမျှသာ နှစ်သက်ခံစားမှု ပေးနိုင်ပြီး ထိုရသကို ခံစား ပြီးသည်နှင့် ရင်ထဲတွင် ဘာမှမကျန်တော့ဘဲ ပျောက်ကွယ်သွားပါသည်။ ဘဝ အာနိသင်နှစ်သက်ခြင်းမှာမူ နှစ်သက်ခံစားရသောအရသာ ပျောက်ကွယ်သွားသော်လည်း ထိုရသကပေးသော အာနိသင်မှာ ရင်ထဲတွင် စွဲကျန်နေပါသည်။

ဤနေရာတွင် ဘယာနကရသခေါ် အကြောက်အရသာပေးသော ဝတ္ထုနှစ်ပုဒ်ကို ကိုယ်တွေ့ သာဓက အဖြစ် ဖော်ပြလိုပါသည်။ ပထမတစ်ပုဒ်မှာ ရွှေဥဒေါင်း၏ 'ပထမံဆရာသိန်း' ဖြစ်သည်။ ဤစာတမ်းရှင် စာဖတ်ရှိန်ရစ လူငယ်ဘဝတွင် ပထမံဆရာသိန်းနှင့် တွေ့ရသည်။ စာအုပ်ကို စဖတ်လိုက်သည်နှင့် ပထမံ ဆရာသိန်းက စာတမ်းရှင်ကို ဆွဲခေါ်သွားပါသည်။ အသည်းတထိတ်ထိတ် ရင်တဖိုဖို အရသာကို ခံစားရင်း ပထမံဆရာသိန်းနှင့်အတူ တရုတ်ပြည်သို့လည်း ရောက်ရသည်။ ဆရာသိန်းကြုံတွေ့ရသော သည်းထိတ်ရင်ဖို စရာများကိုလည်း ကိုယ်တိုင်ကြုံတွေ့သလို ခံစားရသည်။ အာထဗ္ဗဏဗေဒကျမ်းကို ရယူရန် ဂိုဏ်းအုပ် ဘုန်းတော်ကြီး ယောင်ဆောင်ပြီး စွန့်စွန့်စားစား သွားရသော ထိုခရီးကား ထိတ်လန့်စရာကောင်းလှသည်။ ဗေဒကျမ်းကြီး လက်ထဲရောက်ခါနီးမှ ဘုန်းတော်ကြီးအစစ် ပေါ်လာသဖြင့် အလိမ်ပေါ်ကာ အသက်လုပြီး ထွက်ပြေးခဲ့ရပုံများမှာလည်း ထိတ်လန့်စရာပင်။ သို့သော် ဝတ္ထုဆုံးသွားသည်နှင့်ထိတ်လန့်သည့်အရသာ ပျောက်သွားပါသည်။ ထိုဝတ္ထုကို နောက်တစ်ကြိမ်ပြန်ဖတ်သောအခါ ဇာတ်လမ်းမှာ သိပြီးသား ဖြစ်နေသည့် အတွက် ထိတ်လန့်မှုမခံစားရတော့ပါ။ ထိုဝတ္ထုကပေးသော ဘယာနကရသသည်လည်း ရသ နှစ်သက်ခြင်း သက်သက်ဖြစ်သည် ဟု ယူဆပါသည်။

နောက်တစ်ပုဒ်မှာ စိန်စိန်၏ 'ချစ်ငြိုး ချစ်မာန်' ဖြစ်သည်။ ထိုဝတ္ထုကိုလည်း စာတမ်းရှင် ငယ်စဉ်က ဖတ်ခဲ့ရခြင်းဖြစ်သည်။ ဇာတ်လမ်းကို အချုပ်ဖော်ပြရလျှင် သားကို အလွန်ချစ်သော အမေက သား၏ ဆင်းရဲ

သော ချစ်သူနှင့် သဘောမတူသဖြင့် သား အဝေးသို့ သွားနေစဉ် သားချစ်သူကို ခိုးယူပေါင်းသင်းရန် မွေးစား သားကို အနိုင်ကျင့်စေခိုင်းသည်။ မွေးစားသားမှာ မလွန်ဆန်နိုင်သဖြင့် သားရင်း၏ ချစ်သူကို သားရင်းက ခိုးခိုင်း ဟန်ဆောင်ပြီး ခိုးယူသည်။ အဖြစ်မှန်ကို သိသွားသော မိန်းကလေးမှာ စိတ်ထိခိုက်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်သွားသည်။ သားရင်းပြန်လာသောအခါ အမေကို စိတ်နာပြီး အရွဲ့တိုက်ကာ သူ့ထက်အသက်များစွာ ကြီး သော အရက်ဆိုင်ပိုင်ရှင် မုဆိုးမကြီးကို ယူပစ်လိုက်သည်။ အမေ့အိမ်နောက်ဖက်က အရက်ဖိုမှာနေပြီး နေ့မလင်း ညမလင်း သောက်သည်။ မကြာခဏ လင်မယား ရန်ဖြစ်ပြီး ဆူညံဆဲဆိုသည်။ အမေကလည်း သား ကို စိတ်နာပြီး လုံးဝ မခေါ်မပြောဘဲ အဆက်ဖြတ်လိုက်သည်။ သားအမိနှစ်ယောက် မာနပြိုင်ကြရင်း နောက်ဆုံးတွင် မာနမီး၊ ဒေါသမီးတောက်လောင်ရင်း ကွယ်လွန်ကြရသည်။ အချစ်ကြီး၍ အမျက်ကြီးရသော သားအမိ ၏ 'ချစ်ငြိုး ချစ်မာန်' သည် စိန်စိန်၏ လက်စွမ်းကြောင့် ထင်းခနဲ ပေါ်လွင်လာရသည်နှင့်အမျှ မာနစိတ် ဒေါသစိတ်တို့သည် ထိတ်လန့်ဖွယ်ကောင်းပေစွ ဟူသော အသိအမြင်နှင့်အတူ ဘယာနကရသသည် ယခုတိုင် ရင်မှာ စွဲကျန်နေပါသည်။

နှိုင်းယှဉ်ကြည့်သောအခါ ရွှေဥဒေါင်း၏ 'ပထမံဆရာသိန်း' သည် အနောက်တိုင်းဝတ္ထုကို မှီငြမ်းပြု ထားသော ဝတ္ထုဖြစ်၍၊ စိန်စိန်၏ 'ချစ်ငြိုး ချစ်မာန်'သည် ပင်ကိုရေးဝတ္ထုဖြစ်သည့်အလျောက် စေတနာ အနက် အရှိုင်းချင်းကွာခြားခြင်းကြောင့် စာဖတ်သူအတွက် အကျိုးသက်ရောက်မှုလည်း ကွာခြားသည်ဟု သုံးသပ် မိပါသည်။

**မောင်ခင်မင်(ဓနုဖြူ)၊ "ဘာသာ စာပေသုတေသနစာတမ်းများ" စာအုပ်မှကောက်နုတ်၊ ၂၀၁၈၊ ရာပြည့်စာအုပ်တိုက်**

**သင်ခန်းစာဆိုလိုရင်း**

- ဆရာဇော်ဂျီရဲ့ ရသစာပေအဆိုအမိန့် အဖြစ် ရသစာပေဖန်တီးသူ (ရှုထောင့်)မှ ဖန်တီးသူ လိုအပ်ချက်ကို တင်ပြ
- ရသစာပေစိတ်ကူးဉာဏ် သည် စာရေးသူ၏ ဗီဇနှင့်ပတ်ဝန်းကျင် ထိတွေ့မှုမှလာ
- ထိုစိတ်ကူးဉာဏ် အထိန်းအမဖြင့် အတွေ့အကြုံ၊ စိတ်လှုပ်ရှားမှု၊ ဘဝအသိ၊ ဘဝသတိကို ရောက်အောင်ဖွဲ့
- စေတနာ ကောင်းဖြင့် ဖွဲ့နွဲ့ပုံနည်းနာ (သဒ္ဒါ၊ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ) တို့ကို သုံးဖွဲ့
- ရသအာနိသင် (ဘဝအာနိသင် နှစ်သက်ခြင်း၊ နှစ်သက်ခြင်းသက်သက်)
- ရသခံစားသူ (ရှုထောင့်)မှ ထာဝရ နှစ်သက်၊ တစ်ခဏနှစ်သက်မှုရနိုင်
- မောင်ခင်မင် (ဓနုဖြူ) ၏အတွေ့အကြုံနဲ့ သုံးသပ်ချက်အဖြစ် သာဓက (၁) ပထမံ ဆရာသိန်း (ရွှေဥဒေါင်း) (၂) ချစ်ငြိုး ချစ်မာန် (စိန်စိန်)
- စာရေးသူ၏ စေတနာကြောင့် မှီငြမ်းဝတ္ထုထက်ပင်ကိုရေးဝတ္ထုက ပိုကောင်းဟု ထင်

**လေ့ကျင့်ခန်း**

၁။ ကွက်လပ်ဖြည့်ပါ။

(၁) ရသနှစ်သက်ခြင်းသက်သက်သည် ရသခံစားသူကို …….. မျှသာ နှစ်သက်ခံစားမှု ပေးနိုင်သည်။

(၂) ဘဝအာနိသင်နှစ်သက်ခြင်းသည် နှစ်သက်ခံစားရသောအရသာ ပျောက်ကွယ်သွားသော်လည်း ထိုရသ က ပေးသော ……. မှာ ရင်ထဲတွင် စွဲကျန်နေပါသည်။

(၃) ………… သည် ရသဖြစ်ပေါ်မှု၏ အကြောင်းတရားဖြစ်သည်။

(၄) စာဆို သို့မဟုတ် စာရေးသူတို့၏ ……. က ပံ့ကိုင်ပေးသော စိတ်ကူးဉာဏ်နှင့် အရေးအဖွဲ့နည်းနာ ကျွမ်းကျင်မှုကို လိုက်၍ ဖန်တီးလိုက်သော ရသ အနုအရင့် ကွာခြားနိုင်သည်။

(၅) ရသဖန်တီးသူသည် စေတနာလည်းမမှန်၊ ဘဝအတွေ့အကြုံလည်း မလေးနက်လျှင် သူ့ စိတ်ကူးဉာဏ် သည်လည်း မလေးနက်ဘဲ၊ ……. အဆင့်သို့ ရောက်နိုင်သည်။

**၂။ အဖြေမှန်ရွေးပါ။**

(၁) ……………… သည် ရသဖြစ်ပေါ်မှု၏ အကြောင်းတရားဖြစ်သည်။

(က) ရသခံစားသူ

(ခ) စာထဲတွင်ပါသော ရသ

(ဂ) ရသဖန်တီးသူ

(၂) ………………….. သည် ရသ၏ အကျိုးတရားကို ရရှိသူ ဖြစ်သည်။

(က) ရသဖန်တီးသူ

(ခ) ရသခံစားသူ

(ဂ) စာပေ၏ ရသ

(၃) ရသစာပေဆိုင်ရာ စိတ်ကူးဉာဏ် ဆိုသည်မှာ ………… ဉာဏ်မျိုးဖြစ်သည်။

(က) တောရောက် တောင်ရောက်လွင့်တတ်သော

(ခ) ကြိုတင်စဉ်းစားထားသော

(ဂ) ဘဝအတွေ့အကြုံ စိတ်လှုပ်ရှားခံစားမှု အထိန်းအမဖြင့် လှုပ်ရှားတတ်သော

(၄) စာရေးရာတွင် အနက်မှန်အောင် ဖော်ပေးသည့် နည်းမှာ …… နည်းဖြစ်သည်။

(က) သဒ္ဒါလင်္ကာရနည်း

(ခ) သဒ္ဒါနည်း

(ဂ) အတ္ထာလင်္ကာရနည်း

(၅) အနက်ပြေပြစ်အောင် ဖော်နိုင်သည့် နည်းမှာ ……. ဖြစ်သည်။

(က) သဒ္ဒါလင်္ကာရနည်းများ

(ခ) အတ္ထာလင်္ကာရနည်း

(ဂ) သဒ္ဒါနည်း

၃။ ရသဖန်တီးသူ ရသနှင့် ရသခံစားသူ ဆောင်းပါး၏ ရည်ရွယ်ချက် မည်သို့ရှိမည်ဟု ယူဆသနည်း။

၄။ ဤဆောင်းပါးတွင် မည်သည့်ပညာရှင်များ၏ အဆိုအမိန့်ကို လေ့လာရသနည်း။

၅။ ဘဝအာနိသင်နှစ်သက်ခြင်းကိုပေးနိုင်ရန် ရသစာပေဖန်တီးသူတစ်ဦးတွင် မည်သည့် အရည်အသွေးများ လိုအပ်သနည်း။ သင့်စကားဖြင့်ဖြစ်စေ၊ ဆရာဇော်ဂျီ၏စကားဖြင့်ဖြစ်စေ ရေးပြပါ။

၆။ ရသစာပေစိတ်ကူးဉာဏ်နှင့် စိတ်ကူးယဉ်ခြင်းသည် မည်သို့ကွာခြားပါသနည်း။ ရှင်းပြပါ။

၇။ အောက်ပါ အသုံးအနှုန်းတို့၏ အဓိပ္ပာယ်ကို သာမန်အရပ်သားတစ်ဦးနားလည်အောင် ရှင်းပြပါ။

(က) ဘဝအာနိသင်

(ခ) ရသအာနိသင်

(ဂ) စိတ်လှုပ်ရှားမှု

၈။ အောက်ပါ အရေးအသားများကို ကြည့်ပါ။ မည်သည့်အရေးအသားသည် မည်သည့် ဖွဲ့ပုံနည်းနာနှင့် ညီသည်မညီသည်ကို ကွင်းအတွင်း၌ ဖော်ပြပါ။ ဆရာဇော်ဂျီ မိန့်ဆိုထားသည့် ဖွဲ့နည်း အခေါ်အဝေါ်များကို သုံးပါ။

(က) ဥက္ကဋ္ဌကြီး ကားလမ်းပေါ်တွင် လှည်းမမောင်းရန် ညွှန်ကြားထားသည်။ (            )

(ခ) အရောင်အသွေးစုံ ပန်းမာန်တို့သည် ခရီးသည်တို့ကို ဖော်ဖော်ရွှေရွှေ ကြိုဆိုနေကြ သည်။ (      )

(ဂ) ကျန်းမာ ချမ်းသာ လန်းဖြာ ဝမ်းသာကြပါစေသတည်း။ (           )

၉။ ဆရာဇော်ဂျီမိန့်ဆိုထားသည့် ဖွဲ့ပုံနည်းနာများကို နောက်တစ်နည်းအားဖြင့် မည်သို့ခေါ်နိုင်သေးသနည်း။ မိမိစိတ်ကူးတွင် ပေါ်လာသည့် အမည်တစ်မျိုးမျိုးကို ပေးကြည့်ပါ။

(က) သဒ္ဒါနည်း ---------------------

(ခ) သဒ္ဒါလင်္ကာရနည်း -----------------

(ဂ) အတ္ထာလင်္ကာရနည်း ------------------

၁၀။ ကိုယ်တိုင်ဖတ်ဖူးသည့် ရသစာပေများတွင် မည်သည့်စာကို ရသအာနိသင်အနုစား စာဟု သုံးသပ်မည်နည်း။ အဘယ်ကြောင့်နည်း။

၁၁။ မိမိဖတ်ဖူးသည့် ဘဝအာနိသင်စာတစ်ပုဒ်အကြောင်း ရေးပြပါ။ အဘယ်ကြောင့် ထိုသို့ သဘောထား ရသည်ကိုလည်း ဖော်ပြပါ။

၁၂။ ပထမံဆရာသိန်းဝတ္ထုက အနောက်တိုင်းဝတ္ထုမှီငြမ်းစာဖြစ်၍လည်းကောင်း၊ ချစ်ငြိုးချစ်မာန် ဝတ္ထုက ပင်ကိုရေးစာဖြစ်၍လည်းကောင်း စေတနာအနက်အရှိုင်းချင်းကွာခြားကာ စာဖတ်သူအတွက် အကျိုး သက်ရောက်မှု ကွာခြားရသည်ဟု စာရေးသူက သုံးသပ်ထားသည်။ သဘောတူပါသလား။ ကြောင်းကျိုး သာဓကနှင့်တကွ ဖြေပါ။

# ၆။ ရေးဟန်

ရေးဟန် ဆိုရာ၌ 'ဘယ်လို ဘယ်ပုံရေးသည်' ဟူသော ရေးသားပုံကို ဆိုလိုခြင်းဖြစ်သည်။ စာရေးရာတွင် 'ဘာကို ရေးသည်' ဆိုသော အဆင့်နှင့် 'ဘယ်လိုရေးသည်' ဆိုသော အဆင့် ဟူ၍ အဆင့်နှစ်ဆင့် ရှိသည်။ ဘာကို ရေးသည် ဟူသော အဆင့်သည် အကြောင်းအရာနှင့်ဆိုင်၍ ဘယ်လို ရေးသည် ဟူသော အဆင့်သည် ရေးဟန်နှင့် ဆိုင်သည်ဟု ယေဘုယျဆိုနိုင်သည်။ ဘယ်လိုရေးသည် ဆိုသောစကားကို တစ်နည်းဆိုလျှင် 'ဘာသာစကားကို ဘယ်လိုအသုံးပြုထားသည်' ဟု ဆိုခြင်းနှင့် အတူတူပင်ဖြစ်သည်။ ထပ်မံ၍ အသေးစိတ်မည်ဆိုလျှင် ဘယ်လိုစကားများ သုံးထားသည်၊ ဘယ်လိုပုဒ်များ၊ ဘယ်လိုဝါကျများ ဖွဲ့ထားသည်၊ ဝါကျများကို ဘယ်လိုချိတ်ဆက်ရေးသားထားသည် စသည့်အချက်များ အကျုံးဝင်ပါသည်။

ရေးဟန်တွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်လျက်ရှိကြောင်း ပြင်သစ်စာရေးဆရာ ဗူဖွန်း၏ "ဟန်သည် လူကိုယ်တိုင်ပင်ဖြစ်သည်" ဟူသော ဖွင့်ဆိုချက်က ဖော်ညွှန်းနေပါသည်။ ကိုယ်ရည်ကိုယ်သွေး ဟူသော စကားတွင် လူတစ်ယောက်၏ ပြင်ပလက္ခဏာသွင်ပြင်ရော စိတ်နေသဘောထား စရိုက်သဘာဝပါ အကျုံးဝင်ပါသည်။ စာရေးသူတစ်ဦး၏ ဟန်ပန်မူရာ၊ သဘောထား၊ ခံစားမှုတို့သည် သူ့စာထဲတွင် အနည်းနှင့်အများ ထင်ဟပ်ပုံပေါ်နေတတ်ပါသည်။

ဤသဘောကို ဆရာကြီးပီမိုးနင်းက စာရေးခြင်းအတတ်ပညာနှင့် ပတ်သက်၍- " စာကို ရေးသောအတတ် မဟုတ်၊ စိတ်ကို ရေးသောအတတ် ဖြစ်လေသည်။ ဦးပုညသည် စာကြောင့် ကျော်ကြားသည် မဟုတ်။ စိတ်ကြောင့် ကျော်ကြားခြင်း ဖြစ်လေသည်။" ဟုမိန့်ဆိုသည်။

ဆရာကြီးဇေယျက- " ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ရေးသားသော စာဖြစ်စေ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ထားခြင်းမဟုတ်ဘဲ ဘာသာပြန်မှုလောက်ပင်ဖြစ်စေ၊ လူပြုသောကြောင့် လူ၏သြဇာ အရသာသည် စာပေါ်၌ ထင်လျက်ရှိလေသည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ထားသော စာ၌မူကား ရေးသူ၏ စိတ်ကူး၊ ရေးသူ၏အကြံ၊ ရေးသူ၏ အမြင်များသည် စာလုံးတိုင်း စာလုံးတိုင်း၌ ထင်နေ သောကြောင့် စာရေးဆရာသည်ပင် စာဖြစ်၍ နေလေသည်" ဟုမိန့်ဆိုသည်။

ကိုယ်ရည်ကိုယ်သွေးကို အကြောင်းပြု၍ စာရေးဆရာကြီးနှစ်ဦး၏ ရေးဟန်ချင်းခြားနားပုံကို သိပ္ပံမောင်ဝက သခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတဦးမောင်ကြီးတို့၏ စာများဖြင့် အောက်ပါအတိုင်း သာဓက ဆောင်ဖူးပါသည်။

သခင်ကိုယ်တော်မှိုင်းရေးသားသော စာများမှာ ထက်ထက်မြက်မြက်ရှိလှသည်။ စာဖတ်သူတို့အား သူလိုရာသို့ အတင်းသွေးဆောင်ခေါ်ယူသွားလေ့ရှိ၏။ ထိုသူတို့အား စဉ်းစားနေရန် အချိန်မပေး။ သူဆိုလိုရင်းသဘောသို့ ချက်ချင်းလိုက်ပါသွားရလေသည်။ သခင်ကိုယ်တော်မှိုင်းရေးသော စာများမှာ မြင်းစိုင်းသကဲ့သို့ ဒိုင်းဒိုင်းဒိုင်းဒိုင်းနှင့်သာ နေလေတော့သည်။ ဆရာဦးမောင်ကြီးရေးသော စာမှာကား နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ရှိပြီးလျှင် စာဖတ်သူကို နားဝင်ချိုအောင် ရေးသားလေ့ရှိသည်။ မိမိ ဆိုလိုရင်းသို့ စာဖတ်သူတို့လိုက်လာစေရန် သာယာညင်းပျောင်း တိုက်တွန်းလေ့ရှိ၏။ သူနှင့် သဘောမတူသော်လည်း သူအဆွယ်ကောင်းသောကြောင့် သဘောတူလိုက်ရလေတော့သည်။

ကိုယ်ရည်ကိုယ်သွေးချင်း ခြားနားသော စာရေးဆရာကြီးနှစ်ဦး၏ စာများက ၎င်းတို့၏ ခြားနားသော ကိုယ်ရည်ကိုယ်သွေးများ ထင်ဟပ်ပြနေပုံကို ဖော်ညွှန်းသော သာဓကဖြစ်ပါသည်။

"ရေးဟန်ဟူသည် နေရာတကျသုံးထားသော စကားလုံးများဖြစ်သည်" ဟု အိုင်းရစ်စာရေး ဆရာ ဆွစ်က ဖွင့်ဆိုသည်။ အခြေအနေတစ်ရပ်တွင် သုံးနှုန်းနိုင်သည့် စကားလုံးများထဲက 'ဘယ် စကားလုံးကို မသုံး၊ ဘယ်စကားလုံးကို သုံးမည်' ဟု ရွေးချယ်သည့် သဘောဖြစ်ပါသည်။ အခြေအနေဆိုရာ၌ ရေးသည့် အကြောင်းအရာ၊ ရေးသူ၏ ရည်ရွယ်ချက် သဘောထား၊ ရေးသူနှင့် ဖတ်သူတို့ ဆက်သွယ်မှု၊ ပတ်ဝန်းကျင် အနေအထား စသည့် ဆက်စပ်နေသော အခြေအနေအားလုံးထိ ကျယ်ပြန့်မှုရှိနိုင်ပါသည်။

သူ့နေရာနှင့်သူ လိုက်ဖက်ဆီလျော်စွာရေးဖွဲ့မှုနှင့်ပတ်သက်၍ သိပ္ပံမောင်ဝက" မင်္ဂလာဆောင်တွင် ဖတ်ရမည့် သြဘာစာကို ဝါကျတိုတိုတောင်းတောင်းကလေးများနှင့် ရေးသားမည်ဆိုလျှင် လူရယ်စရာ ဖြစ်နေပေလိမ့်မည်။ တစ်ယောက်နှင့် တစ်ယောက် အချင်းဖြစ်ပွားသောအကြောင်း၊ မီးလောင်၍ ပြေးလွှားရသော အကြောင်းများကို ရေးသောအခါ မင်္ဂလာဆောင်သြဘာစာကဲ့သို့ ရေးသားနေမည်ဆိုလျှင် လူရယ်စရာ ဖြစ်သွား မည်ကိုလည်း သတိထားသင့်လှပေသည်" ဟု မိန့်ဆိုဖူးပါသည်။

"ရေးဟန် ဟူသည် အကြောင်းအရာနှင့် ပုံသဏ္ဌာန်တို့ တစ်သားတည်းပေါင်းဖွဲ့မှုဖြစ်သည်"။ " ဘာသာစကား သည် အတွေး၏ ဝတ်စားတန်ဆာဖြစ်သော်လည်း အတွေး၏ ကိုယ်ထည်အဖြစ် အသွေးအသားဖြင့် တစ်သားတည်း ပြုလုပ်ဖန်တီးထားသော 'အသားအဝတ်တန်ဆာ' ပင်ဖြစ်သည်" ဟူ၍ ဒဿနပညာရှင် ကာလိုင်းက တင်စား မိန့်ဆို ထားပါသည်။ 'အသားအဝတ်တန်ဆာ' ဟုဆိုခြင်းဖြင့် အဝတ်တန်ဆာသည် အသားနှင့် ခွဲမရဘဲ တစ်သားတည်းဖြစ်နေ သကဲ့သို့ ပုံသဏ္ဌာန်သည် အကြောင်းအရာနှင့် ခွဲမရဘဲ တစ်သားတည်း ဖြစ်နေသည့်သဘောကို ဆိုလိုခြင်းဖြစ်သည်။

ဆရာဇော်ဂျီက ကဗျာ့သဘောကို 'ဖန်ပြာခွက်နှင့် ကျောက်စက်ရေ' ဟူ၍တင်စားဖွင့်ဆိုပုံမှာလည်း ဤသဘောပင်ဖြစ်သည်။

"ကဗျာ့သဘော(ရသစာပေသဘော)ကို ဖန်ပြာခွက်၌ အတိုင်းသားမြင်နေရသော ကျောက်စက်ရေနှင့် ခိုင်းနှိုင်း ခဲ့သည်ဖြစ်ရာ ကဗျာ့သဘောဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဖွဲ့နွဲ့ပုံ၌ အံကျဝင်နေသော စိတ်ကူးဉာဏ်နှင့် စိတ်ကူးဉာဏ် အံကျဝင်နေရာဖြစ်သော ဖွဲ့နွဲ့ပုံတို့ မကွဲမပြားတစ်သားတည်းဖြစ်၍ ရပ်တည်နေသောသဘောကို ဆိုလိုရင်းဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့နွဲ့ပုံနှင့် စိတ်ကူးဉာဏ်တို့သည် ခွဲ၍ မရစကောင်းသော အရာနှစ်ခုဖြစ်သည်ဟု ယူဆအပ်ပါ သည်" ဟူ၍ ဆရာဇော်ဂျီမိန့်ဆိုထားပုံကို ကြည့်လျှင် စိတ်ကူးဉာဏ်နှင့် ဖွဲ့နွဲ့ပုံ (အကြောင်းအရာနှင့် ပုံသဏ္ဌာန်) တို့သည် တစ်ခုနှင့်တစ်ခု ခွဲ၍ မရစကောင်းသော အရာနှစ်ခုဖြစ်သည်ဟူသော အယူအဆပင် ဖြစ်ကြောင်း တွေ့နိုင်ပါသည်။

ကဗျာတစ်ပုဒ်တွင် အရေးအဖွဲ့ပုံသဏ္ဌာန်သည် ကဗျာဆရာ၏ အတွေး၊ ကဗျာဆရာ၏ စိတ်ကူးဉာဏ် တို့နှင့် တစ်သားတည်း ပေါင်းဖွဲ့နေသည့် သဘောကို တွေ့ရပါလိမ့်မည်။ ဆရာ မင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာဆိုပါစို့။ 'ဖုထစ်ရွတ်တွ၊ ငုက်လင်းတသို့၊ ပျဉ်းမငုတ်တို သက်ကျားအို' ဆိုသောအဖွဲ့တွင်ပါဝင်သော (ပျဉ်းမငုတ်တိုကြီးကို လင်းတအိုကြီး နှင့် ခိုင်းနှိုင်းသောအဖွဲ့) ဥပမာအဖွဲ့ ၊ (ပျဉ်းမငုတ်တိုကြီးကို သက်ကျား အိုကြီး နှင့် ထပ်တူပြုတင်စားသော အဖွဲ့) ရူပကအဖွဲ့ များ၏ အကြောင်းအရာနှင့် ပုံသဏ္ဌာန်တို့သည် တစ်သား တည်း ဖွဲ့ယှက်နေသည် မဟုတ်ပါလား။ ထိုသို့ ဖွဲ့ယှက်နေသည့်အတွက် ခိုင်းနှိုင်းတင်စားမှုသည် လေးနက်

ပေါ်လွင်လာရခြင်း ဖြစ်သည်။ ပျဉ်းမ ငုတ်တိုကြီးသည် လောကဓံကို ကြံ့ကြံ့ခံနိုင်သော လူ့သဘောကို ကိုယ်စားပြုသည့် သင်္ကေတ အဖွဲ့ကောင်းလည်း ဖြစ်သည်။ ကဗျာစာဆို၏ ခံစားမှုဖွဲ့ယှက်နေသော နိမိတ်ပုံအဖွဲ့ကောင်းလည်းဖြစ်သည်။ ကုန်းမိုထက်တွင် ငုတ်တုတ်ထိုင်နေသော ပျဉ်းမငုတ်တိုကြီးနှင့် လင်းတကြီးတို့ တစ်သားတည်း ပေါင်းဖွဲ့မနေဘဲ ကင်းကွာနေလျှင် ထိုအဖွဲ့သည် အာနိသင်ရှိမည် မဟုတ်တော့ပါ။

"ရေးဟန်ဟူသည် ရွေးချယ်မှုပင်ဖြစ်သည်" ဟူသော ဖွင့်ဆိုချက်သည် ရေးဟန်ပညာရှင်များ ကျယ်ကျယ်ပြန့်ပြန့် လက်ခံလျက်ရှိသော ဖွင့်ဆိုချက်ဖြစ်သည်။ စကားနှစ်ရပ်သည် အကြောင်းအရာ အချက်အလက် ထပ်တူနီးပါးတူပြီး စကားသုံးပုံကွဲပြားလျှင် ရေးဟန်ကွဲပြားသည်ဟု ခေါ်နိုင်သည်။ အကြောင်းအရာတစ်ခုကို ရေးသားဖော်ပြပုံ တစ်မျိုးမကရှိနိုင်ကြောင်း ထိုရေးသားဖော်ပြပုံထဲက တစ်မျိုးကို ရွေးချယ်သုံးနှုန်းလိုက်ခြင်းသည် ရေးဟန်၏ အခြေခံသဘောပင် ဖြစ်သည်။ "ဒီကောင်လေး ရူးနေတယ်" ဟု ပြောခြင်းနှင့် "ဒီသူငယ်လေး စိတ်ဝေဒနာခံစားနေရရှာတယ်" ဟု ပြောခြင်းမှာ ယေဘုယျအားဖြင့် အဓိပ္ပာယ်တူသော်လည်း ထိုစကားနှစ်ခွန်း၏ နောက်ကွယ်မှာ ထင်ဟပ်နေသော ဂယက်အနက် ခေါ် ခံစားမှုအငွေ့အသက်များ သိမ်မွေ့စွာ ကွဲပြားနေကြောင်း တွေ့နိုင်ပါသည်။ ပထမ စကားက ဖြစ်ရပ်ကို ပုံမှန်ပြောသော အငွေ့အသက်ပါပြီး ဒုတိယစကားက စာနာသနားသော အငွေ့အသက်ပါပါသည်။ ဘယ်အခြေအနေမှာ ဘယ် စကားသုံးမည်ဟု ရွေးချယ် ရမည့် အလုပ်သည် ပြောသူ ရေးသူ၏ အလုပ်ဖြစ်သည်။

ဝတ္ထု၊ ကဗျာ စသည့် ရသစာပေရေးဖွဲ့ရာ၌ ရွေးချယ်မှုနယ်ပယ် ကျယ်ပြန့်သော်လည်း သိပ္ပံဆိုင်ရာ သုတေသနစာတမ်းရေးရာ၌ ရွေးချယ်မှုနယ်ပယ် အလွန်ကျဉ်းမြောင်းသည်။ ရွေးချယ်မှုအရ ရေးဟန်ကွဲပြားနိုင်ပုံနှင့် ပတ်သက်၍ ဦးသိန်းဖေမြင့်က

"ကျွန်တော့်ဝါကျသည် ရှည်ချင်လည်းရှည်မည်၊ တိုချင်လည်း တိုမည်၊ ကျွန်တော့် စကားလုံး များသည် ဝေဆာချင်လည်း ဝေဆာမည်၊ ငုံးတိတိ ဖြစ်ချင်လည်း ဖြစ်မည်။ ကျွန်တော့်စာသည် ဥပမာ ဥပမေယျ နည်းချင်လည်း နည်းမည်၊ များချင်လည်း များမည်။ ကျွန်တော့်ရေးဟန်သည် စာကြီးပေကြီးလေသံ ပေါက်ချင်လည်း ပေါက်မည်၊ စကားပြောဟန် ပေါက်ချင်လည်း ပေါက်မည်။ ကျွန်တော့် ဦးတည်ချက် ကတော့ ကျွန်တော့်အာဘော်ကို လူအများဆုံး နားလည်ရေးတည်း"

ဟု ဆိုဖူးပါသည်။

စာရေးသူတစ်ယောက်သည် ရွေးချယ်မှုပြုရာတွင် တမင်သတိမူလျက် သိသိမှတ်မှတ် ရွေးချယ်မှုပြုခြင်းမျိုးလည်း ရှိနိုင်သည်။ သတိမမူဘဲ ရွေးချယ်မှုပြုခြင်းမျိုးလည်း ရှိနိုင်သည်။ ဆရာကြီး ရွှေဥဒေါင်းက မိမိ စာရေးရာတွင် ပြောစကားလုံးများ သုံးပုံအကြောင်းကို

"တစ်ခါတစ်ရံ၌မူ 'ရေးစကားလုံး'ထက် 'ပြောစကားလုံး'က ပို၍ တောက်ပြောင်ခြင်း ကို တွေ့ရသောအခါ ကျွန်ုပ်သည် 'ပြောစကားလုံး' ဟူ၍ မရှောင် ဘဲ 'ကော်မာ ကလေးများ' ပါ ထည့်သုံးလေ့ ရှိပါသည်။"

ဟူ၍ သိသိမှတ်မှတ် ရွေးချယ်ပြီး သုံးခြင်းဖြစ်ကြောင်း ဖော်ပြဖူးပါသည်။

စာရေးဆရာတစ်ဦးသည် စာရေးရာ၌ ဘယ်နေရာမှာ ဘယ်လိုစကားလုံးမျိုး သုံးလိုက်မည်၊ ဘယ်လို ကာရန်စနစ်မျိုးသုံးလိုက်မည်၊ ဘယ်လိုအလင်္ကာမျိုး သုံးလိုက်မည်ဟု တွေးပြီးရေးခြင်း မဟုတ်ဘဲ စိတ်ကူးဉာဏ် ဦးဆောင်ရာသို့ အဆင်သင့်လိုက်သွားခြင်းဖြင့် စကားလုံးများ၊ ကဗျာစပ်နည်းများ၊ အလင်္ကာများဟူသော

စာပေအဖွဲ့သည် စိတ်ကူးဉာဏ်က ဖန်တီးပေးသည့်အတိုင်း ပုံပေါ်လာခြင်းဖြစ်ကြောင်း မိန့်ဆိုထားသော ဆရာဇော်ဂျီ၏ အဆိုအမိန့်က စာရေးသူကိုယ်တိုင် သတိမမူဘဲ ရွေးချယ်မှုပြုသည့်သဘောကို ဖော်ညွှန်းနေပါသည်။ စာရေးသူ၏ ရွေးချယ်မှုသည် သတိမူမိသော ရွေးချယ်မှုလား၊ သတိမမူမိသော ရွေးချယ်မှုလား ဟူ၍ ခွဲခြားရန် မလွယ်ကူပါ။ စာရေးဆရာ၏ စိတ်ကိစ္စဖြစ်၍ အလွန်သိမ်မွေ့ပါသည်။ သို့သော် စာရေးသူက ရွေးချယ်မှုကို သတိမူမိ သည်ဖြစ်စေ၊ သတိမမူမိသည်ဖြစ်စေ ရေးဟန်နည်းနာတစ်ခု၏ တန်ဖိုးသည် စာရေးသူ၏ သတိမူမိခြင်း မမူမိခြင်းပေါ်တွင် မူမတည်ဟုဆိုပါသည်။ ရေးဟန်ဟူသည် ရွေးချယ်မှုဖြစ်သည်ဟူသော ဖွင့်ဆိုချက်သည် အခြား ဖွင့်ဆိုချက်များကို လွှမ်းခြုံနိုင်သော ဖွင့်ဆိုချက်ဖြစ်သည်။

**မောင်ခင်မင် (ဓနုဖြူ)၊ "ရေးဟန်ပညာနိဒါန်း" စာအုပ်မှကောက်နုတ်၊ ၂၀၁၁၊**
**စိတ်ကူးချိုချိုအနုပညာ**

**သင်ခန်းစာဆိုလိုရင်း**

- ရေးဟန်ဆိုသည်မှာ ဘာသာစကားကို ဘယ်လိုအသုံးပြုထားသည် ကို ဆိုလိုခြင်း ဖြစ်ကြောင်း
- ရေးဟန်ဆိုသည်မှာ လူကိုယ်တိုင်ဖြစ်ကြောင်း
- ရေးဟန်ဆိုသည်မှာ နေရာတကျသုံးထားသော စကားလုံးများဖြစ်ကြောင်း
- ရေးဟန်ဆိုသည်မှာ အကြောင်းအရာနှင့် ပုံသဏ္ဌာန်တို့ တစ်သားတည်း ပေါင်းဖွဲ့မှု ဖြစ်ကြောင်း
- ရေးဟန်ဆိုသည်မှာ ရွေးချယ်မှုဖြစ်ကြောင်း သာဓကများဖြင့် ရှင်းလင်းထား

**လေ့ကျင့်ခန်း**

**၁။ ကွက်လပ်ဖြည့်ပါ။**

(၁) ရေးဟန်ဟူသည် .......... ဖြစ်သည်ဟူသော ဖွင့်ဆိုချက်သည် အခြားဖွင့်ဆိုချက်များကို လွှမ်းခြုံနိုင်သော ဖွင့်ဆိုချက်ဖြစ်သည်။

(၂) ရေးဟန် ဟူသည် အကြောင်းအရာနှင့် ........ တစ်သားတည်း ဖွဲ့ယှက်နေမှုဖြစ်သည်။

(၃) ဟန် သည် ..... ကိုယ်တိုင်ဖြစ်သည်။

(၄) ရေးဟန် ဟူသည်....... သုံးထားသော စကားလုံးများဖြစ်သည်။

(၅) 'ဘာကို ရေးသည်' ဆိုခြင်းသည် ........ နှင့်ဆိုင်၍ 'ဘယ်လိုရေးသည်' ဆိုခြင်းသည် .......... နှင့်ဆိုင် သည်။

**၂။ အောက်ပါတို့မှ အဖြေမှန်ရွေးပါ။**

(၁) 'ဘာသာစကားကို ဘယ်လိုအသုံးပြုထားသည်' ဟု ဆိုခြင်းသည်……… ကို ဆိုလိုသည်။

(က) ရေးဟန်

(ခ) သဒ္ဒါစကားလုံး

(ဂ) အကြောင်းအရာ

(၂) စာရေးသူတစ်ဦး၏ .................... တို့သည် သူ့စာထဲတွင် အနည်းနှင့်အများ ထင်ဟပ်ပုံပေါ်နေတတ်ပါသည်။

(က) ပြောဟန်

(ခ) ခံယူချက်

(ဂ) ဟန်ပန်မူရာနှင့် စိတ်သဘောထား၊ ခံစားမှု

(၃) ဆရာသိန်းဖေမြင့်က "ကျွန်တော့်အာဘော်ကို လူအများဆုံး နားလည်ရေးတည်း။" ဟု မိန့်ဆိုခြင်းသည် မည်သည့်ရေးဟန်ကို ရည်ညွှန်းသနည်း။

(က) ဟန်သည် လူကိုယ်တိုင်

(ခ) ဟန်သည် ရွေးချယ်မှု

(ဂ) ဟန်သည် အကြောင်းအရာနှင့် ရေးဟန် တစ်သားတည်း ဖြစ်မှု

(၄) စာရေးသူတို့သည်........... ဦးဆောင်မှုဖြင့် စကားလုံးများ၊ အလင်္ကာများ၊ ကာရန်စနစ်များ စသည်တို့ကို ရွေးချယ်မှုပြုကြသည်။

(က) စိတ်ကူးဉာဏ်

(ခ) အကြောင်းအရာ

(ဂ) ရေးဟန်

(၅) "ဗိုက်ကြီးသည်" ဟုပြောခြင်း နှင့် "ကိုယ်ဝန်ဆောင်" ဟုပြောခြင်းသည် အဓိပ္ပာယ်တူသော် လည်း ........... ကွဲပြားနေသည်။

(က) ဂယက်အနက်

(ခ) သဒ္ဒါအနက်

(ဂ) အဘိဓာန်အနက်

၃။ ရေးဟန် ဟူသည်မှာ အဘယ်နည်း။ ရေးဟန် နှင့်ပတ်သက်သော ဖွင့်ဆိုချက်များကို ဖော်ပြပါ။

၄။ "ရေးဟန်တွင် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်လျက်ရှိသည်" ဟူသော အဆိုကို မိမိစကားဖြင့် ရှင်းလင်းဖြေဆိုပါ။

၅။ ရေးဟန်နှင့်ပတ်သက်သော မည်သည့်ဖွင့်ဆိုချက်ကို နှစ်သက်သနည်း။ သာဓက တစ်ခုပြ၍ ဖြေဆိုပါ။

၆။ "ရေးဟန်သည် ရွေးချယ်မှုဖြစ်သည်" ဟူသောအဆိုကို ထောက်ခံပါသလား။ ထိုရေးဟန် နည်းနာကို အသုံးပြု၍ မိမိအတွေ့အကြုံတစ်ခုကို ရေးသားဖန်တီးပါ။

၇။ အောက်ပါအဖွဲ့တို့သည် မည်သည့်ရေးဟန်သဘောတရားဖြင့် ရေးသားထားသနည်း။ ကျိုးကြောင်းပြဖြေဆိုပါ။
အလုပ် ၇၊ ၁။ "ကျွန်ုပ်တို့ တစ်သက်တာလုပ်ငန်းများ၌ ရည်ရွယ်ချက်ရှိရမည်။ စားရလျှင်ပြီးရော၊ ငွေရလျှင်ပြီးရော၊ အမည်ရလျှင်ပြီးရော သဘောမျိုးနှင့် အမှုမဲ့ အမှတ်မဲ့ ရေးသားနေကြလျှင် အားထုတ်ရကျိုးမနပ်ရှိချေမည်။ ကလောင်သွားတုံးရုံသာ ရှိကြမည်။ ဘယ်ခရီးကိုမျှ ရောက်ကြမည်မဟုတ်ချေ။ လူ့ဘဝအခြားလုပ်ငန်းများ၌ စားရလျှင်ပြီးရော၊ လုပ်ရလျှင်ပြီးရော သဘောမျိုး ဖြစ်ကောင်းဖြစ်နိုင်ပေလိမ့်မည်။ စာရေးဆရာဘဝ၌မူကား ထိုသို့ မဖြစ်နိုင်ချေ။ လူ့ဘဝကို တစ်နည်းနည်း ကောင်းအောင် ပြုပြင်မည်။ အရုပ်ဆိုးဘဝကြီးမှ လှပသော ဘဝကြီးသို့ ပို့ဆောင်မည်ဟူသော ရည်ရွယ်ချက် ကြွေးကြော်သံပါရှိလေသည်။

လူ့ဘဝကို ကောင်းအောင်မဖန်တီးနိုင်လျှင် ကျွန်တော်တို့ တာဝန်မကင်းချေ။ ကိုယ့်တာဝန် ကိုယ်မသိ ရေးရလျှင် ပြီးရော၊ ပိုက်ဆံရလျှင် ပြီးရော၊ နာမည်ကြီးလျှင် ပြီးရော၊ တာဝန်မကင်း သဘောထား ကြလျှင် လက်ထဲက ကလောင်ကလေးကို လမ်းဘေးအမှိုက်ပုံထဲ ပစ်ထည့်၍ ဈေးတောင်းခေါင်းရွက် မုန့်ဟင်းခါးတစ်ထမ်းနှင့် လမ်းတကာလည်၍ ရောင်းခြင်းက ပို၍ သင့်မြတ်ပေသည်။" (ဇေယျ၊ "ကလောင်သွားနှင့် မုန့်ဟင်းခါး")

အလုပ် ၇၊ ၂။ "စာကဗျာဖွဲ့တာဟာ ကိုယ်တတ်ကြောင်း ကိုယ်တော်ကြောင်း ပြစားတာမျိုး မဟုတ်ပါဘူး။ ကိုယ်ဘယ်လောက် ဗဟုသုတစုံလင်လို့ ကျမ်းဂန်အထွေထွေကို ဘယ်လောက် မွှေနှောက်ချောက်ချားနိုင်တယ်ဆိုတာ ပြတာမျိုးမဟုတ်ပါဘူး။ ဒါက အကြွားပါ။ ကဗျာနဲ့ တခြားစီပါ။ ကာရန် တွေစီကုံးပြီး ကြွားပြခြင်းပါ။ ကဗျာ့သဘောနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ စာရေးသူ ကဗျာရေးသူတွေမှာ ဒီရောဂါ ဒီအကြွားမျိုး ကပ်ပါတတ်ပါတယ်။ ဒီရောဂါ နှိပ်စက်တတ်ပါတယ်။ အသွင်အမျိုးမျိုးနဲ့ ဒီရောဂါ ဝင်ရောက်လာလေ့ရှိပါတယ်။ အဲဒီ ရောဂါဝင်ရင် ကဗျာဉာဏ်ကွယ်တတ်ပါတယ်။ ကဗျာပျောက်တတ်ပါတယ်။

ဒီနေရာမှာ စာတတ်ရင် ကဗျာမဖွဲ့နိုင်တော့လို့ တရားသေမယူဆစေလိုပါ။ စာတတ်ပညာတတ်တာဟာ ကောင်းတာပေါ့။ ဒါပေမယ့် စာဖတ်ပရိသတ်ကို ခြိမ်းခြောက်ရင်တော့ မကောင်းဘူး ဆိုလိုတာပါ။ ဒီရောဂါသည်တွေဟာ ဘယ်ဟာကို ကြည့်လိုက်ကြည့်လိုက် ကျမ်းဂန်မျက်စိနဲ့ပဲ ကြည့်လေ့ရှိတယ်။ ဘယ်အသံပဲကြားလိုက်ကြားလိုက် ကျမ်းဂန်နားနဲ့ပဲ ကြားလေ့ရှိတယ်။ တကယ့်လောကကို သူမမြင်၊ တကယ့်အဖွဲ့အစည်းကို သူမကြည့်၊ တကယ့်လူ့အကြောင်း လူ့အသံကို သူမကြား။ အများကို သူ စိတ်မဝင်စားနိုင်။ စာဖတ်သူကိုလည်း သူမမြင်နိုင်။ ကိုယ်ဝင့်ချင်တာသာ သိတယ်ဆိုတဲ့ စာဆိုမျိုးကို စာဆိုကောင်းမခေါ်နိုင်ဘူး လို့ ဆိုချင်ပါတယ်။" (တင်မိုး၊ "ခုနစ်စင်ကြယ်")

အလုပ် ၇၊ ၃။

"ဆန်းစခါနွေ၊ သာတပေါင်းမို့၊ ညှာညှောင်းကြွေ
ပြေပြေရောရှု၊ မြအသွေး၊ ရွှေရေးလုလို့
ရတုအညီ၊ မြေသို့သက်တဲ့၊ ရော်ရွက်ရီကို
ပလီပလာ၊ တီတာတာ၊ သည်ခါလေ့
နွေအကူး၊ လေရူးငှေ့လို့၊ ကွေ့ကွေ့ဝန်းဝိုက်
ရွှေကြောင်ဖား၊ မြီးဖျားလိုက်သို့"

အဲဒီ တပေါင်းလဘွဲ့ကို ကြည့်ရင် ကျွန်တော်စုဆောင်းခဲ့တဲ့ ဝေါဟာရတွေ၊ အချက်လက်တွေ၊ ဖွဲ့နွဲ့ပုံတွေ တစ်သီတစ်တန်းကြီး တွေ့ရပါလိမ့်မယ်။ နောက်ပြီးတော့ တခြားစာဆိုတွေကို တုပ ရေးသားတာလဲ တွေ့ရပါလိမ့်မယ်။ ဥပမာအားဖြင့်ဆိုရင် "မြအသွေး၊ ရွှေရေးလုလို့" ဆိုတာဟာ ကျွန်တော့်စိတ်ကူးနဲ့ ကျွန်တော်ရေးလိုက်တာ မဟုတ်ပါဘူး။ သျှင်ဥတ္တမကျော် ဆရာတော်ကြီးက တောလားကြီးထဲမှာ

"လေခမြေသက်၊ ဈာန်ဝိတက်သို့
သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်
သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ

ခြယ်သပုံသို့၊ ရဂုံမြိုင်တွင်း
တောလုံးလင်းသား” လို့ နွေရာသီရှုခင်းကို ဖွဲ့ဆိုခဲ့ပါတယ်။ အဲဒီထဲမှာ နေပူလို့ သစ်ရွက်ကလေး တဖြည်းဖြည်းခြောက်သွားတော့ အစိမ်းရောင်မှာ အဝါရောင်လုပြီး ဝင်လာတဲ့ပုံကို “သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက် ၊ ဖက်၍ဆေးစုံ ၊ ခြယ်သောပုံသို့”လို့ရေးခဲ့ပါတယ် ။ ဣန္ဒနီမြရောင်လိုအစိမ်းက တစ်ဝက်၊ သိင်္ဂီရွှေရောင်လို အဝါကတစ်ဝက် ဖြစ်နေပုံပေါ့။ အဲဒီအဖွဲ့ကို တုပပြီးတော့ ကျွန်တော်က “မြအသွေး၊ ရွှေရေးလုလို့” လို့ ကျွန်တော်က ရေးပါတယ်။

နောက်ပြီးတော့ သစ်ရွက်ခြောက်ကလေး လေထဲမှာ ဝဲပျံကြွေကျလာပုံကို ဆရာတော်က ဘာနဲ့ ခိုင်းနှိုင်းလိုက်သလဲ ဆိုတော့ ဈာန်ပျံသွားတဲ့ ရသေ့ရဟန်းဟာ ရုတ်ခနဲ ဈာန်လျှောလို့ မြေပေါ်ကို အသာအယာကျလာတာနဲ့ တူတယ်လို့ ခိုင်းနှိုင်းလိုက်ပါတယ်။ “လေခမြေသက်၊ ဈာန်ဝိတက်သို့” လို့ ဆိုတာပေါ့။ အဲဒီဥပမာဖွဲ့ပုံကို အားကျပြီး ကျွန်တော်ကလည်း သစ်ရွက်ခြောက်ကလေးကို လေဖော့ လိုက်တဲ့အခါ ကိုယ့်အမြီးကိုယ်လိုက်ဖမ်းနေတဲ့ ကြောင်ကလေးလို ချာချာလည်သွားတယ်လို့ ရေး လိုက်တယ်။ အဲဒီဥပမာကတော့ ကျွန်တော့် ကိုယ်ပိုင် မဟုတ်ပါဘူး။ တစ်ဆင့်ခံ ဥပမာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာတစ်အုပ်မှာ “Like a cat chasing its own tail” ဆိုတာကိုတွေ့လို့ ကျွန်တော် ဘာသာပြန် ထည့်လိုက်ခြင်း ဖြစ်ပါတယ်။ **(မင်းသုဝဏ်၊ “ပန်းနှင့် ပင်စည်”)**

၇၊ ၄။ “ ဝန်ကြီးပဒေသရာဇာ (၁၀၄၅–၁၁၁၆) ၏ တျာချင်းများကို ဘဝဓလေ့သရုပ်ဖော်ကဗျာများတွင် အစောဆုံးကဗျာများအဖြစ် တွေ့ရသည်။ ‘မိုးဦးကာလ၊ ချောင်းကျပြီဆိုလျှင်၊ ပန်းလောင်ကြောမှာ၊ ပိန်းကောလှေငယ်ရှင်” အစချီ ပိန်းကောလှေငယ်ရှင် တျာချင်းတွင် လှေထိုးသား၏ ဘဝသရုပ်၊ ဘဝ ဓလေ့ကို တစေ့တစောင်း မြင်နိုင်ပေသည်။ “တပေါင်းငယ်မာသ၊ ရွှေလငယ်ဆန်းခါ” အစချီ ကုန်တင် လှေကြီးဖွဲ့ တျာချင်းတွင် လှေသားများစားသောက်ရန် တာဝန်ယူ ချက်ပြုတ်ရသော အိုးသူကြီး၏ ချက်ရေးပြုတ်ရေး တာဝန်ကြီးပုံမှ အစ လှေသမားများ ပျော်ရွှင်စွာ စားသောက်အပြီး လှေပဲ့စင်၏ ရှုခင်းပါမကျန် ကုန်တင်လှေကြီး၏ သရုပ်ကို ဖော်ပြထားသည်။ “ဝသန်ကာလ၊ မိုးကျတည့်လျှင်” အစချီ လယ်ထွန်ဖွဲ့ တျာချင်းမှာ လယ်သမားတို့ နေထိုင်စားသောက် ရပုံများကို ပီပြင်အောင် ဖော်ပြ ထားသည်။ “ဆောင်းရာသီ နှင်းကျသောအခါ၊ တောင်ပိုင်ထဲကို တက်မြဲနွားတရာ” အစချီ နွားဝန်တင် ဘွဲ့ တျာချင်းမှာလည်း နွားဝန်တင်ကုန်သည်နှင့် နွားသမားတို့ သွားလာလှုပ်ရှားမှု နားနေပုံများ သရုပ်ပေါ် သည်သာ ဖြစ်၏။” **(ဆင်ဖြူကျွန်းအောင်သိန်း၊ “ဝတ္ထုတိုဖြင့် ဘဝဓလေ့ သရုပ်ဖော်ခြင်း”စာတမ်း)**

၇၊ ၅။ အောက်ပါအရေးအဖွဲ့တွင် စာရေးသူက ဆရာကြီးမင်းသုဝဏ်၏ မည်သည့်ရေးဟန်ကို သုံးသပ် ထားသနည်း။ စိစစ်ဝေဖန်ပါ။

“ဆရာမင်းသုဝဏ်သည် အင်္ဂလန်နိုင်ငံတွင် ပညာတော်သင်အဖြစ် ရောက်နေစဉ် အတွေးလည်းလှ၊ အရေးလည်းလှသော ‘ရသစာတမ်း’ တစ်ပုဒ် ရေးခဲ့ပါသည်။ ခေါင်းစဉ်က ‘လူလည်း တစ်ထွေ ရေလည်းတခြား’ ဖြစ်သည်။ ဆရာ့စာမှာ စာပိုဒ် ၁၁ ပိုဒ်ပါသည်။ ဆရာ့ အတွေးအလှနှင့် အရေး အလှတို့ အံဝင်ခွင်ကျရှိလှသည်။

စာပိုဒ် (၁) မီးဖိုထဲတွင် မီးလျှံတို့သည် တိုးဝှေ့ကခုန်လျက်။ ဆောင်းလေကြမ်းသည် မှောင်ထဲတွင်

ဟိုတိုက် သည်ခိုက်ကာ မီးခိုးခေါင်းတိုင်အတွင်းသို့ ရောက်လာ၍ မီးခိုးငွေ့တို့နှင့် သတ်လုံးလျက်။ ငါကား မီးဖိုနားတွင် အိပ်ငိုက်လျက်

ဆရာသည် ပထမဆုံး မီးဖိုသို့ အာရုံရောက်သည်။ ... မီးဖိုနားက စခဲ့သော အတွေးမျှင်တန်းကို ဆရာက မီးဖိုနားမှာပင်ပြန်၍ ဤသို့ အဆုံးသတ်လိုက်ပါသည်။

စာပိုဒ် (၁၁) မီးဖိုထဲတွင် မီးလည်း ဖုတ်ဖုတ်ကျလေပြီ။ ဆောင်းလေကြမ်းလည်း ငြိမ်လေပြီ။ ညဉ့်လည်း နက်လေပြီ။ ငါလည်း ရေနွေးအိတ်ကို အဖော်ပြုကာ ထူလှသော စောင်လွှာများအောက်သို့ လျှိုးဝင်လျက် လှောင်သော အခန်းထဲတွင် အိပ်ပျော်ရန် ကြိုးစားရလေသတည်း။

စာပိုဒ် (၁) တွင် အစချီခဲ့သော သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လိုက်ဖက်စွာ စာပိုဒ် (၁၁) တွင် လှလှပပ အနားသတ်လိုက်ပါသည်။ တိုးဝှေ့ကခုန်နေသော မီးလျှံများနှင့် ဖွင့်၍ ဖုတ်ဖုတ်ကျပြီး ငြိမ်းသွားသော မီးနှင့် ပိတ်ခြင်း၊ ဟိုတိုက် သည်ခိုက်လုပ်သော ဆောင်းလေကြမ်းနှင့် ဖွင့်၍ အိပ်ရာထဲဝင်ပြီး အိပ်ပျော်ဖို့ ကြိုးစားရသော ငါနှင့် ပိတ်ခြင်းတို့သည် အဖွင့်အပိတ် လိုက်ဖက်ညီညွတ်လှပါ သည်။ ဆရာ့အတွေးအမျှင်သည် မီးဖိုနားဖြစ်သော ပစ္စုပ္ပန်ကစ၍ ဓလေ့မတူပုံများကို ကြုံရသော အတိတ်အတွေ့အကြုံ များဆီသို့ အတွေး ဆန့်ပြီး မီးဖိုနားဖြစ်သော ပစ္စုပ္ပန်သို့ပင် ပြန်ရောက်လာကာ အဆုံးသတ်လိုက်ပုံကလည်း စသည့်နေရာမှာ ပြန်ဆုံးသော ဝလုံးကလေးလို လှပသေသပ်ပါသည်။ ထိုဝလုံးကလေးထဲတွင် 'လူလည်းတထွေ ရေလည်းတခြား' ဆိုသော ခေါင်းစဉ်နှင့်အညီ၊ အရှေ့ အနောက်ဓလေ့မတူပုံ၊ ဆရာ၏အမြင်နှင့် ဆရာ၏ စေတနာတို့သည် ထင်ရှားပေါ်လွင်လျက်ရှိနေပါတော့သည်။" **မောင်ခင်မင် (ဓနုဖြူ) "ချစ်သူများကို အဆုံးစီရင်ခြင်း"**